၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၉)၊ အမှတ်(၄၈) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက် ၊ ကြာသပတေး၊ (ဖေဖော်ဝါရီ ၂၄ ၊ ၂၀၁၁)

# သတ်မှတ်ထားသည့် နေ့ကြီးရက်ကြီးများတွင် နိုင်ငံတော်အလံ တပ်ဆင်ခြင်းမရှိသည့်ခရီးသည်တင်ယာဉ်များကို အရေးယူ

သိမ့်သိမ့်စိုး

ရန်ကုန်၊ ဖေဖော်ဝါရီ – ၁၆

နိုင်ငံတော်က သတ်မှတ်ထားသော နေ့ကြီးရက်ကြီးများတွင် နိုင်ငံတော်အလံတပ်ဆင်ပြေးဆွဲခြင်း မရှိသည့် အဝေးပြေးခရီးသည်တင်ယာဉ်လိုင်း ၃၅စီးကို ပထမဆုံးအကြိမ်အဖြစ် ဒဏ်ရိုက်အရေးယူမှုများ ပြုလုပ်ခဲ့ကြောင်း မထသအဝေးပြေးစခန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"နိုင်ငံတော်အလံသစ်ပြောင်းပြီးသွားတော့ လွတ်လပ်ရေးနေ့မတိုင်ခင်ကတည်းက ကားဂိတ်အားလုံးကို အကြောင်းကြားထားတာ။ လိုက်နာမှု မရှိလို့ အရေးယူတဲ့သဘောပဲ"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။ ယခုဖေဖော်ဝါရီလ ၁၂ရက်က ကျရောက်သော ပြည်ထောင်စုနေ့၌အလံတပ်ဆင်ခြင်း မရှိသော အဆိုပါယာဉ် ၃၅စီးကို တစ်စီးလျှင် ဒဏ်ငွေကျပ် ၁၀,၀၀၀စီ တပ်ရိုက်ခဲ့ကြောင်းသိရသည်။ စာ(၁၂)သို့

ဂီရိဒေသမှ အထူးသတင်း ဆောင်းပါး

## ဂီရိအလွန်လေးလ ဒိုင်ယာရီ

သီဟ

ညနေခင်း နေရောင်သိမ်းစအချိန်တွင် ရွာလယ်လမ်းမပေါ်၌ ဟိုမှ သည်မှ သွားလာသူများနှင့် ရွာကလေးမှာ သက်ဝင်လှုပ်ရှားလျက်ရှိနေသည်။ နေ၏အလင်းရောင်ကိုသာ အဓိကအားထားနေရသည့် အရပ်ဒေသဖြစ်သဖြင့် အချို့သောအိမ်များမှာ နေရောင်မပျောက်မီကပင် ညစာကိုစားသုံးနေကြပြီဖြစ်သည်။ စာ(၂၆)သို့



ဂီရိမုန်တိုင်းဒဏ်ခံခဲ့ရသည့် ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်ရှိ ငရီချိုင်ရွာမှ ဒေသခံများ၏ နေအိမ်အချို့ကို ဂီရိတိုက်ခတ်အပြီး လေးလအကြာ ဖေဖော်ဝါရီလ ဒုတိယပတ်ကတွေ့ရစဉ်

ဓာတ်ပုံ – သီဟ



တစ်ယူနစ်လဲလှယ်နှုန်း၈၀၀ကျပ်စွန်းစွန်းတွင် လည်ပတ်နေသည့် ကန်ဒေါ်လာလဲလှယ်နှုန်းမှာ ဖေဖော်ဝါရီ ဒုတိယပတ်အတွင်း ဆက်တိုက်မြင့်တက်ခဲ့သည်။

ဓာတ်ပုံ – လမင်းနိုင်

## ပို့ကုန်ရငွေ၊ ကန်ဒေါ်လာနှင့် အက်ဖ်အီးစီ တန်ဖိုးများ ပြန်ကျသော်လည်း သွင်းကုန်ဈေးများ မကျသေး

အောင်သူရ၊ ပြည်သိမ်း

ရန်ကုန်၊ ဖေဖော်ဝါရီ – ၁၈

ရုတ်တရက် ဈေးတက်သွားခဲ့သော ပို့ကုန်ရငွေ အမေရိကန်ဒေါ်လာနှင့် အက်ဖ်အီးစီတန်ဖိုးများ ဈေးပြန်လည်ကျဆင်းသွားခဲ့သော်လည်း သွင်းကုန်နှင့် ပြည်တွင်းထုတ်ကုန်ပစ္စည်းအချို့ ဈေးပြန်လည်ကျဆင်းခြင်းမရှိကြောင်း သတင်းရရှိသည်။

စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းလိုင်းတွင် ထိုင်းနိုင်ငံမှတင်သွင်းလာသော စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ဈေးပြန်လည်ကျဆင်းသွားခဲ့သော်လည်း ပြည်တွင်းထုတ်ကုန်ပစ္စည်းများမှာ ဈေးပြန်လည်မကျသေးကြောင်း ကုန်စုံဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။ စာ(၁၂)သို့

အထူးစီးပွားရေးဇုန်စီမံကိန်းများတွင် ပြည်တွင်းလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းရရှိမှု နည်းပါးနေသေး ၂

တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုမည့်သူများကြောင့် ဗေဒင်နှင့် နက္ခတ်ပညာရှင်များ လုပ်ငန်းတွင်ကျယ် ၂

တရားခံမဟုတ်သည့် အချုပ်နှောင်ခံဘဝ
ဆောင်းပါးအပြည့်အစုံ–စာ(၉)သို့



7Day News Journal
Vol.9, No.48 • FEBRUARY 24, 2011



ကျောင်းသားမိဘများက ပညာရေးဘက်မှအတတ်နိုင်ဆုံး ပံ့ပိုးသကဲ့သို့ မိမိတို့ယုံကြည်မှုဘက်ပိုင်းကလည်း ကြိုးစားကြခြင်းဖြစ်သည်။
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့်သူများကြောင့် ဗေဒင်နှင့် နက္ခတ်ပညာရှင်များ လုပ်ငန်းတွင်ကျယ်

သဇင်ထွေး၊ ဉက္ကာ

ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၆

တက္ကသိုလ်ဝင်တန်းစာမေးပွဲ နီးကပ်လာသည့်နှင့်အမျှ ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ ဇာတာဖွဲ့ခြင်း၊ အဆောင်ယတြာများပြုလုပ်ခြင်း၊ စာရေးကိရိယာများအား စီရင်ခြင်းများကိုပိုမိုပြုလုပ်လာကြောင်း ဗေဒင်ဆရာများနှင့် နက္ခတ်ပညာရှင်များထံမှ စုံစမ်းသိရသည်။

ယခုအချိန်သည် နက္ခတ်ပညာရှင်များအနေဖြင့် စာမေးပွဲ နီးလာ၍ စာမေးပွဲဖြေမည့် ကျောင်းသားများ ကံမြင့်စေရန် ၎င်းတို့ အကျိုးပေးသောဂြိုဟ်ကို ကိုယ်စားပြုသည့် ကျောက်မျက်ရတနာများအား လက်ဝတ်ရတနာအဖြစ် စီရင်ပေးရကြောင်းသိရသည်။

ထိုကဲ့သို့ လာရောက် ဇာတာစစ်ရာတွင် မိဘများ အများဆုံးလာရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူတို့၏ မွေးသက္ကရာဇ်အရ ရိုးရာထန်းဖူးဇာတာ ပြုလုပ်စီရင်ပြီး နက္ခတ်ကောင်းသည့်အချိန်တွင် ဘုရား၌ သာသနာပွဲနှင့် ဇာတာအပ်နှံကာ ကံမြင့်စေရန် ပြုလုပ်ပေးမှုရှိကြောင်း သတင်းရရှိသည်။

"လူတော်တော်များများက ကိုယ့်ကံအခြေအနေကို လုံးဝပြောင်းလဲအောင် ယတြာနဲ့ဖန်တီးလို့မရဘူး။ ကျွန်တော်လုပ်ပေးတာက ဗုဒ္ဓဘာသာဖြစ်တဲ့အတွက် မြတ်စွာဘုရားထံမှာ ဇာတာရှင်ကိုအပ်နှံပေးပြီး ကံမြင့်ပေးတာပဲရှိတယ်။ အစွဲအလမ်းတစ်ခုအနေနဲ့ မတိုက်တွန်းဘူး"ဟု နက္ခတ်သိပ္ပံအဖွဲ့မှ အမှုဆောင်အရာရှိချုပ် ဦးဇေယျာကိုကပြောသည်။

ယခုနောက်ပိုင်း စာမေးပွဲဖြေဆိုမည့်ကျောင်းသားအများစုသည် နဝင်းယတြာချေခြင်းအပြင် စာမေးပွဲဖြေရာတွင် အသုံးပြုမည့် စာရေးကိရိယာများကိုပါ ယတြာချေလာကြကြောင်းသိရသည်။

"စာမေးပွဲနီးလာရင် ကျောင်းသားတွေကိုယ်တိုင်လာတယ်။ စာမေးပွဲဖြေခါနီးမှာ ကျန်းမာရေးကောင်းနေအောင် ယတြာချေကြတယ်။ စာရေးကိရိယာတွေကို ဘုရားပွဲမှာ ဇာတာနဲ့အတူတူအပ်နှံပေးတယ်။ အထစ်အငေါ့မရှိအောင် ယတြာချေရုံတင်မဟုတ်ဘဲ ကျောင်းသားကိုယ်တိုင်ကလည်း စာကြိုးစားရမယ်။ ယတြာလုပ်တယ်ဆိုတာ သူ့မှာရှိနေတဲ့ကံလေးကို မြှင့်ပေးတာပါ။ လုံးဝအောင်ရမယ်ဆိုတာတော့မဟုတ်ဘူး။ သူ့ကံပေါ်မှာလည်း မူတည်ပါတယ်"ဟု ဒေါက်တာဘွဲ့ရဆရာမစောယုနွယ်ကပြောသည်။

ဇာတာကို ဘုရားထံ အပ်နှံရာတွင်လည်း လိုက်လုပ်ပေးခြင်းမဟုတ်ဘဲ နေအိမ်မှာပင် သာသနာပွဲအပ်နှံခြင်းကို မိဘများအား ပြုလုပ်ခိုင်းပြီး အချိန်၊ နာရီ၊ မိနစ်ကိုသာ တွက်ချက်ပေးကြောင်း သိရသည်။

တက္ကသိုလ်ဝင်တန်းကျောင်းသားများသည် ကံဇာတာတက်အောင်ဆောင်ရွက်သူက နည်းပါးပြီး၊ လုံးဝအောင်မြင်ရန်ပြုလုပ်ပေးစေလိုကြောင်းသိရသည်။

"အဓိကကတော့ လူတွေရဲ့ မွေးဇာတာမှာ သူဖြစ်ရမယ့်ကံဇာတာက တစ်ပါတည်း ပူးတွဲပါလာပြီးသား။ ဆရာဝန်ဖြစ်ရမယ့်သူကို အင်ဂျင်နီယာဖြစ်အောင် လုပ်ပေးလို့မရဘူး။ ကံနိမ့်ပြီး စာမေးပွဲကျမယ့်သူကို လွတ်ကျွတ်အောင် လုပ်ပေးလို့မရဘူး"ဟု နက္ခတ်ပညာရှင်က ဆက်လက်ပြောကြားသည်။

# နှစ်ပေါင်း ၄၀ခန့်ကြာ ပိတ်လှောင်ခိုင်းစေခံခဲ့ရသည်ဆိုသည့် အမျိုးသမီးအမှုကို စစ်ဆေး

သဇင်ထွေး

ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၆

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်ရှိ အိမ်ကြီးတစ်လုံး၌ နှစ်ပေါင်း ၄၀ ကျော်ကြာ ပိတ်လှောင်ခိုင်းစေခံရသည်ဆိုသော အမျိုးသမီးတစ်ဦးအား ၂၀၁၁ခုနှစ် ဇန်နဝါရီလအတွင်းက ဒိုက်ဦးရဲစခန်းတွင် စစ်ဆေးဖော်ထုတ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်ပွားပုံမှာ လွန်ခဲ့သော နှစ်ပေါင်း ၄၀ကျော်က ဒိုက်ဦးမြို့နယ် သပြေကုန်းကျေးရွာတွင် နေထိုင်သော မတင်တင်အေးဆိုသူမှာ နောက်အိမ်ထောင်ပြုသွားသောမိခင်က ၉ နှစ်သမီးအရွယ်ကတည်းက အခြားရွာမှ ဒေါ်အုန်းဆိုသူနှင့် ထည့်လိုက်ခြင်းဖြစ်သည်ဟုဆိုသည်။

အဆိုပါဖြစ်စဉ်ကို နှစ်ပေါင်း ၄၀ကျော်ကြာမှ သူမ၏အစ်ကို ဝမ်းကွဲဖြစ်သူ ဦးလှမြင့်က ပြန်လည်၍စုံစမ်းခဲ့ကြောင်း၊ အဆိုပါအိမ်တွင် ဦးလှမြင့်၏ သမီးအငယ်ဆုံးအား ကျူရှင်တက်ခိုင်းစေခဲ့ကြောင်း ကလေးမလေးမှာ နောက်ဖေးသွားရင်းက အခန်းတစ်ခန်းတွင် မတင်တင်အေးအားတွေ့ပြီး ပြန်သွားကာ ဦးလှမြင့်အားပြော၍ ဝင်ရောက်ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြောင်း ပြင်ပမီဒီယာတစ်ခုတွင် ၂၈-၁-၂၀၁၁ရက်က ဖော်ပြထားကြောင်းသိရသည်။

မတင်တင်အေး၏ပြောပြချက်ကို ကိုးကားကာ သူမသည် လူမှုဆက်ဆံရေး ဘာတစ်ခုမှမသိသည့်အပြင် မီးဖိုဆောင်၊ ထင်းတဲ၊ ရေတွင်း၊ အိမ်သာပတ်ဝန်းကျင်များတွင်သာ ကြီးပြင်းလာရကြောင်း၊ ဒေါ်တင်တင်အေးမှာ ယခုဆိုလျှင် အသက်၅၀ခန့်ရှိနေပြီဖြစ်ကာ ဉာဘက်မျက်စိကွယ်နေကြောင်း၊ ယင်းအမှုတွင်ပါဝင်သော ဒိုက်ဦးရဲစခန်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် လူကုန်ကူးမှု တိုက်ဖျက်ရေးအထူးတပ်ဖွဲ့သို့ စာတင်ထားကြောင်း အဆိုပါမီဒီယာတွင် ဖော်ပြထားသည်။

ယင်းသတင်းနှင့်ပတ်သက်၍ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့မှ စစ်ဆေးဖော်ထုတ်ရာ မတင်တင်အေး၏မိခင်ဖြစ်သူသည် နောက်အိမ်ထောင်မပြုမီ စွပ်စွဲခံရသူ ဒေါ်အုန်းထံ မိမိဆန္ဒအလျောက်သမီးဖြစ်သူအား ပေးအပ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ၎င်းနေထိုင်သောအိမ်၌ အိမ်အကူအဖြစ် လုပ်ကိုင်ခဲ့ရခြင်းသာဖြစ်ကာ ပိတ်လှောင်ထားခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းများ မရှိကြောင်း သိရသည်။

"ဒီဖြစ်စဉ်မှာ နှစ်ပေါင်း ၄၀ အတွင်း အစ်ကိုဝမ်းကွဲတော်တယ်ဆိုတဲ့သူက ဒီအမျိုးသမီးကို တစ်ခါမှ လာမတွေ့ဖူးတဲ့အတွက် အချင်းချင်းမမှတ်မိကြဘူး။ သူများပြောစကားနဲ့ ပြန်ပြီးရှာတော့မှတွေ့တာ။ ဒီအမျိုးသမီးက အိမ်အကူတစ်ယောက်အနေနဲ့ အိမ်မှုကိစ္စလုပ်ရတယ်။ ခေါ်ထားကတည်းက လစာပေးမယ်ဆိုပြီးခေါ်ထားတာမဟုတ်တော့ လစာမရဘူး။ အခုလည်း သူ့အစ်ကိုဝမ်းကွဲက ပြန်ခေါ်သွားတယ်"ဟု လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးက 7Day News သို့ပြောသည်။

အမှုဖော်ထုတ်ပြီးသည့်အခါ ကာယကံရှင်ဦးလှမြင့်မှာ သူ၏ညီမအား ပြန်ခေါ်ရလျှင် ကျေနပ်ပါသည်ဟုဆိုကာ ၁၆-၈-၂၀၁၀ ရက်နေ့က ဒိုက်ဦးရဲစခန်းတွင် ဝန်ခံလက်မှတ်ထိုး၍ ခေါ်သွားခဲ့သည်။ ထိုသို့ပြန်ခေါ်သွားစဉ် မတင်တင်အေး ဝတ်ဆင်ပေးထားသည့် လက်ဝတ်ရတနာများကို ချွတ်ယူထားလိုက်ကြောင်း သိရသည်။


# အထူးစီးပွားရေးဇုန်စီမံကိန်းများတွင် ပြည်တွင်းလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းရရှိမှု နည်းပါးနေသေး

ပြည်သိမ်း၊ ယုဇနကိုကို

ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၅

**မြန်မာနိုင်ငံတွင်အကောင်အထည် ဖော်နေပြီဖြစ်သည့်အထူးစီးပွားရေးဇုန်စီမံကိန်းများ၌ ပြည်တွင်းအလုပ်သမားများ၏ အလုပ်အကိုင်ရရှိမှုအခွင့်အလမ်းများနည်းပါးနေသေးကြောင်းအဆိုပါစီမံကိန်းများတွင်ပါဝင်ပတ်သက်နေသည့် တာဝန်ရှိသူများနှင့်လေ့လာနေသော စီးပွားရေးလုပ်ငန်းရှင်များကဆိုသည်။**

ပြည်ပမှရင်းနှီးမြှုပ်နှံသူများအနေဖြင့် ၎င်းတို့၏စီမံကိန်းတွင် အသုံးပြုမည့် နည်းပညာနှင့် အချက်အလက်များပြန့်ပွားမည်ကို စိုးရိမ်မှုများရှိနေခြင်း၊ပြည်ပသို့ထွက်ကာ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ကြခြင်းကြောင့် နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးမှုများမဖြစ်ပေါ်စေရန်အတွက်ယင်းတို့၏အလုပ်သမားများကို တစ်ပါတည်းခေါ်ဆောင်လာကြခြင်းများက မြန်မာနိုင်ငံသားများ၏ အလုပ်အကိုင်ရရှိစေမှုအခွင်အလမ်းများကို နည်းပါးစေသည့် အကြောင်းပြချက်များပင်ဖြစ်နေကြောင်း အဆိုပါအထူးစီးပွားရေးဇုန်များကို လေ့လာနေသည့် စီးပွားရေးပညာရှင်အချို့က သုံးသပ်ကြသည်။



အထက်ပါ အကြောင်းပြချက်များအပြင် အလုပ်အကိုင်ရရှိကြသည့် ပြည်တွင်းအလုပ်သမားများ၏ အလုပ်အကိုင်ရရှိမှုအခွင့်အလမ်း နည်းပါးစေသော ပိုမိုခိုင်မာသည့် အကြောင်းအရင်းတစ်ခုဖြစ်နေကြောင်း လက်ရှိကာလတွင် အကောင်အထည်ဖော်နေပြီဖြစ်သော စီးပွားရေးဇုန်တစ်ခုတွင် မြန်မာနိုင်ငံဘက်မှ တာဝန်ယူထားရသည့် အစိုးရတာဝန်ရှိသူတစ်ဦးကဆိုသည်။

"အဓိကကတော့ ကိုယ့်နိုင်ငံသားတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေပိုပြီးများများရဖို့ပါ။ ပြီးရင်လုပ်ခလစာတွေလည်း သာတူညီမျှဖြစ်ဖို့ပါပဲ။ ကိုယ့်နိုင်ငံမှာလာတည်ထောင်ရင်တော့ ကိုယ့်နိုင်ငံသားတွေကပိုပြီးအခွင့်အရေးရသင့်တာပေါ့"ဟု အထက်ပါအစိုးရဘက်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ပြည်တွင်း၌ လာရောက်ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ကြသော ပြည်ပနိုင်ငံစီမံကိန်းများတွင် နိုင်ငံသားများ အလုပ်အကိုင်ရရှိရန်လိုအပ်သည့်အပြင် ဒေသခံများကို ဦးစားပေးအလုပ်ခန့်အပ်ခဲ့သည့် နာဂစ်မုန်တိုင်းအလွန် စီမံကိန်းများကကဲ့သို့ဖြစ်ရန်လိုအပ်ကြောင်း ရန်ကုန်မြို့တွင်း တည်ထောင်ထားသည့်နာမည်ရဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှ အထွေထွေမန်နေဂျာတစ်ဦးက သုံးသပ်သည်။

ယင်းကဲ့သို့ ဒေသခံများ၏ အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းနှင့် ပတ်သက်ပြီး အဆိုပါတာဝန်ရှိသူက"အနောက်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုစီမံကိန်းတွေနဲ့ အာရှဒေသက အင်အားကြီးနိုင်ငံတွေရဲ့ ရင်းနှီးမြှုပ်နှံမှုကကွာတယ်။ စာ(၁၂)သို့

7 DAY NEWS JOURNAL
Vol.9, No.48 • FEBRUARY 24, 2011

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# တရားမဝင်ရောက်လာသော ကျင်းထုံခြင်ဆေးခွေနှင့် အခြားခြင်ဆေးခွေ အမျိုးအစားများ ဈေးကွက်အတွင်း ရောင်းချနေဆဲ

**ဝတ်ရည်၊ မြတ်စုမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ – ၁၉**

တရုတ်နိုင်ငံမှ တရားမဝင် ဝင်ရောက်လာသည့် ကျင်းထုံခြင်ဆေးခွေနှင့် အခြားခြင်ဆေးအမျိုးအစားများ ဈေးကွက်အတွင်းတွင် ရောင်းချအသုံးပြုနေဆဲဖြစ်ကြောင်း သိရသည်။

ထိုခြင်ဆေးများတွင် ယခင်ကလောက် Meperfluthrim ဓာတုပစ္စည်းမပါဝင်တော့ဘဲ လက်ရှိတွင် ထိုဓာတုပစ္စည်းပမာဏ ၀ ဒသမ ၀၈ ရာခိုင်နှုန်းအသုံးပြုထားကြောင်း သိရသည်။

“ခွင့်ပြုချက် ပြန်တောင်းထားတယ်။ စစ်ဆေးနေတုန်းပဲ ရှိသေးတယ်။ တရားဝင်ခွင့်ပြုမထားသေးဘူး”ဟု မြန်မာ့စိုက်ပျိုးရေး သီးနှံကာကွယ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခင်က ကျင်းထုံခြင်ဆေးအပြာတွင် ဓာတုပစ္စည်း ၀ ဒသမ ၆၄၁ ရာခိုင်နှုန်း၊ အနီတွင် ၀ ဒသမ ၁၁၅၉ ရာခိုင်နှုန်းနှင့် အစိမ်းတွင် ၀ ဒသမ ၁၁၂၉ ရာခိုင်နှုန်းအထိ ပါဝင်ပြီး ထိုခြင်ဆေးများသည် ကျန်းမာရေးအား ထိခိုက်စေနိုင်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ကြေညာထားခဲ့သည်။ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့မှ ခွင့်ပြုထားသည့် ထိုဓာတုပစ္စည်းပါဝင်မှုပမာဏမှာ ၀ ဒသမ ၀၄ ရာခိုင်နှုန်းသာဖြစ်ကြောင်း သိရသည်။



ဓာတ်ပုံ – စောစည်သူမိုး

ယခု လက်ရှိဈေးကွက်အတွင်း ရောင်းချနေသည့် ကျင်းထုံခြင်ဆေးတွင် ထိုဓာတုပစ္စည်းပမာဏ ၀ဒသမ ၀၈ရာခိုင်နှုန်း၊ ဖားဘုရင်ခြင်ဆေးခွေတွင် ၀ဒသမ ၂၅ ရာခိုင်နှုန်းပါဝင်ကြောင်း သိရသည်။

“ဒီခြင်ဆေးခွေတွေက အရင်ကလောက် အနံ့မပြင်းတော့ဘူးလို့ သုံးတဲ့သူတွေက ပြောတယ်။ ခြင်လည်း အရင်ကလောက် မသေတော့ဘူးတဲ့။ ခြင်ဆေးဘူးမှာပါတဲ့ ပိုးသတ်ဆေးပမာဏကလည်း အရင်ကထက် ရာခိုင်နှုန်းနည်းနည်းပဲရှိတယ်လို့ ဖော်ပြထားတယ်”ဟု လှိုင်မြို့နယ်မှ ကုန်စုံဆိုင်ရှင်တစ်ဦးကပြောသည်။

ခြင်ဆေးခွေတစ်ခွေမှ ထွက်သော ကာဗွန်ချိုး(ဂျိုး)သည် ဆေးလိပ်အလိပ် ၁၅၀ ရှူမိသောပမာဏနှင့် တူညီပြီး ခြင်ဆေးငွေ့သည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် အဆုတ်ထဲရောက်ရှိသွားကာ ကြာရှည်လာပါက အသက်ရှူလမ်းကြောင်း ရောဂါများဖြစ်သည့် အဆုတ်ရောင်ခြင်းနှင့် ရင်ကျပ်ရောဂါများ ခံစားရနိုင်ကြောင်း ဆရာဝန်များက သတိပေးပြောကြားသည်။ ပြည်တွင်းတွင် တရားဝင်မှတ်ပုံတင်ပြီး ဖြန့်ချိနေသည့် ခြင်ဆေးအမျိုးအစားပေါင်း ၁၃၃ မျိုးခန့်ရှိကြောင်း သိရသည်။

## ပြည်ထောင်စုရွေ့နေချုပ်အဖြစ် ဒေါက်တာထွန်းရှင်အား အတည်ပြု

**ရန်ကုန်၊ ဖေဖော်ဝါရီ – ၂၁**

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်ရန်ပြည်ထောင်စုလွှတ်တော်သို့တင်ပြခဲ့သော ဒေါက်တာထွန်းရှင်ကို ယနေ့ပြည်ထောင်စုလွှတ်တော်က ခန့်အပ်ရန် အတည်ပြုလိုက်ကြောင်း ကြေညာသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမနေ့ အစည်းအဝေး အစီအစဉ်၌ ဒေါက်တာထွန်းရှင်အား ပြည်ထောင်စုရှေ့နေချုပ်အဖြစ် တင်ပြရာတွင် ကန့်ကွက်ဆွေးနွေးမည့်သူ မရှိသဖြင့် အတည်ပြုကြောင်း ကြေညာခြင်းဖြစ်သည်။

ထိုအစည်းအဝေး၌ပင် ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်ပေးရန် ဦးလွန်းမောင်ကို အဆိုပြုခဲ့သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၂ရက် နံနက်၁၁နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.9, No.48 • FEBRUARY 24, 2011

CRIME CORNER

## စိတ်ဝေဒနာရှင်မောင်ဖြစ်သူက အစ်မကို ဓားနှင့် ထိုး

စောရန်နိုင်

ပွင့်ဖြူ၊ ဖေဖော်ဝါရီ – ၁၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် စိတ်ဝေဒနာရှင်မောင်ဖြစ်သူက အစ်မဖြစ်သူထံ ပိုက်ဆံတောင်းရာမှ စကားများရန်ဖြစ်ပြီး ဒေါသမထိန်းနိုင်ဘဲ ဓားနှင့် ထိုးခဲ့မှုယခုလ ၇ ရက်တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ နေ့ ညနေ ၄နာရီ အချိန်ခန့်တွင် တရားလိုဖြစ်သူမှာ ညနေပိုင်း ကျောင်းဆင်း၍ နေအိမ်သို့ ပြန်လာခဲ့ရာ ၎င်း၏ ဇနီးအားမတွေ့သဖြင့် လိုက်လံရှာဖွေရာတွင် အိမ်အောက်ထပ် ခုတင်နှစ်လုံးကြား မြေကြီးပေါ်၌ ပက်လက်အနေအထားဖြင့် မျက်နှာတွင် သွေးများထွက်လျက်တွေ့ရှိခဲ့ရသည်။ အိမ်နီချင်းဖြစ်သူ ဦးဝင်းမောင်ဆီ သွားရောက်ပြောခဲ့ပြီး အဆိုပါနေအိမ်သို့ ခေါ်လာကာ ဇနီးဖြစ်သူအား ကြည့်ရှုရာ နဖူးနှင့်ခေါင်းပေါ်တွင် ပေါက်ပြဲဒဏ်ရာတစ်ချက်၊ မေးစေ့အောက်၌ ၄လက်မခန့် ပြတ်ရှဒဏ်ရာတစ်ချက်နှင့် ဆီးစပ်တွင် ၁ လက်မခန့် ထိုးသွင်းဒဏ်ရာတစ်ချက်ရရှိခဲ့ပြီး သေဆုံးနေကြောင်းတွေ့ ရှိခဲ့သည်။

ဘေးဝန်းကျင်အားစုံစမ်းခဲ့ရာ အဆိုပါ အမျိုးသမီး၏ မောင်အရင်း စိတ်မနှံ့သူ ဇော်မျိုးသန့်ဆိုသူက သတ်သွားခဲ့ကြောင်းသိရှိရ၍ အရေးယူပေးပါရန် တိုင်တန်းခဲ့ရာ သက်ဆိုင်ရာရဲစခန်းမှဇော်မျိုးသန့်အား စစ်ဆေးခဲ့ရာ အစ်မဖြစ်သူထံ ပိုက်ဆံသွားတောင်းရာမှ မောင်နှမချင်း စကားများကြပြီး ဒေါသ အလျောက်ဓားနှင့်ထိုးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ချက်များအရ သက်ဆိုင်ရာပွင့်ဖြူရဲစခန်းက(ပ)၈/ ၁၁၊ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ၃၀၂ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

## မြန်မာတိုင်းမ်ဂျာနယ် အယ်ဒီတာချုပ်ပြောင်းလဲ

### ယင်းမီဒီယာကုမ္ပဏီမှ ထုတ်ဝေနေသော စာစောင်များ ပုံမှန်ထုတ်ဝေမည်ဟုဆို

ငြိမ်းငြိမ်းနိုင်

ရန်ကုန်၊ ဖေဖော်ဝါရီ – ၁၄

**မြန်မာကွန်ဆိုလီဒိတ်တက်မီဒီယာ ကုမ္ပဏီလီမိတက်(MCM)မှ အပတ်စဉ်ထုတ်ဝေနေသောစာစောင်များ ပုံမှန်ထုတ်ဝေမြဲထုတ်ဝေမည်ဖြစ်ကာ မြန်မာတိုင်းမ်ဂျာနယ်(မြန်မာ)၏အယ်ဒီတာချုပ်အဖြစ် ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်သစ် ဒေါက်တာတင်ထွန်းဦးက ဆောင်ရွက်မည်ဖြစ်ကြောင်း ဒေါက်တာတင်ထွန်းဦးက ပြောကြားသည်။**

"ဒါရိုက်တာအဖွဲ့ ဆုံးဖြတ်ချက်အရ ကျွန်တော်က မြန်မာတိုင်း(မြန်မာ)မှာ အယ်ဒီတာချုပ်အဖြစ်ဆောင်ရွက်မှာပါ။ ကျွန်တော့်စာစောင်သုံးစောင်မှာ အပြောင်းအလဲမရှိပါဘူး။ အရင်ဝန်ထမ်းတွေနဲ့ပဲဆက်သွားမှာပါ။ အခုကစပြီး ကုမ္ပဏီရဲ့ စီအီးအိုအနေနဲ့ တာဝန်ယူသွားမှာပါ"ဟု ၎င်းကပြောသည်။

MCM တွင် ပြည်တွင်းလုပ်ငန်းရှင်ဖြစ်သော ဒေါက်တာတင်ထွန်းဦးက ကုမ္ပဏီ၏ ရှယ်ယာ ၅၁ရာခိုင်နှုန်းပိုင်ဆိုင်ကာ နိုင်ငံခြားသားဘက်မှ ၄၉ ရာခိုင်နှုန်းပိုင်ဆိုင်ပြီး မြန်မာတိုင်းမ်(မြန်မာ)၊ မြန်မာတိုင်း(အင်္ဂလိပ်)၊ Now စာစောင်နှင့် Crime ဂျာနယ်တို့ကို အပတ်စဉ်ထုတ်ဝေလျက်ရှိသည်။

ယခုကဲ့သို့ စီအီးအိုအပြောင်းအလဲနှင့် အယ်ဒီတာချုပ်အပြောင်းအလဲဖြစ်ရခြင်းမှာ ယခင်စီအီးအိုလည်းဖြစ်၊ ဂျာနယ်အယ်ဒီတာချုပ်လည်းဖြစ်သော ဩစတြေးလျနိုင်ငံသား မစ္စတာရော့စ်ဒန်ကလေ ဖမ်းဆီးခံထားရသည့်အတွက်ဖြစ်သည်။ ရော့စ်ဒန်ကလေ ဖမ်းဆီးခံထားရကြောင်း ၎င်းအား လတ်တလောထိန်းသိမ်းထားသည့် အင်းစိန်အကျဉ်းထောင်မှ တာဝန်ရှိသူတစ်ဦးက အတည်ပြု ပြောကြားသည်။

"အင်းစိန်ထောင်မှာ လတ်တလော ထိန်းသိမ်းထားတာပါ။ ဒီကိုရောက်တာနှစ်ရက်ပဲရှိပါသေးတယ်။ အမှုက ရဲစခန်းနဲ့ပဲဆိုင်ပါတယ်"ဟု အဆိုပါအကျဉ်းထောင် တာဝန်ရှိသူကပြောသည်။ ၎င်းထိန်းသိမ်းခံနေရသော်လည်း MCM ကုမ္ပဏီလီမိတက်တွင် မစ္စတာရော့စ်ဒန်ကလေအပါအဝင် နိုင်ငံခြားသားရှယ်ယာအစု ၄၉ ရာခိုင်နှုန်းပိုင်ဆိုင်မှုမှာ တစ်စုံတစ်ရာ ပြောင်းလဲမှုမရှိကြောင်းနှင့် ၎င်း၏ ရှယ်ယာဝေစုမှာ ယခင်အတိုင်းပင်ရှိကြောင်း ဒေါက်တာတင်ထွန်းဦးကပြောသည်။

## မူလတန်းကျောင်းအချို့တွင် ကလေးငယ်များအား လိမ်လည်ခေါ်ယူခံရမှုများရှိနေ

ဝတ်ရည်

ရန်ကုန်၊ ဖေဖော်ဝါရီ – ၁၀

**တောင်ဒဂုံမြို့နယ်အတွင်း မူလတန်းကျောင်းတစ်ကျောင်းတွင် ကလေးငယ်များအား လိမ်လည်ခေါ်ယူသည့် အမျိုးသမီးငယ်တစ်ဦးအား ဖမ်းမိပြီးနောက်ပိုင်း မူလတန်းကျောင်းများတွင် မိဘကိုယ်တိုင်လာခေါ်မှသာ ကလေးငယ်များအား အိမ်ပြန်စေကြောင်း တောင်ဒဂုံမြို့နယ်နှင့် သဃ်န်းကျွန်းမြို့နယ်တို့ရှိ မူလတန်းကျောင်းများမှ သိရသည်။**

အသက် ၁၇ နှစ်အရွယ်ရှိ အဆိုပါ အမျိုးသမီးငယ်အား မိဘများနှင့်ဆရာများ ပူးပေါင်းဖမ်းဆီးမှုကြောင့် ကလေးများပျောက်ဆုံးခဲ့ခြင်း မရှိခဲ့သော်လည်း အချို့နေရာများတွင် ကလေးငယ်များ ပျောက်ဆုံးမှု အများအပြားရှိခဲ့ကြောင်း သိရသည်။

"ဒီလို ကလေးပျောက်တဲ့ကိစ္စမျိုးဖြစ်လာရင် မူလတန်းရှိတဲ့ကျောင်းတွေမှာ ကလေးတွေကို မိဘကိုယ်တိုင်လာခေါ်မှ အတန်းပိုင်တွေက ပြန်လွှတ်တော့တယ်။ သက်ဆိုင်ရာကလည်း ကျောင်းတွေကို သတိထားပြီး စောင့်ကြည့်ဖို့ စာတွေလည်း ပို့တယ်" ဟု သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ မူလတန်းကျောင်းတစ်ကျောင်းမှ ဆရာမတစ်ဦးကပြောသည်။ အဆိုပါ အမျိုးသမီးငယ်သည် ပထမတစ်ရက်တွင် ကလေးငယ်တစ်ဦးအား မိခင်မှ လာရောက်ကြိုခိုင်းသည်ဟု ပြောဆိုခေါ်ဆောင်သွားပြီးမှ ကလေးငယ်ဝတ်ဆင်ထားသည့် နားကပ်မှာ ရွှေအစစ် မဟုတ်သည့်အတွက် လမ်း၌ ပစ်ထားခဲ့ရာမှ ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နောက်နေ့တွင်လည်း ထိုအမျိုးသမီးသည် အဆိုပါ ကျောင်းရှိ နှစ်တန်းအရွယ် ကလေးငယ်နှစ်ဦးအား မုန့်လာကျွေးပြီး နောက်နေ့များတွင်လည်း လာရောက်ကြိုမည်ဖြစ်ကြောင်း ပြောဆိုခဲ့ကြောင်း သိရသည်။

"ကလေးက အိမ်ရောက်တော့ ဒီနေ့အမေ့သူငယ်ချင်းဆိုပြီး အစ်မကြီးတစ်ယောက် မုန့်လာကျွေးတယ်။ နောက်နေ့သူလာကြိုမယ်ဆိုပြီးလည်း ပြောသွားတယ်ဆိုပြီး ပြန်ပြောတော့၊ ပထမနေ့က ကြားထားတာလည်း ရှိနေတဲ့အတွက် ဆရာ၊ ဆရာမတွေနဲ့အားလုံးစောင့်ပြီး ဖမ်းလိုက်တာ" ဟု ကလေးမိခင်တစ်ဦးက ထိုနေ့က အဖြစ်အပျက်ကို ပြန်လည်ပြောသည်။

ယခုနောက်ပိုင်း ကျောင်းများတွင် ကလေးငယ်များ ပျောက်ဆုံးကြောင်း မကြာခဏ ကြားရပြီး အချို့ကလေးများတွင် ဆင်ထားသည့် ရွှေများကို ချွတ်ယူ၍ ကလေးငယ်များအား ပစ်ထားခဲ့သည်များလည်းရှိကြောင်း သိရသည်။

"ကလေးတွေကို ရွှေမဆင်ဖို့ ဟိုးအရင်ကတည်းက မိဘတွေကို ပြောထားတယ်။ တချို့ကျောင်းတွေဆိုရင် ၇ တန်းလောက်အထိ ရွှေပေးမဝတ်ဘူး။ ကလေးတွေကို ရွှေဆင်ထားရင် ဒီလို အန္တရာယ်ရှိတဲ့ကိစ္စမျိုးတွေအပြင် လူသတ်ပြီး လုတာမျိုးတွေလည်း ရှိနိုင်တယ်လေ" ဟု အထက်တန်းပြဆရာမတစ်ဦးက ပြောသည်။




## ငွေဆောင်ကမ်းခြေမြေကွက်လပ်များ ထူးကုမ္ပဏီဝယ်ယူနေ

အောင်သူရ

ရန်ကုန်၊ ဖေဖော်ဝါရီ – ၁၆

ငွေဆောင်ကမ်းခြေရှိ ငွေဆောင်ရွာမတန်းနှင့်ကပ်လျက် တည်ရှိနေသော ကမ်းခြေရှိ မြေကွက်များအား ထူးကုမ္ပဏီမှ ဝယ်ယူနေကြောင်း သတင်းရရှိသည်။

"တစ်ပေပတ်လည်ကို သုံးထောင်(ကျပ်)နှုန်းနဲ့ ကိုးဦးလောက်ပြီးခဲ့တဲ့အပတ်က အရောင်းအဝယ်ဖြစ်သွားတယ်"ဟု ငွေဆောင်ဒေသခံမြို့မိမြို့ဖတစ်ဦးက ပြောသည်။

ထူးကုမ္ပဏီအနေဖြင့် ငွေဆောင်ကမ်းခြေတွင် ကမ်းခြေပတ်လမ်းနှင့် ညဈေးတစ်ခု တည်ဆောက်ရန် လွန်ခဲ့သော ၂၀၀၄ခုနှစ်ကတည်းက အစီအစဉ်ရှိခဲ့သော်လည်း အကောင်အထည်မဖော်ဖြစ်ခဲ့ပေ။

ယခုနှစ် ငွေဆောင်ကမ်းခြေသို့ အိမ်ခြံမြေရင်းနှီးမြှုပ်နှံသူများ လာရောက်ဝယ်ယူမှု များပြားခဲ့ရာ လွန်ခဲ့သော ၂နှစ်ကြာက ကျပ်သိန်းတစ်ရာခန့်သာ တန်ဖိုးရှိခဲ့သော မြေကွက်များမှာ ယခုအခါ ကျပ်သိန်းထောင်ချီတန်ဖိုးရရှိနေပြီဖြစ်ကြောင်းဒေသခံများက ပြောသည်။ ထို့အပြင် ငွေဆောင်မြို့သစ်၌မကြာသေးမီကမှ သက်ဆိုင်ရာက ငွေကျပ်ခြောက်သိန်းဖြင့် ချထားပေးသော ပေ ၄၀×ပေ ၆၀ မြေကွက်များမှာ ယခုအခါ ဒေသခံများသည်ပင် ရောင်းချသည့်ဈေးထက် ကျပ်နှစ်သိန်း၊ သုံးသိန်းပိုပေး၍ဝယ်ယူနေကြောင်း သတင်းရရှိသည်။

## အစိုးရအဆောက်အအုံတိုက်ခန်းလေလံက ပုံမှန်အိမ်ခြံမြေဈေးကွက်သို့ ိုက်ခတ်မှုမရှိဟုဆို

ပြည်သိမ်း၊ ဇာဇာနီ

ရန်ကုန်၊ ဖေဖော်ဝါရီ – ၁၇

**အစိုးရရောင်းချသည့် မြေ၊ အဆောက်အအုံ၊ တိုက်ခန်းလေလံပွဲများတွင် စီးပွားရေးလုပ်ငန်းရှင်များသည် မြင့်မားသည့်ဈေးနှုန်းများပေး၍ လေလံအောင်ခဲ့ကြသော်လည်း အိမ်ခြံမြေဈေးကွက်တွင် ဈေးနှုန်းအပြောင်းအလဲမရှိနိုင်ကြောင်း အိမ်ခြံမြေအကျိုးဆောင်များကဆိုသည်။**

ပုဂ္ဂလိကဈေးကွက်က လက်ရှိဝယ်ယူနိုင်အားသည် ကျပ်သိန်းတစ်ထောင်ကျော်တန်လောက်သာများနေသည်။ လေလံပွဲများသည် ရင်းနှီးမြှုပ်နှံသည့် စီးပွားရေးလုပ်ငန်းရှင်များကသာ စိတ်ဝင်စားကြပြီး အမှန်တကယ်အခြေချနေထိုင် စီးပွားရေးလုပ်မည့်သူများက ယင်းပမာဏကို ငွေကြေးမတတ်နိုင်ပေ။ ယင်းကြောင့် ပုံမှန်ဈေးကွက်အတွင်း ဈေးနှုန်းများ အပြောင်းအလဲမရှိနိုင်ကြောင်း အိမ်ခြံမြေအကျိုးဆောင်များကဆိုသည်။

"အလယ်၊ အလတ်တန်ဖိုးတွေပါလို့ လေလံကိုတော့ စီးပွားရေးသမားတွေက စိတ်ဝင်စားတယ်။ လက်ရှိဈေးထက် သက်သာမလားဆိုပြီး လိုက်နေကြတာပါ။ ဒါပေမဲ့ လေလံအောင်တဲ့ဈေးတွေက မြင့်တယ်"ဟု မဏ္ဍိုင်အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ ဦးသန်းဦးက ရှင်းပြသည်။

သာမန်အိမ်ခြံမြေဈေးကွက်၏ ဈေးနှုန်းမြင့်တက်မှုသည် ယခင်နှစ်က ပမာဏကိုလေ့လာလျှင် ၂၀ ရာခိုင်နှုန်းလောက်သာ မြင့်တက်လာကြောင်း ရန်ကုန်မြို့၏ ဈေးကွက်အချက်အချာကျသော နေရာများတွင် ၂၀၀၉ ခုနှစ်က တစ်ပေပတ်လည်လျှင် ကျပ်ငါးသိန်းရှိရာမှ ယခုနှစ်တွင် ကျပ်ခြောက်သိန်းသို့ မြင့်တက်လာကြောင်းသိရသည်။

အိမ်ခြံမြေဈေးကွက်၏ အရောင်းအဝယ်ဖြစ်မှုသည် အိမ်မြေဆိုလျှင် ကျပ်သိန်း ၁,၂၀၀ ဝန်းကျင်သာ အဓိကရောင်းဝယ်ကြသည်။

ယခုကာလတွင် နိုင်ငံတော်၏စီးပွားရေးမူဝါဒအပြောင်းအလဲကို မျှော်လင့်၍ စက်မှုဇုန်များတွင် ရင်းနှီးမြှုပ်နှံမှုများလည်းရှိသည်။ ယင်းကြောင့် လှိုင်သာယာ စက်မှုဇုန်မြေကွက်များ၏ တန်ဖိုးမှာလည်း တစ်ဧကလျှင် ယခင် ကျပ်သိန်း ၁,၀၀၀ မှ သိန်း ၁,၅၀၀ကြားရှိရာမှ ကျပ်သိန်း ၁,၈၀၀ ဝန်းကျင်ထိ ဈေးမြင့်လာသည်။ အခြားသော မင်္ဂလာဒုံ၊ ဝါးတစ်ရာ၊ ရွှေပြည်သာ စသည့် စက်မှုဇုန်များတွင်လည်း မြေကွက်တန်ဖိုးများ မြင့်တက်နေကြောင်း ယူနတီ အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးဇော်ဇော်ကဆိုသည်။


TRI
LIVES BRILLIANTLY
Travelling With TRI


i-MAX
COLLECTION
MY STYLE // MY DREAM
MEN'S AND LADIES' WEARS

7 DAY NEWS JOURNAL
Vol.9, No.48 • FEBRUARY 24, 2011

# မြစ်ဝကျွန်းပေါ်သင်္ဘောများ အချိန်မမှန်သဖြင့် ခရီးသည်များ အခက်တွေ့

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၈**



ကုန်ကျစရိတ်သက်သာသည့် ရေလမ်းခရီးကိုသာ အားကိုးသွားလာနေကြသော မြစ်ဝကျွန်းပေါ်-ရန်ကုန်သင်္ဘောစီးသူများမှာ သင်္ဘောဝင်ရောက်ချိန် မမှန်ခြင်းများကြောင့် အခက်အခဲကြုံတွေ့ နေရကြောင်း ဒေသခံခရီးသွားများက ပြောသည်။

ထို့အပြင် သင်္ဘောစီးခနှုန်းထားများမှာလည်း ထွက်ခွာသည့် သင်္ဘောအရေအတွက်ပေါ် မူတည်၍ ဈေးနှုန်းပြောင်းလဲမှုများရှိနေကြောင်း ခရီးသည်များက ပြောသည်။

မော်ကျွန်းမြို့နယ် ဒေသခံများမှာ ပြည်တွင်းရေကြောင်းသင်္ဘောများထက် ကုန်နှင့်စီးနိုင်သော ပုဂ္ဂလိက လူစီးကုန်တင် နှစ်ထပ်ရေယာဉ်များကိုသာ ရွေးချယ်စီးနင်းနေကြကြောင်း သိရသည်။

အဆိုပါ သင်္ဘောများမှာ ပုံမှန်အားဖြင့် ရန်ကုန်မှ ညနေ ၄ နာရီထွက်ခွာပြီး မော်ကျွန်းသို့ နံနက် ၅ နာရီဝန်းကျင်တွင်ရောက်ရှိသဖြင့် ကျေးရွာများသို့ ဆက်လက်ထွက်ခွာသည့် နံနက်ပိုင်းနှင့် နေ့လယ်ထွက်ခွာသည့် ကားများကို စီးနင်းနိုင်၍ ၎င်းသင်္ဘောများကို ရွေးချယ်စီးနင်းနေကြောင်း သိရသည်။

သို့သော် ၎င်းသင်္ဘောများမှာ ယခုနှစ်ဆန်းပိုင်းမှစ၍ ရန်ကုန်မှအပြန်တွင် တရားဝင် ဆိုက်ကပ်ခွင့်မရှိသော မြင်းကကုန်း ဆိပ်ကမ်းနှင့် ဘိုကလေးဆိပ်ကမ်းများကိုပါ ဆိုက်ကပ်၍ ကုန်အတင်အချပြုလုပ်နေသဖြင့် မော်ကျွန်းသို့ ညနေ ၃ နာရီမှသာ ဆိုက်ကပ်နိုင်ကြောင်း သိရသည်။

ထို့ကြောင့် နံနက်ပိုင်းနှင့် နေ့လယ်ပိုင်းထွက်ခွာသော ကားများကိုမမီ၍ ခရီးသည်များ ခရီးမဆက်နိုင်ဘဲ မော်ကျွန်း၌ တစ်ညအိပ်ရသဖြင့် အချိန်ကုန်သည့်အပြင် ကုန်ကျစရိတ်ပါ ပိုများနေ၍ အဆင်မပြေရခြင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။

အဆိုပါ လူစီးကုန်တင် နှစ်ထပ်ရေယာဉ်မှာ ရန်ကုန်တိုင်းဒေသကြီးအခြေပြုနှင့် ဧရာဝတီတိုင်း ဒေသကြီးအခြေပြု ဟူ၍ နေ့စဉ်နှစ်စီးပြေးဆွဲလျှင် သင်္ဘောခကျပ် ၁,၀၀၀ဖြစ်ပြီး တစ်စီးတည်းပြေးသည့်ရက်များတွင် သင်္ဘောခမှာ ကျပ်၁,၅၀၀ ဖြစ်သည်။

ရန်ကုန်-မော်ကျွန်းလမ်းတွင် ကားခမှာ ကျပ်၃,၀၀၀ ၊ ရှပ်ပြေးသင်္ဘောခမှာလည်း ကျပ်၂၅,၀၀-၃,၅၀၀ရှိ၍ ပုဂ္ဂလိကလူစီးကုန်တင်သင်္ဘောများကိုသာ စီးနင်းနေကြကြောင်း သိရသည်။

ထို့ကြောင့် ပုဂ္ဂလိက လူစီးကုန်တင်သင်္ဘောများ၏ ယာဉ်စီးခနှင့် သင်္ဘောဝင်ထွက်ချိန်များ မှန်ကန်စေလိုကြောင်း ဒေသခံများက ပြောသည်။

# ရန်ကုန်-လပွတ္တာရေယာဉ်တစ်စီး တိမ်းစောင်းကာ ကုန်စည်အချို့ ရေစိုပျက်စီး

**အိဖြူလွင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၉**

ရန်ကုန်-လပွတ္တာသွား နှစ်ထပ်ရေယာဉ်တစ်စီးသည် နံနက်စောစောဖြစ်နေ၍ မြင်ကွင်းမရှင်းလင်းသည့်အတွက် ရပ်နားထားရာမှ ရေယာဉ်ပဲ့ပိုင်းသို့ ရေများဝင်လာပြီး တိမ်းစောင်းသွားမှုတစ်ခု ယခု လ ၁၆ ရက် နံနက် ၆နာရီအချိန်တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါရေယာဉ်သည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ဝရဇိန်အမည်ရှိ သံထည်နှစ်ထပ်ရေယာဉ်တစ်စီးဖြစ်ပြီး ဖေဖော်ဝါရီ ၁၅ ရက် နေ့လယ် ၂နာရီတွင် ရန်ကုန်ဆိပ်ကမ်းမှ ထွက်ခွာခဲ့ခြင်းဖြစ်သည်။ ၁၆ ရက် နံနက် ၃ နာရီအချိန်တွင် မြူကျသဖြင့် မြင်ကွင်းမကောင်းသောကြောင့် အန္တရာယ်ကင်းစေရန် ကျုံပဒုတ်ချောင်း၊ ဝါးဖြူစုကွေ့ ဗန္ဓုလကျေးရွာအနီးတွင် ရေယာဉ်ကို ကမ်းကပ်ကြိုး ချည်၍ ရပ်နားထားချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ရေယာဉ်တိမ်းစောင်းသွားချိန်တွင် ခရီးသည်များအားလုံး အိပ်ပျော်နေချိန်ဖြစ်သော်လည်း ရေယာဉ်မှာ ပဲ့ပိုင်းမှာ ရေဝင်ကာ တိမ်းစောင်းသွားခဲ့ခြင်းဖြစ်သောကြောင့် သေဆုံးဒဏ်ရာရမှုများမရှိခဲ့ဟု သိရသည်။

ဝရဇိန်ရေယာဉ်တိမ်းစောင်းနေချိန်တွင် ရန်ကုန်မှ ညပိုင်းထွက်သော သုံးထပ်သင်္ဘော ဗလကျော်သူလည်း ရောက်ရှိလာ၍ ဝင်ကူညီခဲ့သော်လည်း မရရှိခဲ့ဖြစ်သည်ဟု ခရီးသည်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။ ဝရဇိန်ပေါ်မှ ခရီးသည်နှင့်ကုန်စည်အချို့ကိုမူ ဗလကျော်သူဖြင့် လပွတ္တာသို့ ဆက်လက်သွားနိုင်ရန် ပြောင်းရွှေ့ပေးခဲ့ပြီး အချို့ကုန်စည်များမှာမူ ရေစိုဆုံးရှုံးသွားခဲ့သည်ဟု သိရသည်။

“အဲဒီအချိန်ကြီး သင်္ဘောကလည်း မြင်ကွင်းမကောင်းလို့ ရပ်ထားတာလည်းဖြစ်တော့ အားလုံးက အိပ်ပျော်နေကြတာ ရေဝင်လို့ ရေတွေစိုလာတော့မှာပဲ အားလုံးနိုးကြပြီး ဝရုန်းသုန်းကားဖြစ်ကုန်တော့တာပဲ။ ကုန်တွေပါသွားတယ်။ ရေစိုကုန်တာ မရလိုက်ဘူး။ သူတို့ ညှိပေးမယ်လို့ ပြောတာပဲ။ ဘယ်လိုဖြစ်ဦးမလဲတော့ သေချာမသိသေးဘူး။ ပစ္စည်းကတော့ သိန်း ၁၀၀ဖိုးလောက်ပါသွားတယ်” ဟုကုန်စည်များတင်လာသူ ခရီးသည်တစ်ဦးကပြောသည်။ အဆိုပါရေယာဉ်ပေါ်တွင် ခရီးသည် ၁၀၀ကျော်နှင့် ကုန်တန်ချိန် ၅၀ကျော်ခန့်သာ တင်ဆောင်လာပြီး ခရီးသည်နှင့် ကုန်စည်မှာ တင်ဆောင်နိုင်သော ဝန်ထက် လျော့နည်းသည်ဟုသိရသည်။

# “ဃ”ယာဉ်များအား ခရီးသည်တင်ယာဉ်အဖြစ် ပြောင်းလိုက်သည့်အတွက် ပုံမှန်ယာဉ်စီးခသာ ယူရမည်

**သဇင်ထွေး**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၇**

‘ဃ’ယာဉ်လိုင်းများကို (ခ)ယာဉ်လိုင်းပြောင်းပြီး လမ်းကြောင်းသတ်မှတ်ပြေးဆွဲနေပြီဖြစ်ကာ ယာဉ်စီးခကျပ်နှစ်ရာတောင်းပါက မ. ထ. သသို့တိုင်ကြားနိုင်ကြောင်း တာဝန်ရှိသူကပြောသည်။

ယခင်က ‘ဃ’ယာဉ်လိုင်းများကို တက္ကသိုလ်ကြို/ပို့၊ စက်မှုဇုန်ဝန်ထမ်းကြို/ပို့အတွက်သတ်မှတ်ထားသော်လည်း ကြားကားအဖြစ်ပြေးဆွဲကာ စည်းကမ်းမလိုက်နာသောကြောင့် ယာဉ်တိုက်မှုအဖြစ်များသဖြင့် ခရီးသည်တင်ကား (ခ) လိုင်စင်ပြောင်းလိုက်ခြင်းဖြစ်ကြောင်း သိရသည်။



**ကြိုပို့ကားများအဖြစ် ပြေးဆွဲနေသော ‘ဃ’ယာဉ်လိုင်းမှ ဘီအမ်တစ်စီး။**

“ ‘ဃ’ယာဉ်တွေက ဝင်ချင်တဲ့လိုင်းကိုဝင်၊ ယာဉ်စီးခ နှစ်ရာတောင်း၊ အထူးကားတွေလိုလုပ်နဲ့ ယာဉ်တိုက်မှုတွေဖြစ်တာလည်း ‘ဃ’ယာဉ်တွေ များလာတယ်။ စည်းကမ်း မလိုက်နာဆုံးကို ကြည့်ရင်‘ဃ’ယာဉ်တွေ များလာတယ်။ ဒါကြောင့် ခရီးသည်တင်လိုင်းစင်ပြောင်းလိုက်တယ်။ သွားချင်တဲ့နေရာ သွားလို့မရဘူး။ ကားခကိုလည်း ခရီးသည်တင်ဈေးအတိုင်း သတ်မှတ်ပေးထားပြီ။ ဒါကို အရင်လို နှစ်ရာတောင်းရင်တိုင်ပါ” ဟု မ. ထ. သမှ တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

‘ဃ’ကားများမှာ အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ အနောက်ပိုင်းခရိုင်များတွင် စုစုပေါင်း ယာဉ်စီးရေ ၆၇၉ စီးရှိကာ၊ (ခ) လိုင်စင်ပြောင်းပြီး ယာဉ် ၂၉၈ စီးရှိကြောင်းသိရသည်။ ‘ဃ’ယာဉ်လိုင်းများ ခရီးသည်တင်ယာဉ်အဖြစ် ၂၀၁၁ခုနှစ် ဇန်နဝါရီ လကုန်ပိုင်းက စတင်ပြေးဆွဲနေပြီဖြစ်သည်။

# ဒီမိုကရေစီနိုင်ငံတော်ဟု စတင်သုံးနှုန်း

**အေးမြကျော်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၃**

နေပြည်တော်၌ ကျင်းပသော (၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲမှ ပေးပို့သောသဝဏ်လွှာ၌ မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံတော်ဆိုသည့် အသုံးအနှုန်းကို ထည့်သွင်းသုံးနှုန်းသွားခဲ့ကြောင်း ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်များက ပြောကြားသည်။

ဒီမိုကရေစီနိုင်ငံဟု သုံးနှုန်းခဲ့ပြီး အင်မတန်နုနယ်သေးပြီး ရက်ပိုင်းသာရှိသေးသော ဒီမိုကရေစီနိုင်ငံတော်ဟု မြန်မာနိုင်ငံကို တင်စားသုံးနှုန်းသွားခဲ့ကြောင်း ပြည်ထောင်စုနေ့အခမ်းအနား တက်ရောက်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြန်ပြောပြသည်။

“ဒီနေ့ ဖတ်ကြားသွားတဲ့ နိုင်ငံတော်အကြီးအကဲရဲ့ သဝဏ်လွှာကို ပြည်ထောင်စုနေ့ကျင်းပရေးကော်မတီဥက္ကဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးက ဖတ်ကြားသွားတဲ့အထဲမှာ ဘာသတိထားမိလဲဆိုရင် နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီက ဒီအသုံးအနှုန်းကို စတင်သုံးစွဲခဲ့တယ်။ ဒီမိုကရေစီနိုင်ငံတော်ဆိုတာကို ပထမဆုံးအကြိမ် တရားဝင်သုံးနှုန်းသွားတယ်။ ဒါပေမဲ့ နုနယ်သေးတယ်ဆိုပြီး ထည့်သုံးသွားတယ်”ဟု ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ခဲ့သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကပြောသည်။

မြန်မာနိုင်ငံ၏ နှစ်၂၀အတွင်း ပထမဆုံးအကြိမ် လွှတ်တော်အစည်းအဝေးများကို ဇန်နဝါရီ ၃၁ ရက်နေ့က စတင်ကျင်းပခဲ့ပြီး သမ္မတအသစ်ကို ဖေဖော်ဝါရီလ၄ရက်က ရွေးကောက်တင်မြှောက်ခဲ့ရာ လက်ရှိဝန်ကြီးချုပ် တာဝန်ထမ်းဆောင်နေသော ဦးသိန်းစိန်မှာ သမ္မတဖြစ်လာခဲ့သည်။

# ပထမအကြိမ် လွှတ်တော်အစည်းအဝေးများကို အစိုးရအဖွဲ့ကြီးတစ်ခုလုံး ဖွဲ့စည်းပြီးသည်အထိကျင်းပမည်

**အားမာန်**

**နေပြည်တော်၊ ဖေဖော်ဝါရီ - ၁၂**

နှစ်ပေါင်း ၂၀အတွင်း ပထမဆုံး အကြိမ်ကျင်းပနေသည့် ပထမအကြိမ် လွှတ်တော်အစည်းအဝေးများမှာ အစိုးရအဖွဲ့ကြီးတစ်ခုလုံး ဖွဲ့စည်းပြီးသည်အထိ ကျင်းပမည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့ကပြောသည်။

“လွှတ်တော်ရေးရာကော်မတီအထိ ဖွဲ့ရမှာဆိုတော့ အစိုးရအဖွဲ့ကြီးတစ်ခုလုံး ခိုင်ခိုင်မာမာ ဖွဲ့စည်းပြီးသွားတဲ့အထိကို သွားရမှာ။ ဘယ်အချိန်ပြီးမလဲဆိုတာ ကျွန်တော်လည်းမသိဘူး” ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်ညဏစိုးက ပထမအကြိမ် ပုံမှန်လွှတ်တော်အစည်းအဝေးများ လမ်းညွှန်ကို ကိုးကား၍ပြောသည်။

ဇန်နဝါရီ ၃၁ရက်မှစတင်ခဲ့သော လွှတ်တော်အစည်းအဝေးများမှာ အစိုးရအဖွဲ့ကြီးတစ်ခုလုံး ဖွဲ့စည်းပြီးသည်အထိ စည်းဝေးမည်ဖြစ်၍ တစ်လဝန်းကျင် ကြာမြင့်နိုင်ကာ ဖေဖော်ဝါရီလကုန်အထိ ကျင်းပဖွယ်ရှိကြောင်းလည်း လွှတ်တော်ကိုယ်စားလှယ်အချို့က ခန့်မှန်းသည်။

လွှတ်တော်ကိုယ်စားလှယ်များသို့ ပေးဝေထားသော ပထမအကြိမ် ပုံမှန်လွှတ်တော်အစည်းအဝေးများလမ်းညွှန်တွင် အစည်းအဝေးကို ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ ခန့်အပ်တာဝန်ပေးခြင်းအထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

# ပြည်ပတွင် ဆေးပညာသွားရောက် သင်ယူလိုသူ သိသိသာသာမြင့်တက်

**ရန်ကုန်၊ ဖေဖော်ဝါရီ – ၁၇**

မြန်မာကျောင်းသားများ ပြည်ပနိုင်ငံများတွင် သွားရောက်ပညာသင်ယူကြရာတွင် ဆေးပညာရပ်အား လေ့လာသင်ယူလိုမှု သိသိသာသာမြင့်တက်လာခဲ့ကြောင်း ငါးနှစ်အတွင်း ကောက်ယူထားသော ဘာသာရပ်အလိုက် ပြည်ပပညာရေး စစ်တမ်းတစ်ခုအရ သိရသည်။


စီးပွားရေးနှင့် အင်ဂျင်နီယာဘာသာရပ်များ လေ့လာသင်ယူမှုသည်လည်း မြင့်မားလျက်ရှိသည်။

ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှု ဘာသာရပ်သည် ၂၀၀၈ ခုနှစ်တွင် ထိပ်ဆုံးရောက်ရှိခဲ့ပြီး နောက်ပိုင်း အလုပ်အကိုင်အခွင့်အလမ်း အခက်အခဲကြောင့် ကျောင်းသား စိတ်ဝင်စားမှု လျော့ကျခဲ့သည်။

ထူးခြားချက်အနေဖြင့် ဆေးပညာရပ်ကို ပြည်ပ၌ စိတ်ဝင်စားလေ့လာသင်ယူရန် စိတ်ဝင်စားမှု သိသိသာသာ မြင့်တက်လာနေခြင်း ဖြစ်သည်။

"ဆေးပညာနဲ့ ပတ်သက်ပြီး ၂၀၀၉ နဲ့ ၂၀၁၀ မှာဈေးကွက်ထဲ သတိပြုမိလောက်အောင်ကို တက်လာနေတယ်။ မြန်မာနိုင်ငံက ပညာရေးဈေးကွက်ထဲမှာ ကျောင်းသားတွေရဲ့ ဘာသာရပ်ရွေးချယ်မှုက ကောလာဟလသတင်းတွေပေါ်မှာမူတည်နေတယ်။ ဝမ်းနည်းစရာပဲ။ ဘန်ကောက်၊ မလေးရှား၊ ဗီယက်နမ်တွေမှာ အဲလိုမရှိဘူး။ ဒီနှစ်ဟိုတယ်နဲ့ ခရီးသွားဝန်ဆောင်မှု ဘာသာရပ်ခေတ်စားတယ်။ နောက်နှစ် အင်ဂျင်နီယာခေတ်စားတယ်ဆိုတာ မရှိဘူး။ သူတို့က သက်ဆိုင်ရာ စိတ်ဝင်စားတဲ့ ဘာသာရပ်တွေကိုပဲ လေ့လာကြတာပါ" ဟုစစ်တမ်းပြုစုထားသူကဆိုသည်။

ပြည်ပတွင် သွားရောက်ပညာသင်ယူရန်အတွက် စီးပွားရေး၊ ဆေးပညာ၊ အင်ဂျင်နီယာနှင့် ကွန်ပျူတာ ဘာသာရပ်တို့က ကျောင်းသားများ စိတ်ဝင်စားမှုအများဆုံးရရှိထားကြောင်းသိရသည်။




**ဘာသာရပ်အလိုက် ငါးနှစ်အတွင်း သုံးသပ်ချက်**

Source-Crown Education



ရတနာပုံနည်းပညာမြို့တော်အတွင်း တရုတ်ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှု ပါဝင်လျက်ရှိသည်။

# တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပမာဏ နည်းသော်လည်း ရင်းနှီးမြှုပ်နှံမှုတွင် အများဆုံးဖြစ်

ပြည်သိမ်း

**ရန်ကုန်၊ ဖေဖော်ဝါရီ – ၁၉**

**မြန်မာနိုင်ငံ၌ ပြည်ပရင်းနှီးမြှုပ်နှံမှုပြုလုပ်နေသည့် နိုင်ငံများထဲတွင် အာရှအင်အားကြီး တရုတ်နိုင်ငံသည် လုပ်ငန်းပမာဏနည်းသော်လည်း ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အများဆုံးဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီ၏ စာရင်းဇယားများအရ သိရသည်။**

မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံနေသည့် နိုင်ငံများတွင် ယခင်က ထိုင်းနိုင်ငံသည် လုပ်ငန်းအရေအတွက်နှင့် ရင်းနှီးမြှုပ်နှံမှုပမာဏ အများဆုံးဖြစ်သည်။ ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံ၌ ရင်းနှီး မြှုပ်နှံမှုတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများ၌ အများဆုံးဖြစ်သည်။

"ဒီနှစ်မှာ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုတိုးလာတယ်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုဘက်မှာ ရင်းနှီးမြှုပ်နှံမှုပြုတာများတယ်" ဟု UMFCCI မှ တာဝန်ရှိသူတစ်ဦးကရှင်းပြသည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုသည် လုပ်ငန်းပေါင်း ၃၂ခုရှိကာ ရင်းနှီးမြှုပ်နှံမှုပမာဏမှ အမေရိကန်ဒေါ်လာသန်းပေါင်း ၉၆၀၃ ဒသမ ၁၆၈ရှိကြောင်း မြန်မာနိုင်ငံ၏ ပြည်ပရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် တရုတ်နိုင်ငံသည် ၂၇ ဒသမ ၀၇ရာခိုင်နှုန်းရှိသည်။

ပြည်တွင်း၌ ဒုတိယအများဆုံးရင်းနှီးမြှုပ်နှံထားသည့် ထိုင်းနိုင်ငံမှာ လုပ်ငန်းပေါင်း ၆၁ခုနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၉၅၆၈ ဒသမ၀၉၃ရှိကြောင်း သိရသည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် အနည်းဆုံးနိုင်ငံမှာ ဗီယက်နမ်နိုင်ငံဖြစ်ပြီး လုပ်ပေါင်း ၂ခုနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏ ကန်ဒေါ်လာသန်း ၂၃ဒသမ၆၄၉ သာရှိကြောင်း သိရသည်။

ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အများဆုံးလုပ်ကိုင်နေကြပြီး အမေရိကန်ဒေါ်လာသန်းပေါင်း ၁၄၅၂၉ ဒသမ ၇၄၂ ရှိသည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုသည် လုပ်ငန်းပေါင်း ၁၀၄ ခုနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်းပေါင်း ၁၃၈၁၅ ဒသမ ၃၇၅ရှိသည်။ ရင်းနှီးမြှုပ်နှံမှုအနည်းဆုံးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး လုပ်ငန်းပေါင်း ၅ ခုနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏကန်ဒေါ်လာသန်းပေါင်း ၉၆ ဒသမ ၃၅၁ ရှိကြောင်း စာရင်းဇယားများအရ သိရသည်။



Life
7 DAY NEWS JOURNAL
Vol.9, No.48 • FEBRUARY 24, 2011

# တရားခံမဟုတ်သည့် အချုပ်နှောင်ခံဘဝ

ဝင်းနိုင်ထွန်း




ဆေးရုံတက်ရောက်ကုသနေသော မြန်မာအလုပ်သမား ကိုချာလီ

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့ ညနေပိုင်းတွင် လူ့အခွင့်အရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့နှင့် ၎င်း၏ကွန်ရက်အဖွဲ့များသည် ထိုင်းနိုင်ငံ ရဲချုပ်သို့ စုပေါင်းလက်မှတ်ရေးထိုးသည့် တောင်းဆိုစာတစ်စောင် တင်ပြခဲ့ကြသည်။ ထိုစာထဲတွင် ၂၈နှစ်အရွယ် မြန်မာရွှေ့ပြောင်းအလုပ်သမားတစ်ဦးဖြစ်သော ကိုချာလီဒီယုဆိုသူအား ဘန်ကောက်ရဲအထွေထွေကုသဆေးရုံကြီးအချုပ်ခန်းထဲမှ ချုပ်နှောင်ထားမှုကိုလွှတ်ပေးရန် ဖော်ပြပါရှိသည်။ ၎င်းသည် အလုပ်ခွင်တွင် မတော်တဆပြင်းထန်စွာ အနာတရ ရရှိခဲ့သူဖြစ်သည်။ဆေးရုံတက်နေ၍လည်း ၎င်းအား ပြည်နှင်ရန် ခေတ္တဆိုင်းငံ့ထားကြသည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့ ပသွန်ဌာနီပြည်နယ်၊ လပ်လွန်ပေါက်ခ်ဖမ်းခရိုင်ရှိ အစားအစာထုပ်ပိုးစက်ရုံမှ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် ပန်းရန်လုပ်ငန်းလုပ်ကိုင်နေသော ကိုချာလီအပေါ် ကွန်ကရစ်နံရံပြိုလဲကျမှုကြောင့် ပြင်းထန်စွာ အနာတရရခဲ့သည်။ ဖြစ်ဖြစ်ချင်း ၎င်းကိုဆေးကုသရန်အတွက် ပသွန်ဌာနီပြည်နယ်ဆေးရုံသို့ ကုသမှုခံစေခဲ့ကြသည်။ ဆေးရုံတွင် ကုသမှုကုန်ကျစရိတ်အား ၎င်း၏အလုပ်ရှင်နှင့် အလုပ်သမားဝန်ကြီးဌာနအရာရှိတို့က အကုန်ကျမခံနိုင်ကြောင်း ငြင်းဆန်ကြတော့သည်။ ဆေးရုံတက် ကုသမှုခံယူနေသည့် ကိုချာလီမှာ ကိုယ်ရေးအချက်အလက်အထောက်အထားမရှိပေ။ သို့သော် ၎င်းသည် လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သို့ သတင်းပို့ထားသည်မှာ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် သူ့၏ အလုပ်လုပ်ခွင့်ပါမစ် သက်တမ်းကုန်သည်။ အလုပ်ရှင်မှလည်း ဆေးကုသမှုအတွက် ကူညီမှုမရဟုဖြစ်သည်။ ယခုကဲ့သို့ ထိခိုက်ဒဏ်ရာရမှုကြောင့် အလုပ်လုပ်ခွင့်ပါမစ်သက်တမ်း သွားမတိုးနိုင်သည့်အတွက် ၎င်း၏အထောက်အထား စာရွက်စာတမ်းများ ပျောက်ဆုံးခဲ့ရသည်။ ၎င်းသည် လွန်ခဲ့သော ၁၀နှစ်ခန့်က မဲဟောင်ဆောင်မှတစ်ဆင့် ထိုင်းနိုင်ငံအတွင်းသို့ လာရောက်အလုပ်လုပ်ကိုင်နေသူဖြစ်သည်။ ၎င်းထံတွင် ငါးနှစ်နီးပါးခန့် အလုပ်လုပ်ခွင့်ကတ်ဖြင့် အလုပ်လုပ်ကိုင်နေသူလည်းဖြစ်သည်။





၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ဆေးရုံမှ ရဲဌာနသို့ ၎င်းဆေးရုံတက်ကုသခံနေမှုအခြေအနေကို သတင်းပို့သည်။ ထိုသို့ သတင်းပို့ရာတွင် တရားမဝင် အလုပ်သမားတစ်ဦး ဆေးရုံလာတက်နေကြောင်း၊ဆေးကုသဖိုးကိုလည်း မပေးကြောင်းဖြင့် ထည့်သွင်းသတင်းပို့သည်။ ထိုသတင်းပို့ချက်အပေါ် ရဲက ကိုချာလီအား လာရောက်ဖမ်းဆီးကာ ဘန်ကောက်မြို့ လူဝင်မှုကြီးကြပ်ရေးအချုပ်ခန်းတွင် ပြည်နှင်မလွှတ်သေးဘဲ ချုပ်နှောင်ထားသည်။

အလုပ်သမားအခွင့်အရေးစောင့်ကြည့်အဖွဲ့များက ကိုချာလီအား အချုပ်ခန်းတွင် မထားဘဲ ဆေးရုံပေးတက်ရန်တောင်းဆိုခဲ့ကြသည်။ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ကိုချာလီအား ဘန်ကောက်မြို့ရှိ ရဲတပ်ဖွဲ့အထွေထွေကုဆေးရုံကြီးသို့ ပြောင်းရွှေ့ပေးလိုက်သည်။ ထို့ကြောင့် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၂ရက်နေ့တွင် လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အဖွဲ့မှ တာဝန်ရှိသူများ ချာလီထံ သွားရောက်တွေ့ဆုံရာ ကိုချာလီသည်ထို ဆေးရုံ၏ အချုပ်ခန်းငယ်တွင် ခုတင်နှင့်တွဲကာ သော့ ခတ်ချုပ်နှောင်ထားသည်ကို တွေ့လိုက်ကြရသည်။ ထို့ကြောင့် ဖေဖော်ဝါရီလ ၃ရက်နေ့တွင် ကိုချာလီအား ချုပ်နှောင်ထားမှုကို လွှတ်ပေးရန် လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့နှင့် ၎င်းတို့ကွန်ရက်အဖွဲ့ စုပေါင်းကာ ထိုင်းဘုရင့် ရဲတပ်ဖွဲ့ ရဲချုပ်ထံစာရေးသား စုပေါင်းလက်မှတ်ရေးထိုးတောင်းဆိုလိုက်ကြခြင်း ဖြစ်သည်။

ထိုတောင်းဆိုစာတွင် ကိုချာလီသည် မည်သည့်ပြစ်မှုမှကျူးလွန်ဖောက်ဖျက်သူ မဟုတ်ကြောင်း၊ ထွက်ပြေးတိမ်းရှောင်မည့်သူလည်း မဟုတ်ကြောင်း၊ လူနာတစ်ဦးကို အချုပ်အနှောင်ဖြင့် ထားခြင်းသည် အရှက်တကွဲအကျိုးနည်းစေသည့် ဆက်ဆံမှုမျိုးဖြစ်နေကြောင်း၊ နှိပ်စက်ညှဉ်းပန်းရာကျနေကြောင်း၊ ထိုသို့ပြုမူထားခြင်းသည် ထိုင်းနိုင်ငံ၏ ၂၀၀၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်းနှင့် ထိုင်းနိုင်ငံဗဟိုအုပ်ချုပ်ရေးဆိုင်ရာ တရားရုံး၏ အမိန့်နှင့်လည်း မကိုက်ညီမသင့်တော်ကြောင်း စသည့်အထောက်အထားများဖြင့် ထည့်သွင်းဖော်ပြထားသည်။

ကိုချာလီသည် အလုပ်ခွင်တွင် မတော်တဆထိခိုက်အနာတရရမှုကြောင့် ၎င်း၏ဝမ်းဗိုက်ပိုင်းတွင် ပြင်းထန်သည့်ဒဏ်ရာဒဏ်ချက်များဖြင့်ခံစားနေရသူဖြစ်သည်။ ခွဲစိတ်ကုသမှုခံရပြီးနောက် ၎င်း၏အူမှာ အပြင်သို့ထုတ်ထားနေရသည်။ ပြင်ပမှ ရောဂါပိုးအလွယ်တကူ ဝင်ရောက်နိုင်သည့်အနေအထားတွင်ရှိသည်။ စွန့်ပစ်ပစ္စည်းများကို ခန္ဓာကိုယ်ပြင်ပတွင် အိတ်ဖြင့် စွန့်ထုတ်ပစ်နေရသူဖြစ်နေသည်။

ထို့အပြင် အလုပ်ခွင်ထိခိုက်မှုကြောင့် ကိုချာလီ၏ညာဘက်ပေါင်ရိုးလည်း ကျိုးနေသဖြင့် လမ်းမလျှောက်နိုင်ပေ။ သို့တိုင် ဆေးရုံ၏အချုပ်ခန်းအသေးတွင် ထားရှိထားသည်။ ထိုသို့ အနာတရခံစားနေရသည့် လူနာတစ်ဦးကို လူသားမဆန်စွာတာဝန်မဲ့စွာ ထိန်းသိမ်းထားကြသည်ဟု စာ(၁၁)သို့

---

## သင့်တင့်တဲ့ ကိုယ်အလေးချိန်ရဖို့ အဆီကျ အစားအစာတွေ ရှိတဲ့ နေရာ



အိမြူလွင်

ကျန်းမာရေးကောင်းဖို့ဆိုတာ လူတိုင်းအတွက် အရေးကြီးတာကြောင့် ကျန်းမာခြင်းနဲ့ ပြည့်စုံဖို့အတွက်အစားအသောက် အနေအထိုင်စတာတွေ အားလုံးမျှတ နေဖို့ လိုအပ်ပါတယ်။ ဒီထဲကမှ ရာခိုင်နှုန်းအများဆုံး လိုအပ်ချက်ဖြစ်တဲ့ ကိုယ်အလေးချိန်သင့်တင့်မျှတဖို့ကလည်း ဂရုပြုသင့်တဲ့အချက်တစ်ချက်ပါ။

ခန္ဓာကိုယ် အဝလွန်လာရင် ကျန်းမာရေးအတွက် စိုးရိမ်စရာရှိလာသလို အလှပျက်မှာကြောက်တဲ့ အမျိုးသမီးတွေကတော့ ဝခြင်းကိုပြဿနာတစ်ခုလိုမြင်ပြီး ဖြေရှင်းတတ်ကြပါတယ်။ အဝလွန်ခြင်းမှ ကာကွယ်ဖို့အတွက် နည်းလမ်းတွေမျိုးစုံရှိပေမယ့် အခြေခံနည်းတွေဖြစ်တဲ့ အစားအသောက်နဲ့ထိန်းခြင်း၊ လေ့ကျင့်ခန်းနဲ့ ထိန်းခြင်းတို့ကိုသာ ခန္ဓာကိုယ်အလေးချိန်ထိန်းဖို့အတွက် အန္တရာယ်ကင်းတဲ့နည်းတွေအဖြစ် လက်ခံထားကြတာပါ။

လေ့ကျင့်ခန်းလုပ်ဖို့အတွက် အချိန်မရှိသူများနဲ့ ပင်ပန်းမခံနိုင်တဲ့သူများကတော့ အစားအသောက်နဲ့ ထိန်းကြလေ့ရှိပါတယ်။ ကိုယ်အလေးချိန်ကို အစားအသောက်နဲ့ ထိန်းချင်တဲ့သူတွေအတွက် အထောက်အကူပြုမယ့် အစားအစာတချို့အကြောင်း ဒီတစ်ပတ်ရဲ့ ဈေးဝယ်ထွက်မည်ကဏ္ဍကနေ လမ်းညွှန်ပေးပါရစေ။

အဆီကျစေတဲ့ အစားအစာတချို့ကို နေ့စဉ်ပုံမှန် စားနေကျအစားအစာတွေနဲ့အတူ တွဲဖက် စားသုံးရုံနဲ့ ကိုယ်အလေးချိန်ကို အတိုင်းအတာတစ်ခုအထိ လျော့ကျစေနိုင်တယ်လို့ သိရပါတယ်။ ဒီအစားအစာတွေက အဆီကျစေတဲ့ကော်ဖီ၊ ဇီးသီးနဲ့ လိမ္မော်မှုန့်၊ ပိန်းဥမှုန့်တို့ပါ။ အမေရိကန်နည်းပညာနဲ့ တရုတ်တိုင်ပေထုတ် ဒီပစ္စည်းတွေက တစ်နေ့ကို အနည်းငယ်စားရုံလေးနဲ့ အဆီကျပြီးအစားစာချင်စိတ်ကို လျှော့နိုင်မယ်လို့သိရပါတယ်။

ပစ္စည်းတွေရဲ့ ဈေးနှုန်းက ၈၀၀၀ကျပ်ကနေ ၁၂၀၀၀ကျပ်လောက်အထိ ဈေးနှုန်းလည်း ကြီးမြင့်တယ်လို့မဆိုနိုင်တဲ့အတွက် လျှော့ဖို့လိုအပ်နေတဲ့သူတွေအ တွက်အဆင်ပြေနိုင်မယ်ထင်ပါတယ်။ ဝမှာကြောက်တဲ့သူတွေထဲမှာ အမျိုးသမီးတွေ ပိုများတာကြောင့်လှချင်သူတွေအတွက်ရော ကျန်းမာရေးအတွက်လိုအပ်သူတွေပါ ဒီအစားအစာတွေက အထောက်အကူပြုနိုင်မယ်ထင်ပါတယ်နော်။ အဆီကျကော်ဖီနဲ့ ဇီးသီး၊ လိမ္မော်မှုန့်၊ ပိန်းဥမှုန့်တွေကို ရနိုင်တဲ့ ဆိုင်ရဲ့လိပ်စာလေးကတော့ ဒဂုံမြို့နယ်၊ နဝဒေးလမ်းနဲ့ ဗိုလ်ရာညွှန့်လမ်းထောင့်က Easy Shopပဲဖြစ်ပါတယ်။

7 DAY NEWS JOURNAL
Vol.9, No.48 • FEBRUARY 24, 2011

## 547 ထရေးဒင်းဈေးပွဲတော်တွင် ဂန္ဓမာလက်ကားဈေး မိတ်ဆက်ရောင်းချ

**မေဝင်းမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၅**

မကြာမီကာလအတွင်း ဖွင့်လှစ်ရောင်းချမည့် မြန်မာနိုင်ငံ၏ ပထမဆုံး လက်ကားဈေးသည် 547 ထရေးဒင်း၏ ဈေးရောင်းပွဲတော်တွင် စတင်မိတ်ဆက် ရောင်းချမှုပြုလုပ်ခဲ့ကြောင်းသိရသည်။

ဟင်းသီးဟင်းရွက်၊ သားငါးမှအစ စားသောက်ကုန်၊ လူသုံးကုန်၊ အိမ်သုံးကုန်၊ မီးဖိုချောင်သုံးပစ္စည်း စသည့်ကုန်ပစ္စည်းမျိုးစုံနှင့် မော်တော်ယာဉ်များအထိ ရောင်းချပေးမည့် ဂန္ဓမာလက်ကားဈေးကြီးကို လာမည့်မတ်လအတွင်း ဖွင့်လှစ်ရန်စီစဉ်ထားပြီး အိမ်အရောက်ပို့ဆောင်ပေးသည့်စနစ်ဖြင့် ရောင်းချပေးမည်ဟုသိရသည်။


ယခုလ ၁၀ ရက်မှ ၁၄ ရက်အထိ မျှော်စင်ကျွန်း၊ ကရဝိက်ဥယျာဉ်ကမ္ဘာတွင်ပြုလုပ်သည့် 547 ထရေးဒင်းမှ ဦးစီးကျင်းပသော မိတ်ဖက်ကုမ္ပဏီများ၏ တတိယအကြိမ်မြောက် အထူးဈေးရောင်းပွဲတော်တွင် မိတ်ဆက်အနေဖြင့် စားသောက်ကုန်၊ လူသုံးကုန်နှင့် မီးဖိုချောင်သုံးကုန် စသည်များကို ရောင်းချခဲ့သည်။









7 DAY NEWS JOURNAL
Vol.9, No.48 • FEBRUARY 24, 2011


## စာ-၉၊ တရားခံမဟုတ်သည့်အချုပ်နှောင်ခံဘဝ မှ

လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ Somchai Homlaor ကဆိုသည်။

၂၀၁၁ ခုနှစ်ဖေဖော်ဝါရီလ ၄ရက်နေ့ ထိုင်းအလုပ်သမားဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦး၏ Thai PBS အင်တာဗျူးတစ်ခုတွင် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၂၀ရက်နေ့ အလုပ်လုပ်ကိုင်ခွင့်ပါမစ် သက်တမ်းကုန်သော ရွှေ့ပြောင်းအလုပ်သမားအားလုံးကို သက်တမ်းပြန်တိုးခွင့်ပေးပြီးဖြစ်ကြောင်းနှင့် ယခုအနာတရဖြစ်နေသော ချာလီကိုလည်း အလုပ်လုပ်ခွင့်ပါမစ် သက်တမ်းတိုးပေးမည်ဖြစ်ကြောင်း၊ သူ့ကိုတော့ အထူးအစီအစဉ်အရ သက်တမ်းတိုးပေးခြင်းဖြစ်ကြောင်းဖြင့်ပြောကြားသွားသည်။

ထိုင်းနိုင်ငံမှ အလုပ်လုပ်ရင်း ထိခိုက်ဒဏ်ရာရသည့် ရွှေ့ပြောင်းအလုပ်သမားတစ်ယောက်အပေါ် ဒုစရိုက်ကျူးလွန်သည့် တရားခံကဲ့သို့ မဆက်ဆံသင့်ဟုအများက မှတ်ချက်ပေးနေကြသည်။ တစ်ချိန်တည်းမှာပင် ချာလီအပေါ်ပြုမူ ဆက်ဆံမှုများအား ထိုင်းနိုင်ငံရှိ မီဒီယာလောကတွင် တစ်မုဟုတ်ချင်းပျံ့နှံ့နေလျက် ရှိနေပေတော့သည်။

Source: Rights Groups to Take Case of Myanmar Migrant Work Accident Victim Chained to Hospital Bed to Labour Ministry Demanding Urgent Systems Review



## တရားတော်ဆိုတာ လက်တွေ့ပါတဲ့သဘောတရားဖြစ်တယ်. . .

အသိတစ်လုံး
အမြတ်ဆုံး
တစ်လုံးသိ
အကျိုးရှိ၏

ဗုဒ္ဓဘာသာတရားတော်(သာသနာ)ဟာ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံအတွက် ကန့်သတ်ထားတာမဟုတ်ပါဘူး။ ဒါဟာ ဝါဒသဘောထားလည်းမဟုတ်ဘူး။ ယုံကြည်ကိုးကွယ်မှုသက်သက်လည်းမဟုတ်ဘူး။ ဒီအဆုံးအမဟာ လောကကြီးတစ်ခုလုံးအတွက်ဖြစ်တယ်။ ပြီးတော့ ဒီအဆုံးအမတွေဟာ အချိန်ကာလတိုင်းမှာ မှန်တဲ့သစ္စာတရားတွေပဲဖြစ်တယ်။ ဒီတရားတော်ရဲ့ ရည်မှန်းချက်က ကိုယ်ကျိုးမဖက်ဘူး။ သတ္တဝါများအတွက် စိတ်ကောင်း စေတနာကောင်းများနဲ့ ငြိမ်းချမ်းစေဖို့၊ ဒုက္ခခပ်သိမ်းက လွတ်မြောက်ကြောင်းအမှန် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးဖြစ်တယ်။

ဗုဒ္ဓဘာသာမှာ လွတ်မြောက်ခြင်းဆိုတဲ့(ဝိမုတ္တိ)ကိစ္စဟာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နဲ့ ဆိုင်တဲ့ကိစ္စပဲဖြစ်တယ်။ ကိုယ်အသက်ရှင်ဖို့ ကိုယ့်ဘာသာ စားရ၊ သောက်ရ၊ အိပ်စက်နားနေရသလိုပေါ့။ မြတ်ဗုဒ္ဓက လွတ်မြောက်ရာသို့ ပို့ဆောင်နိုင်တဲ့မဂ်လမ်းကို ညွှန်ပြရုံပဲတတ်နိုင်တယ်။ ဒါပေမဲ့ လွတ်မြောက်ရေးအတွက် မြတ်စွာဘုရားက သဘောတရား၊ သီဝရီ၊ ဒဿနတစ်ခုကို လက်တွေ့မပါတဲ့ သဘောတရားသက်သက် ဘယ်တော့မှမဟောဘူး။ သူဟောပြောနေတာ အားလုံးဟာ လက်တွေ့ကျင့်ကြံပွားများ အားထုတ်ခြင်းအားဖြင့် ဖြစ်ပေါ်လာတဲ့အကျိုးရလဒ်တွေပဲဖြစ်တယ်လို့ ဖြေတော်မူခဲ့ပါတယ်။

ရည်ညွှန်း- "ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက"။ ဆန်းလွင် (ရှင်အာဒိစ္စရံသီ)

## ရေရှားပါးသည့်ပဲခူးတိုင်းအရှေ့ခြမ်းမြို့များတွင် ရေကန် ၂၀ ကျော်တူးဖော်မည်

မြတ်စုမွန်

ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၆

ပဲခူးတိုင်းအရှေ့ဘက်ခြမ်းမြို့များတွင် နှစ်စဉ်ကြုံတွေ့ရသည့် ရေရှားပါးမှုပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် ပဲခူးအရှေ့ရေကန်စီမံချက်ကို ယခုလမှ စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး စီမံချက်ကာလ ၆လကြာမြင့်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းမှ သတင်းရရှိသည်။

ပဲခူးတိုင်းအရှေ့ဘက်အခြမ်းရှိ ဝေါ၊ သနပ်ပင်နှင့်ကဝမြို့နယ်များတွင် မိုးရေသိုလှောင်နိုင်မည့် ရေကန်ပေါင်း ၂၁ကန်ကို တူးဖော်ပေးသွားမည်ဖြစ်ပြီး ယင်းစီမံချက်အတွက် ဘတ်ဂျက်မှာ Aus Aid မှ ရရှိခြင်းဖြစ်ကြောင်း သိရသည်။



ဓာတ်ပုံ-စောစည်သူမိုး

နာဂစ်ဒေသက သောက်ရေကန်တစ်ကန်။

"တစ်မြို့ကို ရေကန် ၇ ကန်နှုန်းနဲ့ တူးသွားဖို့လျာထားတယ်။ ရေကန်တစ်ကန်ကို လူဦးရေ ၃၀၀၀ နှုန်းနဲ့ ၆ လသုံးလို့ရမယ်။ ဘတ်ဂျက်ကို UNICEF ကတစ်ဆင့်ပေးတယ်။ အခုစီမံချက်ဒေသတွေကို သွားဖို့အတွက် ဝန်ထမ်းတွေကို သင်တန်းတွေပေးနေတယ်။ ဒီမြို့နယ်တွေမှာ ၂၀၁၀ တုန်းက အပူရှိန်ပြင်းလွန်းလို့ ရေရှားပါးတဲ့ပြဿနာနဲ့ ကြုံခဲ့ရတယ်။ ပြီးတော့ ပဲခူးမိုးလေဝသစခန်းကရတဲ့ စာရင်းတွေအရ ၅ နှစ်အတွင်းမှာ ဒီမြို့တွေမှာ မိုးရေချိန်လက်မအနည်းဆုံးနဲ့ မိုးရွာသွန်းရက်နည်းခဲ့တယ်လို့ သိရတယ်။ ဒါကြောင့် ဒီမြို့တွေကို ရွေးချယ်ခဲ့တာ"ဟု မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပဲခူးအရှေ့ရေကန်စီမံချက်အတွင်း ရေကန်တူးဖော်ခြင်းများအပြင် ၁၄ လီတာ ဆံ့ရေလှောင်ပုံးအလုံး ၂၁၀၀၊ စဉ့်အိုးအလုံးပေါင်း ၂၁၀၀ တို့ကိုလည်း ဖြန့်ဝေပေးသွားမည်ဖြစ်ပြီး ဒေသခံများအတွက် သန့်လေးသန့် အသိပညာပေးလုပ်ငန်းများကိုလည်း ပူးတွဲ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီစီမံချက်မှာ ရေကန်တွေကို ဒေသခံတွေရဲ့ လုပ်အားကို လုပ်အားခတွေပေးပြီး သုံးသွားမယ်။ စီမံချက်ကာလက ဒီဖေဖော်ဝါရီက လာမယ့် ဇူလိုင်လအထိ စုစုပေါင်း ၆ လစီမံချက်ပါ"ဟု အဆိုပါအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကပြောသည်။

မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းသည် ၂၀၀၈ ဇန်နဝါရီမှစတင်ကာ နာဂစ်ဒဏ်သင့် မြစ်ဝကျွန်းပေါ်ဒေသများတွင်လည်းကောင်း၊ ဂီရိမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့သည့် ရခိုင်ပြည်နယ်ရှိ ဒေသအချို့တွင်လည်းကောင်း ရေတွင်း ရေကန်များ တူးဖော်ခြင်း၊ ပြုပြင်ခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ခဲ့ပြီး ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းကာလူမှုရေးလုပ်ငန်းများကို ပြုလုပ်လျက်ရှိသည့် အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုဖြစ်သည်။

## ပင်လယ်ပြင်ငါးဖမ်းလုပ်သားများကို ဘေးကင်းလုံခြုံရေး သင်တန်းပေးမည်

သန်းဌေး

ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၅

ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်း လုပ်ကိုင် အသက်မွေးသူများအား ငါးလုပ်ငန်းဦးစီးဌာနမှ ပင်လယ်တွင်း ဘေးကင်းလုံခြုံရေးဆိုင်ရာ သင်တန်းများကို လုပ်ငန်းခွင်များတွင် သွားရောက်သင်ကြားပေးမည်ဖြစ်ကြောင်း အဆင့်မြင့်အရာရှိကြီးက ပြောသည်။

"ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်းဟာ ကမ္ဘာပေါ်မှာ ထိခိုက်အန္တရာယ်အများဆုံးလုပ်ငန်းဖြစ်တယ်လို့ အိုက်စလန်နိုင်ငံမှာ ကျင်းပခဲ့တဲ့ အစည်းအဝေးက သိရှိခဲ့ရလို့ပါ"ဟု ၎င်းကပြောသည်။

ပင်လယ်ပြင် ကမ်းနီးကမ်းဝေးရေပြင်များတွင် ငါးဖမ်းထွက်ကြသော လှေများမှာ ပုံစံညံ့ဖျင်းကြသည့်အပြင် မိုးလေဝသသတင်းအချက်အလက်များကို အသုံးချမှု အားနည်းကာ အသက်ကယ်ပစ္စည်းများလည်း ပြည့်စုံလုံလောက်မှု မရှိသည်ကိုတွေ့ရှိရကြောင်း ၎င်းကပြောသည်။

ထို့ကြောင့် ဘေးအန္တရာယ်ကြုံတွေ့ပါက ထိခိုက်ဒဏ်ရာရသည့်အပြင် အသက်အန္တရာယ်များပါ ကြုံတွေ့ရလေ့ရှိသည်။ ထို့အပြင်ရေလုပ်သားများ ကိုယ်တိုင် ပြုမူမှုများသည့် မူးယစ်သောက်စားခြင်းနှင့် ခိုက်ရန်ဖြစ်ပွားခြင်းကြောင့်လည်း ကမ္ဘာပေါ်တွင် နှစ်စဉ်ရေလုပ်သား ၂၄,၀၀၀ ခန့် ပင်လယ်ပြင်၌ သေဆုံးရလေ့ရှိကြောင်း အဆိုပါ အရာရှိကြီးကပြောသည်။

"ငါးဖမ်းသူရော၊ ပြုပြင်ထိန်းသိမ်းရေးသမားအားလုံးကိုပါ သင်တန်းပေးပြီး ရေလုပ်သားမှတ်ပုံတင်ကတ်ရှိသူတွေကို စပြီး သင်တန်းပေးမယ်"ဟု ၎င်းကပြောသည်။

အဆိုပါသင်တန်းကို သွားရောက်ပို့ချရာတွင် ငါးလုပ်ငန်းအတတ်သင်သိပ္ပံကျောင်းမှ ပညာရှင်များနှင့် ကျောင်းအုပ်ကြီးကိုယ်တိုင် လိုက်ပါသင်ကြားပေးမည်ဖြစ်ကြောင်းသတင်းရရှိသည်။

"ရေလုပ်သားထိခိုက်မှု နည်းရင် လှေပိုင်ရှင်လည်း လျော်ကြေးပေးရသက်သာမယ်။ လှေတစ်စီးကို ရေလုပ်သား သုံးယောက်ကနေ ငါးယောက်ထိတက်ရမယ်"ဟု သင်တန်းပို့ချမည့် တာဝန်ရှိသူတစ်ဦးကပြောသည်။ နောင်တွင် သင်တန်းတက်ထားသူများက သင်တန်းမတက်ရသေးသူများကို ပြန်လည်သင်ကြားပေးမည်ဖြစ်ကြောင်းသတင်း ရရှိသည်။

## ဖက်တီးမောင်မယ်ပြိုင်ပွဲတွင် ကလေးငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်

အေးသူစံ

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၉

ဖက်တီးကလေးငယ်များ၏ 'ဖက်တီးမောင်မယ်ပြိုင်ပွဲ' တွင် ဝပြီးချစ်စရာကောင်းသော ကလေးငယ်လေးများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီးအလွန်အမင်းအဝပြိုင်သည့်ပြိုင်ပွဲမဟုတ်ဘဲ ဝဝကလေးနှင့် ဖက်ရှင်ကျသော ကလေးငယ်လေးများအတွက်ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပွဲဦးစီးကျင်းပသည့် Excellent Models Agency မှ ကိုသျှင်နေမင်းက ပြောသည်။

"အသက် ၄နှစ်ကနေ ၁၂ နှစ်ကလေးတွေပြိုင်နိုင်ပါတယ်။ လူဦးရေကန့်သတ်မထားပါဘူး။ ခေါင်းစဉ်က 'ဖက်တီးမောင်မယ်ပြိုင်ပွဲ' ဆိုပေမယ့် အဝပြိုင်တာမဟုတ်ပါဘူး။ ဝဝလေးနဲ့ ဖက်ရှင်ကျကျဝတ်စားတတ်တဲ့၊ Performance ကောင်းတဲ့ကလေးလေးတွေကို သူတို့ရဲ့စွမ်းရည် ကြည့်ပြီး အမှတ်ပေးမှာ။ ဝတ်စုံက စိတ်ကြိုက်တစ်စုံနဲ့ ယှဉ်ပြိုင်ရမှာပါ။ လူရိုင်းဝတ်စုံ၊ အားကစားဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ ရှော့ပင်းထွက်တဲ့ဟော့ရှော့ဝတ်စုံ၊ ရိုးရာထိုင်မသိမ်းဝတ်စုံ စတဲ့ကြိုက်တဲ့ ဒီဇိုင်းနဲ့ယှဉ်ပြိုင်နိုင်တယ်။ အဲဒီဝတ်စုံပေါ်မူတည်ပြီး ပါဖောမန့်ကောင်းတဲ့သူ ဆုရမှာပေါ့။ ဝလည်းဝရမှာပေါ့" ဟု ၎င်းက ပွဲအကြောင်းကိုရှင်းပြသည်။

ပြိုင်ပွဲဝင်ဖောင်များကို FMI စင်တာပထမထပ်ရှိ မိုးပုလဲကလေးဖက်ရှင်ဆိုင်၊ ယုဇနပလာဇာဒုတိယထပ်ရှိDwudang ကလေးဖက်ရှင်ဆိုင်၊ စမ်းချောင်းမြို့နယ် မင်းလမ်းထိပ်ရှိ Excellent Model Agency ရုံးခန်းတို့တွင် ဝယ်ယူနိုင်ပြီး ဖောင်ဖြည့်တင်ပါက အလှဓာတ်ပုံတစ်ပုံ(သို့မဟုတ်) ကိုယ်လုံးပေါ်အနီးကပ်ပုံတစ်ပုံကို တွဲတင်ရမည်ဖြစ်သည်။ မတ်လ ၂ ရက်နေ့တွင် ဖောင်ပိတ်မည်ဖြစ်ပြီး မတ်လ ၅ရက်နေ့တွင် FMI စင်တာတွင် နေ့လယ် ၁၂နာရီတွင် လူရွေးပွဲနှင့် ၃နာရီတွင် နောက်ဆုံးအဆင့် ပြိုင်ပွဲပြုလုပ်မည်ဖြစ်သည်။ ပြိုင်ပွဲ အချက်အလက်အသေးစိတ်ကို ဖုန်းနံပါတ်-၀၉၅၀၈၉၇၇၀ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.9, No.48 • FEBRUARY 24, 2011

# ကျိုက်ခေါက်ဘုရားပွဲတွင် သနပ်ခါးဆိုင်များ ပိုမိုဖွင့်လှစ်လာ

မေဝင်းမွန်

ရန်ကုန်၊ ဖေဖော်ဝါရီ -၁၄



ဓာတ်ပုံ - မေဝင်းမွန်

**ကျိုက်ခေါက်ဘုရားပွဲတွင် လာရောက်ရောင်းချသည့် သနပ်ခါးသည်များ။**

ယခုနှစ်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်ဗုဒ္ဓပူဇနိယပွဲတော်တွင် သနပ်ခါးဆိုင်များ ဖွင့်လှစ်ရောင်းချမှုမှာ သိသာစွာများပြားလာပြီး ဈေးကွက်အပြိုင်အဆိုင်ဖြင့် ရောင်းချနေရကြောင်း သနပ်ခါးအရောင်းဆိုင်အချို့၏ပြောပြချက်အရသိရသည်။

ဘုရားပွဲတော်တွင် နှစ်စဉ်သတ်မှတ်ရောင်းချသည့် သနပ်ခါးအရောင်းဆိုင်တန်းများအပြင် ပွဲတော်နေရာအနှံ့သနပ်ခါးအရောင်းဆိုင်များ ခင်းကျင်းရောင်းချလာကြသည်။

ပခုက္ကူ၊ မြိုင်၊ မုံရွာမြို့နယ်ထွက်သနပ်ခါးများကို ရောင်းချခြင်းဖြစ်ပြီး ဒေသခံမှတစ်ဆင့် ဝယ်ယူရောင်းချသူ များပြားကာ ကိုယ်ပိုင်ခြံမှရောင်းချသူများလည်း ရှိကြောင်း သိရသည်။

"သနပ်ခါးက မြန်မာလူမျိုးအကြိုက်ဆိုတော့ ရောင်းအားကနှစ်တိုင်းကောင်းပါတယ်။ ရောင်းအားကျတယ်လို့မရှိဘူး။ကျိုက်ခေါက်ဘုရားပွဲကို အဓိကအားထားရောင်းရတယ်။ အခုနောက်ပိုင်း ပိုရောင်းကောင်းတယ်ပြောရမယ်။ သန်လျင်တံတားဖွင့်ပြီးတော့ ရန်ကုန်ကလူတွေ လာကြတယ်။ တံတားမဖွင့်ခင်ကတော့ သန်လျင်ဘက်ခြမ်းက လူတွေပဲဝယ်ကြတာ။ အရင်တုန်းက ပဲခူးဘုရားပွဲကရောင်းရတယ်။ အခုတော့ သန်လျင်ကိုမမီဘူး။ ဒီဘက်က အစည်ကားဆုံးလို့ ဆိုနိုင်ပါတယ်" ဟု ကျိုက်ခေါက်ဘုရားပွဲတွင် ပခုက္ကူသနပ်ခါးများ ရောင်းချမှု နှစ် ၄၀သက်တမ်းရှိသော အေးချမ်းမွှေးသနပ်ခါးဆိုင်မှ ကိုတင်အောင်မိုးကပြောကြားသည်။

သနပ်ခါးပင်မှာ ၅ နှစ်အရွယ် အပင်ကစပြီး ဈေးကွက်တွင် ရောင်းချနိုင်ကာ အများအားဖြင့် သက်တမ်း ၁၄နှစ် ၁၅ နှစ်ရှိသည့်အပင်များ ရောင်းချရမှု များပြားကြောင်းသိရသည်။

သနပ်ခါးဈေးနှုန်းမှာ သယ်ယူပို့ဆောင်စရိတ်အရ နှစ်စဉ်ဈေးအနည်းငယ်ကွာခြားမှုရှိပြီး သနပ်ခါးပင်၏သက်တမ်းနှင့် အရည်အသွေးအလိုက် ၄၀၀ ကျပ်ခန့်မှ သိန်းဂဏန်းအထိ ဈေးရှိကြောင်း သနပ်ခါးဈေးကွက်မှစုံစမ်းသိရသည်။

သနပ်ခါးဈေးကွက်တွင် ဆိုင်များဖွင့်ရောင်းချလာမှုများလာသဖြင့် ဈေးကွက်ပြိုင်ဆိုင်မှုကို သနပ်ခါးအရည်အသွေးဖြင့်သာ အဓိကပြိုင်ဆိုင်ပြီးရောင်းချသွားမည်ဟု သက်တမ်းရင့်သနပ်ခါးဆိုင်တစ်ဆိုင်က ပြောကြားသည်။

ဘုရားပွဲတော်တွင် ရောင်းချသည့်သနပ်ခါးဆိုင်အများစုမှာ အနယ်နယ်အရပ်ရပ်ရှိ ပွဲတော်များတွင် လှည့်လည်ရောင်းချကြပြီး၊ ကျိုက်ခေါက်ဘုရားပွဲတော်ပြီးပါက ခရမ်းဘုရားပွဲ၊ ပဲခူးဘုရားပွဲ၊ ရွှေစက်တော်ဘုရားပွဲစသည်များကို လှည့်လည်ရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့တွင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်တပို့တွဲလ ၈ရက်မှ လပြည့်ကျော် ၁ရက်၊ ယခုဖေဖော်ဝါရီလ ၁၁ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့သည်။

## မျက်နှာဖုံး-ပို့ကုန်ရငွေ၊ ကန်ဒေါ်လာနှင့် အက်ဖ်အီးစီ တန်ဖိုးများ ပြန်ကျသော်လည်း သွင်းကုန်ဈေးများ မကျသေး မှ

"နို့စိမ်း၊ Shark အချိုရည်တို့လို ဦးပိုင်က ထုတ်တဲ့ပစ္စည်းတွေ ဈေးပြန်မကျဘူး" ဟု ကမာရွတ်မြို့နယ်တွင် ကုန်စုံဆိုင်ဖွင့်လှစ်ရောင်းချသူတစ်ဦးကပြောသည်။

ထို့အပြင် အီဂျစ်နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သော မငြိမ်မသက်မှုများမှစ၍ ဈေးတက်လာခဲ့သော ဒီဇယ်ဈေးမှာ ငွေမာတန်ဖိုးဈေးတက်သည့်ရက်မှစ၍ စည်တစ်ပီပါလျှင်ကျပ်တစ်သောင်းခန့် ဈေးတက်သွားခဲ့ပြီး ဈေးနှုန်းမှာ ဆက်လက်တည်ရှိနေခဲ့သည်ဟု သိရှိရသည်။ ဒေါ်လာပေါက်ဈေးဖြင့် တိုက်ရိုက်အချိုးကျရောင်းသော လက်ပ်တော့ကွန်ပျူတာတစ်လုံးလျှင် ကျပ် ၇၀၀၀ ခန့် ဈေးတက်သွားခဲ့ပြီး ဈေးပြန်မကျဘဲ ရှိနေသေးကြောင်း ဈေးကွက်မှ စုံစမ်းသိရှိရသည်။

"ပြည်တွင်းထုတ်ကုန်ပစ္စည်းဈေးတွေ ဈေးပြန်မကျတာက အခွန်တွေကြောင့်လည်းပါတယ်။ Withholidng Taxကလည်း သက်ရောက်နေပြီ" ဟု လုပ်ငန်းရှင်တစ်ဦးကဆိုသည်။ ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း ကျပ်၉၆၀ကျော်ထိဈေးပေါက်ခဲ့သော ပို့ကုန်ရငွေဈေးမှာ ဖေဖော်ဝါရီလ၁၈ရက်တွင် ၉၀၂ ကျပ်သို့ ပြန်လည်ရောက်ရှိခဲ့ပြီး အမေရိကန်တစ်ဒေါ်လာတန်ဖိုးမှာလည်း ကျပ် ၈၈၀ သို့ ပြန်လည်ရောက်ရှိခဲ့သည်။

"ကျွန်တော်တို့ပစ္စည်းတွေကတော့ ဒေါ်လာအတက်အကျထက် သုံးစွဲနိုင်မှုပေါ်မှာပဲ ဈေးနှုန်းအပြောင်းအလဲရှိတယ်"ဟု ဆမ်ဆောင်းအီလက်ထရွန်နစ်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးသန်းဝင်းအောင်ကဆိုသည်။

ထို့အပြင် ဒေါ်လာတန်ဖိုး အပြောင်းအလဲကို စောင့်ကြည့်နေသည့် လုပ်ငန်းရှင်များလည်းရှိသည်။ အဆိုပါလုပ်ငန်းရှင်များက လက်ရှိပြည်တွင်းစီးပွားရေးတွင် နိုင်ငံခြား ငွေတန်ဖိုးမှာ ရေရှည်မတက်နိုင်ကြောင်းကိုလည်း သုံးသပ်ကြသည်။ သိသာသည့် စီးပွားရေးအပြောင်းအလဲတစ်ခုဖြစ်မှသာ ဒေါ်လာတန်ဖိုး ပြောင်းလဲနိုင်ကြောင်း လုပ်ငန်းရှင်အချို့ကသုံးသပ်သည်။

## မျက်နှာဖုံး-သတ်မှတ်ထားသည့် နေ့ကြီးရက်ကြီးများတွင် နိုင်ငံတော်အလံတပ်ဆင်ခြင်းမရှိသည့်ခရီးသည်တင်ယာဉ်များကို အရေးယူ မှ

"အလံက မတပ်တာမဟုတ်ဘူး၊ တပ်တယ်။ ဒါပေမဲ့ အလံသားက မကောင်းတော့ စုတ်ပြဲပြီးပြုတ်ထွက်တာတွေ၊ တိုင်နဲ့ချည်ထားရာက မခိုင်လို့ပြုတ်တာတွေဖြစ်ကုန်တာ"ဟု ဒဏ်ငွေအရိုက်ခံရသည့် ကားဂိတ်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

အဝေးပြေးခရီးသည်တင် ယာဉ်လိုင်းမှာ အောင်မင်္ဂလာကားဝင်းနှင့် ဒဂုံဧရာကားဝင်းနှစ်ခုပေါင်းပါက ကားစီးရေ ၅၀၀ကျော် နေ့စဉ် ထွက်ခွာနေပြီး သတ်မှတ်ထားသည့် အလံတင်ရမည့်နေ့တွင် အဆိုပါ၃၅စီးမှာ တပ်ဆင်ခြင်းမရှိ၍ ဒဏ်ရိုက်သည်ကို အကြောင်းပြချက်ပေးခြင်းသာဖြစ်ကြောင်း အဝေးပြေးမှတာဝန်ရှိသူတစ်ဦးကပြောသည်။

အောင်မင်္ဂလာကားဝင်းမှ နေ့စဉ် ယာဉ်အစီးရေ ၄၀၀ ဝန်းကျင်နှင့် ဒဂုံဧရာအဝေးပြေးမှ နေ့စဉ်ယာဉ်အစီးရေ ၁၅၀ ဝန်းကျင်ပြေးဆွဲနေသည်။ အဆိုပါကားဝင်းနှစ်ခုမှ နေ့စဉ်ခရီးသည်ဦးရေ ၂၀,၀၀၀ကျော်အား ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

# အပြာရောင်ကျောက်ငါး သားဖောက်ရန်စီစဉ်

သန်းဌေး

ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၅

ထိုင်းနိုင်ငံမှ ရေလုပ်ငန်းပညာရှင်များ၏ အကူအညီဖြင့် ကမ္ဘာ့ဈေးကွက်ဝင် အပြာရောင်ကျောက်ငါး (ဘလူးစပေါ့ဂရူပါ)မျိုးစိတ်တစ်မျိုးအား သားဖောက်ထုတ်လုပ်ရန် ပူးပေါင်းဆောင်ရွက်တော့မည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးက ပြောကြားသည်။

"မကြာခင် ထိုင်းနိုင်ငံရဲ့ အတွေ့အကြုံယူပြီး ထိုင်းနိုင်ငံမှာ ဈေးကောင်းရနေတဲ့ ရေငန် ငါးမျိုးစိတ်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်"ဟု မြန်မာနိုင် ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ၎င်းက ပြောကြားသည်။

ထိုင်းနိုင်ငံတွင် လှောင်အိမ်စနစ်ဖြင့်မွေးမြူထားသည့်ကျောက်ငါးများကို သွားရောက်လေ့လာရာ မြန်မာအလုပ်သမားများကိုပါ တွေ့ခဲ့ရသည်။ ထိုင်းနိုင်ငံမှ ပညာရှင်များအား မြန်မာနိုင်ငံသို့ ဖိတ်ခေါ်သောအခါ လာရောက်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း ၎င်းကပြောကြားသည်။

ကျောက်ငါးမျိုးစိတ်တစ်မျိုးအား ငါးလုပ်ငန်းဦးစီးဌာနက ထိုင်းနိုင်ငံမှ နမူနာယူ၍ သားဖောက်ရာ အောင်မြင်ခဲ့သည်။ ငါးလုပ်ငန်းပညာရှင်တစ်ဦးက အနီရောင်ကျောက်ငါးမျိုးစိတ်တစ်မျိုးကိုလည်း သားဖောက်ရာ အောင်မြင်မှုရခဲ့သည်။ သို့ရာတွင် ၎င်းမျိုးစိတ်များမှာ ကမ္ဘာ့ရေငန်ငါးဈေးကွက်တွင် ဈေးကောင်း မရကြောင်းသိရှိရသည်။

ကျောက်ငါးမျိုးစုဝင် ငါးမျိုးစိတ်များတွင် ငါးတောက်တူ၊ ငါးဝက်မ၊ ငါးဇင်ကျားနှင့် ငါးဘုရင် စသည်ဖြင့် အမျိုးအစားများစွာရှိရာ ယခုထိုင်းနိုင်ငံမှ သားဖောက်ကူညီမည့် ကျောက်ငါးမှာမူ ကမ္ဘာ့ဈေးကွက်ဝင်ကြောင်းသိရသည်။ ယခုနှစ် ဇန်နဝါရီလအတွင်းက ရန်ကုန်မြို့ရှိ ညောင်တန်းငါးတင်၊ ငါးချဆိပ်ကမ်းတွင် ကျောက်ငါးများ ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့သည်။

၆၅ ကျပ်သားနှင့်အထက် အရွယ်အစား ငါးဝက်မအား တစ်ပိဿာလျှင် ၅,၃၅၀ ကျပ်ဖြင့် ရောင်းချခဲ့ရကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။ ပြည်ပသို့တင်ပို့ရာတွင် ကျောက်ငါးအရှင် ၆၅ကျပ်သား (တစ်ကီလို)အရွယ်လျှင် ကန်ဒေါ်လာ ၆ဒေါ်လာမှ ၈ဒေါ်လာအထိ ဟောင်ကောင်နိုင်ငံမှ ကုမ္ပဏီများက ဝယ်ယူလျက်ရှိကြောင်း စုံစမ်းသိရှိရသည်။

## စာ- ၂၊ အထူးစီးပွားရေးဇုန်စီမံကိန်းများတွင် ပြည်တွင်းလုပ်သားများ အလုပ်ကိုင်အခွင့်အလမ်းရရှိမှု နည်းပါးနေသေး မှ

အာရှဒေသကဆိုရင် သူတို့နိုင်ငံသားကို ပိုဦးစားပေးတယ်။ အနောက်နိုင်ငံတွေကတော့ သူတို့ ရင်းနှီးမြှုပ်နှံမှုလုပ်တဲ့နိုင်ငံတွေက ဒေသခံတွေကို ဦးစားပေးတာတွေ့ရတယ်"ဟု ၎င်း၏အတွေ့အကြုံကို ဆက်လက်သုံးသပ်ပြောကြားသည်။

ဒေသခံအလုပ်သမားများနှင့် ၎င်းတို့၏အလုပ်သမားများအပေါ် လုပ်ခလစာခွဲခြားမှုများကို လတ်တလောတွင်စတင်အကောင်ထည်ဖော်နေပြီဖြစ်သည့် ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းတွင် ကြုံတွေ့နေရကြောင်းလည်းသိရသည်။

မြန်မာ၊ထိုင်းနှစ်နိုင်ငံပူးပေါင်းမှုဖြင့် စတင်အကောင်အထည်ဖော်နေပြီဖြစ်သည့် အထူးစီးပွားရေးစီမံကိန်းများအတွက် အထူးစီးပွားရေးဇုန်ဥပဒေသည် မကြာသေးမီအချိန်က ထွက်ရှိလာသည်။ ယင်းဥပဒေပြဋ္ဌာန်းချက်တွင် ပြည်တွင်းကျွမ်းကျင်ဝန်ထမ်းများကို ပထမငါးနှစ်စီမံကိန်းအတွက် အလုပ်သမား ၂၅ရာခိုင်နှုန်း၊ ဒုတိယငါးနှစ်စီမံကိန်းအတွက် ၅၀ရာခိုင်နှုန်းနှင့် တတိယငါးနှစ်တွင် ၇၅ ရာခိုင်နှုန်းခန့်အပ်သွားရမည်ဖြစ်ကြောင်း ပါရှိထားသည်။

မြန်မာနိုင်ငံသည် လက်ရှိအပြောင်းအလဲကာလတွင် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည်ကို မျှော်လင့်နေကြသည်။ အလုပ်အကိုင်အခွင့်အလမ်းများလည်း ယခုထက်ပိုကောင်းလာမည်ဟု မျှော်လင့်နေကြသည်။

လက်ရှိတွင် ပြည်တွင်းရှိအထူးစီးပွားရေးဇုန်ကြီးများအနေဖြင့် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်၊ ရခိုင်ပြည်နယ် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းနှင့် စစ်တွေရေနက်ဆိပ်ကမ်း စီမံကိန်းတို့ကို အကောင်အထည်ဖော်နေပြီဖြစ်သည်။

ဝန်ထမ်းအလိုရှိသည်

# Health

7Day News Journal
Vol.9, No.48 • FEBRUARY 24, 2011



# သန့်ရှင်းလတ်ဆတ်သော အစားအစာ



ဝတ်ရည်

အသက်ဆက်လက်ရှင်သန်နိုင်ရန်နှင့် ခန္ဓာကိုယ်လှုပ်ရှားသွားလာနိုင်ရန်အတွက် နေ့စဉ်နေ့တိုင်း အစားအဟာရများကို စားသုံးနေကြရပြီး ထိုစားသုံးသော အစားအစာများမှာ သန့်ရှင်းလတ်ဆတ်ကောင်းမွန်မှသာ ခန္ဓာကိုယ်အတွက် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

မသန့်ရှင်းသော အစားအစာများ စားသုံးမိသောအခါ ရေရှည်တွင် အသက်ပါသေဆုံးနိုင်သည့် ရောဂါများအပြင် လက်ငင်းချက်ချင်းဖြစ်လာစေသော ဝမ်းပျက်ဝမ်းလျှောရောဂါများ ခံစားကြရမည်ဖြစ်သည်။

ယခုအချိန်တွင် ကလေးများ၌ အထက်လှန်အောက်လျှောသဖွယ် ဝမ်းပျက်ခြင်းနှင့် လူအချို့တွင် ဝမ်းလျှောခြင်းများ အဖြစ်များနေကြပြီး မြန်မာနိုင်ငံတွင် ယင်ကောင်ပေါက်ဖွားသည့် မိုးဦးကျအချိန်နှင့် ရေကန်များအတွင်း ရေခန်းခြောက်သည့် နွေရာသီအချိန်များတွင် ဝမ်းပျက်ဝမ်းလျှောရောဂါအများအပြားဖြစ်ပွားလေ့ရှိကြသည်။

"ကျွန်မတို့ ရုံးမှာဆို ဝမ်းလျှောနေကြတာ တစ်ယောက်၊ နှစ်ယောက်တောင် မဟုတ်ဘူး။ တစ်ရုံးလုံးနီးပါးကို ဖြစ်နေတာ။ ပြီးတော့ သူတို့ကလည်း တခြားအစားအစာတွေ စားမိကြတာလည်း မဟုတ်ဘူး။ ပုံမှန်စားနေကျဟာတွေပဲ စားရင်းနဲ့ဖြစ်ကြတာ"ဟု ကုမ္ပဏီဝန်ထမ်းအမျိုးသမီးတစ်ဦးကပြောသည်။

ဝမ်းပျက်၊ ဝမ်းလျှောဖြစ်ခြင်းသည် ရောဂါပိုးပါရှိသော အစားအစာနှင့် ရေကြောင့်သော်လည်းကောင်း၊ ရက်လွန်နေသော အစားအစာများ၊ ယင်နားထားသော အစားအစာများ စားသုံးမိခြင်းကြောင့်လည်းကောင်း၊ မသန့်ရှင်းသော လက်များမှတစ်ဆင့်သော်လည်းကောင်း ကူးစက်နိုင်ခြင်းကို လူအများသိရှိထားပြီးဖြစ်သော်လည်း လူအများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုများပြားနေဆဲပင်ဖြစ်ကြောင်း ဆရာဝန်များက ပြောသည်။

"တချို့တွေကျတော့ ပြင်းထန်ထန် ဝမ်းပျက်နေတာမျိုး မဟုတ်ဘဲ ပျောက်သွားလိုက်ပြန်ဖြစ်လိုက်နဲ့ သံသရာလည်နေတဲ့သူတွေလည်း ရှိတယ်" ဟု အထွေထွေရောဂါကုဆရာဝန်ဒေါက်တာထွန်းသိန်းကပြောသည်။

ဝမ်းလျှောသည့်အခါ ခန္ဓာကိုယ်အတွင်းမှ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးသွားသည့်အတွက် ထိုအရာများ ပြန်လည်ဖြည့်တင်းပေးနိုင်မည့် ဓာတ်ဆားရည် သောက်ခြင်းဖြင့် ကလေး၊လူကြီးများ အသက်အန္တရာယ်မှ လွတ်မြောက်သူ အများအပြားရှိကြောင်း သိရသည်။

"ရေနဲ့ဓာတ်ဆားဆုံးရှုံးသွားတာဖြစ်တဲ့အတွက် အဲဒါကို ပြန်ပြန်ဖြည့်ပေးနေရင် ဘာမှကို အန္တရာယ်မရှိနိုင်တော့ပါဘူး"ဟု အဆိုပါ ဆရာဝန်က ဆက်လက်ပြောသည်။

ဝမ်းပျက်ဝမ်းလျှောခြင်းကြောင့် အသက်မသေနိုင်တော့သော်လည်း ဝမ်းသွားသည့်အချိန်တွင် စားသုံးလိုက်သည့် အစားအစာများအား စုပ်ယူသည့် အူအစိတ်အပိုင်းများ အလုပ်မလုပ်တော့သည့်အတွက် ခန္ဓာကိုယ်အတွင်း လိုအပ်သည့် ဗီတာမင်ဓာတ်များ ဆုံးရှုံးသွားသည့်အတွက် လူနာသည် အားအင်များ ဆုံးရှုံးမှုဝေဒနာများကို ခံစားရနိုင်ကြောင်း အဆိုပါ ဆရာဝန်ကပြောသည်။

အချို့တွင် ဝမ်းပျက်ဝမ်းလျှောခြင်း အမြဲမပြတ်ဖြစ်ပွားသည့်အခါ ထိုသူများတွင် လိုအပ်သော အာဟာရဓာတ်များပုံမှန်မရ၍ အာဟာရချို့တဲ့လာပြီး ကိုယ်ခံအား နည်းပါးလာသောကြောင့် နောက်ဆက်တွဲ အခြားရောဂါများအလွယ်တကူ ဝင်ရောက်လာနိုင်ကြောင်း သိရသည်။

"ဝမ်းလျှောနေသော ရှိတဲ့ဓာတ်တွေ ဆုံးရှုံးသွားတဲ့အပြင် အစားကိုလည်း မစုပ်ယူနိုင်တော့ကြာရင် အာဟာရနည်းပြီး ပိန်သွားလေ့ရှိတယ်။ ခဏခဏဖြစ်တဲ့နောက်မှာ ကိုယ်ခံအားနည်းလာတော့ တခြားလူတွေထက်ပိုပြီး ဖျားနာတတ်တယ်။ ရောဂါပိုးကူးစက်နိုင်ခြေ ပိုများလာနိုင်တာကိုတော့ သတိပြုသင့်တယ်"ဟု ဒေါက်တာထွန်းသိန်းက ပြောသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါသည် ရောဂါဖြစ်နေသူ ဝမ်းသွားပြီးချိန် လက်မဆေးဘဲ

စာ(၁၄)သို့

# အေ့ဒ်စ်နှင့်ပတ်သက်ပြီး လူငယ်စုံတွဲများ သွေးစစ်မှုများပြား

ဝတ်ရည်

ရန်ကုန်၊ ဖေဖော်ဝါရီ – ၁၉

အေအိုင်ဒီအက်စ်ရောဂါနှင့် ပတ်သက်၍ မိမိဆန္ဒအလျောက် သွေးလာစစ်ကြသည့် လူငယ်စုံတွဲများ ယခုနောက်ပိုင်း များပြားလာကြောင်း Marie Stopes Internationsl (MSI) မှ counsellor (နှစ်သိမ့်ဆွေးနွေး ပညာပေးသူ) ဒေါ်စန်းစန်းမြင့်ကပြောသည်။

"အခုနောက်ပိုင်း စုံတွဲတွေ သွေးလာစစ်ကြတာများတယ်။ သူများစစ်ခိုင်းလို့လည်း မဟုတ်ဘူး သူတို့သဘောနဲ့ သူတို့လာစစ်ကြတာများတယ်။ တစ်လကိုနှစ်သိမ့်ဆွေးနွေးပြီး သွေးစစ်တဲ့သူ ၂၀ ကနေ ၂၅ ယောက်လောက်ရှိတယ်" ဟုဒေါ်စန်းစန်းမြင့်က ဆက်လက်ပြောသည်။



ဖေဖော်ဝါရီ၁၄ရက်နေ့က ကန်တော်ကြီးဥယျာဉ်သို့လာရောက်ကြသော စုံတွဲများကို တွေ့ရစဉ် ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

သွေးစစ်ကြမည့် သူများသည် ပထမဦးစွာနှစ်သိမ့်ဆွေးနွေးမှုခံယူသည့်အခါ အကယ်၍ မိမိတွင်အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ် ရောဂါပိုးရှိလျှင် ပတ်ဝန်းကျင် နေထိုင်မှုပုံစံများ၊ ဆေးဝါးများအကြောင်း အဆုံးထိဆွေးနွေးထားသောကြောင့် ရောဂါပိုးရှိကြောင်းသိသည့်အခါများတွင်လည်းပိုမိုခံနိုင်ရည်ရှိသည့်အကျိုးကျေးဇူးများရှိသဖြင့် ကြိုတင်နှစ်သိမ့်ဆွေးနွေးမှုခံယူပြီးမှသာ သွေးစစ်ဆေးမှု ပြုလုပ်လေ့ရှိကြောင်း သိရသည်။

နှစ်သိမ့်ဆွေးနွေးခြင်းသည် လုံခြုံသည့်နေရာတွင် နှစ်ဦးတည်းသီးသန့်ဆွေးနွေးခြင်းဖြစ်ပြီး အကယ်၍ ရောဂါပိုးကူးစက်ခံရပါကလည်း ကြုံရမည့်ပြဿနာများကို ကြိုတင်ရှင်းလင်းပြောပြထားခြင်းဖြစ်သည်။

ထိုကဲ့သို့ နှစ်သိမ့်ဆွေးနွေးခြင်းမရှိဘဲ သွေးစစ်ကြသည့်အခါ ရောဂါပိုးရှိမှန်း သိရှိသွားသည့်သူများတွင် ဆောက်တည်ရာမရ အလွန်အမင်းစိတ်ထိခိုက်ကြခြင်း၊ ရောဂါပိုးအကြောင်းနှင့် ဆေးဝါးများအကြောင်း

စာ(၁၄)သို့

## အမျှင်ဓာတ်ပါသော အစာများ စားသုံးခြင်းသည် အသက်ပိုရှည်စေ

ရှီကာဂို၊ ဖေဖော်ဝါရီ – ၁၅


အမျှင်ပါသော အစားအစာများ ပိုမိုစားသောက်ခြင်းသည် နှလုံးရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကြောင့် သေဆုံးနိုင်ခြေကို လျှော့ချပေးပြီး အသက်ပိုရှည်စေနိုင်ကြောင်း အမေရိကန်အစိုးရ ကျန်းမာရေး သုတေသီများ၏ လေ့လာမှုတစ်ရပ်အရသိရသည်။ လေ့လာမှုကအမျှင်ပါသော ဓာတ်စာစားသောက်ခြင်းသည် အမျိုးသားများတွင် ကင်ဆာကြောင့် သေဆုံးရမှုနှုန်းလျော့နည်းအောင် ပြုလုပ်နိုင်ကြောင်း၊ ဓာတ်စာများတွင် အမျှင်ပါသော ဓာတ်စာများသည် အကောင်းဆုံးဖြစ်ကြောင်းဆိုသည်။

လေ့လာချက်က အမေရိကန်လူမျိုးအများစုသည် ၎င်းတို့၏ အစားအစာများတွင် အမျှင်ဓာတ်ပါသော အစာ စားသုံးမှုမလုံလောက်ဘဲ လူတစ်ဦးသည် ပျမ်းမျှအားဖြင့် တစ်နေ့လျှင် အမျှင်ပါသောအစားအစာ ၁၅ ဂရမ်ခန့်သာ စားသုံးကြောင်းဆိုသည်။ ပုံမှန်အားဖြင့်မူ အမျိုးသမီးများသည် အမျှင်ပါသော အစားအစာ ၁၅ဂရမ်နှင့် အမျိုးသားများသည် ၃၈ ဂရမ်ခန့် စားသုံးသင့်သည်။

ပေါင်မုန့်တစ်ချပ်တွင် အမျှင်ဓာတ် ပါဝင်မှုမှာ ၂ ဂရမ်မှ ၄ဂရမ်အထိရှိသည်။ ယခုလေ့လာမှုကို ကန်အစိုးရ၏ အမျိုးသားကျန်းမာရေး အင်စတီကျူဒ်နှင့် AARP အဖွဲ့တို့က အသက် ၅၀မှ ၇၁နှစ်အရွယ် လူပေါင်းသုံးသိန်းရှစ်သောင်းကျော်ကို လေ့လာကာ Archives of Internal Medicine ဂျာနယ်တွင်ဖော်ပြခဲ့သည်။ —Ref: AP

ရီဗိုက်တယ်ချစ်သူများ လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးကျေးဇူးများ ရရှိခံစားနိုင်ရန်
ရည်သန်လျက် REVITAL ရဲ့ ကောင်းမြတ်တဲ့စေတနာ

7 DAY NEWS JOURNAL
Vol.9, No.48 • FEBRUARY 24, 2011



# ခန္ဓာကိုယ်အတွင်းက အသည်း၏အရေးပါမှု

ဝတ်ရည်

ခန္ဓာကိုယ်အတွင်း အင်္ဂါတစ်ခုချင်းစီသည် ခန္ဓာကိုယ်အတွက် အရေးပါသော တာဝန်များကို ဆောင်ရွက်နေကြပြီး အချို့ အစိတ်အပိုင်းများသည် မွေးရာပါ အကြောင်းအမျိုးမျိုးကြောင့်လည်းကောင်း၊ ခန္ဓာကိုယ်အတွင်း ရောက်ရှိသွားသည့် ရောဂါပိုးမွှားများကြောင့်လည်းကောင်း၊ လူတို့၏ မဆင်ခြင်နိုင်သည့် အန္တရာယ်ဖြစ်ဖွယ် အမူအကျင့်များကြောင့်လည်းကောင်း စသည်တို့ကြောင့် ထိုအင်္ဂါအစိတ်အပိုင်းများ ပျက်စီးသွားသည်များလည်း ရှိသည်။

ခန္ဓာကိုယ်၏ အဓိကအစိတ်အပိုင်းထဲတွင် ပါဝင်သော အသည်းသည်လည်း အံ့သြဖွယ်အလုပ်များဖြစ်သည့် ကိုယ်ခန္ဓာအတွင်း ရောက်ရှိသွားသော ဆေးဝါးများအား ဖယ်ရှားပေးခြင်း၊ အစားအစာများတွင်ပါရှိသွားသည့် အဆိပ်အတောက်များအား ဖယ်ရှားပေးခြင်း၊ ကိုလက်စထရောနှင့် သကြားဓာတ်ကို ထိန်းညှိပေးခြင်း၊ အဆီ၊ ကဆီဓာတ်၊ ပရိုတင်းဓာတ်များကို ချေဖျက်ပေးခြင်း၊ ခန္ဓာကိုယ်အတွင်း ပိတ်ဆို့သွားစေသည့် ခဲသွားစေသော အဆီ၊ အသားများအား ပြန်ပြီး ဖြေညှိပေးသည့် လုပ်ငန်းများအား ဆောင်ရွက်ပေးကြောင်း သိရသည်။

အသည်းသည် ပြင်းထန်သော ရောဂါကူးစက်မှုဖြစ်သည့် အသည်းရောင်အသားဝါရောဂါပိုးများကြောင့်လည်းကောင်း၊ နာတာရှည် ကူးစက်ရောဂါများဖြစ်သည့် အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုးကြောင့်လည်းကောင်း၊ အရက် အလွန်သောက်သုံးမှုကြောင့်လည်းကောင်း၊ တချို့သော ဆေးဝါးများကြောင့်လည်း ကောင်း၊ အသည်းကင်ဆာ ရောဂါများကြောင့်လည်းကောင်း အသည်း၏ လုပ်ငန်းဆောင်တာများ ပျက်စီးသွားလေ့ရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာကတော့ အသည်းကင်ဆာရယ်၊ ဘီပိုးရယ်ကတော့ အဖြစ်များတယ်" ဟု အိန္ဒိယနိုင်ငံ Apollo ဆေးရုံကြီးမှ အသည်းအစားထိုးဆရာဝန်ကြီးက ပြောသည်။

ထိုကဲ့သို့ ကိုယ်ခန္ဓာတွင်း ဝင်ရောက်လာသော အဆိပ်အတောက်များ ဖယ်ရှားပေးသည့် အသည်းသည် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးသွားသည့်အခါ အသက်အန္တရာယ်ရှိလာပြီး ထိုအသည်းအား ဆေးဝါးများဖြင့် ပြန်လည်ကုသခြင်း၊ အသည်းအတု ထည့်သွင်းခြင်း၊ အသည်းအစားထိုးကုသခြင်း၊ အသည်းဆေးခြင်းနည်းလမ်းများဖြင့် အသက်ဆက်လက်ရှင်သန်နိုင်စေရန် လုပ်ဆောင်နိုင်ကြောင်း အဆိုပါ ဆရာဝန်ကပြောသည်။

အသည်းအစားထိုးကုသမှုသည် ငွေကြေးကုန်ကျမှု များပြားခြင်း၊ အစားထိုးကုသမှုဆိုင်ရာ လုပ်ငန်း များပြားရှုပ်ထွေးခြင်းများကြောင့် မြန်မာနိုင်ငံတွင် အသည်းအစားထိုးခွဲစိတ်ကုသမှု မတွင်ကျယ်သေးကြောင်း သိရသည်။

လက်ရှိတွင် အသည်းအစားထိုးကုသမှုအား နှစ်ကြိမ်တိုင်အောင် အောင်မြင်စွာခွဲစိတ်နိုင်ခဲ့ပြီး ထိုခွဲစိတ်မှုအား နိုင်ငံတော်မှ အကုန်အကျခံ၍ ခွဲစိတ်ခဲ့ခြင်းဖြစ်သည်။

"အသည်းအစားထိုးတာ လွယ်ကူတဲ့ ခွဲစိတ်မှုမဟုတ်ပါဘူး။ နောက်ပိုင်း ဒီလိုမျိုးနိုင်ငံတော် ပုဂ္ဂလိကအားလုံး ဝိုင်းကူညီမယ့် အကြောင်းလည်း အဆင်ပြေခဲ့မယ်ဆိုရင်တော့ အစားထိုးခွဲစိတ်မှုတွေလုပ်ဖြစ်ဦးမှာပါ" ဟု နောက်ဆုံးအသည်းအစားထိုးခွဲစိတ်မှုတွင် ပါဝင်ခဲ့သည့် အသည်းအထူးကုဆရာဝန်တစ်ဦးက ပြောသည်။

အသည်းအစားထိုး ကုသမှုသည် အလှူရှင်နှင့် အစားထိုးခံယူသူအား ရှုပ်ထွေးသော စမ်းသပ်စစ်ဆေးမှုများဖြင့် အစားထိုးကုသရခြင်းဖြစ်ပြီး အစားထိုးကုသပြီးနောက်တွင် လှူဒါန်းသူနှင့် အလှူခံသူနှစ်ဦးစလုံး ပုံမှန်လူကောင်းများကဲ့သို့ အသက်ရှင်နေထိုင်နိုင်ကြောင်း အဆိုပါ အိန္ဒိယနိုင်ငံမှ ဆရာဝန်ကပြောသည်။

အသည်းအစားထိုး ကုသမှုခံယူသည့် လူနာနှင့် အလှူရှင်တို့သည် ဆေးရုံတွင် ရက်သတ္တပတ်အနည်းငယ်နေထိုင်ပြီး ဆေးရုံမှဆင်းသည့်အချိန်တွင် ပုံမှန်အလုပ်လုပ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

"အသည်းအစားထိုးတယ်ဆိုတာ လှူတဲ့သူရဲ့အသည်း ဘယ်ဘက်တစ်ခြမ်း၊ ဒါမှမဟုတ် ညာဘက်တစ်ခြမ်းကိုပဲ ယူပြီး အစားထိုးတာပါ။ ပြီးတော့ လှူတဲ့သူကလည်း နောက်တဖြည်းဖြည်းနဲ့ လှူလိုက်တဲ့ အသည်းက ပုံမှန်အတိုင်း ပြန်ကြီးလာပြီး သူနေရာသူ ပြန်ပြည့်သွားတာပါ"ဟု ပရော်ဖက်ဆာဒေါက်တာ Anupam Sital ကပြောသည်။

အစားထိုးသည့် လူနာသည်လည်း ဆေးရုံမှဆင်းသည့် လပိုင်းအတွင်း ရရှိလာသည့် အသည်းအလုပ်ပုံမှန်မလုပ်သေးသည့်အချိန်တွင် လူအများနှင့် သတိပြုနေထိုင်သင့်ပြီး နောင်တွင် ကျန်းမာရေးနှင့် ညီညွတ်သော နေထိုင်မှုပုံစံများ၊ အသည်းအား အန္တရာယ်ဖြစ်စေသည့် အမူအကျင့်များ မရှိပါက သက်တမ်း ၁၅နှစ်အထိ အသက်ရှင်နေနိုင်သည့် ရာခိုင်နှုန်း ၈၀အထိရှိကြောင်း အဆိုပါ ဆရာဝန်ကပြောသည်။

"ဒီမှာ အစားထိုးထားတဲ့ လူနာတွေက နှစ်လည်း နည်းသေးတဲ့အတွက် ဘယ်လောက်အထိ သက်တမ်းရှိမလဲ ဆိုတာတော့ သေချာမသိသေးပါဘူး။ နိုင်ငံတကာမှာလည်း အစားထိုးနိုင်တာ မကြာသေးတော့ အသေချာမပြောနိုင်သေးဘူး" ဟု မြန်မာနိုင်ငံရှိ အသည်းရောဂါဆိုင်ရာ အထူးကုဆရာဝန်ကြီးတစ်ဦးက ပြောသည်။

အိန္ဒိယနိုင်ငံတွင် ပထမဦးဆုံးအသည်းအစားထိုးခဲ့သည့် ကလေးငယ်မှာ အသက်တစ်နှစ်နှင့် ရှစ်လအရွယ်ဖြစ်ပြီး စုစုပေါင်း အသည်းအစားထိုးခဲ့သူ ကလေး၊ လူကြီး ၅၀၀ဦးရှိပြီဖြစ်ကြောင်း သိရသည်။

အသည်းအစားထိုးနိုင်ရန် ငွေကြေးမှာ အမေရိကန်နိုင်ငံတွင် သွားရောက်ကုသပါက အမေရိကန်ဒေါ်လာ လေးသိန်း၊ အိန္ဒိယနိုင်ငံတွင် သွားရောက်ကုသပါက အမေရိကန်ဒေါ်လာ ငါးသောင်းနှင့် မြန်မာနိုင်ငံတွင် ကျပ်သိန်း ၆၀၀ ခန့် ကုန်ကျနိုင်ကြောင်း သိရသည်။

## စာ – ၁၃၊ အေ့ဒ်စ်နှင့်ပတ်သက်ပြီး လူငယ်စုံတွဲများ သွေးစစ်မှုများပြား မှ

မသိရှိသဖြင့်မိမိ တို့လက်လှမ်းမီရာ လွဲမှားသည့် ဆေးဝါးများ အသုံးပြုကြခြင်းများကြောင့် ဆေးယဉ်ပါးမှုများ ဖြစ်လာခြင်း၊ ရောဂါနှင့် မသက်ဆိုင်သည့်ဆေးဝါးများအား ဈေးကြီးပေး၍သောက်သုံးခြင်းကြောင့် ငွေကုန်ကြေးကျများပြားခြင်း၊ အချို့တွင် အသက်အသေခံကြသည့်အထိ ပြင်းထန်စွာ ခံစားကြရကြောင်း ထိုကဲ့သို့ နှစ်သိမ့်ဆွေးနွေးပေးနေသည့် ကျွမ်းကျင်သူများကပြောသည်။

"ဒီရောဂါက တခြားရောဂါတွေနဲ့ မတူဘူးလေ။ ခွဲခြားမှုတွေလည်းပြင်းထန်တော့ ရုတ်တရက်သိလိုက်ရင် အရမ်းကိုခံစားကြရတယ်။ တချို့ဆို သိလိုက်တဲ့အချိန်မှာ ခုံတွေဘာတွေတောင် ရိုက်ချိုးတာမျိုးတွေတောင်ရှိတယ်"ဟု နှစ်သိမ့်ဆွေးနွေးမှုများ ပြုလုပ်နေသည့် ဦးမောင်စိန်ကပြောသည်။

ဆရာဝန်တစ်ဦးသည်လည်း လူနာ၏ သဘောတူညီချက် နှစ်သိမ့်ဆွေးနွေးမှု မရှိဘဲနှင့် သွေးစစ်ခြင်းသည် ဆရာဝန်ကျင့်ဝတ်အရ မပြုသင့်ကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်းမှ ဆရာဝန်တစ်ဦးက ပြောသည်။

ထိုကဲ့သို့ လူနာ၏ သဘောတူညီချက်၊ နှစ်သိမ့်ဆွေးနွေးပြီးမှသာ သွေးစစ်သင့်သည်ဟုဆိုသော်လည်း ဆေးရုံဆေးခန်းများတွင် လူနာအားမည်သည့်နှစ်သိမ့်ဆွေးနွေးမှုမရှိဘဲ သွေးစစ်ဆေးမှုများ ရှိနေဆဲပင်ဖြစ်ပြီး အဖြေသိလာမှသာ သက်ဆိုင်ရာလူနာများအား အကြောင်းကြားလေ့ရှိကြောင်း အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါဆိုင်ရာ ကာကွယ်ကုသရေးလုပ်ငန်းများဆောင်ရွက်နေသည့် ဆရာဝန်များကပြောသည်။

"လူနာကို အိတ်ချ်အိုင်ဗီအေအိုင်ဒီအက်စ်ရောဂါရှိမရှိကို ခွဲစိတ်မှု မလုပ်ခင်မှာကတည်းက စစ်ကြလေ့ရှိတယ်။ အဲဒါကလည်း ဆရာဝန်တွေမှာ ခွဲစိတ်တဲ့အချိန်မှာ လူနာဆီမှာ တကယ်လို့ ရောဂါပိုးရှိခဲ့ရင် ကူးစက်နိုင်မယ့်အန္တရာယ် အရမ်းများတဲ့အတွက်ကြောင့် စစ်ဆေးရတာပါ"ဟု အထူးကုဆရာဝန်ကြီးတစ်ဦးကပြောသည်။

အဆိုပါရောဂါနှင့် ပတ်သက်သော လုပ်ငန်းများဆောင်ရွက်နေသည့် အင်န်ဂျီအိုအဖွဲ့အစည်းများ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်ရောဂါများ ကုသပေးနေသည့် ကူးစက်ရောဂါကုဆေးရုံများ စသည့်နေရာများတွင် နှစ်သိမ့်ဆွေးနွေးပေးသည့် ကျွမ်းကျင်သူများမှ သွေးမစစ်မီ နှစ်သိမ့်ဆွေးနွေးမှုခံယူနိုင်ကြောင်း သိရသည်။

## စာ – ၁၃၊ သန့်ရှင်းလတ်ဆတ်သော အစားအစာ မှ

အရာဝတ္ထုများကိုင်တွယ်သည့်အခါ ရောဂါပိုးများ ပြန့်ပွားရာမှ အခြားသူတစ်ဦးသို့ ကူးစက်ခြင်းစသည့် နည်းလမ်းများဖြင့် ကူးစက်နိုင်ပြီး တစ်ဦးမှတစ်ဦးသို့ လွယ်ကူစွာ ကူးစက်နိုင်ကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် ဝမ်းပျက်ဝမ်းလျှောရောဂါသည် အခြားရောဂါများကဲ့သို့ သေဆုံးမှုမြင့်မားသည့် ရောဂါမျိုးမဟုတ်သော်လည်း နိုင်ငံ၏ ဦးစားပေးစောင့်ကြည့်သည့် ရောဂါများစာရင်းတွင် ပါဝင်သည်။

အချို့တွင် ဝမ်းဆက်တိုက်သွားနေသည့်သူများရှိသကဲ့သို့ အချို့တွင်လည်း ဝမ်းပျက်ရာမှ နောက်ပိုင်းဝမ်းကိုက်သည့် ရောဂါလက္ခဏာများ ပြသ၍ဝမ်းကိုက်သည့်ရောဂါ ဖြစ်သွားကြသူများလည်းရှိကြောင်း သိရသည်။

ဝမ်းပျက် ဝမ်းလျှောရောဂါဖြစ်နေသူများတွင် ဖြစ်ပွားနေသည့်အချိန်၌ ပူနွေးသည့် အစားအစာများ စားသုံးခြင်း၊ ဝမ်းသွားပြီးသည့်အချိန်တွင် သန့်ရှင်းသောအစားအစာများ စားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွင်း အာဟာရပြည့်ဝစေရန် ပြည်လည်စားသင့်ကြောင်း အဆိုပါ ဆရာဝန်ကပြောသည်။



# Regional

7 DAY NEWS JOURNAL

Vol.9, No.48 • FEBRUARY 24, 2011


## မန္တလေးမြို့လယ်ရှိ မစိုးရိမ်ရုပ်ရှင်ရုံကို လေလံတင်ရာတွင် ကျပ်သန်းငါးထောင်ဖြင့်အောင်

ဦးလွင်

**မန္တလေး၊ ဖေဖော်ဝါရီ-၁၇**

မန္တလေးမြို့၊ မြို့လယ်ဧရိယာအတွင်း လမ်း ၈၀ (၂၆×၂၇ လမ်းကြား) ချမ်းအေးသာစံမြို့နယ်ရှိ မစိုးရိမ်ရုပ်ရှင်ရုံကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က ဇန်နဝါရီလအတွင်း လေလံတင်ရောင်းချခဲ့ရာ ယင်းရုပ်ရှင်ရုံကို လေလံကြေးကျပ်သန်း ၅၀၀၀ ဖြင့် ဝယ်ယူရရှိသွားကြောင်း ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

“လေလံကြေးအမြင့်ဆုံး ကျပ်သန်း ၅၀၀၀ နဲ့ အမျိုးသမီးတစ်ဦးက ဝယ်ယူခွင့်ရရှိသွားပါတယ်။ သူ့ရဲ့ကိုယ်ရေးအကျဉ်းနဲ့ ဘယ်ကုမ္ပဏီကလည်းဆိုတာတော့ မသိပါဘူး” ဟု ၎င်းကပြောသည်။ မန္တလေးမြို့တွင်းရှိ လက်ရှိမြေဈေးမှာ တစ်ပေပတ်လည်လျှင်ကျပ်သိန်း ၃၀၀ ပျမ်းမျှဈေးရှိကြောင်း မန္တလေးဒေသခံအိမ်ခြံမြေ ရောင်းဝယ်သူတစ်ဦးက ပြောသည်။

“လမ်း ၈၀၊ ၂၆ လမ်းတောင်ဘက်တွေမှာ မြေဈေးက တစ်ပေပတ်လည်ကို ရောင်းဈေးကျပ်သိန်း ၂၈၀ ဝယ်ဈေးသိန်း ၃၀၀ ဈေးရှိပါတယ်” ဟု ၎င်းကဆိုသည်။

ထို့အပြင် လေလံပွဲမတိုင်မီအထိ မစိုးရိမ်ရုပ်ရှင်ရုံကို MGW ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ၁၉၉၉-၂၀၀၀ ခုနှစ်ကစပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းထံမှ ငှားရမ်းကာ ၁၀ နှစ်ကျော်ကြာ ရုပ်ရှင်ပြသခြင်းလုပ်ငန်း လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

မစိုးရိမ်ရုပ်ရှင်ရုံ မန်နေဂျာဦးတင်ထွန်းက MGW ကုမ္ပဏီမှ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းထံမှ ၁၉၉၉-၂၀၀၀ ပြည့်နှစ်ကစပြီး ငှားရမ်းကာ ယခုအချိန် ရုပ်ရှင်ရုံကို MGW မှ တာဝန်ယူစီမံပြီး ပြသပေးလျက်ရှိပါသည်။ ၂၀၁၁ ခုနှစ်တွင် ရုပ်ရှင်ပြသရန်အတွက် ဇန်နဝါရီလ ပထမအပတ်အတွင်းက သက်တမ်းတိုးပြီးခဲ့ကြောင်း သိရသည်။

ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှ ဇန်နဝါရီ ၂၀ ရက်က နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ၇၆ ခုကို ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချမည်ဟု ကြေညာခဲ့ရာတွင် မန္တလေးမြို့ပေါ်ရှိ နိုင်ငံပိုင်လုပ်ငန်း လေးခုပါဝင်ခဲ့သည်။

ယင်းတို့မှာ မီးခြစ်စက်ရုံ၊ ၂၇ လမ်း(၈၃×၈၄)လမ်းကြား၊ အကွက်အမှတ် ၂၅၇ ရှိ မြေညီထပ်အခန်း၊ ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်ရှိ စက်မှု(၁) ဆပ်ပြာစက်ရုံနှင့်မစိုးရိမ်ရုပ်ရှင်တို့ ဖြစ်ကြောင်း သိရသည်။

## မောင်တောဒေသတွင်း ရမ်းကုတောဆေးသမားများအား စိစစ်အရေးယူမည်

မောင်သန်းဝင်း

**မောင်တော၊ ဖေဖော်ဝါရီ- ၁၇**

မောင်တောမြို့နယ် ကျေးလက်ဒေသအချို့၌ ဒေသခံများမှာ ကျန်းမာရေးဆိုင်ရာ ရောဂါတစ်ခုခု ချို့ယွင်းမှုဖြစ်ပေါ်ပါက သက်ဆိုင်ရာ ကျန်းမာရေးဌာနများသို့ သွားရောက်ပြသကုသမှုခံယူခြင်းထက်ရမ်းကုတောဆေးသမားများထံတွင် ကုသမှုခံယူလေ့ရှိကြောင်းမြို့နယ်ကျေးလက်ကျန်းမာရေးဌာနများမှသိရသည်။

ယင်းကဲ့သို့ ကျန်းမာရေးနှင့်ပတ်သက်သည့် လက်မှတ်တစ်စုံတစ်ရာမရှိသော ရမ်းကု တောဆေးသမားများမှာ လူနာရှင်(သို့မဟုတ်)လူနာရှင်၏ သက်ဆိုင်သူများကိုလျှို့ဝှက်စွာ ညှိနှိုင်းတိုင်ပင်ပြီးဆေးကုသလေ့ရှိရာ ကုသမှုနည်းစနစ်ပိုင်းဆိုင်ရာ မှားယွင်းမှုများကြောင့် လူနာများ ကိုယ်အင်္ဂါအစိတ်အပိုင်းများ ထိခိုက်ယိုယွင်းပျက်စီးခြင်း၊ ဆေးညွှန်း မမှန်ကန်ခြင်းကြောင့် ဆိုးဝါးရှုပ်ထွေးသော ရောဂါဝေဒနာများဖြစ်ပေါ်မှုများလာကြောင်း သိရသည်။

“ကျေးလက်ပြည်သူတွေကို ကျန်းမာရေးဆိုင်ရာဆေးကုသမှုကောင်းကျိုး၊ ဆိုးကျိုးများကို အသိပညာပေးပြီး တရားမဝင်ရမ်းကုတော ဆေးသမားတွေကိုလည်း ကျန်းမာရေးဌာန ဆေးဥပဒေနဲ့အညီ စိစစ်အရေးယူဆောင်ရွက်သွားမှာပါ” ဟု မောင်တောမြောက်ပိုင်း ကျေးလက်ကျန်းမာရေးဌာနတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

## လာမည့်နှစ်များတွင် စပါးတင်း သန်းပေါင်း ၂၀၀၀ ထုတ်လုပ်ရန် ကြိုးပမ်းမည်ဟုဆို

ထူးသန့်

**နေပြည်တော်၊ ဖေဖော်ဝါရီ- ၁၅**

စပါးကို နိုင်ငံတော်သီးနှံအဖြစ် သတ်မှတ်ထားသော မြန်မာနိုင်ငံအနေဖြင့် လာမည့်နှစ်များတွင် စပါးမက်ထရစ်တန် ၄၂ သန်းနှင့် ညီမျှသော စပါးတင်းသန်းပေါင်း ၂,၀၀၀ အထိထုတ်လုပ်သွားရန် ကြိုးပမ်းလျက်ရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ယနေ့ကျင်းပခဲ့သော အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားတွင် ပြောကြားသည်။

စပါးကို ၂၀၀၉-၁၀ ခုနှစ် က ဟက်တာ ၈ ဒသမ ၀၇ သန်း စိုက်ပျိုးခဲ့ပြီး စုစုပေါင်း မက်ထရစ်တန်ချိန် ၃၂ ဒသမ ၇ သန်းထုတ်လုပ်နိုင်ခဲ့ကြောင်း ၂၀၁၀-၁၁ ခုနှစ်တွင် ဟက်တာ ၈ ဒသမ ၃ သန်း စိုက်ပျိုးရန် အစီအစဉ်ရှိပြီး ယနေ့အချိန်ထိ ဟက်တာ ၇ ဒသမ ၂၁ သန်း စိုက်ပျိုးထားပြီးဖြစ်ကြောင်းလည်း ဒုတိယဝန်ကြီးက ထပ်မံပြောကြားခဲ့သည်။



မိုးစပါးပေါ်ပြီး နွေစပါးစိုက်ပျိုးမည့်အချိန် ယခုဖေဖော်ဝါရီလတတိယပတ်အတွင်းစပါးဈေးများ မြင့်တက်လာခဲ့သည်။ ဓာတ်ပုံ – မျိုးမင်းဦး

စပါးစိုက်ပျိုးရာတွင်မိုးကောင်းသောက် ဧရိယာ ပမာဏအများဆုံးပါဝင်နေသော မြန်မာနိုင်ငံ၌ ရာသီဥတု ပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှုများ သိသိသာသာ ဖြစ်ပေါ်လာကြောင်း၊ မိုးရာသီအလွန်ပုံမှန်မဟုတ်သော မိုးသည်းထန်စွာ ရွာသွန်းမှုများဖြစ်ပေါ်ခြင်းမုတ်သုံဝင်ရောက်မှုကာလ ပုံမှန်ထက်နောက်ကျခြင်း၊ စော၍ဆုတ်ခွာခြင်းများ ဖြစ်ပေါ်လာကြောင်းလည်း ၎င်းကထည့်သွင်းပြောကြားသည်။

ယခုကျင်းပသော မြန်မာနိုင်ငံနှင့်နိုင်ငံတကာ ဆန်စပါးသုတေသနအဖွဲ့တို့၏ သုတေသနလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်မှုများမှ မြန်မာနိုင်ငံ၏ စပါးစိုက်ပျိုးထုတ်လုပ်မှုအပေါ် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများမှ ကျော်လွှားနိုင်သော နည်းလမ်းများ ရရှိနိုင်မည်ဟု ယုံကြည်ကြောင်းလည်း ဒုတိယဝန်ကြီး၏ ပြောကြားချက်အရသိရသည်။

မြန်မာနိုင်ငံ၏ စပါးစိုက်ပျိုးထုတ်လုပ်မှုတွင်မိုးကောင်းသောက် ဧရိယာ ၆၂ ရာခိုင်နှုန်း၊ ဆည်ရေသောက်ဧရိယာ ၁၆ ရာခိုင်နှုန်း၊ ရေကြီးရေနက်ကွင်း ဧရိယာ ၁၄ ရာခိုင်နှုန်း တောင်ယာစပါးစိုက်ဧရိယာ ၄ ရာခိုင်နှုန်းနှင့် ဆားငန်မြေဧရိယာ ၂ ရာခိုင်နှုန်းတို့ ပါဝင်ကြောင်း သိရှိရသည်။




7DAY NEWS JOURNAL
Vol.9, No.48 • FEBRUARY 24, 2011

# နေပြည်တော်ပျဉ်းမနားမြို့တွင် အထပ်မြင့်ကန်ထရိုက်တိုက်များ ဆောက်လုပ်ခွင့်ပြု

ထူးသန့်

**နေပြည်တော်၊ ဖေဖော်ဝါရီ-၁၆**

နေပြည်တော် ပျဉ်းမနားမြို့ရှိ လမ်းဘေးဝဲယာလူနေအိမ်များကို မြို့ပြအင်္ဂါပုဒ်နှင့်အညီ အဆင့်မြင့်တင်ရမည်ဖြစ်ရာ ထိုကဲ့သို့ အဆင့်မြင့်တည်ဆောက်ရာတွင် ၄ ထပ်အထိရှိသော အထပ်မြင့် အဆောက်အအုံများအထိ တည်ဆောက်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်-မန္တလေးလမ်းဟောင်းဘေးနှင့် နေပြည်တော် တောင်ညိုလမ်းမကြီးဘေးရှိ လူနေအိမ်များကို အမြင်တင့်တယ်စေသော အာစီတိုက်များ၊ သွပ်မိုးပျဉ်ထောင်အိမ်စသည့် ပုံစံများဖြင့် ပြုပြင်တည်ဆောက်ရမည်ဖြစ်ပြီး ဆောက်လုပ်ရေးကုမ္ပဏီကြီးများနှင့် အကျိုးတူပူးပေါင်းကာ ၄ ထပ် အထိမြင့်သော ကန်ထရိုက်တိုက်များလည်း တည်ဆောက်ခွင့်ရှိမည်ဖြစ်ကြောင်း ယနေ့ကျင်းပခဲ့သော အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် အဖွဲ့ဝင်တစ်ဦးက ပြောသည်။

"ကိုယ့်ဟာကိုယ် ဆောက်နိုင်ရင်လည်း ဆောက်ပေါ့။မဆောက်နိုင်ရင်လည်း အထပ်မြင့် ကန်ထရိုက်တိုက်ကို လေးထပ်အထိခွင့်ပြုမယ်လို့ ပြောတယ်။ အခန်းတိုင်းမှာ ရေမီးမိလ္လာအပြည့်အစုံပါတဲ့ တိုက်မျိုးလည်းဖြစ်ရမယ်လို့ ပြောတယ်"ဟု နေပြည်တော်ပျဉ်းမနားမြို့ရှိ စည်ပင်သာယာရေးကော်မတီရုံးတွင် ယနေ့ကျင်းပခဲ့သော အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ၎င်းကပြောကြားသည်။


ပျဉ်းမနားမြို့လယ်တစ်နေရာ။

အခြေခံအဆောက်အအုံများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော နေပြည်တော်တွင် မြို့ဟောင်း ၃ မြို့၌မူ သိသာသော ပြောင်းလဲမှုများ မမြင်တွေ့ရသည့်အတွက်လည်းကောင်း၊ နေပြည်တော်သို့ လာရောက်သော ဧည့်သည်များ၏ အမြင်တွင် တင့်တယ်စေရန်အတွက်လည်းကောင်း ယခုကဲ့သို့ စီစဉ်ရခြင်းဖြစ်နိုင်ကြောင်း ၎င်းက ရှင်းပြသည်။

အာစီ အဆောက်အအုံများ တည်ဆောက်ပြီးစီးပါက အချိန်တိုအတွင်း ဂရန်ရရှိမည်ဟုဆိုသော ယင်းအစီအစဉ်နှင့်ပတ်သက်၍ လမ်းဘေးတွင် အိမ်ဝိုင်းနှစ်ခုရှိသော ကိုဇေယျက "ကျွန်တော်လည်း ကြားတယ်။ တစ်ခုကိုတော့ အပြတ်ရောင်းမှာပါ။ ကျန်တာကိုတော့ စဉ်းစားနေတုန်းပဲ။ မြို့ထဲမှာတော့ အထပ်မြင့် တိုက်တွေ ဘွားခနဲပေါ်လာတော့မယ်ထင်တယ်။ အရင်ကဆိုရင်ဒီလိုအထပ်မြင့်တွေ ဆောက်ခွင့်မရှိဘူးလို့ သိခဲ့ရတာ"ဟု ၎င်းအစီအစဉ်ကို ပြောကြားခဲ့သည်။




## ဝါးဈေးနှစ်ဆ မြင့်တက်

ညီညီဇော်

**မန္တလေး၊ ဖေဖော်ဝါရီ-၇**

မန္တလေးတွင် ဝါးဈေးနှုန်းများမြင့်တက်လာရာ ယမန်နှစ်ပေါက်ဈေးထက်နှစ်ဆဖြစ်နေကြောင်း သတင်းရရှိသည်။

"မနှစ်က ဒီလိုအချိန်မှာ ဝါးပေါတယ်။ ဈေးက ဝါးတစ်ရာဈေးကို ၁၅၀၀၀ ကနေ ၂၅၀၀၀ ပေါက်ခဲ့တယ်။ ဒီနှစ်မှာကျတော့ ဝယ်လိုအားကောင်းတယ်။ ဒါပေမဲ့ ဝါးမရှိဘူး။ ဈေးကလည်း ၃၀၀၀၀ ကနေ ၄၀၀၀၀ ကြားပေါက်နေတယ်" ဟု ဝါးလက်ကားရောင်းဝယ်သူတစ်ဦးက ပြောသည်။ ဝါးဈေးများ မြင့်တက်လာရခြင်း အကြောင်းရင်းများမှာ မိုးနှောင်းကောင်းသောကြောင့် ဝါးထုတ်မည့်လမ်းများ ပျက်စီးသွားခြင်း၊ ဝါးထွက်ရာ ဒေသတစ်ခုဖြစ်သော မဲဇာဒေသတွင် ဝါးတောများ ပြုန်းတီးခြင်း၊ ဧရာဝတီမြစ်ရေကြောင်းကျပ်လာခြင်း၊ ဝါးကုန်သည်များဖြစ်သော ဝါးဖောင်စုန်သည့် လူနည်းပါးလာခြင်းတို့ကြောင့် ဖြစ်သည်ဟု အမရပူရမြို့ ရွှေကြက်ယက်ဆိပ်ကမ်းရှိ ဝါးလက်ကားရောင်းဝယ်သူများက ပြောသည်။

မန္တလေးမြို့ကတွင် အသုံးပြုနေသော ဝါးများမှာ ရွှေလီဝါး၊ စင်းခမ်းဝါး၊ ဗန်းမော်ဝါး၊ မဲဇာဝါး၊ မင်းကျောင်းကုန်း ဝါးတို့ဖြစ်ပြီး ဧရာဝတီမြစ်ကြောင်းမှတစ်ဆင့် ဝင်ရောက်ကြောင်း ဝါးလုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

ဝါး ဈေးမြင့်တက်မှုကြောင့် ဝါးနှင့်ပြုလုပ်သော လူသုံးကုန်ပစ္စည်းများလည်း ဈေးတက်လာကြောင်း ဝယ်ယူသုံးစွဲခဲ့သူများက ပြောသည်။ ဝါးဖြင့် လူသုံးကုန်ပစ္စည်းများ ပြုလုပ်ရောင်းချသော လုပ်ငန်းတွင် နေ့စားလုပ်ကိုင်နေသော အမျိုးသမီးတစ်ဦးက "အစ်မတို့မိသားစုမှာ အစ်မက ဝါးခွင်တယ်။ သမီးနှစ်ယောက်က ထရံရက်တယ်။ အိမ်မိုးတဲ့မိုးကပ်ရက်တယ်။ သုံးယောက်ပေါင်းလုပ်ခက တစ်နေ့လေး ငါးထောင်လောက်ရပါတယ်။ ခုလို ဝါးရှားနေတော့ အလုပ်ပါးတာပေါ့"ဟု ပြောသည်။

"ဝါးရှားတော့ ဝါးတစ်ရာလောက် ရောင်းရမယ့်နေရာမှာ ငါးဆယ်လောက်ပဲ ရောင်းနေရတော့ အမြတ်ကနည်းသွားတယ်"ဟုဝါးလက်ကားရောင်းဝယ်သူများကပြောသည်။မင်းကွန်းဝါးဆိပ်သို့ ဝါးကုန်သည်များ ယခုရက်ပိုင်းအတွင်းပြန်လည်ဝင်ရောက်လာမှုကြောင့် တစ်လလောက်နေပါက ဝါးပေါလာနိုင်ကြောင်း ဝါးလုပ်ငန်းလုပ်ကိုင်သူများက သုံးသပ်ပြောကြားသည်။ ဧရာဝတီမြစ်ကြောင်းမှတစ်ဆင့် ဒေသအသီးသီးမှ ဝင်ရောက်ဝါးဖောင်စီးသူ ဝါးကုန်သည်များသည် မင်းကွန်းရှိ ဝါးဆိပ်တွင် ဆိုက်ကပ်ကြပြီး ဝါးအရောင်းအဝယ် ပြုလုပ်လေ့ရှိကြသည်ဟု ဝါးလုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။


မြစ်အတွင်းတွေ့ရသော ဝါးဖောင်များ။
ဓာတ်ပုံ-ညီညီဇော်

7 DAY NEWS JOURNAL
Vol.9, No.48 ▪ FEBRUARY 24, 2011


# စိန်တစ်လုံးသရက်ဇုန်လုပ်ကွက် မူလဈေးထက်ဆယ်ဆနီးပါးဈေးခေါ်

ထူးသန့်

**နေပြည်တော်၊ ဖေဖော်ဝါရီ-၁၈**

လူစိတ်ဝင်စားမှု အထူးများပြားသောစိန်တစ်လုံးသီးသန့် သရက်ဇုန်စီမံကိန်းအတွင်း လုပ်ကိုင်ခွင့်ရရှိသောလုပ်ကွက်များအား မူလဈေး၏ဆယ်ဆနီးပါးဖြစ်သော တစ်ဧကကျပ်ငါးသိန်းနီးပါးနှုန်းဖြင့် ဈေးခေါ်နေကြကြောင်း ယင်းလုပ်ကွက်များအား ဝယ်ယူရန်ကြိုးစားလျက်ရှိသည့် လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၀ ဒီဇင်ဘာလအတွင်း လုပ်ကိုင်ခွင့်များချထားပေးခဲ့ပြီး တစ်ဧကလျှင် ကျပ်ငါးသောင်းနှုန်းဖြင့် ပေးသွင်းခဲ့သောစိန်တစ်လုံးသက်ရက် စိုက်ပျိုးခွင့်လုပ်ကွက်များမှာ လူစိတ်ဝင်စားမှုများခဲ့သည့်အလျောက် ဝယ်လိုအားမြင့်မားခဲ့ရာ ယနေ့အချိန်တွင်မူ သွင်းဈေး၏ ဆယ်ဆနီးပါးအထိ ဈေးခေါ်နေကြကြောင်း သိရသည်။




ပြည်ပပို့ကုန်ကောင်းသည့် စိန်တစ်လုံးသရက်ကို စိတ်ဝင်စားလာ။

"အခုတစ်ဧကကို ၄ သိန်း ၈ သောင်း ဖြစ်နေပြန်တယ်။ တစ်နေ့ကတော့ လေးသိန်းကျော်လေးရခဲ့တယ်။ ကျွန်တော်က တကယ်စိုက်ချင်လို့ပါ။ ဒါပေမဲ့ ဒီလောက်ခေါ်နေကြရင်တော့ လက်လျှော့တော့မှာပါ" ဟု ၎င်း၏လေ့လာစုံစမ်းမှု အခြေအနေကို ပြောဆိုသည်။ ဇန်နဝါရီလအတွင်းက အမြတ်ကျပ်ခြောက်သောင်းကျပ်ဖြင့် ပြန်ရောင်းခဲ့သောအမျိုးသမီးတစ်ဦးကမူ "ပြောရရင်ကိုယ့်ကိုယ်ကိုယ်အပြစ်တင်မိတယ်" ဟုဆိုသည်။

ယခင်က ရေနက်ကွင်း စပါးစိုက်ခဲ့ဖူးသော အတွေ့အကြုံရှိလုပ်ငန်းရှင် ဦးမြင့်ဟန်ကမူ စိုက်ပျိုးရေးလုပ်ငန်းကို နားမလည်ဘဲ ပုံမအောသင့်ကြောင်း၊ လုပ်ကွက်ကျယ်ပြန့်ခြင်း၊ လုပ်သားအင်အားအများအပြားလိုအပ်ခြင်း၊ ရာသီဥတုနှင့် ရောဂါပိုးမွှားများ၊ ဖျက်ဆီးနိုင်ခြင်းများကြောင့် မျှော်လင့်သည့်အတိုင်း ဖြစ်မလာနိုင်ကြောင်း အကြံပြုပြောကြားခဲ့သည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ ဝဲ၊ ယာဘက်တွင် အကောင်အထည်ဖော်မည့် အဆိုပါ စီမံကိန်းအား အခြားနယ်ပယ်များမှ လုပ်ငန်းရှင်များပါ ဝင်ရောက်ရင်းနှီးမြှုပ်နှံရန်စိတ်ဝင်စားခဲ့ကြကြောင်း အများစုမှာ လုပ်ကွက် ရရှိသူများထံမှ ပြန်လည်ဝယ်ယူလုပ်ကိုင်ရန် ကြိုးစားလျက်ရှိကြောင်း စုံစမ်းသိရှိရသည်။

# နန်းရတနာဈေးမှ ဈေးရုံနှစ်ရုံ မီးလောင်ကျွမ်းခဲ့

မင်းဒင်

**မန္တလေး၊ ဖေဖော်ဝါရီ - ၁၉**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကွက်သစ်ကပ်ကျော် ရပ်ကွက်အတွင်းရှိ နန်းရတနာဈေး (ကပ်ကျော်ဈေး)တွင် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ ဆိုင်ခန်း ၄၈ ခန်းပါဝင်သော ဈေးရုံနှစ်ရုံအား လောင်ကျွမ်းခဲ့ကြောင်း စုံစမ်းသိရှိရသည်။ အဆိုပါမီးလောင်ကျွမ်းမှုသည် ဖေဖော်ဝါရီ ၁၇ ရက်နံနက် ၃ နာရီဝန်းကျင်တွင် လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ကျပ်သိန်းပေါင်း ရာဂဏန်းကျော်အထိဆုံးရှုံးခဲ့ကြောင်း ဈေးသူဈေးသားများကဆိုသည်။

"အဖိတ်နေ့ မနက်အစောကြီး မီးကလောင်သွားတာ။ ဒီနေ့ကဈေးအရမ်းရောင်းရမယ့်ရက်လေ။ တပို့တွဲလပြည့်မတိုင်ခင် ဒီအဖိတ်နေ့က ဈေးအရမ်းရောင်းရလို့ ဖြည့်တင်းထားတဲ့ကုန်စုံအားလုံးမီးထဲပါသွားတယ်" ဟု ဈေးသည်တစ်ဦးကဆိုသည်။ အဓိကရပ်ကွက်ကြီး ၁၀ ရပ်ကွက်အနေဖြင့် ယခုလောင်ကျွမ်းခဲ့သည့်ဈေးကို အားကိုးဝယ်ယူမှုများရှိရာ ဈေးဝန်းကျင်ရပ်ကွက်များအနေဖြင့် နေ့စဉ်ချက်ပြုတ်မှုအတွက် ဝယ်ယူရန်အခက်အခဲတစ်ခုရှိနိုင်ကြောင်း ရပ်ကွက်ခံတစ်ဦးကဆိုသည်။

"ဒီဈေးက ဈေးသက်သာလို့ဈေးသေးပေမယ့် စည်ကားတယ်။ အများစု မီးထဲပါသွားတာ။ ဆန်၊ ဆီနဲ့ကုန်ခြောက်၊ ဆန်ဆိုင်ကြီး ဆယ်ဆိုင်ကျော်ရှိတယ်။ တစ်ဆိုင်ကို ဆန်အိတ်တစ်ရာနီးပါးစီ မီးထဲပါသွားတာ" ဟု ဈေးသည်တစ်ဦးက ခန့်မှန်းတွက်ချက်ပြသည်။

ဈေးပတ်လည်တွင် တိုက်ခန်းများဖြင့် အခန်းဖွဲ့ဝန်းရံထားကာဈေး၏အလယ်ဗဟို၌ ဆိုင်ခန်းပေါင်း ၄၈ ခန်းပါဝင်သော ဈေးရုံ ၂ ရုံဖြင့် ဖွဲ့စည်းထားပြီး လွန်ခဲ့သော ၁၅ နှစ်ဝန်းကျင်က တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ရုံ (၁)ကစလောင်တာ။ ရုံ (၁) မီးထဲအားလုံးပါသွားပြီ။ ရုံ ၂ ကူးပြီးလောင်ချိန်ကျမှ မီးငြိမ်းသတ်မှု စတင်နိုင်တယ်။ မီးလောင်တဲ့ သတင်းရချိန်နောက်ကျပုံရတယ်။ နှစ်ရုံလုံးတော့ မီးထဲပါသွားတယ်" ဟု ရပ်ကွက်သားများက မှတ်ချက်ပြုသည်။

အဆိုပါ မီးလောင်မှုအတွက် အမရပူရရဲစခန်းတွင် ပ၆၅/၂၀၁၁/၂၈၅ အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း စုံစမ်းသိရှိရသည်။

မီးလောင်ကျွမ်းမှုတွင် ဆုံးရှုံးသွားသော ဈေးသည်များကို ဈေး၏ အနောက်ဘက် နဂါးရပ်ကွက် ရွာဦးတပ်ဦးဘုန်းကြီးကျောင်းဝင်းအတွင်း၌ ယာယီရောင်းချနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

## လှော်ငလက်များ ငရုတ်ခြောက်ကို လက်ရှောင်လာ

နုနုဇွေ

**မင်းပြား၊ ဖေဖော်ဝါရီ- ၁၆**

ရခိုင်ငရုတ်သီးခြောက်များကို မတ်လလယ်၊ ဧပြီလမှ စ၍ ဆွတ်ခူးရရှိနိုင်မည်ဖြစ်သော်လည်း ငရုတ်သီးခြောက်လှော်သူများ လက်ရှောင်လျက်ရှိနေကြောင်းသိရသည်။ "ဒီနှစ်ငရုတ်ခြောက်ဈေးကအေးနေတယ်။ လက်ထဲမှာရှိတဲ့ အဟောင်းသီးတွေဆိုရင် တစ်ပိဿာနှစ်ထောင်အောက်ရောက်နေပြီ။ မကြာခင်အသီးသစ်တွေ ပေါ်တော့မှာ"ဟု မင်းပြားမြို့နယ်မှ ငရုတ်ခြောက်တောင်သူတစ်ဦးကဆိုသည်။

ငရုတ်သီးကိုမင်းပြား၊ မြောက်ဦး၊ ကျောက်တော်မြို့နယ်များတွင် အများအပြားစိုက်ပျိုးကြပြီး စီးပွားဖြစ်ရောင်းချလေ့ရှိကြသည်။ ထို့အတူအချို့ဒေသများတွင်လည်း မိမိနေအိမ်သုံးအတွက် တစ်ပိုင်တစ်နိုင်စိုက်ခင်းများဖြင့် စိုက်ပျိုးကာ ဝမ်းစာသိုလှောင်လေ့ရှိကြသည်။ ငရုတ်သီးခြောက်မှာဒေသတွင်း စားသုံးရန်သာမက ကုလားတန်မြစ်အထက်ပိုင်း တောင်ပေါ်ဒေသများသို့လည်း တင်ပို့ရောင်းချကြောင်းကျောက်တော်မှ ငရုတ်ကုန်သည်တစ်ဦးက ပြောသည်။

# ရှေးဟောင်း ုပ်ပွား ဆင်းတုတော် ၄၄ ဆူ မုံရွာဒေသတွင် တူးဖော်တွေ့ရှိ

မျိုးမင်းဦး

**မုံရွာ၊ ဖေဖော်ဝါရီ- ၁၆**

ရှေးနှစ်ပေါင်းများစွာကရှေးဟောင်းစေတီတော်များအား ရှင်းလင်းရာမှ မြေအောက်တွင်နစ်မြုပ်လျက်ရှိသော ရှေးဟောင်းရုပ်ပွားဆင်းတုတော် ၄၄ ဆူအား စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ်၊ ထိန္နဲကျေးရွာတွင် ယခုလ ၅ ရက်က တူးဖော်တွေ့ရှိခဲ့ကြောင်း အဆိုပါကျေးရွာရှိ ရှေးဟောင်းစေတီတော်များ ပြုပြင်ထိန်းသိမ်းရေးအဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောသည်။ "ဒီလဆန်းပိုင်းမှာ ရောဝတီတိုင်းဒေသကြီးညောင်တုန်းမြို့ ပဇ္ဇောတာရုံကျောင်းတိုက်(အပေါင်ကျောင်း) ကဆရာတော်ဦးပညာဗလဦးဆောင်ပြီးရှေးဟောင်းစေတီတော်တွေကို ရှင်းလင်းပြုပြင်ခဲ့တာ မြေအောက်မှာမြုပ်နေတဲ့ရှေးဟောင်းဆင်းတုတော် ၄၄ ဆူမှာ စကျင်ကျောက်ဆင်းတု ၃၈ ဆူ၊ တောင်ဦးကျောက်(သဲကျောက်ပွဲဆင်းတုတော် ၃ ဆူ၊ မံဘုရားဆင်းတုတော် ၂ ဆူ၊ သစ်သားဆင်းတုတော် ၁ ဆူကို တူးဖော်တွေ့ရှိခဲ့ပါတယ်။ ရှေးဟောင်းဆင်းတုတော်များရဲ့ ဉာဏ်တော်အမြင့်ဆုံးမှာ ၃ ပေခွဲ၊ ဉာဏ်တော်အနိမ့်ဆုံးမှာ ၆ လက်မဖြစ်ပါတယ်။ အကြီးဆုံးရုပ်ပွားတော်နှစ်ဆူကို ဒေသခံအလှူရှင်တွေက ရွှေသင်္ကန်းကပ်လှူပူဇော်ပြီးဖြစ်ပါတယ်။ ရှေးဟောင်းရုပ်ပွားတော်များနဲ့အတူ ၆ရာ၆ဝ အမှတ်အသားအုတ်တွင်းစာသားပါတဲ့ ရှေးဟောင်း အုတ်ချပ်တစ်ချပ်ကိုလည်း တူးဖော်တွေ့ရှိခဲ့ပါတယ်။ တူးဖော်ရရှိခဲ့တဲ့ရှေးဟောင်းဆင်းတုတော်များနဲ့ ရှေးဟောင်းအုတ်ခွက်စာကို သီတင်းကျွတ်ဘုရားကုန်းမြေရှိ သိပ်ဇရပ်မှာ အပူဇော်ခံထားရှိပါတယ်" ဟု ပုလဲမြို့နယ်၊ ထိန္နဲကျေးရွာ ရှေးဟောင်းစေတီတော်များပြုပြင်မွမ်းမံရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

တူးဖော်ပြုပြင်မွမ်းမံလျက်ရှိသော ရှေးဟောင်းစေတီတော်များ၏သမိုင်းသက္ကရာဇ်အထောက်အထားခိုင်လုံစွာသိရှိရခြင်းမရှိသော်လည်းသမိုင်းအထောက်အထားပါရှိသော ထိန္နဲကျေးရွာအနီး ကမ်းပါးရပ်ကျေးရွာရှိ စေတီတော်များမှာ မြန်မာသက္ကရာဇ် ၄၀၃ ခုနှစ်က တည်ထားခဲ့ဖွယ်ရှိကြောင်း ခန့်မှန်းကြသည်။

# ရှားပါးစာရင်းဝင် လိပ်နှင့်လိပ်ဥများ ဈေးကွက်တွင် ရောင်းချမှုများရှိနေဆဲ

မောင်ကံ

**မောင်တော၊ ဖေဖော်ဝါရီ- ၁၆**

မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်နှင့်ကြုံတွေ့နေရသည့် ရှားပါးစာရင်းဝင်လိပ်နှင့် လိပ်ဥများကို ဖမ်းဆီးကာ စားသုံးသူဈေးကွက်သို့ လာရောက်ရောင်းချမှုများ ရှိနေဆဲဖြစ်ကြောင်းသိရသည်။

"လိပ်အကြီးတောင်မဟုတ်ပါဘူး။ လိပ်အကောင်သေးတွေပါ မီးဖုတ်ပြီးတော့ ရောင်းနေတာတွေ့ရပါတယ်။ တစ်ကောင်ကို ဈေးကွက်မှာ ၇,၀၀၀၊ ၆,၀၀၀ ထိဈေးကောင်းရနေတဲ့အတွက် လိပ်ရှာဖွေဖမ်းဆီးသူတွေကလည်း ရတဲ့လိပ်ကို အကြီး၊ အငယ်မရွေးဖမ်းနေကြတာဖြစ်ပါတယ်။ လိပ်ဥကတော့ ဘင်္ဂလားဒေ့ရှ်ကဝင်လာတာတွေဖြစ်ပါတယ်"ဟု မောင်တော ဒေသခံတစ်ဦးက ပြောကြားသည်။

လိပ်ရှာဖွေဖမ်းဆီးသူများ နောက်ထပ်ဖမ်းဆီးရန်အတွက် ၎င်းတို့ရောင်းချသည့် လိပ်နှင့်လိပ်ဥများကို ဝယ်ယူမှုရှောင်ကြဉ်သင့်ကြောင်း သဘာဝပတ်ဝန်းကျင် အလေးထားသူတစ်ဦးက ပြောသည်။









# Education

7 DAY NEWS JOURNAL

Vol.9, No.48 • FEBRUARY 24, 2011




ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

# တစ်နှစ်ထက်တစ်နှစ် ကျယ်ပြန့်လာသော နွေရာသီပညာရေး

နေလင်းထွန်း

အခြေခံပညာကျောင်းများ၏ ပညာသင်နှစ်ကုန်ဆုံးချိန်နီး၍ နွေရာသီကျောင်းပိတ်ချိန်ရောက်ရှိနေပြီဖြစ်သည်။ ကျောင်းသားလူငယ်များအတွက် အားလပ်ရက်ကျောင်းပိတ်ချိန် ဖြစ်သော်လည်းငွေကြေးတတ်နိုင်သည့် မြို့ပြတွင် နေထိုင်သူများသည် မိမိရင်သွေးအများသူတကာထက် ထူးချွန်စေရန် ရည်ရွယ်၍ ပုဂ္ဂလိကသင်တန်းများတွင် နွေရာသီသင်တန်းများ တက်ရောက်စေကြသည်။

အင်တာနေရှင်နယ်ကျောင်းများနှင့် အင်္ဂလိပ်ဘာသာစကားသင်တန်းကျောင်းများသည် မတ်လတွင်စတင်၍ နွေရာသီသင်တန်းများကို ဖွင့်လှစ်လေ့ရှိပြီး ယခုလပိုင်းတွင် နေ့စဉ်ထုတ်သတင်းစာများနှင့် အပတ်စဉ်ဂျာနယ်များ၌ နွေရာသီသင်တန်းများ အပြိုင်အဆိုင် ကြော်ငြာများ ထည့်သွင်းနေကြသည်ကို တွေ့ရသည်။

ပညာရေးကို ဦးစားပေးသောခေတ်ဖြစ်သောကြောင့် ပညာရေးဈေးကွက်ကြီးထွားလာသည့်နည်းတူ ကလေးလူငယ်အများစုတက်ရောက်သော နွေရာသီသင်တန်းများ၏ ဈေးကွက်သည်လည်း ကျယ်ပြန့်လာလျက်ရှိကြောင်း သင်တန်းပိုင်ရှင်များထံမှ သိရသည်။

"ရန်ကုန်မှာ သင်တန်း ၅ ခု၊ မန္တလေးနဲ့ ပြင်ဦးလွင်မှာလည်း ရှိပါတယ်။ အခုဆိုရင် တာချီလိတ်မှာ နွေရာသီသင်တန်းစဖွင့်ပါပြီ။ နယ်ထက်ရန်ကုန်မြို့က ကျောင်းသားပိုများပါတယ်။ အသက်အရွယ်တွေက ၇နှစ်နဲ့ ၁၁ နှစ်ကြားအရွယ်တွေ တက်တာ ပိုများပါတယ်။ ဈေးကွက်အရတော့ ၁၀ ရာခိုင်နှုန်းလောက်တက်နေတယ်" ဟု NIEC သင်တန်းကျောင်း တည်ထောင်သူ ဦးနယ်လ်ဆင်က သုံးသပ်သည်။

နွေရာသီသင်တန်းများသည်ကလေးသူငယ်များ၏ အင်္ဂလိပ်ဘာသာစကား စွမ်းရည်တိုးတက်စေရန် အဓိကသင်ကြားလျက်ရှိပြီး သက်ဆိုင်ရာ သင်တန်းများပေါ်မူတည်၍ သင်္ချာ၊ သိပ္ပံ၊ တရုတ်ဘာသာစကား၊ အားကစားနှင့် အနုပညာများကိုသင်ကြားပေးကြောင်း သိရသည်။

အသက်အရွယ်အားဖြင့် ၆ နှစ်မှ ၁၇ နှစ်အရွယ်ကြားကျောင်းသားများအတွက် ဖွင့်လှစ်လေ့ရှိပြီး အချိန်ပိုင်းနှင့် အချိန်ပြည့်သင်တန်းဟူ၍ ခွဲခြားထားကြောင်းနွေရာသီသင်တန်းကျောင်းများမှ သိရသည်။

"နှစ်စဉ်ကျောင်းသားအရေအတွက် နှစ်ရာနဲ့ သုံးရာကြားတက်လေ့ရှိပါတယ်။ မနက်ပိုင်းနဲ့ တစ်နေကုန်သင်တန်းဆိုပြီး ဒီနှစ်မှာဖွင့်ပါမယ်။ အရင်နှစ်အထိတော့နံနက်ခင်းပိုင်း ၁၂ နာရီအထိပဲရှိတယ်။ သင်တန်းကြေးကတော့ ကျပ်သုံးသိန်းခွဲဝန်းကျင်သွင်းရပါမယ်။ နှစ်လပြတ်အတွက် စာအုပ်ဖိုးအပါအဝင် အပြီးအစီးပါ" ဟု Horizon အင်တာနေရှင်နယ်သင်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စာ(၂၀)သို့

# စင်ကာပူတွင် ဒီပလိုမာပြီးသည့် မြန်မာကျောင်းသားအများအပြား S-pass အပယ်ခံနေရ

ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၇

စင်ကာပူနိုင်ငံရှိ ပုဂ္ဂလိကကျောင်းများတွင် ဒီပလိုမာသင်တန်းများ တက်ရောက်သင်ယူပြီးနောက် မြန်မာကျောင်းသားများ အလုပ်အကိုင်အတွက် S-Pass လျှောက်ထားရာတွင် အများအပြားအပယ်ခံနေရကြောင်း စင်ကာပူပညာရေးကျွမ်းကျင်သူတစ်ဦးကပြောသည်။

စင်ကာပူနိုင်ငံတွင် အလုပ်လျှောက်ထားသော ကျောင်းသားများအနေဖြင့် အစိုးရပိုလီကျောင်းသို့မဟုတ် သုံးနှစ်အချိန်ပြည့်တက်ရောက်ရသော ဒီပလိုမာအချို့မှလွဲ၍ တခြားဒီပလိုမာလက်မှတ်များဖြင့် S-pass လျှောက်ထားပါက အပယ်ခံရလေ့ရှိကြောင်း သိရသည်။

"စင်ကာပူမှာ ဒီပလိုမာ အဆင့်မြင့် ဒီပလိုမာတက်ပြီးမှ အလုပ်လျှောက်ထားရင် အခွင့်အရေးပိုရှိနိုင်ပေမယ့် ဆယ်တန်းအောင်ထားတဲ့ ကျောင်းသားတွေအနေနဲ့ ဒီဂရီတစ်ခုရရှိဖို့ အထိစဉ်းစားဖို့လိုပါတယ်။ အထူးသတိထားရမှာက S-pass လျှောက်ပြီးအပယ်ခံရရင် ကျောင်းသားဗီဇာ ပြန်လျှောက်တဲ့အခါ ၉၈ ရာခိုင်နှုန်း အပယ်ခံရနိုင်ပါတယ်" ဟုပညာရေးကျွမ်းကျင်သူက ဆိုသည်။

ဒီပလိုမာလက်မှတ် ရရှိထားသောကျောင်းသားများ S-pass လျှောက်ထားရာတွင် ငြင်းဆိုခံရခြင်းမှာ အလုပ်အကိုင် အတွေ့အကြုံမရှိခြင်း သို့မဟုတ် ဒီဂရီဘွဲ့ မရရှိထားခြင်းဟုသော အကြောင်းပြချက်တို့နှင့်ဖြစ်ကြောင်း သိရသည်။

## ပညာရေးသတင်းတိုများ

### တက္ကသိုလ်စာမေးပွဲဝင်ခွင့် ကတ်ပြားထုတ်ယူရန် ကြေညာ

နေလင်းထွန်း

ရန်ကုန်၊ ဖေဖော်ဝါရီ – ၁၈

၂၀၁၁ ခုနှစ်၊ မတ်လ ၇ရက်မှ မတ်လ ၁၇ ရက်အထိ ကျင်းပသည့် တက္ကသိုလ်စာမေးပွဲအတွက် နယ်စာစစ်ဌာနတွင် ဖြေဆိုမည့် ကျောင်းသားများသည် မိမိတို့၏ ဓာတ်ပုံကပ်ထားသော ခုံအမှတ်စဉ်ပါသည့် စာမေးပွဲဝင်ခွင့်ကတ်ပြားများကို ဖေဖော်ဝါရီလ ၂၂ရက်မှစ၍လည်းကောင်း၊ ရန်ကုန်မြို့စည်ပင်သာယာ နယ်နိမိတ်အတွင်းမှ ကျောင်းသားများသည် မတ်လ ၁ ရက်မှစ၍လည်းကောင်း စာမေးပွဲဝင်ခွင့်ကတ်ပြားများ ထုတ်ယူနိုင်ကြောင်း ဖေဖော်ဝါရီ ၁၇ ရက်ထုတ်ကြေးမုံသတင်းစာတွင်ဖော်ပြထားသည်။

### ဘွဲ့လွန် ဒီပလိုမာသင်တန်းဝင်ခွင့် ဟောပြောပွဲ

ဓာတ်ပုံ-အင်တာနက်




ရန်ကုန်၊ ဖေဖော်ဝါရီ – ၁၉

စင်ကာပူအမျိုးသားတက္ကသိုလ် (NUS)၏ Institute of System Analysis တွင် ဘွဲ့လွန်ဒီပလိုမာသင်တန်း တက်ရောက်လိုသူများအတွက် ကျောင်းလျှောက်ထားခြင်းနှင့် ဝင်ခွင့်စာမေးပွဲအတွက် ပြင်ဆင်ခြင်းကို ဖေဖော်ဝါရီ ၂၆ရက်နံနက် ၁၀နာရီတွင် ဆန်းမစ်ပွဲခ်ဗျူးဟိုတယ်ရှိ Crown ပညာရေးရုံးခန်း၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းလျှောက်ထားခြင်းအတွက် စင်ကာပူဒေါ်လာ ၂၀ပေးသွင်းရမည်ဖြစ်ပြီး သင်တန်းကြေးမှာ စင်ကာပူကုမ္ပဏီများတွင် သုံးနှစ်အလုပ်လုပ်ရန် လက်မှတ်ထိုးသူများအနေဖြင့် စင်ကာပူဒေါ်လာ ၁၂၆၈၀ ကျသင့်ပြီး သို့မဟုတ်ပါက စင်ကာပူဒေါ်လာ ၁၉၁၀၀ ပေးဆောင်ရန်လိုအပ်သည်။




# Education

## IGCSE စာမေးပွဲတွင် ကျောင်းသားနှစ်ရာနီးပါး ဖြေဆိုမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ – ၁၈**

ယခုနှစ်မှ စတင်၍ GCE အမည်မှပြောင်းလဲလိုက်သော ပထမဆုံး IGCSE စာမေးပွဲတွင် ကျောင်းသား ၁၇၉ ဦးဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း ဗြိတိသျှကောင်စီ (မြန်မာ) မှသိရသည်။

မေလတွင်ကျင်းပမည့် စာမေးပွဲမှစတင်၍ Edexcel မှစစ်ဆေးနေသော GCE အောင်လက်မှတ်ကို IGCSE အမည်သို့ ပြောင်းလဲမည်ဖြစ်ပြီး သင်ရိုးညွှန်းတမ်းအချို့ပြောင်းလဲမည်ဖြစ်သည်။

၎င်းစာမေးပွဲတွင် O အဆင့်ဖြေဆိုမည့်သူ ၁၅၀ ဦးနှင့် A အဆင့်ဖြေဆိုမည့်သူ ၂၉ ဦး စာရင်းပေးသွင်းထားကြောင်း အထက်ပါစာမေးပွဲဌာနမှ သိရသည်။

“O-Level ဖြေဆိုတဲ့ ကျောင်းသားအရေအတွက်ကတော့ မနှစ်ကထက် နည်းသွားတယ်။ အခြေအနေစောင့်ကြည့်နေတဲ့ သဘောပဲ။ A-Level ဖြေဆိုတဲ့ ကျောင်းသားကတော့ ပိုများလာပါတယ်။ သင်ရိုးညွှန်းတမ်းတွေနဲ့ ပတ်သက်ပြီး သင်တန်းဆရာတွေကို အလုပ်ရုံဆွေးနွေးပွဲတစ်ခုလုပ်ဖို့လည်း စီစဉ်နေပါတယ်” ဟုစာမေးပွဲတာဝန်ရှိသူကပြောသည်။

အင်တာနေရှင်နယ်ကျောင်းများနှင့် အစိုးရကျောင်းများမှ ကျောင်းသားများသည် ပြည်ပနိုင်ငံများတွင် ပညာဆက်လက်သင်ယူနိုင်ရန် အဆိုပါစာမေးပွဲများကို ဝင်ရောက်ဖြေဆိုနေလျှက်ရှိပြီး ယခုနှစ်တွင် စာမေးပွဲကြေး အနည်းငယ်မြင့်တက်ခဲ့ကြောင်း သိရသည်။

## စာ-၁၉၊ တစ်နှစ်ထက်တစ်နှစ် ကျယ်ပြန့်လာသော နွေရာသီပညာရေး မှ

နွေရာသီသင်တန်းများသည် သက်ဆိုင်ရာသင်တန်းများအပေါ် မူတည်၍ ကျပ်တစ်သိန်းမှ သုံးသိန်းဝန်းကျင်အထိ ပေးသွင်းရပြီး ကလေးများအတွက် စိတ်ဝင်စားပျော်ရွှင်ဖွယ်ရာ အစီအစဉ်များကို ထည့်သွင်းထားလေ့ရှိကြသည်။

“ဈေးကွက်အနေအထားကတော့ပိုပြီး စိတ်ဝင်စားမှုရှိလာတယ်။ အရင်က မိဘကတက်ခိုင်းလို့တက်ရတာ။ အခုကလေးကပါ တက်ချင်လာတယ်” ဟုမေအင်တာနေရှင်နယ်ကျောင်းမှ တာဝန်ရှိသူကပြောသည်။

ယင်းကဲ့သို့ နွေရာသီသင်တန်းများအား စိတ်ဝင်စားမှုမြင့်တက်နေချိန်တွင် ဗြိတိသျှကောင်စီ၊ အင်္ဂလိပ်စာသင်ကြားရေးဌာနမှ နွေရာသီကျောင်းပိတ်ရက်တွင် အင်္ဂလိပ်စာသင်တန်းအသစ်များကို ကလေးငယ်၊ ကျောင်းသားလူငယ်များအတွက် စတင်ဖွင့်လှစ်သွားမည်ဟု သိရသည်။ မတ်လ ၂၃ရက်မှ ဧပြီ၈ရက်တွင် သင်ကြားမည့် သင်တန်းအတွက် အသက် ၇နှစ်မှ ၁၇နှစ်အရွယ် ကျောင်းသားများတက်ရောက်နိုင်ပြီး သင်တန်းကြေးမှာ အမေရိကန်ဒေါ်လာ ၁၅၀ဖြစ်ကြောင်း ၎င်းဌာနမှ သိရသည်။

“သမီးအင်္ဂလိပ်စာက ဗမာကျောင်းက ကလေးတွေထက် ထူးခြားပါတယ်။ နေ့စဉ်တက်နေကြတဲ့ အဲ့ဒီကျောင်းက ကလေးတွေနဲ့တော့ ဘယ်ယှဉ်လို့ရမလဲ။ အစ်မတို့က ကလေးရဲ့အင်္ဂလိပ်စာ အ ခြေခံကောင်းစေချင်လို့ပါ။ အဲ့ဒီမှာ မြန်မာစာတော့ မသင်ပါဘူး”ဟု ကွမ်းခြံကုန်းမြို့မှ ရန်ကုန်မြို့တွင် နှစ်စဉ် နွေရာသီသင်တန်းတက်ရောက်နေသော ခုနစ်နှစ်အရွယ်ကျောင်းသူတစ်ဦး၏ မိခင်ကဆိုသည်။


MercyCorps

INVITATION TO TENDER

Mercy Corps is a non-profit, non governmental humanitarian organization that has worked amid disasters and poverty since 1979.

Mercy Corps Myanmar is implementing an agricultural development program in Laputta District, Ayeyarwady Delta, in areas affected by Cyclone Nargis in May 2008.

Mercy Corps is looking for private Agribusiness companies and entrepreneurs to work with Delta farmers producing rice, pulses, winter crops, and other marketable agricultural products. Our ideal partner firm tries to ensure maximum financial return to the farmer, and promotes ecologically sustainable farming practices. We invite the Agribusiness companies having the following capacity to provide multiple services.

1) Agriculture input supply with credit
2) Training in improved practices
3) Promotion on Market chain

Qualified, licensed private agribusiness entrepreneurs and companies should contact Mercy Corps in Yangon for detailed information. Yangon address: # 36-B, Taw Win Street, Dagon Township. Telephone: (01) 221-429. The registration documents will be available during office hours from 9:00 am 28 Feb until 5:00 pm 04 Mar 2011.

တင်ဒါခေါ်ယူခြင်း

... (INGO) ...



ပညာရေးတော်သစ်ကို စတင်ဖွင့်လှစ်ကြောင်း ကြေညာချက်

ပညာနန်းတော်

ဘာသာစုံ

နေ့နေကျောင်းကြီး

အထက်တန်း ၉တန်း - ၁၀တန်း

အလယ်တန်း ၅-၆-၇-၈တန်း

ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်






ပညာနန်းတော် ဘာသာစုံကျောင်း၊ A-2 ... Ph: 577 605, 730 36827

ဂုဏ်ထူးဦးအောင်ခိုင် (အင်္ဂလိပ်စာ)

သမိုင်းတွဲခွန် ဦးထွန်းနွယ်

ပညာနန်းတော်

၅တန်း မှ ၁၀ တန်းအထိ

အထူးအဆင့်မြင့်ဘော်ဒါ

မတ် ၂၇ ဖွင့်မည်

အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ

privateboardinghighschool.pyinnyarnandaw@gmail.com

118 A/B ... VIP-1 ... Ph: 01-577605

## ကျပ်ငါးသိန်းတန် စီဒီအမ်အေဖုန်းများ ၀၉ ကုဒ်နံပါတ်ပြောင်းပြီ

ယုဇနကိုကို

ရန်ကုန်၊ ဖေဖော်ဝါရီ – ၂၀

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ကျပ်ငါးသိန်းတန်စီဒီအမ်အေ ၈၀၀ မဂ္ဂါဟာဇ်ဖုန်းများအား ယနေ့မှ စတင်ကာ ၀၉ ကုဒ်နံပါတ်ဖြင့် စသည့် မိုဘိုင်းဖုန်းများအဖြစ် ပြောင်းလဲလိုက်ပြီဖြစ်သည်။

ယခုကဲ့သို့ အဆိုပါ စီဒီအမ်အေဖုန်းများအား မိုဘိုင်းဖုန်းကုဒ်နံပါတ်အဖြစ် မပြောင်းလဲခင်တွင် (၀၁)ဖြင့်စသောရွေ့လျားသယ်ဆောင်အသုံးပြုနိုင်သည့် ဖုန်းများအဖြစ် အသုံးပြုခဲ့ရသည်။

ထို့ကြောင့် ယနေ့မှစတင်ပြီး ငါးသိန်းတန်စီဒီအမ်အေ ၈၀၀ မဂ္ဂါဟာဇ်ဖုန်းများသို့ (၀၉) ကုဒ် နံပါတ်မဟုတ်သည့် အခြားသောဖုန်းအမျိုးအစားများမှ ဖုန်းခေါ်ဆိုခြင်းပြုလုပ်ရာတွင် ယင်းပြောင်းလဲလိုက်သည့် မိုဘိုင်းကုဒ်နံပါတ်ကို ထည့်သွင်းအသုံးပြုမှသာ ဖုန်းခေါ်ဆိုခြင်းပြုလုပ်နိုင်တော့မည်ဖြစ်သည်။

ထို့ကဲ့သို့ အဆိုပါဖုန်းများအား မိုဘိုင်းဖုန်းကုဒ်နံပါတ်များဖြင့်ပြောင်းလဲလိုက်ရာတွင် ယခုလက်ရှိအသုံးပြုနေပြီဖြစ်သည့် ဖုန်းနံပါတ်များအားလုံးသည် အလိုအလျောက် (၀၉) ဖြင့် စသည့် မိုဘိုင်းကုတ်နံပါတ်ပါဖုန်းများ ဖြစ်သွားမည်ဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ယခုကဲ့သို့စီဒီအမ်အေဖုန်းများအား မိုဘိုင်းကုဒ်အဖြစ်သို့ ပြောင်းလဲပေးလိုက်ရခြင်းမှာ ယင်းဖုန်းများသည်လည်း တစ်နိုင်ငံလုံးအတိုင်းအတာအနှံ့ သယ်ဆောင်အသုံးပြုနိုင်ပြီ ဖြစ်သဖြင့် မိုဘိုင်းဖုန်းကုဒ်နံပါတ်ကို ပြောင်းလဲပေးရခြင်းဖြစ်ကြောင်း အဆိုပါလုပ်ငန်း၏ တာဝန်ရှိသူတစ်ဦးက ဆိုသည်။


မြန်မာနိုင်ငံတွင် အဆိုပါ ကျပ်ငါးသိန်းတန် စီဒီအမ်အေ ၈၀၀ မဂ္ဂါဟာဇ်ဖုန်းများအား ပြီးခဲ့သည့် ၂၀၁၀ဇန်နဝါရီလဆန်းပိုင်းက စတင်အသုံးပြုနိုင်ခဲ့ခြင်းဖြစ်ပြီး စတင်အသုံးပြုစဉ်ကာလက ရွေ့လျားအသုံးမပြုနိုင်သည့် အထိုင်ဖုန်းများအဖြစ်သာ အသုံးပြုနိုင်ခဲ့သည်။

ယခုအချိန်တွင်မူ ယင်းဖုန်းများသည် တစ်နိုင်ငံလုံးအနှံ့ ရွေ့လျားသယ်ဆောင်အသုံးပြုနိုင်နေပြီဖြစ်ပြီး အင်တာနက်ဆက်သွယ်မှုစနစ်ကိုပါ တိုးချဲ့တပ်ဆင်အသုံးပြုနိုင်နေပြီဖြစ်သည်။





## မော်တော်ယာဉ်များအတွက် လမ်းညွှန်မြေပုံ(GPS)ဆော့ဖ်ဝဲ ထုတ်လုပ်မည်



ယုဇနကိုကို

ရန်ကုန်၊ ဖေဖော်ဝါရီ – ၁၉

မြို့ကြီးများ၏အသေးစိတ်လမ်းညွှန်မြေပုံဂျီပီအက်စ် (GPS) ကို မော်တော်ယာဉ်များတွင် တပ်ဆင်အသုံးပြုနိုင်တော့မည်ဖြစ်သည်ဟု အဆိုပါဆော့ဖ်ဝဲကို ရေးဆွဲမည့် တက်ခ်နိုမေးရှင်းစတူဒီယိုမှ သတင်းရရှိသည်။

မော်တော်ယာဉ်များတွင် ထည့်သွင်းအသုံးပြုနိုင်မည့် အဆိုပါ လမ်းညွှန်မြေပုံသည် အင်တာနက်ဆက်သွယ်မှုဖြင့် ချိတ်ဆက်အသုံးပြုစရာမလိုအပ်ပဲ Offline စနစ်ဖြင့်အသုံးပြုနိုင်သည့် မြန်မာဘာသာဖြင့်ရေးဆွဲထားသော ဂျီပီအက်စ်လမ်းညွှန်မြေပုံဖြစ်သည်။

အဆိုပါမြန်မာပြည် လမ်းညွှန်မြေပုံဂျီပီအက်စ်ကို လာမည့် ဖေဖော်ဝါရီလ ၂၅ရက်နေ့တွင် စတင်ပြီးဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပြီး စတင်ရောင်းချသည့်ကာလမှ တစ်လတာကာလဝန်းကျင်အထိ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးနှစ်ခု၏ လမ်းညွှန်မြေပုံအသေးစိတ်ကိုသာ ရောင်းချမည်ဖြစ်သည်။

အဆိုပါတိုင်းဒေသကြီးနှစ် ခု၏ လမ်းညွှန်မြေပုံများကို ရောင်းချပြီး မတ်လမှစတင်ကာ အခြားသော မြို့များကိုလည်း ဂျီပီအက်စ်စနစ်ဖြင့် အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ကိုထူးမြင့်နောင်ကဆိုသည်။

"ဒီလမ်းညွှန်ဂျီပီအက်စ်ကို ရောင်းချရတဲ့ ရည်ရွယ်ချက်က ယာဉ်မောင်းနေရင်း ကိုယ်ဘယ်နေရာကို ရောက်နေသလဲဆိုတာကို အလွယ်တကူသိရှိနိုင်အောင်နဲ့ ရောက်ရှိတဲ့နေရာတိုင်းကနေ ကိုယ်ရှာဖွေလိုတဲ့ အရာတိုင်းကို အလွယ်တကူရှာဖွေလို့ရနိုင်အောင်ပါ"ဟု ၄င်းကဆိုသည်။

အဆိုပါဆော့ဖ်ဝဲကို အသုံးပြုသူများအနေဖြင့် ဝယ်ယူပြီးသားမြို့များ၏ လမ်းညွှန်မြေပုံများအပြင် အခြားသောမြို့များကို ထပ်မံထည့်သွင်းလိုသည်ဆိုပါက ဝန်ဆောင်ခပေးသွင်းရန်လိုအပ်ကြောင်းသိရသည်။

တက်ခ်နိုမေးရှင်းစတူဒီယိုမှ ရောင်းချမည့် အဆိုပါဆော့ဖ်ဝဲအား ကျပ်တစ်သိန်းခုနှစ်သောင်းငါးထောင်ဖြင့် စတင်ရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။

## အွန်လိုင်းအာမခံဈေးဝယ်ကတ်ဖြင့် အွန်လိုင်းတွင် ဈေးဝယ်နိုင်မည်

ဇာဇာနီ

ရန်ကုန်၊ ဖေဖော်ဝါရီ – ၁၈

မြန်မာနိုင်ငံတွင် အွန်လိုင်း အာမခံဈေးဝယ်ကတ်စနစ်ဖြင့် Online Shopping Mall တွင် လာမည့် မတ်လကုန်မှစတင်၍ အင်တာနက်အသုံးပြုဈေးဝယ်ခြင်း စတင်နိုင်တော့မည်ဖြစ်ကြောင်း iBZ ကုမ္ပဏီမှ ဦးဝင်းထွန်းက ပြောကြားသည်။

Online Shopping Mall ကို မတ်လကုန်အတွင်း အိုမြန်မာဒေ့ါကွန်း (www.omyanmar.com)ဈေးဝယ်ဝက်ဘ်ဆိုက်တွင် ဝင်ရောက်ကြည့်ရှုဈေးဝယ်နိုင်မည်။ ယခုပြုလုပ်မည့် အာမခံဈေးဝယ်ကဒ်မှာ ငွေကျပ်တစ်သောင်းတန်အာမခံ ဈေးဝယ်ကတ်ဖြစ်၍ အာမခံအဖြစ်သာ အသုံးပြုနိုင်ပြီး ဆက်လက်၍ အသုံးမပြုတော့ပါက ကုမ္ပဏီမှ ငွေပြန်အမ်းပေးမည်ဟု သိရသည်။

"ယခုဈေးဝယ်ကတ်ဟာ ဝယ်သူနဲ့ ရောင်းသူနှစ်ဦးနှစ်ဖက် စိတ်ချလို့ရတဲ့ ဈေးဝယ်မှုကို လုပ်နိုင်မှာဖြစ်တယ်။ နောက်ကဒ်တစ်ခုထဲနဲ့ ဆိုင်အများကြီးကို ဝယ်နိုင်ဖို့ အာမခံပေးနိုင်တယ်။ တချို့က ပစ္စည်းမှာမယ်ဆိုင်ရှင်ဘက်က အိမ်အရောက်ပို့ပြီးမှ မယူတော့ဘူးလုပ်ရင် ကျွန်တော်တို့က ဒီကတ်ထဲကနေ Charges နုတ်ယူသွားမယ်။ နှစ်ဦးနှစ်ဘက်နစ်နာမှု မရှိအောင်လုပ်တဲ့သဘောပါ" ဟု iBZ ကုမ္ပဏီမှ တာဝန်ရှိသူက 7Day News သို့ပြောသည်။

အွန်လိုင်းဈေးဝယ်စင်တာတွင် ပြခန်းပေါင်းရာနဲ့ချီ၍ ပြသမည်ဟု သိရသည်။ ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် အပြင်မှာပြသခြင်းထက် အွန်လိုင်းမှ ပြသခြင်းဖြင့် မိမိကုန်ပစ္စည်းများကို နိုင်ငံတကာဈေးကွက်ထိ ရောက်အောင် ပြုလုပ်နိုင်သကဲ့သို့ ဝယ်ယူသူများအနေဖြင့်လည်း Game အစီအစဉ်များ၊ ပရိုးမိုးယားလိုဂ်ခန့်မှန်းများ၊ ကံစမ်းမဲအစီအစဉ်များကို ထည့်သွင်းပေးထားကြောင်း ၎င်းကဆက်လက်ပြောသည်။

"ကျွန်တော်တို့လို ပြည်တွင်းထုတ်ပစ္စည်းတွေကို ရောင်းချတဲ့ ကုမ္ပဏီအနေနဲ့တော့ ခုလို အွန်လိုင်းကနေ ဈေးရောင်းတာဟာ ပြည်ပနိုင်ငံတွေသိအောင် ပြလို့ရတယ်။ နောက်ပြီး ပြည်ပရောက်မြန်မာတွေကလည်း ဒီမှာရှိတဲ့သူတွေကို ပစ္စည်းဝယ်ပေးချင်ရင် ဒီဈေးဝယ်စင်တာကနေ ဝယ်လို့ရတဲ့ အားသာချက်တွေရှိတယ်' ဟု Nibban Electric and Electronic မှ တာဝန်ရှိသူက ပြောသည်။

ကွန်ပျူတာပညာရှင်အသင်းမှ ဆရာဦးစန်းမြင့်က "ဒီအွန်လိုင်းဈေးဝယ်တဲ့စနစ်က ပြည်တွင်းထုတ်ကုန်တွေဖြစ်တဲ့ ကျောက်မျက်တို့၊ သစ်တို့လို ကုမ္ပဏီတွေအနေနဲ့ ပြသနိုင်မယ်ဆိုရင် မိမိပစ္စည်းကို ကမ္ဘာသိအောင် ကြော်ငြာလို့ရတဲ့အတွက် ဈေးကွက်ချဲ့ထွင်နိုင်တယ်။ နောက်ဆိုရင် အွန်လိုင်း Banking တွေလုပ်ပြီးသွားရင်တော့ အွန်လိုင်း Credit ကတ်နဲ့ဆို ပိုပြီး အဆင်ပြေလာမယ်"ဟုပြောသည်။

iBZ ကုမ္ပဏီအနေဖြင့် ပြီးခဲ့သည့် ဇန်နဝါရီလ တစ်ရက်မှ ခြောက်ရက်ထိ ပထမဆုံးကျင်းပခဲ့သော အွန်လိုင်းကုန်စည်ပြပွဲတွင် ပြည်တွင်းမှ ကုမ္ပဏီသုံးဆယ်ခန့် ပြသခဲ့ရာ ပြည်တွင်း၊ ပြည်ပမှ ဝင်ရောက်ကြည့်ရှုသူ ရှစ်သိန်းခြောက်သောင်းခန့်ရှိခဲ့ပြီး အရောင်းအဝယ်ဆယ်ခုဖြစ်ခဲ့ကြောင်း သိရှိရသည်။








TOSHIBA
Windows®. Life without Walls™.
Toshiba recommends Windows 7.
eco style
PORTÉGÉ R700
လျှပ်စီးကဲ့သို့မြန်သော ဦးနှောက်
အထူးသွယ်လျသော ကိုယ်ထည်
ပြီးပြည့်စုံသော SPECIFICATION
ကဲ..စမတ်မကျဘူးလား။
PORTÉGÉ R700
SSD 512GB (Solid State Drive)
Intel® Core™ i7 Intel® Turbo Boost
From 1.39kg
Talk 2 Toshiba
LUCKY BIRD TRADING CO., LTD.
DESIGNED BY TECHNOLOGY
intel CORE i7 inside
Faster.
Smarter.

7DAY NEWS JOURNAL
Vol.9, No.48 ▪ FEBRUARY 24, 2011

# Commodity Watch

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 5800) Processor | 62,800 |
| Intel P4 Dual Core 2.7 (E 5400) Processor | 57,300 |
| Intel P4 Core 2 Quad 2.5 GHz (Q8300) (775) Processor | 125,600 |
| Intel P4 Core i5 3.2 GHz (650) (1156) Processor | 174,700 |
| Intel P4 Core i7 2.93 Ghz (870) (1156) Processor | 272,100 |
| **Motherboard** | |
| MSI P41-C33 (775) Motherboard | 54,500 |
| MSI G41M-P33/P23 (775) Motherboard | 55,500 |
| MSI P43- C51 (775) Motherboard | 71,900 |
| MSI H55M-E32 (1156) Motherboard | 86,500 |
| ASUS P7P55D-ELX (775) Motherboard | 141,100 |
| ASUS P7P55-MLX Motherboard | 81,900 |
| ASUS P5P41T-LE (775) Motherboard | 71,800 |
| ASUS P5G41T-MLX (775) Motherboard | 56,400 |
| Gigabyte P41-ES3G (775) Motherboard | 68,300 |
| Gigabyte EP43-UD3L (1156) Motherboard | 91,000 |
| **Memory** | |
| 1 GB DDR2 (800) Kingston Memory | 20,000 |
| 2 GB DDR3 (1333) Kingston Memory | 22,700 |
| 4 GB DDR3 (1333) Kingston Memory | 42,800 |
| **Harddisk** | |
| 500 GB Seagate SATA | 41,000 |
| 1 TB Seagate SATA | 59,200 |
| 1.5 TB Seagate SATA | 80,000 |
| **PCI Express Card** | |
| MSI N220-MD 1GB OC 1GB PCI Express Card | 76,400 |
| MSI N 210 MD1G 1GB D3 PCI Express Card | 59,200 |
| MSI R5570 MD 1GB 1GB DDR3 PCI Express Card | 88,300 |
| ASUS EAH 5750 Formula 1GB PCI Express Card | 143,800 |
| ASUS EN 210S1/ 1GB D3 PCI Express Card | 51,900 |
| Gigabyte Geforce 220 TC 1GI 1GB PCI Express Card | 78,300 |
| Gigabyte Geforce 220 OC 1GI 1GB PCI Express Card | 82,800 |
| Gigabyte Geforce 8400STC 512 MB PCI Express Card | 36,400 |
| **Memory Stick** | |
| Memory Stick Kingston 16 GB | 32,000 |
| Memory Stick SanDisk 16 GB | 24,000 |
| Memory Stick HP 8GB | 16,000 |
| Memory Stick SanDisk 8 GB | 16,000 |
| Memory Stick Apacer 4 GB | 7,000 |
| Memory Stick Pgi 8 GB | 16,000 |
| Memory Stick Adata 4GB | 9,800 |
| **UPS** | |
| Power Tree (650VA) | 37,000 |
| Power Tree (1.2KVA) | 64,000 |
| SVC (600VA) | 30,000 |
| SVC (1.2 KVA) | 58,200 |
| Power Pro (650 VA) | 34,500 |
| Allways (650 VA) | 32,000 |
| EAST (650 VA) | 30,900 |
| EAST (1.2KVA) | 59,200 |
| **DVD Writer** | |
| Sony DVD Writer (SATA) | 27,300 |
| ASUS DVD Writer (SATA) | 29,100 |
| Liteon DVD Writer (SATA) | 23,600 |
| **အိတ်ဆောင်တီဗီငွေကအဘိတန်** | 160,000 |

Technoland ဆိုင်မှ ဖေဖော်ဝါရီ(၁၉) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i5 2.67Ghz 2GB DDR3,640GB HDD,14.0″ | 735,000 |
| Intel Core i3 2.53Ghz 2GB DDR3, 500GB HDD,15.6" | 600,000 |
| **Asus** | |
| Intel Atom 1.66Ghz 1GB DDR3,250GB HDD,10.1″ | 289,000 |
| **HP** | |
| Intel Corei3 2.4Ghz 2GB DDR3,320GB HDD,15.6″ | 640,000 |
| Intel Corei5 2.4Ghz 4GB DDR3,500GB HDD,14.0″ | 761,000 |
| **Hasee** | |
| Intel Corei3 2.13Ghz 2GB DDR3,500GB HDD,14.0″ | 497,000 |
| **MSI** | |
| Intel Corei3 2.13Ghz 2GB DDR3,500GB HDD,14.0″ | 549,000 |
| **ViewSonic** | |
| Intel Core 2 Duo 1.3Ghz 2GB DDR2,320GB HDD,13.3″ | 557,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 215,000 |
| LG(LCD) | 22LH15R | 250,000 |
| Sony (LCD) | 22BH300 | 290,000 |
| Toshiba | LZE 21-28 | 130,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 28,000 |
| EVD(sukura) | DVK75 | 35,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 35,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 195,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 295,000 |
| Panasonic | NR.BT222 | 300,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဖေဖော်ဝါရီ (၁၈) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၅,၀၅၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၅၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၇၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၆၈ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၇၆ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၀၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၄,၅၀၀ |
| ကျောက် | တစ်ကျင်း | ၅၂,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၈၆၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၉၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၁၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၃၀၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၁၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၂၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၂၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၇၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဖေဖော်ဝါရီ(၁၈)ရက်တွင်ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၄,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၁၅၀-၃၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၁၅၀-၃၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၇၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၁,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၅၀၀-၆၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၁,၅၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၆၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၂၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဖေဖော်ဝါရီ (၁၈) ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၄,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၈၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၃၀၀ |
| ဆား | တစ်ထုပ် | ၁၀၀-၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၉၀၀-၁,၂၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၅,၀၀၀-၅,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၆၀၀-၁,၇၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၂,၃၀၀ |
| အာလူး | တစ်ပိဿာ | ၉၀၀- ၁,၀၀၀ |
| နို့ဆီ | တစ်ဘူး | ၆၅၀-၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၅၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၇၀၀-၁,၈၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၁,၇၀၀-၄,၀၀၀ |
| ငါးခူ | ၁ ပိဿာ | ၁,၇၀၀-၃,၄၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၆,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀-၁,၈၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၃,၇၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၂,၀၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၃၀၀-၂,၅၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၂,၂၀၀-၁၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၈၀၀-၃,၄၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၈၀၀-၃,၄၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၀၀၀-၄,၈၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၁,၈၀၀-၇,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၃,၅၀၀-၅,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၅၀၀-၂,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၄,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၉,၀၀၀-၁၄,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၃,၀၀၀-၂၀,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၀၀၀ |
| တီလားပီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၉၀၀ |

ဖေဖော်ဝါရီလ (၁၈)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | လ/သ/အ | ၁၂၀နှင့် ၁၂၅ |
| စူဇူကီး ဝက်ဂွန် R⁺ | - | ၁၈/၂၈ | ၂၀၀ |
| တောင်းအေ့ ပစ်ကပ် | ၂၀၀၀ | - | ၁၈၀ |
| စူဇူကီးR⁻ (2 Way) | - | ၁၈/၂၈ | ၁၃၀ |
| တိုယိုတာ (လီမိတက်) | ၉၀ | ၄၈ | ၃၄၀ |
| တိုယိုတာ (ဖင်ကောက်) | ၉၂/၉၃ | ၄၈ | ၄၃၈ |
| မတ်ခ်တူး(ခါတ်ဆီ) ရွှေငါး | ၂၀၀၂ | ၄၈ | ၈၀၀ |
| နစ်ဆန်းစူပါဆလွန်း | ၉၀ | ၄၈ | ၃၅၀-၃၆၀ |
| ပါဂျဲရို | ၉၇ | ၄၈ | ၇၅၀ |

ဖေဖော်ဝါရီ (၁၇) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Feb(12) | Feb (13) | Feb (14) | Feb (15) | Feb (16) | Feb (17) | Feb (18) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ |
| Octane ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |
| Premier ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.9, No.48 • FEBRUARY 24, 2011

ပီမိုးနင်းဝတ္ထုတို ၁၀၀ ဆိုသော စာအုပ်ကြီးလက်ဝယ်ရောက်ရှိနေသည်မှာ သုံးလေးလမကပြီ။ စာမျက်နှာခုနစ်ရာကျော် ရှစ်ချိုးဆိုဒ်အခန့်ချုပ် စာအုပ်ထူကြီးမို့ ချက်ချင်းမဖတ်ဖြစ်၊ သို့ပေမဲ့ စိတ်ကူးပုံရိပ်လှိုင်းတွေမှာ စာအုပ်ကြီးဖတ်ရန် မိမိကိုယ်ကိုယ် မကြာခဏနှိုးဆော်မိသလို ဆရာကြီးပီမိုးနင်းအကြောင်းကိုလည်း မကြာမကြာတွေးနေမိပါ၏။ လွန်ခဲ့သော တစ်ပတ်ခန့်ကစ၍ အချိန်အနည်းငယ်ရလာ၍ တဖြည်းဖြည်းဖတ်ရှုလာခဲ့ရာ ဆရာကြီးပီမိုးနင်း၏ ရုပ်ပုံလွှာနှင့် စကားပြေအရေးအသားထဲ စိမ့်ဝင်နစ်မြုပ်ခဲ့ရသည်။

ပီမိုးနင်းဟုဆိုလျှင် အထူးတလည် မိတ်ဆက်ရမည့်ပုဂ္ဂိုလ်မျိုး မဟုတ်ပါ။ မြန်မာစာပေတွင်နေတစ်ဆူလတစ်စင်းပမာထွန်းလင်းတောက်ပခဲ့သော စာရေးဆရာကြီးမှန်းသိကြပါသည်။ ကိုလိုနီခေတ်မှ ခေတ်အဆက်ဆက် ပီမိုးနင်း၏ စာတစ်ပုဒ် (သို့မဟုတ်)စာတစ်ပိုဒ်ကိုဖတ်ဖူးကြသူချည်းသာ ဖြစ်ပါမည်။ အစိုးရမင်းအဆက်ဆက်ကျောင်းပညာသင်ရိုးညွှန်းတမ်းများ၌ ပီမိုးနင်း၏စာများကို ပြဋ္ဌာန်းခဲ့သည်ချည်းသာဖြစ်ပါသည်။ ထိုမျှတိုင်းကျော်ပြည်ကျော်စာရေးဆရာကြီးဖြစ်၍ အထူးမိတ်ဆက်ပေးစရာမလိုသော်လည်း ပီမိုးနင်းသည် ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီ ကွယ်လွန်ခဲ့သောကြောင့် ယနေ့ခေတ်တွင် ဆရာကြီးနှင့်သိမီခဲ့သူ မရှိနိုင်တော့ပြီဖြစ်၍ မှတ်တမ်းမှတ်ရာများထဲမှ ပီမိုးနင်း၏ ရုပ်ပုံလွှာပုံကြမ်းကို လက်လှမ်းမီသမျှ စုစည်းဖော်ပြလိုက်ပါသည်။

၁၈၈၃ ခုနှစ်တွင် သုံးဆယ်မြို့၌ မွေးဖွားခဲ့သော ပီမိုးနင်း (ငယ်နာမည်မောင်ကျော်ညွန့်)သည် ငယ်ငယ်ရွယ်ရွယ်နှင့်အိမ်ပြေးဖြစ်ခဲ့သည်။ ဘုံဆိုင်တွင် အလုပ်လုပ်သည်။ စာရေးလုပ်သည်။ ယင်းမှ ဗရင်ဂျီဘာသာသို့ဝင်၍ စင်ကာပူသို့ သွားရောက်ကာ လက်တင်ဘာသာသင်ကြား၏။ စင်ကာပူမှ ပြန်လာပြီး အိမ်ထောင်ကျကာသုံးလခန့်သာပေါင်း၍ အိမ်ထောင်ပျက်၊ ထိုမှတစ်ဖန် မြန်မာ့အလင်းသတင်းစာတိုက်တွင် ဘာသာပြန်။ ယင်းမှ သူရိယသတင်းစာကြီးတွင် လက်ထောက်အယ်ဒီတာအဖြစ်လုပ်ကိုင်ရင်း တစ်ဖက်၌လည်းစာစုံရေး၏။ ၁၉၂၀ ဝန်းကျင်တွင်မူကား လျှမ်းလျှမ်းတောက်ကျော်ကြားနေလေပြီ။ သို့ပေမဲ့မကြီးပွား၊ ထိုခေတ်အခါက စာရေးဆရာဆိုသည်မှာ လောက်လောက်လားလား ဝင်ငွေမရှိသေး၊ ထိုအချိန်တွင် ဆရာဇေယျက ပီမိုးနင်းနှင့်ဆုံရပုံကို. . ပီမိုးနင်းသည် လမ်းငါးဆယ်ထိပ်လောက်သို့ရောက်နေပြီ။ ကျွန်တော်လည်း မျက်ခြည်ပြတ်၍ သွားမည်စိုးသည်နှင့် အနားရှိ ထီးတစ်လက်ကို ကောက်၍ အပြေးလိုက်သွား၏။ ၄၉ လမ်းထိပ်လောက်ရောက်မှမိ၏။ မျက်နှာကိုကြည့်လိုသဖြင့် ၄၉ လမ်းအကူးတွင် ရှေ့သို့ ပမ်းတက်သွားကာ ငါးလှမ်းလောက်ကျော်မှ ရပ်၍ သေသေချာချာကြည့်၏။ ပီမိုးနင်းသည် ရှေ့သို့စိုက်ကြည့်ကာ ခြေလှမ်းမှန်မှန်ကြီးလှမ်းလျက်လာ၏။ မိုးဖွဲကလေးကျနေသည့်အထဲတွင် ထီးမပါ ဆံပင်စုတ်ဖွားနှင့်ဖြစ်၏။ တီရှပ်ဖြူခပ်နွမ်းနွမ်းကို တံတောင်ဆစ်ထိအောင် လျော့တိလျော့ရဲ လက်ပင့်ထား၏။ ကြယ်သီးမှာ အောက်နှစ်ပေါက်ကိုသာ တပ်ထား၍ အထက်ပိုင်းက ဟာလာဟင်းဖြစ်နေ၏။ ချည်ပုဆိုးကွက်ကျားကလေးကလည်း ခပ်နွမ်းနွမ်းဖြစ်သည့်အပြင် ဆီးထားသည်မှာလည်း ညီညီညာညာမရှိ။ တစ်ဖက်စောင်းတစ်ဖက်ရွဲ့နှင့်တော်သလိုလျော်သလို ခါးပတ်လာသည်ဟုထင်ရ၏။ မျက်နှာမှာခပ်ပြားပြားဖြစ်၏။ သို့သော်နှုတ်ခမ်းပြည့်ပြည့်ဝဝရှိ၏။ မျက်မှန်တပ်ထားပြီးလျှင် မျက်စိမှုန်သကဲ့သို့ ခပ်စိုက်စိုက်အားပြု၍ ကြည့်လာသည်ကိုတွေ့ရ၏ဟု ရေးသားခဲ့သည်။

**ဇဝနနှင့်တွေ့ဆုံစဉ်**

ပီမိုးနင်း အလွန်အမင်းကျော်စောနေစဉ်အတွင်း ကောလိပ်ကျောင်းသားဝတ္ထုဖြင့် နောင်တွင်ထင်ရှားလာမည့်(ကိုသိန်း) ဇဝနသည် ဇာတိပြည်မြို့၌သာရှိသေးသည်။ ဇဝနသည် ပီမိုးနင်းအားကြည်ညိုလေးစားမိသူတစ်ဦးပီပီ တပည့်တစ်ယောက်အဖြစ် အသိအမှတ်ပြုကာ သွန်သင်ဆုံးမရန် ရန်ကုန်ရှိ ပီမိုးနင်းထံ စာတစ်စောင်ရေးသားပေးပို့ခဲ့သည်။ ယင်းအကြောင်းနှင့် ပတ်သက်၍ ဇဝနက. . ထိုသို့ရေးလိုက်ရာတွင် ကျွန်တော်သည် သူ့ထံမှ ပြန်စာရလိမ့်မည်ဟု မမျှော်လင့်ခဲ့ပါ။ သို့ဖြစ်ရာ ရက်များ မကြာမီအတွင်းမှာပင် သူ့ထံမှ ပြန်စာတစ်စောင်ရောက်လာရာ ကျွန်တော့်စိတ်ထဲတွင် အတိုင်းမသိ ပျော်ရွှင်ဝမ်းမြောက်မိပေတော့သည်။ အလုပ်များ မအားသည့် အကြားက ယခုလိုအချိန်ယူပြီး ပြန်လိုက်ခြင်းမှာ နူးညံ့သိမ်မွေ့သောစိတ်နှလုံးရှိသူ လူကြီးလူကောင်းတစ်ယောက်၏ လူမှုအသိတရားဖြင့် တုံ့ပြန်လိုက်ခြင်းပါတကားဟူ၍လည်း လေးစားကြည်ညိုမိသည်ဟုရေးသားခဲ့ပြီး ရန်ကုန်ရောက်၍ ပီမိုးနင်းနှင့် ဗန္ဓုလဂျာနယ်တိုက်၌ ပထမဆုံးအကြိမ် မျက်နှာချင်းဆိုင်ဆုံတွေ့ပုံကို. . ဆရာပီမိုးနင်းသည် အသက် လေးဆယ်ကျော်ပြီဖြစ်သော်လည်း မစ္စတာမောင်မှိုင်းရေးသကဲ့သို့ ဇရာ ဖိစီးယိုယွင်းအိုမင်းခြင်းမရှိသေးဘဲ နားအနည်းငယ်လေး၍ မျက်စိသီသီမှုန်သဖြင့် မျက်မှန်တပ်ရသည်မှအပ တောင့်တောင့်တင်းတင်းရုပ်အဆင်းနုပျိုစွာပင်ရှိပေသည်။ သူ့ကို စကားပြောလျှင် သူ့လက်ကို နားခွက်လုပ်၍ နားလေးသူများသည် အသံကျယ်ကျယ်ပြောတတ်ကြသော်လည်း ပီမိုးနင်းကမူ စကားပြောလျှင် တိုးတိုးညင်ညင်ပြောတတ်သဖြင့် သူ့လိုပင်မနည်းနားထောင်ယူရသည်။ သူ့နှင့်စကားပြောသောသူသည် ခေတ်ပညာတတ်သူမှန်းသိလျှင် အင်္ဂလိပ်စကားဖြင့်ပြောတတ်သည်။ သူသည် အင်္ဂလိပ်လို အပြောအလွန်ကောင်းသူတစ်ယောက်ဖြစ်ပေသည်ဟု ဇဝန၏ ဇဝနစာအုပ်၌ ရေးသားထားပါသည်။

**ရွှေဥဒေါင်းနှင့် ပီမိုးနင်း**

သူရိယ သတင်းစာတိုက်တွင် တစ်စားပွဲတည်း မျက်နှာချင်းဆိုင်ထိုင်၍ နှစ်ရှည်ကြာမြင့်စွာ လုပ်ကိုင်ခဲ့သူနှစ်ဦးမှာ ဆရာကြီးရွှေဥဒေါင်းနှင့် ပီမိုးနင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် သာမန်အလုပ်တူ ရင်းနှီးခြင်းမျိုးမကဘဲ သောက်ဖော်စားဖက်ပျော်ဖော်ပါးဖက်လည်း ဖြစ်ကြ၍ တစ်ယောက်အိမ်တစ်ယောက် လိုက်အိပ်ကြသော ရင်ဘတ်အဖော်သူငယ်ချင်းများ ဖြစ်ခဲ့သည်။ ရွှေဥဒေါင်းသည် တော်တော့်တန်တန်လူကို အထင်ကြီးသူမဟုတ်။ သို့သော် ပီမိုးနင်းကိုမူကား တစ်နေရာတွင် လက်တင်ဘာသာတတ်ကျွမ်းခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းရေးသားခဲ့သည်။ . . မြန်မာစာပေသမားတို့အဖို့တွင်ပါဠိကို အထင်ကြီးတတ်သကဲ့သို့ အင်္ဂလိပ်စာသမားဖြစ်သော ကျွန်ုပ်မှာလည်း လက်တင်ကို အထင်ကြီးတတ်သည့်ထုံးစံအတိုင်း ကိုကျော်သည် ကျွန်ုပ်၏မျက်စိအောက်တွင် ပညာအရပ်အမောင်းအားဖြင့် ချက်ချင်းပင် နှစ်ဆထမ်းပိုးတိုး၍ ကြီးမြင့်သွားသည် ထင်လိုက်မိပါသည်ဟု ရေးသားခဲ့ဖူးသလို ဘာသာစကားနှင့်ပတ်သက်၍လည်း . . တစ်ခါတစ်ရံတွင် အင်္ဂလိပ်လိုပြောကြရာ၌ ပီမိုးနင်း၏ လျှာမှာ မြန်မာပြောသော အင်္ဂလိပ်သံမျိုး မဟုတ်ဘဲ ဥရောပတိုက်သားတစ်ယောက်ပြောခြင်းကဲ့သို့လျှာလည်ခြင်းကိုတွေ့ရသည့်အတွက် ကျွန်ုပ်အဖို့မှာကား ရှိန်းခနဲ ဖိန်းခနဲဖြစ်သွားခဲ့ဖူးခြင်းများရှိခဲ့သည်ဟု‘မိတ်ဆွေပီမိုးနင်းနှင့်ကျွန်ုပ်’ဆောင်းပါး၌ရေးဖူးသည်။ ထိုဆောင်းပါးမှာပင် ပီမိုးနင်း၏ ရုပ်ပုံလွှာကို . . ပီမိုးနင်းကို မြင်တွေ့ဖူးသူများသည် မည်သို့သောအသွင်အပြင်မျိုး ဆောင်တတ်ခြင်းကိုသတိပြုမိကြပေလိမ့်မည်။ မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက်ဟပ်ထိုးဟပ်ထိုးဖြစ်နေသည့် လမ်းလျှောက်သင်ခါစ ကလေးသူငယ်တစ်ယောက်ကဲ့သို့ ပြေး၍ လက်ကမ်းပေးလိုက်ခြင်းသောစိတ်မျိုး ဖြစ်လာသူတို့သာများပေလိမ့်မည်။ သူ၏ ဝတ်ပုံစားပုံ ကိုယ်ဟန်အမူအရာနှင့်တကွ မျက်နှာထားတို့သည် တစ်ဖက်သား၏ ကရုဏာစိတ်ဓာတ်ကို လှုံ့ဆော်နှိုးဆွပေးကြသည်ချည်းဖြစ်လေသည်။ ဧည့်ခံပွဲတစ်ခုသို့ နန်းတော်ရှေ့ဆရာတင်၊ ပီမိုးနင်းနှင့် ကျွန်ုပ်တို့သွားရောက်ခဲ့ဖူးရာ အခြားသူများသည် ကျွန်ုပ်တို့ နှစ်ယောက်လုံးကို လေးစားကြသည်မှန်သော်လည်း ပီမိုးနင်းအားမူ ကလေးသူငယ်တစ်ယောက်အား ပြုစုခြင်းကဲ့သို့ ယုယပိုက်ထွေးသမှုပြုလုပ်ကြ၏။ ပိုက်ပိုက်ထွေးထွေး ပြုမူခြင်းနှင့်ပတ်သက်၍မူ ပီမိုးနင်းသည် အခါခပ်သိမ်း ကျွန်ုပ်ထက် ဝေစုကြီးကြီးရရှိသည်ချည်းဖြစ်လေသည် ဟုရေးသားခဲ့ပါသည်။



# သူတို့မြင်သော ခေတ်သစ်စကားပြေ ဖန်တီးရှင် ပီမိုးနင်း

ချမ်းငြိမ်း

**ဇန်းမော်တင်အောင်**
**ကြုံခဲ့ရသော ပီမိုးနင်း**

စာရေးဆရာ၊ သတင်းစာဆရာ ဇန်းမော်တင်အောင် ကြုံခဲ့ရသော ပီမိုးနင်းကားအတော်ဆန်းကြယ်ပေသည်။ . . ဆရာကြီးပြောကြားသွားခဲ့သော အိမ်နံပါတ်သို့ရောက်သောအခါ ကျွန်တော်သည် ၎င်း၏အိမ်ခန်းအတွင်းသို့ ရုတ်တရက် မဝင်ရဲအောင်ဖြစ်နေပေသည်။ လမ်းမပေါ်တွင်ရပ်ကာအူကြောင်ကြောင်ဖြစ်နေသည်။ အသက်လေးဆယ်သာသာခန့် ပိန်ပိန်ပါးပါး မြန်မာ-မွတ်ဆလင်အမျိုးသမီး တစ်ဦးသည် ဆရာကြီး နေထိုင်သောအခန်းအရှေ့တွင် ၎င်း၏ထဘီကို စွန်တောင်ဆွဲကာ အိမ်လခခြောက်လခအထိ တစ်လခမှ မပေးနိုင်ရှာသေးသော နိုင်ငံကျော် စာရေးဆရာကြီးတစ်ဦးအား ရစရာမရှိအောင် တိုင်းထွာပြောဆိုကာ ကတ်ကတ်လန်ရန်တွေ့လျက်ရှိလေသည်။ ရန်ကုန်မြို့၏ ထုံးစံအတိုင်း ထိုအမှုကို ရုပ်ရှင်ကြည့်သလိုဘေးမှ ဝိုင်းအုံ၍ လူဆယ့်လေးငါးယောက်ခန့်တို့ကလည်း ကြည့်ရှုနေကြပါ၏။ ကျွန်တော်ရောက်ရှိမလာမီမည်သည့် အချိန်ကပင် ထိုအမျိုးသမီးအိမ်ရှင်သည် ၎င်း၏အိမ်ငှားအား ရန်တွေ့နေသည်မသိပါ။ ကျွန်တော် ရောက်ရှိလာပြီးနောက် နာရီတစ်ပတ်ခန့်အထိ ရန်တွေ့လျက်ရှိပေသည်။ ထိုအိမ်ရှင် ရန်တွေ့နေခိုက် ဆရာကြီးသည် အခန်းအတွင်း၌ တစ်ယောက်တည်း ငုတ်တုတ်ကြီး ထိုင်နေပါ၏။ သူသည် ဘာတစ်ခွန်းမျှ ပြန်လည်းမပြောငြင်း၏ ဆေးပြင်းလိပ်အတိုကလေးကိုသာ ဣန္ဒြေရရ ရှိုက်ဖွာလျက်ရှိနေပေသည်။ ကျွန်တော်သည် ထိုအဘိုးအိုကြီးကိုအဘယ်သို့ အံ့ဩရမှန်း မသိနိုင်လောက်အောင် အံ့ဩနေမိပါ၏ဟု ဇန်းမော်တင်အောင်၏ ဆောင်းပါးတစ်ပုဒ်၌ ဖတ်ခဲ့ဖူးပါသည်။

**ခေတ်သစ်စကားပြေဖန်တီးရှင်**
**(သို့မဟုတ်)**
**ယနေ့ခေတ် စကားပြေအစ**
**ပီမိုးနင်းက**

ကွယ်လွန်သူ ဆရာမြသန်းတင့်က ပီမိုးနင်းနှင့်ပတ်သက်၍ ဤသို့ ရေးသားဖူး၏။ . . ပီမိုးနင်းသည် သတင်းစာ ကော်လံဆောင်းပါးလည်း ရေးသည်။ မဂ္ဂဇင်း ဆောင်းပါးလည်း ရေးသည်။ ခတ်ကျမ်း၊ တက်ကျမ်းများကိုလည်းရေးသည်။ စိတ်ပညာကျမ်းများကိုလည်းရေးသည်။ ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းရေးသည်။ ရောက်ရာနေရာတွင် စာမျိုးစုံကို ရေးနိုင်သူဖြစ်သည်။ တွေ့သမျှ မြင်သမျှသည် သူ့ကြိတ်ဆုံအတွက် ကြိတ်ဝါးရာပစ္စည်းတွေချည်းဖြစ်နေသည်။ ပီမိုးနင်းသည် မြန်မာနိုင်ငံတွင် စာမျိုးစုံရေးနိုင်သူ စာအများဆုံးရေးနိုင်သူဖြစ်သည် ဟူ၍ ရေးသားဖူးပြီး ပီမိုးနင်း၏စကားပြေနှင့်ပတ်သက်၍ ဆရာဇေယျက . . မြန်မာစာကို ရှေးရိုးအစဉ်အလာ ရေးသားနေကြရာမှ ဆရာပီမိုးနင်းသည် တိုတိုတုတ်တုတ်နှင့် လိုရင်းရောက်၍ စကားအသစ်ထွင်သင့်လျှင်လည်း အသစ်ထွင်ပြီးလျှင် ခေတ်သစ်ရေးနည်း ထူခဲ့သူဖြစ်ပေသည် ဟူ၍မှတ်ချက်ချခဲ့သည်။ ဆရာဇဝနကလည်း . . ပီမိုးနင်း၏ ဝတ္ထုများတွင် ဟာသပါသည်။ ဖွဲ့နွဲ့ပုံ၊ သရုပ်ဖော်ပုံ အလွန်ကြွယ်ဝပီပြင်သည်။ အရေးအသားသွက်လက်သည်။ တစ်ခါတစ်ခါ ကဗျာအဖွဲ့အနွဲ့ကလေးများပင် ပါလိုက်သေးသည်။ သို့သော် စကားတံ မရှည်။ ဝါကျတည်ဆောက်ပုံ တိုတောင်းကျစ်လျစ်သည် ဟုဆိုခဲ့ပြီး ဦးသိန်းဖေမြင့်က မြန်မာဝတ္ထုခေတ်ဦး နေရီရီဝတ္ထုနှင့်စပ်လျဉ်း၍. . ဝတ္ထုအရေးအသားမှာ ခင်မြင့်ကြီး၊ ရွှေပြည်စိုး စသောဝတ္ထုအရေးအသားတို့နှင့် များစွာခြားနားလေသည်။ နေရီရီသည် နန်းတွင်းဇာတ်တော်ကြီးများ၏ သြဇာမှ ကျွတ်ကျွတ်လွတ်လွတ်ကြီးရုန်းထွက်သွားပြီဟုဆိုရပေမည်။ ရိုးရိုးရှင်းရှင်း တိုတိုတုတ်တုတ်နှင့် တကယ့်စကားပြေဖြစ်သည်။ ခေတ်သစ်စကားပြေသည် ပီမိုးနင်းမှစသည် ဟုဆိုရပေမည်ဟူ၍ ဝေဖန်သမှုပြုခဲ့၏။ယင်းအဆိုကို ဆရာမြသန်းတင့်၏ ပီမိုးနင်းဒဏ္ဍာရီ ဆောင်းပါး၌ . . ပီမိုးနင်းသည် မြန်မာစကားပြေ အရေးအသား၌ ရှေ့ဆောင်ဖြစ်သည်။ လမ်းသစ်ကို ထွင်သူဖြစ်သည်။ အဟောင်းမှ လမ်းခွဲထွက်သူဖြစ်သည်။ ဝတ္ထုတို၌ ပီမိုးနင်းသည် ကျွန်တော်တို့ လမ်းပြဖြစ်သည်။ ခေတ်သစ်ဝတ္ထုတိုရေးနည်းကို ပီမိုးနင်းက စခဲ့သည် ဟုဆိုနိုင်သည်ဟူ၍ ထပ်တူညီဆိုခဲ့သည်။ ဆိုသည့်အတိုင်းပင် ပီမိုးနင်း၏ စာရေးဆရာ ဆောင်းပါး၌ ဝတ္ထုရေးခြင်းနှင့် ပတ်သက်၍ ၎င်း၏မူဟန်အတိုင်း ဒိုးဒိုးဒေါက်ဒေါက်နှင့်ရေးထားပုံမှာ . . ဝတ္ထုရေးခြင်းပညာသည်သေးငယ်သောပညာမဟုတ်ပေ။ စာကိုရေးသော အတတ်မဟုတ် စိတ်ကိုရေးသောအတတ်ဖြစ်လေသည်။ ဦးပုညသည် စာကြောင့် ကျော်ကြားသည်မဟုတ် အကြောင်းမူကား ရေးသည်ဆင်းရဲပုံစသော ဦးပုည၏ ပေါ်လွင်ခုန်ကြွနေသည့် အရေးအသားများသည် စာမဟုတ် စိတ်များဖြစ်ကြပေသည်။ မင်းဘူးဦးသြဘာသသည် ဇာတ်ကြီးဆယ်ဘွဲ့ကိုနောက်ခံပြုကာ ၎င်း၏စိတ်များကို သီကုံးခဲ့၏။ ဝတ္ထုရေးဆရာကြီးသောမတ်စ်ဟာဒီသည် လွယ်ကူရိုးသားသောစကားများဖြင့် လူ၏စိတ်အကြောင်းကို ထင်အောင်မြင်အောင် သဘာဝတရားနှင့်တူအောင် ရေးသူဖြစ်သဖြင့် တစ်ကမ္ဘာလုံးကျော်ကြားခဲ့လေသည်ဟု ပီမိုးနင်းရေးသားခဲ့သလို ပီမိုးနင်းအား လေ့လာသူတစ်ဦးဖြစ်သူကွယ်လွန်သူဆရာကြီး မောင်ထင်က . . ပီမိုးနင်းသည် စိတ္တဗေဒလေ့လာသူပုဂ္ဂိုလ်ဖြစ်သည့်အလျောက် ယောကျ်ားစိတ်၊ မိန်းမစိတ်၊ အပျိုစိတ်တို့ကို သမ္မာရပရိစ္ဆေဒပြုကာ စိတ်၏ဖောက်ပြန်မှု၊ တည်ငြိမ်မှုအမျိုးမျိုးတို့ကို ဝတ္ထုများတွင် သရုပ်ဆောင်ဖော်ပြလေ့ရှိသည်ဟု မှတ်ချက်ချဖူးကြောင်း သိရသည်။ ယနေ့ခေတ်တွင် ရေးသားနေကြသော စကားပြေအရေးအသား၏ ပထမမူလ အမွန်အစက ပီမိုးနင်း မည်သို့ရေးခဲ့ပုံကို သတင်းစာဆရာကြီးလူထုဦးလှက . . လွယ်လွယ်နှင့် ပေါ်ပေါ်လွင်လွင်ဖြစ်အောင် ရေးတတ်တဲ့ အတတ်ပညာကိုပိုင်တဲ့ ဆရာကြီးပီမိုးနင်းရဲ့ အရေးအသားတွေမှာ တမင်ဟန်လုပ်တဲ့သဘောဘယ်တော့မှ မတွေ့ရဘူး။ သာမန်အကြောင်းအရာရိုးရိုးကလေးကို ဖတ်ကောင်းအောင် စိတ်ဝင်စားစရာဖြစ်အောင် ရေးတတ်တဲ့ဘက်မှာတော့ရှာမှ ရှားပဲလို့ဆိုရပါမယ်။ အဲဒါဆရာကြီးရဲ့ ကလောင်ပါပဲ. . ဟူ၍ မှတ်ချက်ချဖူးသည်။ မြန်မာစာပေအရေးအသားကို တစ်ခေတ်ပြောင်းလဲစေခဲ့သော ပုဂ္ဂိုလ်များထဲတွင် ဆရာကြီးရွှေဥဒေါင်း၊ ပီမိုးနင်း၊ မဟာဆွေနှင့် ဦးဖိုးကျားတို့မှာ ထိပ်တန်းကပင်ရှိခဲ့သည်။ ရွှေဥဒေါင်း၏ ဝတ္ထုများထဲတွင် မျိုးချစ်စိတ်အရင်းခံဖြင့် မြန်မာလူမျိုးတို့ လူရည်လူသွေး မည့်ပုံကို အသားပေးရေးသားတတ်ပြီး မဟာဆွေ၏ ဝတ္ထုတိုများသည် မျိုးချစ်စိတ်ပြင်းထန်အောင် ဗြိတိသျှတို့အား ဆန့်ကျင်အောင် လှုံ့ဆော်ရေးသားခဲ့သည်။ ပီမိုးနင်း၏ ဝတ္ထုများတွင်ကား မိရိုးဖလာယဉ်ကျေးမှုကို အခွင့်အရေးတစ်ရပ်အဖြစ်ယူကာ တိုင်းခြားသားတို့ အမြတ်ထုတ်တတ်ပုံနှင့် ၁၉၃၀ စီးပွားပျက်ကပ်ကြောင့် မြန်မာမြေရှင်လေးများ မြေမဲ့ယာမဲ့ ဖြစ်ရပုံကို ထည့်သွင်းရေးသားခဲ့ပါသည်။ ပီမိုးနင်းတို့လူစုအုံနှင့်ကျင်းနှင့် ရေးသားခဲ့သော မြန်မာစကားပြေ ဝတ္ထုတိုများ တစ်ခေတ်ဆန်းပြီးမှ ၁၉၃၀ ပြည့်လွန်နှစ်များတွင် ရန်ကုန်တက္ကသိုလ်မှ ဇော်ဂျီ၊ မင်းသုဝဏ်၊ ကုသ၊ သိပ္ပံမောင်ဝအစရှိသောခေတ်ဆန်းစာပေဟုခေါ်တွင်သည့် အသီးအပွင့်ဖူးပွင့်လာခြင်းဖြစ်ပေသည်။ အထူးသဖြင့် သိပ္ပံမောင်ဝ (ဦးစိန်တင်) သည် ပီမိုးနင်းကို အားကျကြည်ညို၍ ပီမိုးနင်း၏ ခြေရာကိုနင်းကာ တစ်ဆင့်တက်လာသူဖြစ်၏။ ထို့ကြောင့် ပီမိုးနင်းသည် ယနေ့ခေတ်စကားပြေ၏ အစခေတ်သစ် စကားပြေဖန်တီးရှင်ဟုခေါ်ဆိုနိုင်သောပုဂ္ဂိုလ်ဖြစ်ပေသည်။

ထိုမျှနာမည်ကျော် ထင်ရှားခဲ့သောဆရာကြီးပီမိုးနင်းသည် ၁၉၃၉ ဒီဇင်ဘာလ ၅ ရက်နေ့တွင်ဆူးလေဘုရားလမ်းရှိ မြန်မာ့အလင်းသတင်းစာတိုက်၌ကျင်းပသော အမျိုးသားအောင်ပွဲနေ့ အခမ်းအနားမှအပြန် မြန်မာ့အလင်းတိုက်ရှေ့၌ပင် စက်ဘီးတိုက်ပြီး ဆေးရုံတင်ခဲ့ရသည်။ အခြေခံကျန်းမာရေးလည်း ယိုယွင်းနေပြီဖြစ်သော ပီမိုးနင်းသည် ရန်ကုန်ဆေးရုံကြီး၌ပင် ၁၉၄၀ ဇန်နဝါရီ ၆ ရက် (စနေနေ့) တွင် ကွယ်လွန်ရှာခဲ့သည်။ ရုရှားစာပေခေတ်ဦးတွင် နီကိုလိုင်ဂိုဂိုးလ်သည် Over Coat ဝတ္ထုနှင့်အလွန်ကျော်ကြားခဲ့သလို နှောင်းခေတ် ရုရှားစာရေးဆရာများသည် ဂိုဂိုးလ်၏ စာပေသြဇာမှ မလွတ်ကြဟု အဆိုရှိခဲ့သည်။ ထို့ကြောင့်ရုရှားစာပေတွင် ‘ကျွန်ုပ်တို့အားလုံးသည် ဂိုဂိုးလ်၏ကုတ်အင်္ကျီမှ ဆင်းသက်လာကြသည်’ ဟုအဆိုရှိခဲ့သလို မြန်မာနိုင်ငံတွင်လည်း ယနေ့ခေတ်သုံး ခေတ်သစ်စကားပြေသည် ပီမိုးနင်းမှ ဆင်းသက်လာသည်ဟုဆိုနိုင်ပေသည်။ ။

Current Affairs

7DAY NEWS JOURNAL

Vol.9, No.48 • FEBRUARY 24, 2011

INTERVIEW

# “လျှပ်စစ်အားထုတ်နိုင်တဲ့ပမာဏ များရင်များသလိုပေးသွားမှာပါ”

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်လတ်နှင့် အင်တာဗျူး

**သိမ့်သိမ့်စိုး**

**တစ်နိုင်ငံလုံးကို လက်ရှိပေးနေသော လျှပ်စစ်မဂ္ဂါဝပ်ပမာဏကို ပြောပြပေးစေလိုပါတယ်။**

တစ်နိုင်ငံလုံးကို လက်ရှိပေးနေတဲ့ ပမာဏဆိုရင် တစ်ရက်ကို အများဆုံး ၁၂၂၈ ဒသမ၈မဂ္ဂါဝပ်သုံးပြီးတော့ အနည်းဆုံး ၇၇၀ ဒသမ ၃မဂ္ဂါဝပ်သုံးတယ်ဆိုတော့ ပျမ်းမျှဆိုရင် ၁၀၄၇ ဒသမ ၈ မဂ္ဂါဝပ် သုံးစွဲနေတယ်။

**ရန်ကုန်မြို့ကို ပေးနေသော လျှပ်စစ်မဂ္ဂါဝပ်ကိုလည်း သိလိုပါတယ်။**

ရန်ကုန်က တစ်နိုင်ငံလုံးကို ပေးနေတဲ့နှုန်းရဲ့ တစ်ဝက်နီးပါးကိုသုံးနေတယ်။ အများဆုံးဆိုရင် တစ်ရက်ကို ၅၉၉ဒသမ၃မဂ္ဂါဝပ်သုံးပြီး အနည်းဆုံး ၃၂၇ဒသမ ၁ မဂ္ဂါဝပ်ဆိုတော့ ပျမ်းမျှ ၄၉၆ ဒသမ ၂ မဂ္ဂါဝပ်သုံးနေတယ်။

**ဓာတ်အားဘယ်နမျိုး ရန်ကုန်မြို့သို့လျှပ်စစ်ပေးဝေနေပါသလဲ။**

လက်ရှိ ရန်ကုန်မြို့ကို ရေအားလျှပ်စစ်ရယ်၊ Gas တာဘိုင်က ရတဲ့ ဓာတ်ငွေ့ရယ်၊ ကျောက်မီးသွေးက ရတာရယ်ဆိုတော့ သုံးမျိုးလုံးနဲ့ပေးနေတယ်။

**ဓာတ်အားထုတ်လုပ်မှု တစ်ခုစီမှ ရရှိတဲ့ပမာဏကို ရှင်းပြပေးစေလိုပါတယ်။**

Gas တာဘိုင်ထုတ်တဲ့ ဓာတ်ငွေ့ပမာဏက ၂၇၈ ဒသမ ၄၁ မဂ္ဂါဝပ်၊ ကျောက်မီးသွေးက ၈၀ မဂ္ဂါဝပ်ဆိုတော့ ကျန်တဲ့ ၂၅၀ မဂ္ဂါဝပ်ဝန်းကျင်က ရေအားလျှပ်စစ်က ထုတ်တဲ့ပမာဏပေါ့။

**ယခုနှစ် လျှပ်စစ်မီးပေးဝေမှုကို ဘယ်လိုစီစဉ်ထားပါသလဲ။**

အခုထိတော့ ၂၄ နာရီ မီးပေးတယ်။ အခုချိန်ထိ အလှည့်ကျမီးပေးတဲ့စနစ်ကို လုပ်ဖို့စီစဉ်တာ မရှိသေးဘူး။

**စက်မှုဇုန်များကို လက်ရှိပေးဝေနေသော လျှပ်စစ်ပမာဏကို ပြောပြပေးစေလိုပါတယ်။**

စက်မှုဇုန်တွေကို ပေးတဲ့ပမာဏက အများဆုံးတစ်ရက်ကို ၁၂၃ ဒသမ ၆၁ မဂ္ဂါဝပ်သုံးပြီး၊ အနည်းဆုံး ၅၅ ဒသမ၂ မဂ္ဂဝပ်ဆိုတော့ ပျမ်းမျှ ၇၈ မဂ္ဂါဝပ်သုံးနေတယ်။

**နွေရာသီရောက်ရင် စက်မှုဇုန်များကို မီးဘယ်လိုပေးဝေဖို့ စီစဉ်ထားပါလဲ။**

အခုထိတော့ ဘာမှစီစဉ်တာမရှိသေးဘူး။ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်တဲ့ပမာဏ များရင်များသလို ပေးသွားမှာပါ။

**မီတာခနှုန်းထားတွေ ပြောင်းလဲဖို့ စီစဉ်ထားတာရှိပါသလား။**

မီတာခတွေကတော့ လတ်တလော ပြောင်းဖို့တော့ မရှိသေးဘူး။ အိမ်သုံးဆိုရင် တစ်ယူနစ်ကို ၂၅ ကျပ်၊ စက်မှုသုံး ပါဝါမီတာတစ်ယူနစ်ကို ၅၀ကျပ်နှုန်းယူပါတယ်။

**လက်ရှိအိမ်သုံးမီတာပုံးလျှောက်ရင် ကုန်ကျစရိတ်ကို ပြောပြပေးစေလိုပါတယ်။**

အိမ်သုံးမီတာပုံးအတွက် သွင်းငွေက ၆၀,၀၀၀ ကျပ်၊ အာမခံစပေါ်ငွေအတွက်က ၄၀၀၀၊ ကြိုးဆက်ခ/ ကြိုးကြပ်ခ၅၀၀၀၊ မှတ်ပုံတင်ကြေး ၁၀၀၀ ကုန်ကျမယ်။

**စက်မှုသုံး ပါဝါမီတာလျှောက်မည်ဆိုပါက ဘယ်လောက်ကုန်ပါသလဲ။**

ပါဝါမီတာပုံးအတွက်က ၁၀ကီလိုဆိုရင် ရှစ်သိန်း၊ အာမခံစပေါ်ငွေက ၈၁၅၀၀ကျပ်၊ ၂၀ကီလိုဆိုရင် ဆယ်သိန်း၊ အာမခံစပေါ်ငွေက ၁၅၇၅၀၀ကျပ်၊ ၃၀ကီလိုအတွက်ဆိုရင် ဆယ့်နှစ်သိန်း၊ အာမခံစပေါ်ငွေက ၂၃၂၅၀၀ကျပ်နဲ့ သုံးမျိုးစလုံးအတွက် ကြိုးစာခ ၆၀၀၀ ကျပ်ကုန်မယ်။ မှတ်ပုံတင်ကြေးကလည်း ၂၀၀၀ ကျပ်စီပဲကုန်ကျမယ်။

**လျှပ်စစ်ဓာတ်အားနှင့် ပတ်သက်ပြီး လာမည့် ပါလီမန် ဒီမိုကရေစီခေတ်မှာ ပြုပြင်ပြောင်းလဲရန် စီစဉ်မှုများရှိပါက ပြောကြားပေးစေလိုပါတယ်။**

လျှပ်စစ်နဲ့ပတ်သက်ပြီးတော့ လတ်တလောမှာ ဘာမှပြောင်းလဲဖို့ စီစဉ်ထားတာ မရှိသေးပါဘူး။

ARTICLE




# လုံခြုံလွန်းတဲ့ အင်တာနက်ဆိုင်

**ညီညီဇော်**

အားလပ်ရက် စနေနေ့ရဲ့ နံနက်ခင်း ကိုးနာရီဝန်းကျင်လောက်မှာ အင်တာနက်ဆိုင်တစ်ဆိုင်ကို အသက်၂၀ ဝန်းကျင်လောက်ကောင်လေးတစ်ယောက်နဲ့ ကောင်မလေး တစ်ယောက် ဝင်လာတယ်။

အင်တာနက်ဆိုင်က ကောင်မလေးက ကြိုက်တဲ့စက်ကို ဝင်ထိုင်လို့ပြောတော့ သူတို့နှစ်ယောက် အုတ်နံရံနဲ့ ကပ်နေတဲ့ အစွန်ဆုံးကွန်ပျူတာကို ရွေးထိုင်လိုက်ကြတယ်။ သူတို့ထိုင်ပြီး မကြာခင်ဘဲ ဆိုင်ကောင်တာက ကောင်မလေးက သူတို့ထိုင်နေတဲ့ စက်ရဲ့ဘေးပတ်ပတ်လည်မှာ လိုက်ကာတွေ ချပေးတယ်။ ခြင်ထောင်အစထက်ပိုထူတဲ့ ခန်းဆီးစတွေဟာ ကောင်လေးနဲ့ ကောင်မလေးကို လူမြင်ကွင်းကနေ ခေတ္တခဏ ပျောက်ကွယ်သွားစေခဲ့တယ်။

ထိုအင်တာနက်ဆိုင်အတွင်းမှာ သူတို့လို လူငယ်စုံတွဲများ လာရောက်အသုံးပြုလေ့ရှိတယ်လို့ အဲဒီပတ်ဝန်းကျင်ကရှိတဲ့ လူတွေက ပြောပြကြတယ်။

“အဲဒီဆိုင်ကို လူငယ်တွေ တော်တော်များများ လာကြတယ်။ အပေါ်ထပ်မှာလည်း တံခါးပိတ်လို့ရတဲ့ သီးသန့်ခန်းတွေရှိတော့စုံတွဲတွေလာကြတာပေါ့” လို့ အင်တာနက်ဆိုင်မှာ အင်တာနက်သုံးလေ့ရှိတဲ့ အမျိုးသားတစ်ဦးက ပြောပြတယ်။

အပေါ်ထပ်သီးသန့်ခန်းတွင် သွားရောက်သုံးဖူးသော လူငယ်များ၏ ပြောပြချက်အရ ထိုအခန်းမျိုးမှာ အသင့်အတင့်ကျယ်ဝန်းပြီး ဖက်ခေါင်းအုံးပင် ထားပေးထားတယ်လို့ သိရပါတယ်။

တကယ်တော့အင်တာနက် သုံးတဲ့နေရာမှာ ဖက်ခေါင်းအုံးထားပေးတာ ဘာမှမဆိုင်ဘူးလို့ ထင်တယ်”လို့ အင်တာနက် သုံးစွဲနေသူ အသက်(၂၅)နှစ်အရွယ် လူငယ်တစ်ဦးကပြောပါတယ်။

မန္တလေးမြို့မှာ အင်တာနက်ဆိုင်ဖွင့်ထားတဲ့ အမျိုးသားတစ်ဦးကတော့ “အဲလိုဆိုင်တွေ မန္တလေးမှာ သုံးလေးဆိုင်ရှိတယ်ဗျ။ ကျွန်တော့်ဆိုင်မှာ အဲလိုသီးသန့်ခန်းမျိုး မထားပါဘူး။ ကျွန်တော့်အမြင် ပြောရရင်တော့ မကြိုက်ဘူးဗျာ။ အင်တာနက်သုံးဖို့အတွက်တော့ အဲဒီလောက်သီးသန့်ဖြစ်ဖို့ မလိုဘူးထင်တယ်”လို့ ပြောပြခဲ့တယ်။

သီးသန့်ခန်းရှိတဲ့ ဆိုင်မျိုးမှာသုံးနေကျ အသက် ၁၈အရွယ် လူငယ်တစ်ဦးက “ကျွန်တော် အစက အင်တာနက်မသုံးတတ်ဘူးဗျ။ သူငယ်ချင်းနဲ့ လိုက်သွားရင်း သုံးတတ်လာတာ။ သီးသန့်ခန်းတွေမှာ အများဆုံးသုံးဖြစ်တယ်။ ဘာလို့လဲဆိုတော့ လွတ်လွတ်လပ်လပ် သုံးလို့ရတာကို ကြိုက်လို့ပါ” လို့ပြောပြတယ်။

သီးသန့်ခန်းရှိသော အင်တာနက်ဆိုင်အနီးတွင် လုပ်ငန်းလုပ်ကိုင်နေသော အမျိုးသားတစ်ဦးကလည်း “ဘယ်အချိန်များကိုယ့်ညီမတွေ အဲလိုဆိုင်မျိုးသွားနေမလဲဆိုတာ အမြဲစောင့်ကြည့်နေရတယ်။ လူမမြင် သူမမြင် ခန်းဆီးနောက်မှာ ဘာတွေလုပ်နေမယ်ဆိုတာ ဘယ်သူမှမပြောနိုင်ဘူးလေ”လို့ ပြောပြတယ်။

သီးသန့်ခန်းရှိသောဆိုင်မျိုးမှာ ညစ်ညမ်းဓာတ်ပုံများ၊ ညစ်ညမ်းစာအုပ်များ၊ ညစ်ညမ်း ဗီဒီယိုများကိုလည်း ကွန်ပျူတာထဲမှာ ထည့်သွင်းပေးထားတာကြောင့် အလွယ်တကူ ကြည့်ရှုနိုင်ကြောင်း အဲဒီလိုဆိုင်တွေကိုရောက်ဖူးသူတွေကပြောပါတယ်။

“ကျွန်တော်က အင်တာနက်ဆိုင်သွားရင် ဂျီတော့ခ်သုံးတယ်။ နည်းပညာနဲ့ ပတ်သက်တဲ့ ဝက်ဘ်ဆိုက်တွေ၊ ဘလော့ခ်တွေ ဖတ်တယ်။ သီးသန့်ခန်းဆိုင်သွားရင်တော့ သူတို့တင်ပေးထားတဲ့ ညစ်ညမ်းတဲ့ဟာတွေ ကြည့်မိပါတယ်။ အဲဒါတွေကြည့်နေတာနဲ့ အချိန်တွေကုန်ရော”လို့ ဆိုပါတယ်။

အသက် ၂၃ အရွယ် အမျိုးသမီးတစ်ဦးကတော့ “ညီမက အဲလိုမျိုးတွေမသိဘူး။ ကျောင်းနဲ့ နီးလို့ သွားသုံးကြည့်တာ။ အတွဲတွေတော်တော်များများ လာတာတွေ့ရတယ်။ သူငယ်ချင်းတွေ ပြောပြမှသိရတော့ နောက်မသွားရဲတော့ဘူး”လို့ ပြောပြတယ်။

မန္တလေးတက္ကသိုလ် ပတ်ဝန်းကျင်ဟာ မန္တလေးမြို့ရှိ လူငယ်အများဆုံး စုဝေးရာနေရာဖြစ်ပြီး တက္ကသိုလ်တက်နေတဲ့ ကျောင်းသားကျောင်းသူများရဲ့ အဆောင်များလည်း ဖွင့်လှစ်ထားပါတယ်။

မန္တလေးမြို့မှာ အင်တာနက်ဆိုင်ပေါင်း ၁၄၀ ဝန်းကျင်လောက်ရှိပြီး မန္တလေးတက္ကသိုလ်အနီးနဲ့ ၇၃ လမ်းမတစ်လျှောက်မှာ အများဆုံးဖွင့်လှစ်ထားတယ်လို့ အင်တာနက် ဆိုင်ရှင်တွေပြောပြလို့ သိရပါတယ်။ ။

# ဘဏ္ဍာနှစ်တစ်နှစ်ပြည့်ရန် လပိုင်းအလိုတွင် ရေထွက်ပစ္စည်းတင်ပို့မှု ကန်ဒေါ်လာသန်းငါးရာခန့် ရရှိထား

**သန်းဌေး**

**ရန်ကုန်၊**

**ဖေဖော်ဝါရီ-၁၅**

ယခုဘဏ္ဍာနှစ်၏ ၁၀ လခွဲကာလအတွင်း ရေထွက်ပစ္စည်းပြည်ပတင်ပို့မှုမှ ကန်ဒေါ်လာ သန်း ၅၀၀ နီးပါးရရှိထားပြီးဖြစ်ကြောင်း ငါးလုပ်ငန်း ဦးစီးဌာန ပြည်ပတင်ပို့ကုန်အရည်အသွေးစစ်ဆေးရေးဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“လေကြောင်းလိုင်းက ပို့တာ သိသိသာသာ တိုးတက်လာတယ်။ ကုန်သိုလှောင်ရုံတွေပြီးရင် လတ်လတ်ဆတ်ဆတ်ပို့နိုင်မယ်။ အဲဒီအခါ အစားအစာ ဘေးကင်းလုံခြုံရေးကို နိုင်ငံတကာအဆင့်မီဖို့ လိုလာပါပြီ”ဟု ၎င်းက ပြောသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ထူးခြားစွာ ကဏန်းနှင့်ငါးရှဉ့်အရှင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းလိုင်းဖြင့် တင်ပို့နိုင်ခဲ့ရာ ၂၀၁၀ ဧပြီ ၁ ရက်မှ ၂၀၁၁ ဖေဖော်ဝါရီ ၁၃ ရက်အထိ ကန်ဒေါ်လာ ၁၁ ဒသမ ၉သန်းရရှိထားကြောင်း စာရင်းများအရ သိရှိရသည်။

မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၃၁ သန်း လျာထားသော်လည်း ကန်ဒေါ်လာ ၄ ဒသမ ၆၁၃ သန်းသာ ရရှိထားပြီး သံတွဲနယ်စပ် ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၅သိန်း ရရှိရန် လျာထားသော်လည်း ယနေ့အထိ ဝင်ငွေမရှိသေးကြောင်း စာရင်းဇယားများက ဖော်ပြနေသည်။

၂၀၁၁ ခုနှစ် မတ် ၃၁ ရက် ဘဏ္ဍာနှစ်ကုန်ဆုံးချိန်တွင် စုစုပေါင်း ဝင်ငွေမှာ ကန်ဒေါ်လာ သန်း ၅၀၀ကျော်နိုင်သောကြောင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်က ရရှိခဲ့သော ကန်ဒေါ်လာ ၄၉၆ ဒသမ ၅၉ သန်းထက် ပိုမိုရရှိမည် ဖြစ်သည်။ သို့ရာတွင် ယခုဘဏ္ဍာနှစ်အတွက် လျာထားချက်ကန်ဒေါ်လာသန်း ၇၀၀ ကိုမူ ပြည့်မီမှာ မဟုတ်တော့ကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။ နှစ်စဉ်လျှော့၍ လျာထားပေးသည့်တိုင် ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်ရရှိခဲ့သော ကန်ဒေါ်လာ ၅၆၁ ဒသမ ဝ၂ သန်းစံချိန်ကိုမူ မီနိုင်ခြင်းမရှိသေးကြောင်း သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.9, No.48 • FEBRUARY 24, 2011

မျက်နှာဖုံးမှ

# ဂီရိအလွန် လေးလဒိုင်ယာရီ

သီဟ

**.....အိမ်ကလေး ရှေ့ကွက်လပ်တွင် ကလေးငယ်သုံးဦးနှင့် အမေကြီး တစ်ဦးတို့၏ ထမင်းဝိုင်းမှာလည်း ရွာကလေး၏ ညနေခင်း ထမင်းဝိုင်း များတွင် တစ်ခုအပါအဝင်ဖြစ်သည်။**

သို့သော် သူတို့၏ထမင်းဝိုင်းသည် အခြားသောမြို့နေလူတန်းစားများ၏ ညနေခင်းထမင်းဝိုင်းနှင့် အကွာကြီးကွာလျက်ရှိသည်ကို ထမင်းဝိုင်းက သက်သေပြလျက်ရှိသည်။ ထမင်းဝိုင်း၏ အလယ်ဟင်းလျာနေရာတွင် မည်သည့်ဟင်းခွက်မှ တင်မထားသော ထမင်းပန်းကန်၏ ဘေးတစ်ဖက်တွင်တော့ ငရုတ်သီးခြောက် တစ်ပန်းကန်နှင့် ဆားထုပ်တစ်ထုပ်သာလျှင် သူတို့၏ ညနေစာဟင်းလျာဖြစ်နေတော့သည်။


ရွာထဲရှိ အခြားသောအိမ်များ၏ ထမင်းဝိုင်းများမှာလည်း အလားတူပင်ဖြစ်သကဲ့သို့ အချို့သော ထမင်းဝိုင်းများတွင်သာ ရွှေဖရုံသီးဟင်းအရည်သောက်တစ်ခွက်တင်ထားသည်ကို တွေ့ရမည်ဖြစ်သည်။

အဆိုပါဟင်းလျာများနှင့် တွဲဖက်စားသောက်ရသည့် ၎င်းတို့၏အဓိကစားသောက်ဖွယ်ရာဖြစ်သော ထမင်းမှာလည်း အနီရောင်ဆန်အကျိုးများနှင့်ချက်ထားသည့် ထွေးလုံးနေသော ထမင်းဟုအမည်တွင်ရုံမျှသာရှိသည့် ထမင်းကိုပင်အားထား၍ စားသုံးနေကြခြင်းဖြစ်သည်။

ထိုကဲ့သို့ အရောင်အဆင်းရှိသည့် ထမင်းစားရသည်ကိုပင် ထိုသူတို့အတွက် တော်သေးသည်ဟုဆိုရမည်။ ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ၂၂ရက်တွင် တိုက်ခတ်ခဲ့သည့် ဂီရိမုန်တိုင်းမှ လက်ကျန် ဆန်ကလေးများကို မျိုးစပါးလုပ်ကာ ပြန်လည်စိုက်ပျိုးခြင်းမှရရှိသည့်ထမင်းကို စားနေရသည်။ ရွာကလေးမှာ ဂီရိဒဏ်ခံ ရွာကလေးတစ်ရွာဖြစ်သည့် ရခိုင်ပြည်နယ် မြေပုံမြို့နယ်အတွင်းရှိ ဆင်ကျပ်ရွာပင်ဖြစ်သည်။



ဂီရိအလွန် လေးလအကြာ ငရှီချိုင်ရွာမြင်ကွင်း။
ဓာတ်ပုံ - သီဟ



ဆင်ကျပ်ရွာရှိ ဒေသခံအချို့စားသုံးနေရသောဆန်နှင့်ထမင်း။



မုန်တိုင်းအပြီးနေထိုင်ကြရသည့်ဒေသခံများနေအိမ်အချို့။

မုန်တိုင်းတိုက်ခတ်ပြီးနောက် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များနှင့် ထောက်ပံ့ရေးအဖွဲ့များက မုန်တိုင်းဒဏ်ခံရသော ဒေသများအား ကူညီထောက်ပံ့မှုများ ပြုလုပ်ခဲ့သော်လည်း ရခိုင်ပြည်နယ်အတွင်းရှိ ဒေသများသည် သွားရေးလာရေးတွင် ရေလမ်းခရီးကိုသာ အဓိကထားသွားလာနေရသဖြင့် ထောက်ပံ့မှုပစ္စည်းများ အချိန်မီရောက်ရှိနိုင်ရန် သက်ဆိုင်ရာအဖွဲ့များမှလည်း ကြိုးစားရကြောင်း ရွာသားများ၏ ပြောပြချက်အရ သိရသည်။

ရခိုင်ပြည်နယ်အတွင်းရှိ ဂီရိဒဏ်ခံရသော ရွာများသည် ရေလုပ်ငန်းကို အဓိကစီးပွားရေးသဖွယ် လုပ်ကိုင်သောရွာများနှင့် လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်သောရွာများဖြစ်ကြရာ လယ်ယာလုပ်ငန်း အဓိကလုပ်ကိုင်သောရွာများတွင် လယ်ကွင်းများအတွင်းသို့ ဆားငန်ရေများ ဝင်ရောက်သွားခြင်းနှင့် မုန်တိုင်း၏ ဖျက်စီးမှုကြောင့် စပါးခင်းများ ပျက်ဆီးသွားခဲ့သဖြင့် ယခုအချိန်တွင် လတ်တလောစားသောက်ရေးအတွက် ဆန်အခက်အခဲနှင့် ရင်ဆိုင်နေကြရလျက်ရှိကြောင်း သိရသည်။

ထောက်ပံ့သည့် အဖွဲ့အစည်းများမှ ဆန်ထောက်ပံ့မှုများရှိသော်လည်း အလျှင်မီအောင် ထောက်ပံ့နိုင်ခြင်းမရှိသည့်အတွက် အထက်ပါ မြင်ကွင်းအတိုင်း ထမင်းစားသုံးနေရခြင်းပင်ဖြစ်သည်။

လယ်ယာလုပ်ငန်းအဓိကလုပ်ကိုင်သည့် ရွာများတွင် လတ်တလောလိုအပ်ချက်မှာ စားစရာဆန်ဖြစ်သကဲ့သို့ ရေရှည် စီးပွားရေးပြန်လည်ထူထောင်ရန်အတွက် မျိုးစပါးလည်းလိုအပ်လျက်ရှိသည်ဟု ဒေသခံများ၏ ပြောပြချက်အရသိရသည်။

ထို့အပြင်လယ်ကွင်းများပြန်လည်ပြုပြင်ရန်နှင့် ကျိုးပေါက်သွားသည့်ရေငန်တား တာတမံ






များ ပြန်လည်ပြုပြင်ရန်အတွက် နည်းပညာနှင့် အကူအညီများလည်း လိုအပ်လျက်ရှိနေသေးသည်။

"မုန်တိုင်းပြီးနောက်ပိုင်းမှာတော့ ထောက်ပံ့မှုအနေနဲ့ ဆန်နှစ်ခါရပြီးပါပြီ၊အိုးခွက်တွေလည်း ရသင့်သလောက်တော့ရပြီးပါပြီ။ ကြက်ခြေနီကပေးတဲ့ တာပေါ်လင်(ကန်စ)တွေလည်းရပါတယ်" ဟု ဆင်ကျပ်ရွာမှ ရွာသားတစ်ဦးက မုန်တိုင်းပြီးခြောက်လခန့်အကြာတွင် ပြောကြားသည်။

အလားတူ မုန်တိုင်းဒဏ်ခံရသည့် အခြားရွာတစ်ရွာဖြစ်သော ပေါက်တောမြို့နယ်အတွင်းရှိ ငရှီချိုင်ရွာကလေးသည်လည်း တံငါလုပ်ငန်းကို အဓိကထားလုပ်ကိုင်သည့် ရွာကလေးတစ်ရွာဖြစ်သဖြင့် အဆိုပါ ရွာကလေး၏ အဓိကလိုအပ်ချက်မှာမူ လယ်ယာလုပ်ငန်းအဓိကထားလုပ်ကိုင်သည့် ဆင်ကျပ်ကဲ့သို့သော ရွာများနှင့်မတူဘဲတစ်မူကွဲပြားလျက်ရှိသည်။

သူတို့၏ အဓိကလိုအပ်ချက်မှာ ရေလုပ်ငန်းလုပ်ကိုင်ရန်အတွက် စက်လှေများနှင့် ငါးဖမ်းပိုက်များဖြစ်ပြီး အဆိုပါပစ္စည်းများ ရရှိပါက သူတို့၏ စီးပွားရေးအား ပုံမှန်အတိုင်းပြန်လည် လည်ပတ်နိုင်ရန် တစ်မိုးခန့်သာ အချိန်ယူရမည်ဖြစ်ကြောင်း ငရှီချိုင်ရွာသားများကပြောသည်။

ငရှီချိုင်ရွာသည်လည်း ဂီရိဒဏ်ခံရသဖြင့် ရွာရှိ အိမ်ကြီးအိမ်ကောင်းများပါမကျန် ပြိုကျပျက်စီးခဲ့ရသောရွာတစ်ရွာဖြစ်ပြီး အဆိုပါ ရွာတွင်မူ မုန်တိုင်းအတွင်းကသေဆုံးသူ သုံးဦးရှိခဲ့သည်ဟု သိရသည်။ အဆိုပါရွာသည် ယခင်က ရေလုပ်ငန်းကောင်းမွန်သည့် ရွာတစ်ရွာဖြစ်ပြီး စီးပွားရေးလည်း အတန်အသင့် ကောင်းမွန်ခဲ့ကြောင်း သိရသည်။

စီးပွားရေး ကောင်းမွန်ခဲ့သည်ဖြစ်စေ၊ရေလုပ်ငန်းဖြင့် အသက်မွေးသည်ဖြစ်စေ၊ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးသည်ဖြစ်စေ မုန်တိုင်းကမည်သူကိုမျှ မထောက်ထားဘဲ မွှေနှောက်ဖျက်ဆီးခဲ့သဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ပေါက်တော၊မြေပုံ၊မင်းပြားနှင့် ကျောက်ဖြူ မြို့နယ်များရှိကျေးရွာများပျက်စီးခဲ့ရခြင်းဖြစ်ပေသည်။

ထို့အပြင် ပိုမိုဆိုးဝါးစေသည့် အချက်တစ်ခုမှာ ဂီရိက စိတ်ကြိုက်ခြေမွှပြီးသွား၍ နာလန်မထူနိုင်သေးမီ လေနီကြမ်းတစ်ခု ထပ်မံဝင်ရောက်ခဲ့သဖြင့် အချို့သောရွာများမှာ ယခုအချိန်အထိ ပြန်လည်နာလန်ထူနိုင်ရန် အတော်ပင် ကြိုးပမ်းကြရပေဦးမည်ဖြစ်သည်။

# အာဆီယံခရီးသွားနှစ်အတွက် ဟိုတယ်အခန်း အရေအတွက်ကောက်ယူခြင်းဖြင့် စတင်ပြင်ဆင်

**အိဖြူမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၁**

ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားရှိသော ဟိုတယ်အရေအတွက် စာရင်းကောက်ယူခြင်းကို အဖွဲ့သုံးဖွဲ့ခွဲပြီး ယခုလနောက်ဆုံးပတ်မှ စတင်ကောက်ယူမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း(ရန်ကုန်)မှ ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်းကပြောသည်။

ဟိုတယ်အရေအတွက် စာရင်းကောက်ယူခြင်းကို မတ်လကုန်ထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ စာရင်း ကောက်ယူခြင်းမှာ ၂၀၁၅ အာဆီယံခရီးသွားနှစ်ကိုရည်ရွယ်၍ ကြိုတင်ပြင်ဆင်ခြင်းဖြစ်သည့်အပြင် ဟိုတယ်လိုင်စင် လျှောက်ထားပြီး အမှန်တကယ် ဟိုတယ်ဖွင့်လှစ်ထားခြင်း ရှိမရှိနှင့် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းတွင် ပါဝင်မှုရှိမရှိကိုပါ စစ်ဆေးကောက်ယူမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

"၂၀၁၅ အာဆီယံခရီးသွားနှစ်မှာ အဆင်ပြေအောင် ကြိုတင်ပြင်ဆင်တာလည်းပါတယ်။ ဟိုတယ်လုပ်ငန်းတွေ အဆင့်တန်းမြင့်မားဖို့အတွက် လုပ်တာလည်းပါပါတယ်။ ဟိုတယ်အခန်းအရေအတွက်ကိုလည်း အတိအကျသိချင်တယ်။ အဲဒါမှ ခရီးသည်တွေအတွက် ကြိုတင်ပြင်ဆင်လို့ရပါတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ရန်ကုန်မြို့တွင် လုပ်ငန်းရှင်ရှစ်ဦးပါ တစ်ဖွဲ့နှင့် သုံးဖွဲ့ ဖွဲ့စည်းမည်ဖြစ်သည်။ အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်၊ ဦးခင်မောင်ပြုံး၊ ဦးတင်ဝင်းတို့အဖွဲ့များက သက်ဆိုင်ရာ မြို့နယ်ရပ်ကွက်အလိုက် ဖွင့်လှစ်ထားသော ဟိုတယ်များကို ကောက်ယူမည်ဖြစ်ကြောင်းသိရှိရသည်။

ဟိုတယ်များကို စာရင်းကောက်ယူရာ၌ နိုင်ငံခြားသားများပါသော ဟိုတယ်လုပ်ငန်းများ ပါဝင်မည် မဟုတ်ကြောင်း၊ စာရင်းစစ်ဆေးခြင်းဖြင့် ဟိုတယ်လျှောက်ထားပြီး ဟိုတယ်ဖွင့်လှစ်ဆောက်လုပ်ရန် လိုင်စင်ရရှိရေးအတွက် ကူညီမည်ဖြစ်ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံတွင် ဟိုတယ်လိုင်စင်ရှိထားသော အရေအတွက် ၁၆၀ရှိပြီး၊ အသင်းဝင်သူ ဟိုတယ်လုပ်ငန်းပေါင်း ၁၅၀ သာရှိပြီး၊ ဟိုတယ် အခန်းပေါင်း ၆၇၀၀ရှိသည်ဟု အထက်ပါအသင်းမှသိရှိရသည်။

# ရက်ပိုင်းအတွင်း မြေငလျင် သုံးကြိမ်ဆက်တိုက်လှုပ်

**အိဖြူမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၄**

ဖေဖော်ဝါရီ ၄ ရက်က လှုပ်ခတ်ခဲ့သော ပြင်းထန်သည့် မြေငလျင်အပြီး မြေငလျင်လှုပ်ခတ်မှုများ ဆက်တိုက်ဖြစ်ပေါ်လျက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ စုံစမ်းသိရှိရသည်။

အင်အားပြင်းထန်သော မြေငလျင်သည် ယခု ၄ရက်မနက်ပိုင်းတွင် တမူးမြို့အရှေ့ မြောက်ဘက် ၃၅မိုင်ခန့်အကွာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ဒသမ ၄အဆင့်နှင့်လှုပ်ခတ်ခဲ့သည်။ ယင်းလှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ မရှိခဲ့သော်လည်း အင်အားအနည်းငယ်ရှိ မြေငလျင်များ မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၁၀၀နှင့် မြောက်ဘက်မိုင် ၂၉၀၊ မြစ်ကြီးနားမြို့၏ အနောက်မြောက်ဘက်မိုင် ၉၀ခန့်အကွာတွင် ယခုလ၁၃ရက်နှင့် ၁၅ရက်များကလှုပ်ခတ်ခဲ့သည်။ လှုပ်ခတ်သော မြေငလျင်များ၏ အင်အားရစ်ချ်တာစကေးသည် ၄ဒသမ၄နှင့် ၄ ဒသမ ၈အဆင့်ရှိသည့် အင်အားဖြစ်သည်။ ယင်းအဆင့် ၄သည် အင်အားအနည်းငယ်သာရှိ၍ ဗဟိုပြုရာ ဒေသနှင့် အနီးဆုံးရှိသော ပြည်နယ်ရှိဒေသခံအချို့ သိရှိမှုနည်းပါးခဲ့သည်။

"ဖြည်းဖြည်းလေး လှုပ်တာပါ။ စက္ကန့်ပိုင်းလောက်ပဲ လှုပ်လိုက်တာ။ တချို့လူတွေဆိုရင် သိတောင်မသိလိုက်ဘူး"ဟု ဖေဖော်ဝါရီ ၁၅ရက်တွင် လှုပ်ခတ်ခဲ့သော မြေငလျင်နှင့်ပတ်သက်၍ ကချင်ပြည်နယ်မိုးညှင်းခရိုင်မှ ဒေသခံတစ်ဦးကပြောသည်။ အင်အားအနည်းငယ်ရှိသော မြေငလျင်များသည် တစ်နှစ်လျှင် နှစ်ကြိမ်မှ သုံးကြိမ်အထိ လှုပ်ခတ်လျက်ရှိကြောင်း အင်အားရစ်ချ်တာစကေးအဆင့် ၅ကျော်မှသာ စိုးရိမ်ဖွယ်ရှိပြီး အင်အားအဆင့် ၄သည် စိုးရိမ်ဖွယ် မရှိကြောင်း မြေငလျင်ဆိုင်ရာကျွမ်းကျင်သူတစ်ဦးကပြောသည်။



7 DAY NEWS JOURNAL
Vol.9, No.48 • FEBRUARY 24, 2011



# ကြေးမုံ ရောင်ပြန်

ထက်ကျော်

လူတွေဟာ ကမ္ဘာဦးစကတည်းက အလင်းရောင်ကို တမ်းတခဲ့ကြတယ်။ အလင်းရောင်က သူတို့ရဲ့ဘဝကို ရွှင်လန်းတက်ကြွအောင်၊ ရဲရင့်အောင် ဖန်တီးပေးနိုင်ပြီး အမှောင်ထုကတော့ ထိတ်လန့်ကြောက်ရွံ့စရာ၊ အားငယ်စိတ်ပျက်စရာတွေကို သယ်ဆောင်လာတတ်တယ်လို့ ယုံကြည်ကြတယ်။ ဒ့ါကြောင့်လည်းနေ့ဘက်အလင်းရောင်အောက်မှာလှုပ်ရှားသွားလာအစာရှာကြပြီး ညဘက်ရောက်တော့ အိပ်စက်နားနေကြတာပဲဖြစ်ပါတယ်။

ဒီလိုအလင်းရောင်ကို မက်မောကြတဲ့လူသားတွေဟာ တကယ်လို့များ အမှောင်ထုထဲမှာ အလင်းရောင်တစ်စကို ရခဲ့ပြီဆိုရင် သူတို့အတွက် ကြောက်ရွံ့ထိတ်လန့်စရာတွေ ပျောက်ပြယ်သွားကြလိမ့်မယ်လို့ ယုံကြည်ကြတယ်။ ဒါကြောင့်အမှောင်ကို ခွင်းမယ့်အလင်းရောင်ကို ရှာဖွေခဲ့ကြဖူးပါတယ်။ နောက်တော့သူတို့တစ်တွေမီးကို အကျိုးအကြောင်း အမျိုးမျိုးနဲ့ တွေ့ရှိသွားကြတယ်။ မီးကြောင့် အမှောင်ထဲမှာ အနေရဲလာကြသလို မီးကြောင့်ကြောက်ရွံ့ထိတ်လန့်စရာတွေကို မောင်းထုတ်နိုင်ရုံမက မီးရဲ့ကျေးဇူးကြောင့်ပဲ အသားစိမ်းတွေစားခဲ့ကြရတဲ့ ဘဝကနေပြီး ကင်၊ ဖုတ်ကြော်လှော်စားတတ်လာကြပါတယ်။ ဒ့ါကြောင့် မီးဆိုတဲ့အလင်းရောင်ဟာ တကယ့်ကျေးဇူးရှင်၊ ဧရာမစွမ်းအားရှင်၊ ကြောက်ရွံ့ကိုးကွယ်စရာ တန်ဖိုးရှင်အဖြစ် လွဲမှားစွာ မြင်လာကြရုံမက မီးကိုကိုးကွယ်ခဲ့တဲ့ ကာလအပိုင်းအခြားတစ်ခုတောင် ရှိခဲ့ဖူးတယ်လို့ ဆိုပါတယ်။

ဒါပေမဲ့ မီးဆိုတာ အသုံးတည့်အောင် သုံးတတ်ရင်အမှန်တကယ်ပဲ အကျိုးရှိတတ်ပေမယ့် အသုံးတည့်အောင် မသုံးတတ်ရင်ဖြင့် အန္တရာယ်များတတ်ပါတယ်။ ဒါကို သိလာကြတဲ့အခါ မီးအပြင် တခြားတခြားအလင်းရောင်ရနိုင်စရာ အလင်းတွေကို ရှာလာခဲ့ကြတယ်။ ကညင်ဆီနဲ့ ဆီမီးလုပ်ပြီး မီးထွန်းတတ်လာတယ်။ ဖယောင်းတိုင်မီး၊ မီးခွက်မီး၊ မီးအိမ်မီးတွေကို တီထွင်ပြီး သုံးတတ်လာကြတယ်။ ဒီကတစ်ဆင့် ဒီဘက်ခေတ်ရောက်တော့ လျှပ်စစ်မီးပေါ့လေ။ အခုတော့ လည်းဇီဝဘက်ထရီဆိုတာတွေအထိသုံးလာကြတာလည်း အားလုံးအသိပါ။

ဒီလို နိဒါန်းပျိုးပြနေတာက ဟိုမီး ဒီမီး ဘာမီးညာမီးတွေအကြောင်း ဋီကာချဲ့ပြချင်လို့မဟုတ်ပါဘူး။ လျှပ်စစ်နဲ့လောကနိဗ္ဗာန်တည်ဆောက်မှာကလည်း ကိုယ့်အလုပ်မဟုတ်ပါဘူး။ ဒါဟာ ခပ်ဝေးဝေး မှုန်ပျပျနေရာမှာ ရှိသေးတဲ့ကိစ္စမို့ စိတ်ဝင်စားမှုလည်းမရှိပါဘူး။ အဓိကပြောချင်တာက အလင်းရောင်ကို လူတွေသမိုင်းတစ်လျှောက်လုံး မက်မက်မောမောရှိခဲ့ကြတယ်။ အလင်းရောင်နဲ့ မိမိဘဝကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်ချင်ကြတယ်။ တည်ဆောက်နိုင်အောင်လည်း ကြိုးစားနေကြတယ်ဆိုတာကို ပြောချင်တာပါ။

အလင်းရောင်ဆိုရာမှာလည်း သာမန်အလင်းရောင် ရှိသလို ပညာဉာဏ်အလင်းရောင်၊ ဘဝအလင်းရောင်ဆိုတာတွေကို အဓိကပြောပြချင်တာ ဖြစ်ပါတယ်။ အဲဒီအလင်းရောင်ဆိုတာတွေထဲမှာ ဘဝအလင်းရောင်ဆိုတာကလည်း အရေးပါဆုံးပဲဖြစ်ပါလိမ့်မယ်။ ဒီအလင်းရောင်ကိုလည်း သာမန်အလင်းရောင်ထက် လူတွေကပိုပြီး အလေးထားတတ်ကြတယ်။

ဖယောင်းတိုင်ပဲ ဆိုပါတော့။ အဲဒီဖယောင်းတိုင်ဟာ အမှောင်ကိုခွင်းပြီး အလင်းရစေဖို့ အများသူငါတွေ အလင်းရောင်ရစေဖို့အတွက်သူ့ဘဝကို အလောင်မြိုက်ခံ အဆုံးရှုံးခံသွားလေ့ရှိတယ်။ အများအတွက် ဘဝကိုစတေးခံသွားတဲ့သဘောပါ။ ဒါဟာလေးစားအားကျစရာကောင်းပါတယ်။ ဂုဏ်ယူစရာလည်း ဖြစ်ပါတယ်။

ဒါပေမဲ့ လူတိုင်းလူတိုင်းဟာဖယောင်းတိုင်းတွေ မဟုတ်ကြဘူး။ မတူညီတဲ့ အခြေအနေအချက်အလက်တွေအောက်မှာ ကိုယ်ပိုင်အလင်းရောင်နဲ့လောက ကိုလင်းလက်လှပအောင်လုပ်ချင်မှ လုပ်နိုင်ပေလိမ့်မယ်။ ဒီလိုမတူတဲ့ အနေအထားတွေအောက်မှာ လူတိုင်းကို ဖယောင်းတိုင်အဖြစ် တောင်းဆိုမရနိုင်တာကို အများစု လက်ခံသဘောပေါက်နိုင်ကြပါတယ်။

ဒီနေရာမှာ ကိုယ့်ရဲ့ ကိုယ်ပိုင်အလင်းရောင်နဲ့ လောကကို အလှမဆင်နိုင်ပေမယ့် တစ်ပါးသူရဲ့ အလင်းရောင်ကို ပိုမိုလင်းလက်တောက်ပပြီး ပိုမိုအားကောင်းလာအောင်တော့ လုပ်ပေးလို့ရနိုင်တဲ့သူတွေရှိပါတယ်။ သူတို့ဟာ ကိုယ်ပိုင်အလင်းရောင်မရှိပါဘူး။ ဒါပေမဲ့ အလင်းပြန်ပေးနိုင်တဲ့ သတ္တိချင်းရာတွေရှိနေတာကြောင့် အလင်းရဲ့ အရှိန်အဝါပိုမိုကြီးမားကျယ်ပြန့်လာအောင် လုပ်ပေးနိုင်တာအမှန်ပါ။

တခြားမကြည့်ပါနဲ့။ အလင်းပြန်နိုင်တဲ့ အရာတွေထဲက ကြေးမုံမှန်ပြင်ကိုကြည့်ပါ။ သူ့မှာ အလင်းရောင်ပေးနိုင်တဲ့ အစွမ်းမရှိပါဘူး။ ဒါပေမဲ့ တစ်ပါးသူရဲ့ အလင်းရောင်ကိုတော့ ပိုမိုကျယ်ပြန့်အောင် လုပ်ပေးနိုင်ပါတယ်။ ဒီတော့ အလင်းပေးသူကို အထောက်အကူပြုပေးတဲ့ အလင်းဖြန့်သူအဖြစ် သတ်မှတ်နားလည်ယူနိုင်ပါတယ်။ တကယ်တော့ အလင်းပေးသူကို ကျေးဇူးတင်ဖို့လိုသလို အလင်းဖြန့်တဲ့သူကိုလည်း မေ့ထားလို့မရပြန်ဘူး။

ကျွန်တော်တို့ဟာ လူ့ဘဝမှာရှင်သန်ရပ်တည်ကြတဲ့အခါ အလင်းပေးသူတွေဖြစ်အောင် ကြိုးစားသင့်တယ်။ ကိုယ့်မှာ အဲဒီလို အရည်အချင်းအားနည်းနေတယ်ဆိုရင်တော့ ဒုတိယရွေးချယ်မှုအနေနဲ့ အလင်းဖြန့်သူတွေလောက်တော့ဖြစ်အောင် ကြိုးစားသင့်ကြတယ်။ မှန်ကန်ကောင်းမွန်မှုတွေကိုကျယ်ကျယ်ပြန့်ပြန့် ဖြစ်သွားအောင် ဆောင်ရွက်ပေးနိုင်စွမ်း ရှိတဲ့အလင်းဖြန့်သူရဲ့ အခန်းကဏ္ဍကလည်း သေးတာမှ မဟုတ်တာ။ သူက အမှောင်ထုကို တစ်စုံတစ်ရာဖယ်ရှားပစ်နိုင်တယ်မဟုတ်လား။

ကြေးမုံ အလင်းရောင်ကို ဥပမာပေးပြီး အလင်းဖြန့်သူတွေရဲ့သဘောသဘာဝကို ဥပမာထားပြောပြနေပေမယ့် လူ့လောကမှာ ကြေးမုံရောင်ပြန်လို အလင်းပြန်တဲ့အရာတွေလည်း ထုနဲ့ထည်နဲ့ မလွဲမသွေရှိနေတတ်ပါတယ်။ သူတို့ဟာ အသွင်သဏ္ဌာန်အမျိုးမျိုးထောင့်အသီးသီးမှာ ရှိနေကြတာလည်းအမှန်ပါပဲ။ သူတို့ဟာအမှောင်ရဲ့အားကောင်းမှုကို အလင်းရောင်က အားနည်းစွာနဲ့ ဖယ်ရှားနေရတဲ့အချိန်မျိုးမှာ ရှိနေတဲ့အလင်းရောင် ပိုမိုအားကောင်းသန်မာစေဖို့ အထောက်အကူ ပေးတတ်ပါတယ်။

သူတို့ဟာ လောကကြီးအမှောင်ထုကို အန်တုဖက်ပြိုင်နေသူများအဖြစ်လည်း မြင်နိုင်ကြပါတယ်။ တချို့က သူတို့ကို မြင်သိကြ၊ ခံစားနားလည်ကြပေမယ့် တချို့ကတော့ နားလည်ရခက်နေမှာအမှန်ပါပဲ။ ဒါဟာ ကာယကံရှင်များရဲ့ မြင်မှု၊ သိမှု၊ ခံစားနားလည်နိုင်မှုအပြင် ရပ်တည်မှုနဲ့လည်း ဆိုင်ပါလိမ့်မယ်။ ရပ်တည်မှုတစ်ခုပေါ်မှာ ပြင်းပြစွာအသက်ရှင်နေတဲ့သူတွေဟာ ကြေးမုံရောင်ပြန်တွေဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ် ကြေးမုံရောင်ပြန်တွေကို နားလည်နိုင်တဲ့သူတွေပဲဖြစ်ပါလိမ့်မယ်။

လောကကြီးတစ်ခုလုံးကို နေရဲ့ အလင်းရောင်အောက်မှာ တောက်ပစေချင်တယ်။ စိမ်းလန်းတဲ့ကမ္ဘာ၊ နေချင်စဖွယ်ကမ္ဘာကြီး ဖြစ်စေချင်တယ်။ အမှောင်ဆိုတာ ကြောက်စရာဖြစ်တယ်ဆိုတာ ကျွန်တော်တို့ရဲ့ ဘိုးဘေးဘီဘင်တွေကအစသိခဲ့ကြတယ်။ အမှောင်ထဲက ထွက်နိုင်အောင်လည်း စဉ်ဆက်မပြတ် သူတို့ကြိုးစားခဲ့ကြတယ်။ အမှောင်ထဲမှာ ရပ်တည်အသက်ရှင်ရတာလောက် မပြည့်စုံတာမျိုး တခြားရှိမယ်မထင်ပါဘူး။

တကယ့်တော့ လူတိုင်းလူတိုင်းဟာ အလင်းရောင်ရရှိရေးအတွက် ရှာဖွေစွန့်စားတဲ့သူတွေ၊ ဒါမှမဟုတ် ထူးချွန်ထက်မြက်တဲ့ အလင်းရောင်ပေးသူတွေအထိ ဖြစ်စေချင်တယ်။ တကယ်လို့များ ကိုယ်ကိုယ်တိုင်က အလင်းရောင် မပေးစွမ်းနိုင်ခဲ့ရင်တောင်မှ "ကြေးမုံမှန်ပြင်" လို့ အလင်းပြန်ပေးတဲ့ အဆင့်လောက်တော့ မဖြစ်မနေ အားထုတ်သင့်ကြပါတယ်။ ဒီကိစ္စတွေဟာ ကိုယ်နဲ့မဆိုင်ဘူးဆိုတဲ့ အသိမှား၊ အမြင်မှားနဲ့လူတွေသာ များနေရင် ကျွန်တော်တို့တစ်တွေ အမှောင်ရဲ့ ဖုံးလွှမ်းမှုကနေ လွတ်နိုင်မှာ မဟုတ်ဘူး၊ သေချာလွန်းတဲ့ ဒီကိစ္စကို အားလုံးနားလည်စေချင်တယ်။

ဖယောင်းတိုင်လား၊
ကြေးမုံရောင်ပြန်လား၊
ခင်ဗျားရွေးသင့်ပြီ . . .။ ။

ZENITH
AIR-CON SERVICE
15.3.2011 ထိ
ZENITH (၁၀) နှစ်ပြည့် ... SHOW ROOM ...
FREE INSTALLATION & FREE SERVICING
Zenith မှ ... Air-con ... Free Installation & Free Servicing Card
Zenith နှင့် Servicing (5) ... Free Servicing (5) Cards
Contract Service ... Discount ...
ZENITH AIR-CON SHOW ROOM & SERVICE CENTRE
Bld B-3, Room No-4, Malikha Shopping Complex, Yadanar Road, Thingangyun Township

Nice Fare
... 500 USD ... 1200 USD ... 1670 USD ... 2000 USD ... 650 USD
Nice Fare Travel Co.,Ltd.

Boston
Everyone can speak English now!
English Language Academy
(2011 Summer program)
❋Pre-School (Age/3-5)
❋Young Learners (Age/6-14)
❋Basic English (Over 16)
Mon - Fri
Sat - Sun

ESWL ...
USG ...
(24 hr service)

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.9, No.48 • FEBRUARY 24, 2011

# အရောင်စုံလင်သောကိုယ်ချင်းစာတရားများ

နဝရတ်(ဂုဏ်၊ ရူပ)



ကျွန်မဆိုင်သည် ကုန်ဈေးတန်းအရှေ့ဘက်လူစည်ကားရာ အရပ်တွင် တည်ရှိသောကြောင့် ဆိုင်၏ကောင်တာပေါ်မှ ထိုင်နေလျှင် ဘဝပေါင်းများစွာကို မြင်တွေ့နေရတတ်သည်။ တစ်ဝမ်းတစ်ခါးအတွက် ကုန်ထမ်းသမားများ၊ ကုန်တင်၊ ကုန်ချကားသမားများ၏ ဘဝများ၊ ဈေးဗန်းခေါင်းရွက်ရောင်းချနေကြသော လမ်းဘေးဈေးသည်လေးများ စသည်ဖြင့်ရုန်းကန်နေကြသောဘဝများစွာကို တွေ့ရတတ်ပေသည်။

သို့သော် အချို့သော လူတန်းစားများသည် ကိုယ်တိုင်လည်း ဝမ်းရေးအတွက် ပင်ပန်းစွာ ရှာစားနေရသည်။ အခြား ရှာစားနေရသော သူများအပေါ်တွင်လည်း ကိုယ်ချင်းစာတရား ခေါင်းပါးနေကြသည်ကို မြင်တွေ့ရဖန်များလာသောအခါ ပြဟ္မစိုရ်တရားဟူသော စကားစုက ခေါင်းထဲသို့ရောက်လာရပေသည်။ ကျွန်မတို့နေထိုင်ရာ ကမ္ဘာကြီးသည် မိသားစုပေါင်းများစွာနှင့် ဖွဲ့စည်းထားသော ကလပ်စည်းကြီးတစ်ခုအဖြစ် ကျွန်မမြင်ပါသည်။ မိသားစုများကြားတွင် ကိုယ်ချင်းစာတရားကို ကြိုးတစ်ခုအဖြစ် တည်ကာချည်ထားကြသည်။ မိခင်ပင်ပန်းမည်စိုးခြင်း၊ ဖခင်ပင်ပန်းမည်စိုးခြင်း၊ သားသမီး ပင်ပန်းမည်စိုးခြင်းဆိုသည့် ကြောင့်ကျစိတ်နှင့် တစ်ဦးကိုတစ်ဦး ညှာတာကာ ဖွဲ့တည်ထားရသည်။ ထိုမိသားစုစိတ်မျိုးကို မိမိနေထိုင်ရာပတ်ဝန်းကျင်တွင် အနည်းငယ်မွေးမြူကြမည်ဆိုပါလျှင် ကိုယ်ချင်းစာတရားရှိသူတစ်ဦးအဖြစ် လောကအလယ်တွင် ရပ်တည်နိုင်ပေမည်။ ကိုယ်ကျိုးစွန့်ကာ အနစ်နာခံရမည်ဟု မပြောလိုပေ။ ကိုယ်ချင်းစာစိတ် အနည်းငယ်သာ ထားရှိရုံနှင့် မိမိဘဝတွင် သာယာသော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးနိုင်သူဖြစ်ပေမည်ဟု ဆိုလိုချင်ပါသည်။

ကျွန်မကိုယ်တိုင် ကြုံဖူး၊ မြင်ဖူးသော ကိုယ်ချင်းစာတရား ကင်းမဲ့သော အပြုအမူ၊ အပြောအဆိုများကို ပတ်ဝန်းကျင်တွင် အမြဲတမ်းတွေ့ရတတ်ပါသည်။ ထိုအခါမျိုးတွင် စိတ်မချမ်းမြေ့မှုနှင့်အတူ အမြဲတမ်းခေါင်းခဲသွားရသည်။ လောကကြီးတွင် ကိုယ်ချင်းစာတရားကင်းမဲ့သော လူတန်းစားများကြောင့် ခေါင်းခဲရသူ အဘယ်မျှများပြားနေလေပြီနည်းဆိုသော အတွေးတစ်စကို ကျွန်မရမိသည်။ ထိုအခါ ကျွန်မပတ်ဝန်းကျင်မှ အကြောင်းအရာ အတော်များများကို ကျွန်မတွေ့လာခဲ့ရသည်။

ကျွန်မ၏ ဆိုင်ဘေးတွင် မြေကွက်လပ်တစ်ခုရှိသည်။ ဆိုင်ခန်းသစ်မဆောက်လုပ်ရသေးမီ အုတ်၊ သဲများကို ယာယီပုံထားသဖြင့် ရှေ့မျက်နှာစာက လစ်လပ်နေသည်။ တောနယ်ဘက်မှ ကားငယ်များကလည်း ဈေးနားနီးသောကြောင့် ဂိတ်ထိုးကာလူတင်ရန် ခေတ္တခဏ စောင့်ဆိုင်းနေတတ်ကြသည်။ သုံးဘီးဆိုင်ကယ်များ၊ မြင်းလှည်းများက လူစီးစောင့်ရန် ခုံကလေးများနှင့် စတည်းချတတ်သည်။ ကားပေါ်၊ သုံးဘီးဆိုင်ကယ်ပေါ်မှ ခရီးသည်များကို အော်ဟစ်ကာ ရောင်းချကြသော ဈေးသည်လေးများနှင့်လည်း စည်ကားတတ်သည်။ မနက်လင်းလျှင် မြင်ရုံနှင့် သောက်သုံးရေအတွက် ရည်ရွယ်ထားမှန်း သိရပေမည်။ သို့သော် ကျွန်မဆိုင်လာဖွင့်ချိန်စောသော တစ်နေ့တွင် သောက်ရေစည်ပိုင်းမှ ရေကို ခွက်တစ်ခုနှင့်ခပ်ခါ မျက်နှာသစ်ပြီး ခြေထောက်ကိုပါ ဆေးကြောနေသူတစ်ဦးကို တွေ့ရတော့သည်။

ဆိုင်ဘေးကွက်လပ်တွင် ကားကို ဂိတ်ထိုးကာ လူစောင့် တတ်သော ကားသမားတစ်ဦးမှန်း မျက်မှန်းတန်းမိပါသည်။ သူကိုယ်တိုင်လည်း ထိုရေချမ်းစင်မှ ရေကိုတွင် ဆိုင်ဖွင့်သောအခါ ပစ္စည်းများ ဆိုင်ရှေ့တွင် ပုံနေတတ်၍ သူတို့ကားထွက်သွားတော့မှ တံမြက်စည်း လှည်းရပါသည်။

ကျန်ရစ်နေသော အမှိုက်အစအနများအတွက် တစ်နေ့မှ သတိပြုမိပုံမရချေ။ သို့သော် ထိုအမှိုက်များအတွက် ကျွန်မတစိုးတစိမျှ စိတ်အနှောင့်အယှက် မဖြစ်မိဘဲ တာဝန်တစ်ရပ်အနေနှင့်ရော၊ ပတ်ဝန်းကျင်သန့်ရှင်း သွားစေချင်သော စေတနာကိုပါ ပေါင်းစပ်ကာ လှည်းကျင်းလိုက်သည်ချည်းပင်။ တစ်နေ့မှာလေးလံလှသော လူတစ်ယောက်ဖက်ခန့်ရှိမည့် အထုပ်ကြီးတစ်ခုကို ရေစည် အဖုံးပေါ်သို့ တင်ထားသည်။ အဖုံးမှ ဂဟေများ ပြုတ်ထွက်ကုန်မည်စိုး၍ ဆိုင်ဝန်ထမ်းမလေးနှင့် နှစ်ယောက်မကာ ရေစည်ဘေးတွင် ထောင်ထားလိုက်မိသည်။

ဖက်နှင့်လုံအောင် ထုပ်ထားသည့်အတွက် ဘာထုပ်ကြီးမှန်းတော့ မသိချေ။ ခဏအကြာတွင် ထိုဈေးသည် အမျိုးသမီးရောက်ရုန်းကန်နေရသော ဘဝများအတွက် တစ်ပိုင်တစ်နိုင်ကုသိုလ်ဟု သဘောထားကာ ရေအိုးစင်တည်ပေးထားခဲ့သည်။ ပတ်ဝန်းကျင်ကို သန့်ရှင်းအောင်လှည်းကျင်းပေးကာ ထိုင်စရာခုံလေးများချပေးထားမိသည်။ ထို့အတွက်လည်း မနက်လင်းလျှင် စိတ်ကြည်နူးမှုတစ်ခုကို အမြဲခံစားရပေသည်။

သို့သော် စေတနာကို အရောင်ဆိုးတတ်သူများနှင့် ကိုယ်တွေ့ကြုံရသောအခါ ကုသိုလ်မှ အကုသိုလ်စိတ်ကို ပြောင်းသွားတတ်ကြောင်း သိလာရသည်။ ကျွန်မဆိုင်ရှေ့ရေချမ်းစင်ဘေးတွင် သောက်ရေဖြည့်ရန် ရည်ရွယ်ချက်နှင့် ကျောက်စည်ပိုင်းငယ်တစ်ခုကို သံပြားအဖုံးနှင့် လုံခြုံစွာ ဖုံးထားပါသည်။ သုံးရေအတွက် ကျောက်စည်ငယ်ကို တစ်ဖက်တွင် သီးခြားခွဲထားသည်။ ရေချမ်းစင်နှင့် ရေစည်လှည်းသည် နီးကပ်စွာ သီးခြားတည်ရှိသောကြောင့် မြန်မာလူမျိုးတစ်ဦးဖြင့် အမြဲတမ်း သောက်သူပင်။ ခြေလှမ်း ၁၀ လှမ်းမျှ ရွေ့လိုက်ရုံနှင့် ရေသုံးစည်နားသို့ ရောက်မည်မှန်းသိလျက် မြင်လျက်နှင့် ပြုလုပ်ခြင်းပင်။ ရေသုံးစည်မှ ရေကိုသုံးသင့်ကြောင်း အကျိုးအကြောင်းပြောပြသောအခါ တောင်းပန်စကားဆိုမည်ဝေး၍ ခပ်တိုးတိုးရွတ်သွားသောအဆဲ တစ်ခုကြောင့် ကျွန်မတစ်နေ့လုံး ခေါင်းခဲသွားရတော့သည်။

ဒုတိယကြုံတွေ့ရသော အရောင်ဆိုးသူတစ်ဦးမှာ ကုန်စိမ်းများကို အနီးအပါး ရွာများမှလာရောက်ရောင်းချသော ဈေးသည်များထံမှ တစ်ဆင့်ဝယ်ယူကာ မြို့တက်ရောင်းသူတစ်ဦးပင်။ မနက် ၅ နာရီလောက်တွင် ဈေးသို့လာကာ ကျွန်မဆိုင်ရှေ့တွင် ပစ္စည်းလာစုထားတတ်သည်။ ၇ နာရီလောက်တွင် စုထားသော ကုန်စိမ်းများကို မြို့သွားမည့် ကားပေါ်သို့ တင်ကာ ထွက်သွားတတ်ပါသည်။

ကျွန်မ မနက် ၆ နာရီခန့်လာကာ ပန်းထုပ်ဖြစ်ကြောင်း အဖျားမှထောင်မိ၍ ကြွေမွသွားကြောင်းပြောကာ ဆိုင်ရှေ့မှ အော်ဟစ်တော့သည်။ ‘ကိုယ်ချင်းစာစိတ်မရှိဘူး’ ဟူသော စကားတစ်ခွန်းကြောင့် စိတ်ထဲမှ ဖြစ်ပေါ်လာသော ဒေါသနေရာတွင်ရယ်ချင်စိတ်ဝင်ရောက်လာရသည်။

“ကိုယ့်ပန်းစည်းပျက်စီးမှာစိုးသကဲ့သို့ လူတစ်ပါး၏ ရေစည်အဖုံးပျက်စီးမှာကော တွေးမိရဲ့လား” ဟု မေးလိုက်လျှင်ရသော်လည်း ထိုအမျိုးသမီးအပေါ် စိတ်ပျက်မှုနှင့်အတူ စကားပြန်ပြောချင်စိတ်မရှိတော့ချေ။

တတိယ အရောင်ဆိုးသူများက ကျွန်မနှင့်တော့ တိုက်ရိုက်မပတ်သက်သော်လည်း မျက်စိရှေ့တွင်ပင် ဖြစ်ပျက်သွားသော အဖြစ်အပျက်တစ်ခုပင်။ ယောကျ်ားလေးများ ဝတ်နိုင်သည့် တီရှပ်များ၊ ဂျင်းဘောင်းဘီများကိုဟိုင်းလပ်ကားငယ်များနှင့် တစ်နယ်တစ်ကျေးမှ လာရောက်ရောင်းချကြသော အဖွဲ့ငယ်နှင့် ပတ်သက်၍ ဖြစ်ပျက်သွားခြင်းပင်။ ယခုလို အရောင်းအဝယ်ပါးသော အချိန်တွင် တစ်နယ်တစ်ကျေးသို့လာပြီး စီးပွားရှာစားရသော ဘဝများကို ကိုယ်ချင်းစာစိတ်ထားကာ နွေးထွေးစွာ နေရာပေးသင့်သည်ဟု ကျွန်မ ယူဆပါသည်။ ဈေးသည်ချင်းကြောင့် ရှာစားရသော ထမင်းတစ်လုပ်အတွက် ကိုယ်ချင်းစာမိပါသည်။ မနက်ကျွန်မဆိုင်သို့လာသော အချိန်တွင် ဘေးဘက်ကွက်လပ်၌ ထီးကြားလေးများ ဖွင့်ကာဆိုင်ခင်းနေကြသည်ကို တွေ့ရသည်။ သို့သော် နေရာအကျအန ခင်းကျင်းပြီး မကြာမီမှာပင် ထိုနေရာသို့ ခရီးသည်တင်ကားတစ်စီး ထိုးဆိုက်လာတော့သည်။

အင်္ကျီဆိုင်နှင့် ခပ်လှမ်းလှမ်းတွင် ရပ်ရန်နေရာရှိသော်လည်း ရန်လိုစွာနှင့် နေရာဖယ်ပေးရန် ပြောလာသည်။ အမှန်ဆိုလျှင် ဤနေရာသည် ကားငယ်များဂိတ်ထိုးကာ လူတင်ရန် ကားဂိတ်မဟုတ်ပေ။ ကားဂိတ်တွင် လူစောင့်လျှင် ကြာမည်စိုး၍ နံပါတ်စဉ်အတိုင်း မစောင့်ဘဲ ကြားဖြတ်၍ လူလည်လုပ်ကာ လူလာတင်ခြင်းဖြစ်ကြောင်း ကျွန်မသိနေသည်။ အစီအစဉ်တကျ ခင်းကျင်းထားသော ဆိုင်လေးမှာ နယ်ခံနှင့်ပြဿနာမဖြစ်လိုစွာနှင့် မနက်မလင်းမီကပင် ခင်းကျင်းထားသော ဆိုင်ကလေးကို ဖယ်ပေးနေရတော့သည်။ ကျွန်မနှင့် မဆိုင်သကဲ့သို့ ကျွန်မဆိုင်ရှေ့တွင် မဟုတ်၍သာ မပြောလိုက်ရသော်လည်း ရင်ထဲတွင် မကောင်းချေ။ ထိုသို့သော ပတ်ဝန်းကျင်တွင် နိစ္စဓူဝမြင်တွေ့လာရသော ကိုယ်ချင်းစာတရား ခေါင်းပါးမှုများသည် ကျွန်မတို့မြို့လေးအတွက် ကောင်းသော လက္ခဏာမဟုတ်ချေ။ကျွန်မတို့ကဲ့သို့ မြို့လေးပေါင်းများစွာ စုပေါင်းလာသောအခါ ကျွန်မတို့နိုင်ငံအတွက် မကောင်းချေ။ နိုင်ငံပေါင်း များစွာစုပေါင်းလာသောအခါ ကမ္ဘာကြီးအတွက် အန္တရာယ်ကြီးမားလာလိမ့်မည်ဟု ကျွန်မမြင်နေမိသည်။ ။

## JOKE

### ဘာဘီရုပ်ကလေး

အရုပ်များ သီးသန့်ရောင်းသည့် စတိုးဆိုင်တစ်ဆိုင်အတွင်းသို့ လူတစ်ယောက်ဝင်လာပြီး အရောင်းစာရေးမလေးအား “ငါ့ကို ဘာဘီရုပ်လေးတွေပြပါလား” ဟု ဆိုလိုက်သည်။ စာရေးမလေးကလည်းဘာဘီရုပ်လေးများကိုထုတ်ပြပြီး “ဒါကဖက်ရှင်ဘာဘီရုပ်ကလေးပါရှင်၊ ဈေးက ၁၅ ဒေါ်လာပါ။ ဒါလေးက အပန်းဖြေခရီးထွက်မယ့်ဘာဘီရုပ်လေးပါ။ ဈေးက ၂၅ ဒေါ်လာပါ။ ဒါကတော့ အိမ်ရှင်မဘာဘီရုပ်လေးပါ။ ၃၅ ဒေါ်လာကျပါမယ်။ ဒီတစ်ခုလပ်ဘာဘီအရုပ်ကျတော့ ဒေါ်လာ ၂၀၀ ပါရှင့်” ဟုပြောပြသည်။

“တစ်ခုလပ်ဘာဘီက ဘာဖြစ်လို့ ဒီလောက်တောင် ဈေးကြီးရတာလဲ” ဟုမေးရာ စာရေးမလေးက အခုလိုရှင်းပြသည်။

“ဩော် ဒီလိုပါရှင့် ဒီတစ်ခုလပ်ဘာဘီနဲ့ အတူတူ သူ့ရဲ့ကလေးတွေရော၊ သူ့ယောကျ်ားရဲ့ အိမ်၊ ကားနဲ့ ပိုက်ဆံတွေပါ ထည့်ပေးလို့ပါရှင်”

### ဆိုးကျိုး၊ ကောင်းကျိုး

အသက်ဆယ်နှစ်ကျော်လာသော သားအား ဖခင်က အရက်၏ ဆိုးကျိုးကို လက်တွေ့ပြသလိုသဖြင့် ပိုးကောင်လေးတစ်ကောင်အား ရေထည့်ထားသော ဖန်ခွက်ထဲတွင်ထည့်၍ အခြားတစ်ကောင်အား အရက်ဖန်ခွက်ထဲ ထည့်ပြသည်။

ခဏကြာသောအခါ အရက်ဖန်ခွက်ထဲမှ ပိုးကောင်လေးမှာတွန့်လိမ်ကောက်ကွေး၍ သေဆုံးသွားသည်။

“ကောင်းပြီ ငါ့သား။ ဒီစမ်းသပ်မှုကနေ ဘာကိုသက်သေပြနေလဲ” ဟု ဖခင်က မေးလိုက်သည်။ ဤတွင်သားငယ်က သွက်လက်ချက်ချာစွာပင် ဤသို့ပြောပါသည်။

“ဟာအဖေ အရက်သောက်ရင် ခန္ဓာကိုယ်ထဲမှာ ပိုးတွေကင်းစင်သွားမယ်ဆိုတာ ပြနေတာပေါ့”

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းငွေ၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်၊ ညိုညိုဝင်း။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွန့်(ရေနံချောင်း)၊ အင်မိုင်ခ၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ငွေ။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၇၊ ၂၄၃ ၅၄၂၊ ၃၇၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

7Day News Hotline : 73032006

# Business

7Day News Journal

Vol.9, No.48 • FEBRUARY 24, 2011


## ရွှေဈေးအတက်ကြမ်းသော်လည်း အပိုင်းဈေးကွက် ပစ္စည်းပြတ်သည်ထိရောင်းခဲ့ရ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၉**

ပြည်တွင်းရွှေဈေးကွက်တွင် ယခုရက်ပိုင်း၌ ဈေးနှုန်းအတက်အကျ ပြောင်းလဲမှုမြန်ခြင်းကြောင့် ရွှေဝယ်လိုအား သိသာစွာမြင့်တက်၍ အပိုင်းဈေးကွက်၌ ရောင်းသည့်ဘက်မှ ပစ္စည်းများပင် ပြတ်သည်အထိဖြစ်ခဲ့ကြောင်း ရွှေလုပ်ငန်းရှင်အချို့ကပြောသည်။

"ဈေးအတက်အကျကြမ်းတော့ ဝယ်တဲ့သူက များလာပြီး ရောင်းတဲ့ဘက်က ဒီနေ့ပစ္စည်းပြတ်တယ်လို့ပြောတယ်။ ပစ္စည်းအဝင်ပြောင်းလဲမှုသိပ်မရှိပေမယ့် အဝယ်များတာကြောင့် အရောင်းဘက်က ပစ္စည်းရှားသွားတယ်" ဟု ရွှေဘုံသာလမ်းရှိ ရွှေ အပိုင်းအရောင်းဈေးကွက်မှ ရွှေကုန်သည်တစ်ဦးကပြောသည်။

အရောင်းဘက်မှ ပစ္စည်းပြတ်သည်ဟုဆိုခြင်းမှာ ရွှေဝယ်လိုအားနှင့် ပစ္စည်းဝင်ရောက်မှုထက် ယခုရက်ပိုင်း၌ ဈေးနှုန်းအတက်အကျ ပြောင်းလဲမှုမြန်ပြီး ဈေးနှုန်းမှာ အတက်ဘက်၌ ရှိနေသောကြောင့် ရွှေထုတ် မရောင်းဘဲ ကိုင်ထားသူများသောကြောင့်ဖြစ်သည်ဟု ၎င်းက သုံးသပ်ပြောသည်။

ရွှေဈေးနှုန်းမှာ သုံးရက်အတွင်း၌ပင် တစ်ကျပ်သားလျှင် ကျပ် ၅၀,၀၀၀ ဝန်းကျင်ထိ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း ရွှေဈေးကွက်မှသိရသည်။

ပြည်တွင်းရွှေဈေးနှုန်း စတင်မြင့်တက်ခြင်းသည် ကမ္ဘာ့ရွှေဈေးနှုန်းနှင့် နိုင်ငံခြားငွေလဲလှယ်မှုနှုန်းများ မြင့်တက်လာခဲ့ခြင်းကြောင့် ဟုဆိုသော်လည်း ယခုရက်ပိုင်း ရွှေဈေးဆက်တိုက်မြင့်တက်မှုမှာ ဈေးကွက်တွင်း ဈေးကစားခြင်းကြောင့်သာဖြစ်ကြောင်း သိရသည်။



ဈေးကွက်လှုပ်ခတ်ကာ ပစ္စည်းပြတ်သည်အထိ အရောင်းသွက်ခဲ့သည့် အခေါက်ရွှေအပိုင်းများ ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)

"ရွှေဈေးက ကမ္ဘာ့ရွှေဈေးတက်လို့ထက် ငွေဈေးကွက်ပြောင်းလဲမှုကြောင့် တက်လာတာလို့ပြောရမယ်။ ရွှေဈေးတက်တာ စီးပွားရေးဈေးကွက်မှာ ပြောင်းလဲမှုဖြစ်စေတဲ့ အခြားအကြောင်းရင်းတွေကြောင့်လည်းဖြစ်နိုင်တယ်" ဟု ရွှေလုပ်ငန်းရှင်တစ်ဦးက ၎င်း၏အမြင်ကိုပြောသည်။

ပြည်တွင်းရွှေဈေးနှုန်းမှာ ယခုလ ၁၄ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၄၅,၀၀၀ ကျပ်မှ ယနေ့ ၁၆ရက်၌ ၆၈၃,၅၀၀ ကျပ်ထိ ကျပ်သောင်းဂဏန်းနှုန်း မြင့်တက်ခဲ့ကြောင်းသိရသည်။ ယင်းနေ့ညနေ၌ပင် ၆၇၀,၀၀၀ ကျပ်အထိ ပြန်လည်ကျဆင်းသွားပြန်ကြောင်းသိရသည်။

ထို့ကြောင့် ယင်းနေ့တစ်ရက်တည်း၌ပင် ရွှေဝယ်သူ၊ ပြန်ရောင်းသူများဖြင့် ဈေးကွက်လှုပ်ရှားမှုများစွာဖြစ်ခဲ့ကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

"ရွှေက ဈေးကစားတာကြောင့်တက်တာဆိုတော့ အများကြီးတော့ ဆက်မတက်လောက်ဘူးထင်တာပဲ။ ဒီနေ့ပဲ ပြန်ကျနေပြီဆိုတော့ ဒီဝန်းကျင်လောက်ပဲ ရှိဦးမယ်ထင်တယ်။ ကျရင်လည်း အများကြီးတော့ ပြန်ကျမသွားနိုင်ဘူး" ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးက ခန့်မှန်းပြောကြားသည်။

ယနေ့ဈေးကွက်အတွင်း အခေါက်ရွှေဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ကျပ် ၆၆၆,၀၀၀ ဝန်းကျင်တွင်ရှိပြီး ၁၅ ပဲရည်မှာ ကျပ် ၆၂၅,၀၀၀ ဝန်းကျင်ရှိသည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၅၁ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၃၀၀ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၃. ၁၆ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၅၇၃၁ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၅. ၁၀ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၇၃၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၀၉. ၉၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၃၃ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၅၆ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၈၂၉၀. ၀၀ | ရူးပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၈၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၈၆၃ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၁. ၃၁၃၂ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၈၄၅ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၂၉. ၁၀၄ | ရူဘယ် | (ရုရှား) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၃၈၈. ၆၀ |
| ရေနံစိမ်း | စည် | ၁၀၂. ၈၂၀ |
| ငွေ | ၁ အောင်စ | ၃၂. ၂၉၆ |
| ကြေးနီ | ပေါင် | ၄၄၉. ၆၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၈၇၆ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၁ ဖေဖော်ဝါရီ ၁၉ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## စပါးဈေး ပြန်လည်မြင့်တက်

**ပြည့်သိမ်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၇**

မိုးစပါးပေါ်ချိန်ကပင် စတင်ကျဆင်းခဲ့သော စပါးဈေးသည် ယခုလဆန်းပိုင်းမှစတင်၍ ပြန်လည်မြင့်တက်လာကြောင်း ဆန်ကုန်သည်များထံမှ သတင်းရရှိသည်။

နိုင်ငံခြားသုံးငွေတန်ဖိုး မြင့်တက်လာခြင်း၊ ရွှေဈေးများ တက်လာခြင်းအပြင် အခြားသတင်းများကြောင့် ငွေကြေးတတ်နိုင်သူ ကုန်သည်များသည် စပါးကို ဝယ်ယူ၍ သိုလှောင်လာကြသည်။ ထို့အပြင် စီးပွားရေးအပြောင်းအလဲ၊ နိုင်ငံရေးအပြောင်းအလဲများကိုလည်း ကုန်သည်များက စိတ်ဝင်စားနေပြီး ငွေသားထက် ကုန်ပစ္စည်းများကိုသာ ရင်းနှီးမြှုပ်နှံထားလို၍ အဝယ်လိုက်လာခြင်းကြောင့် ဖြစ်နိုင်ကြောင်း လမ်းမတော် မော်တင်မှ ဆန်ကုန်သည်တစ်ဦးက ဆိုသည်။

"လောလောဆယ်အနေနဲ့ ဆန်ဈေးကွက် ထူးထူးခြားခြား



အပြောင်းအလဲတော့ မရှိသေးဘူး။ ရှေ့ဆက်ဈေးက တက်လာနိုင်တယ်လို့တော့ခန့်မှန်းကြတယ်။ စပါးဈေးကတော့ တက်တယ်" ဟု ဘုရင့်နောင်ဈေးကွက်မှ ဆန်ကုန်သည်တစ်ဦးက ရှင်းပြသည်။

လက်ရှိ ဒေါ်လာတန်ဖိုးမြင့်တက်လာမှုသည် ပြည်ပသို့ ဆန်တင်ပို့ရန် အခွင့်ကောင်းများဖြစ်လာသည်။ ယင်းအခြေအနေကို ကုန်သည်များကသိ၍ စပါးဈေးမြင့်တက်လာခြင်းဖြစ်ကြောင်း ကိုလည်း ဆန်ပြည်ပသို့တင်ပို့သူ လုပ်ငန်းရှင်တစ်ဦးကသုံးသပ်သည်။ ဒေါ်လာဈေးသည် တစ်ဒေါ်လာလျှင် ၉၀၀ ကျပ် ကျော်လွန်လာသည့်အတွက် ပြည်ပပို့ကုန်လုပ်ငန်းများပြန်လည်အားကောင်းလာနိုင်ကြောင်းလည်းသိရသည်။ ယခုနှစ် ပြည်ပသို့ ဆန်တင်ပို့နိုင်မှုသည် ယခင်နှစ်ကနှင့်ယှဉ်လျှင် ထက်ဝက်နီးပါး ကျဆင်းနေသည်။

လက်ရှိပြည်တွင်း ဈေးကွက်တွင် စပါးဈေးသည် ဆန်ကြမ်းတင်းတစ်ရာလျှင် ၃၈၀,၀၀၀ ကျပ် ဈေးရှိပြီး ဆန်ချောစပါးမှာ ၇၀၀,၀၀၀ ကျပ် ဈေးရှိကြောင်း သိရသည်။






SHINE CONSTRUCTION CO.,LTD.
(Member of Shine Group of Companies)
25-2-2011 မှ 28-2-2011 အထိ
ကျင်းပပြုလုပ်မည့်
"Education, Living & Health Care Exhibition" ပြပွဲတွင်
Laptop, Aircon, Electric Oven, LCD (40")
"နှင်း"
Tel : Pilot No. 01-385344, 01-385340-4




KAUNG MYAT ZAW INT'L CO., LTD
Member of Shine Group of Companies
တပ်မတော်ခန်းမအတွင်း 25-2-2011 မှ 6-3-2011 အထိ ကျင်းပပြုလုပ်မည့်ပြပွဲတွင်
ရရှိနိုင်မည့်အခွင့်အရေး ...
Viglacera အမှတ်တံဆိပ် (Italy Technology, Made in Vietnam)
ကြွေပြား၊ ကျောက်ပြား၊ ဘိုထိုင်၊ ဘေစင်၊ Cotto Tile (အခင်း)၊ အုတ်ကျွတ်အမိုးများ၊
အစရှိသည့် အိမ်အသုံးအဆောင်ပစ္စည်းများ တပြိုင်နက် လေ့လာဝယ်ယူနိုင်မည့် အခွင့်အရေး...
များ ဝယ်ယူနိုင်မည့်အခွင့်အရေး...
ဖြင့်ပြုလုပ်ထားသော အိမ်ခန်းသုံးတံခါးများ ဝယ်ယူနိုင်မည့်အခွင့်အရေး...
ရရှိနိုင်မည့်အခွင့်အရေး...
- အမှတ် (၂၉)၊ မြေညီထပ်၊ ကျိုက်ကြီးလမ်း၊ ကျိုးဖြူကွန်ဒို (အောင်ဆန်းကွင်းအထူးတန်းရှေ့)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
Tel : 01-385340-4
E-mail : kaungmyatzaw@wimaxmial.net.mm, kaungmyatzaw.trading@gmail.com, http://www.shineconstructioncompany.com

# 7DAY BOOK REVIEW

## ဘာထရန်ရပ်ဆဲလ်၏ ယုတ္တိဗေဒမှသည် နိုင်ငံရေးလောကသို့ (ညီထက်အောင်)



ဘာထရန် ရပ်ဆဲလ် (၁၈၇၂-၁၉၇၀) သည် ၂၀ ရာစုအတွင်း အကျော်ကြားဆုံး အတွေးအခေါ်ပညာရှင်ကြီးတစ်ဦး ဖြစ်ခဲ့သည်။

ကန်းဘရစ်ချ် တက္ကသိုလ်တွင် ပညာဆည်းပူးခဲ့ပြီး 'သင်္ချာဘာသာရပ်၏ ဥပဒေသများ (The Principles of Mathematics)' စာအုပ်ဖြင့် နာမည်ကြီးလာကာ 'အဓိပ္ပါယ်ပါသော သင်္ကေတအကြောင်း (The Problems of Philosophy) ' စသော စာတမ်းများနှင့် ထင်ရှားလာပြီး 'အနောက်တိုင်းအတွေးအခေါ်သမိုင်း (A History of Western Philosophy) ' စာအုပ်ဖြင့် ကမ္ဘာကျော်ခဲ့သူဖြစ်သည်။

လူပုဂ္ဂိုလ်အားဖြင့်မူ အင်္ဂလန်နိုင်ငံတွင် အမျိုးသမီးများ မဲပေးပိုင်ခွင့် ဦးဆောင်ကြိုးပမ်းမှု၊ ကိုလိုနီဝါဒကို မုန်းတီးသူ၊ ဗြိတိသျှတို့ကမ္ဘာ့စစ်ကြီးများပါဝင်မှုကို ဆန့်ကျင်သူ၊ ဗီယက်နမ်စစ်ဆန့်ကျင်သူ၊ အရှေ့အလယ်ပိုင်းဒေသတွင်ဂျူး (အစ္စရေး)တို့ နယ်မြေချဲ့ထွင်မှုကိုရှုတ်ချသူ၊ နျူကလီးယားတိုက်ဖျက်ရေး ဆန္ဒပြမှုများတွင်ပါဝင်ခဲ့သောကြောင့် အသက် ၈၉ နှစ်အရွယ်တွင် ထူးထူးခြားခြားအကျဉ်းကျခံရသူ၊ ၁၉၅၀ ပြည့်နှစ် စာပေနိုဗယ်ဆုရှင်အဖြစ် ထင်ရှားခဲ့သူဖြစ်ပါသည်။

ယခုစာအုပ်တွင် စာရေးသူညီထက်အောင်သည် ရပ်ဆဲလ်အသက် ၈၀ ကျော်မှ ရေးသားခဲ့သော 'အတွေးထဲမှ ရုပ်ပုံလွှာများနှင့် အခြားစာတမ်းများ' စာအုပ်မှ မြန်မာစာဖတ်ပရိသတ်များနှင့် သင့်လျော်သည် ထင်မြင်သောစာတမ်းများအား ထုတ်နုတ်ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။

ထိုစာတမ်းများထဲတွင် စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ဘာထရန်ရပ်ဆဲလ်ကိုယ်တိုင် သိမီခဲ့သော ဗြိတိသျှ စာရေးဆရာ ဂျော့ချ်ဘားနပ်ရှော၊ အိတ်ချ်ဂျီဝဲလ်နှင့် ပိုလန်လူမျိုးစာရေးဆရာ ဂျိုးဇက်ကွန်းရတ်တို့၏ အကြောင်း ရပ်ဆဲလ်ထင်မြင်သလို ရေးသားထားသည်ကို ဖတ်ရမည်ဖြစ်သည်။

ထို့ပြင် စာအုပ်နှင့်ပတ်သက်၍ စွယ်စုံကျမ်းများနှင့် ဝီကီပီးဒီးယား ဝက်ဘ်ဆိုက်တို့မှ ထပ်မံဖြည့်စွက်ထားသလို လွယ်ကူရှင်းလင်းသော မြန်မာဘာသာပြန်ဆိုမှုကို ဖတ်ရှုရမည်ဖြစ်သည်။

ဘာထရန်ရပ်ဆဲလ်၏ ဘဝတစ်စိတ်တစ်ဒေသနှင့် တွေးခေါ် မျှော်မြင်မှုအကြောင်း သိရှိလိုသောစာဖတ်သူများ ဖတ်ရှုသင့်သောစာအုပ်ကောင်း တစ်အုပ်ဟု ဆိုနိုင်၏။

Humanity စာအုပ်တိုက်မှ တန်ဖိုး ၂,၀၀၀ ကျပ်ဖြင့်ဖြန့်ချိသည်။

## အနာဂတ် ဝါကျများ (မောင်သာချို)



ပါဠိဘာသာဖြင့် အတ္တပရိစာဂ၊ အင်္ဂလိပ်ဘာသာဖြင့် Empathy ဟုခေါ်ဝေါ်သော ကိုယ်ချင်းစာနာမှုတရားသည် လူတစ်ဦးချင်း၊ လူ့အဖွဲ့စည်းတစ်ခုအတွင်း၊ နိုင်ငံအချင်းချင်း ကမ္ဘာနှင့်အဝန်း လူတိုင်းအလေးထားစောင့်ထိန်းအပ်သောအခြေခံစိတ်ပဓာနတရားဖြစ်ပါသည်။ ယနေ့ခေတ်တွင် အစာရေစာငတ်မွတ်ရှားပါးမှု၊ ရာသီဥတုဖောက်ပြန်မှု၊ ရုပ်ဝတ္ထုပစ္စည်းအလွန်အမင်းဖွံ့ဖြိုးလာခြင်းနှင့် စစ်ပွဲကြီးများက တစ်ဦးတစ်ယောက်ချင်းစီတွင် ရှိသော ထိုကိုယ်ချင်းစာနာမှုတရားကို တစ်နည်းနည်းဖြင့် ချိုးဖွဲ့တိုက်ဖျက်နေကြ၏။ ထိုသောအခါ အသေးအမွှားကအစ ကူညီနိုင်ပါလျက် မကူညီချင်ကြတော့။ မသိကျွမ်းသူ မဆိုထားနှင့် ချစ်ခင်ရင်းနှီးသူများပင် အချင်းချင်းကိုယ်ချင်းစာတရား ခေါင်းပါးလာကြသည်ကို ကြုံတွေ့ကြရမည်ဖြစ်ပေသည်။

ထိုသို့လူ့အဖွဲ့အစည်းအတွင်းထားအပ်သော ကိုယ်ချင်းစာနာမှုတရားကို အခြေခံ၍ လူတစ်ယောက်ချင်းစီ၏သဘောထား၊ စိတ်အဆင့်အတန်းနှင့် ဉာဏ်ပညာတို့ တိုးမြင့်စေသောငှာ စာရေးသူမောင်သာချိုက 7Day News ဂျာနယ်တွင် ၂၀၀၉ မှ ၂၀၁၀ ပြည့်နှစ်အတွင်း ရေးသားခဲ့သော ဆောင်းပါးများကိုစုစည်း၍ အနာဂတ်ဝါကျများ အမည်ဖြင့် စာအုပ်ထွက်ရှိလာသည်။ 7 Day News ဂျာနယ်တွင် ဖော်ပြပြီးသော ဆောင်းပါးများဖြစ်သည့်အတွက် အထူးညွှန်းဆိုစရာ လိုမည်မထင်ပေ။ မောင်သာချို၏ စာများတွင် အဓိကလင်းပြက်နေသည်မှာ စာရေးဆရာတစ်ဦး၏စေတနာပင်ဖြစ်ပါသည်။ပြန်လျော်ပေးလို့ဆိုသူတို့ရဲ့ ကမ္ဘာဆောင်းပါး၌ "ကိုယ့်အဖေ၊ ကိုယ့်အမေ၊ ကိုယ့်သား၊ ကိုယ့်မယား၊ ကိုယ်ခြေထောက်၊ ကိုယ့်ခံစားမှု၊ ကိုယ်ယုံကြည်ရာကို လူတစ်ယောက်ယောက်က၊ အဖွဲ့အစည်းတစ်ခုခုက ဒါမှမဟုတ်ဆိုင်ကယ်တစ်စီး၊ မော်တော်ကားတစ်စီး စသည်တို့ကချိုးခြေဖျက်ဆီးပစ်လိုက်သောအခါ ဘယ်လိုအလျော်ပေးကြရပ့်။ လူ့ဘဝသို့ တစ်ခေါက်တစ်ခါရောက်လာကြသူများအချင်းချင်း လူနှင့် လူ့ဘဝကို ထိခိုက်နာကျင် အောင်လုပ်သော အမှုလောက်ဆိုးသည့်အမှု ဤကမ္ဘာပေါ်၌ရှိမည်ဟု ကျွန်တော်မထင်၊ လူကို အလျော်ပေးရသည်ဆိုခြင်းမှာ ဘယ်လိုမှ မဖြစ်နိုင်သောအလုပ်မဟုတ်ပါလား" ဟု ရေးသားထားလေသည်။ လေးဝတီစာပေမှ တန်ဖိုး ၁,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### လျှို့ဝှက်ချက်ကို ထိန်းထားပေးနိုင်သူ

အပြင်းပြဆုံးဆန္ဒများနှင့် အဆိုးရွားဆုံးကြောက်ရွံ့ထိတ်လန့်မှုများကို ရင်ဖွင့်ပြောကြားဖို့ အသင့်လျော်ဆုံးသူမှာ အရင်းနှီးဆုံးသူငယ်ချင်းဖြစ်ကြောင်း ကမ္ဘာတစ်လွှားမှနိုင်ငံ ၁၆ နိုင်ငံတွင် စစ်တမ်းကောက်ယူချက်အရသိရသည်။ ပြင်သစ်နှင့်အင်္ဂလန်နိုင်ငံနှစ်ခုတည်းကသာ အရင်းနှီးဆုံးသူငယ်ချင်းနှင့်တန်းတူဇနီး၊ ခင်ပွန်းများကို ယုံကြည်စွာရင်ဖွင့်သင့်သည်ဟုဆိုကြသည်။ အရင်းနှီးဆုံး၊ အကောင်းဆုံးသူငယ်ချင်းကသာလျှို့ဝှက်ချက်များ တိုင်ပင်ရင်ဖွင့်သင့်ဆုံးသူဟု အမေရိကန်ပြည်ထောင်စုတွင် ဖြေကြားမှုအများဆုံးဖြစ်သော်လည်း ၅၁ ရာခိုင်နှုန်းဖြင့် ဖိလစ်ပိုင်နိုင်ငံက ထိပ်ဆုံးနေရာရှိနေသည်။

ဇနီး၊ ခင်ပွန်းများကိုပြောကြားသင့်သည်ဟူ၍ နယ်သာလန်နိုင်ငံက ၄၉ ရာခိုင်နှုန်းဖြင့် ထိပ်ပိုင်းနေရာမှရှိနေကာ ဘရာဇီးနိုင်ငံကမူ ၄၂ ရာခိုင်နှုန်းဖြင့် မိခင်ကိုသာပြောကြားသင့်သည်ဟုရွေးချယ်ခဲ့ကြသည်။ နိုင်ငံအနှံ့စစ်တမ်းကောက်ယူမှုအရ စိတ်ဝင်စားဖွယ်တွေ့ရှိချက်မှာ ဆံပင်ညှပ်ဆရာများသည် လျှို့ဝှက်ချက်ကို မပြောသင့်ဆုံးသူများအဖြစ် နိုင်ငံအများစု၏မဲပေးခံရပြီး ရုရှားအမျိုးသားများသည် လျှို့ဝှက်ချက်များကို ဆံပင်ညှပ်ဆရာများနှင့် ပြောဆိုလေ့ရှိကာ ၎င်းတို့အထူးရွေးချယ်ထားသူ ၂၀ ရာခိုင်နှုန်းနှင့်သာလျှင် ပြောကြားခြင်းဖြစ်ကြောင်း သိရသည်။

—Source: Reader's Digest

# တစ်ပတ်တာကံကြမ္မာ

ဖေ ဖော် ဝါ ရီ ၂၃ ရက် မှ မတ် ၁ ရက် အထိ

### ARIES မိဿရာသီဖွား (မတ်၂၁ - ဧပြီ၂၀)

မိမိလိုလားချက်များ ဆောင်ရွက်လိုသည်များကို ထိန်းချုပ်နေရမည့်ကာလဖြစ်သည်။ လမ်းသစ်ထင်ပြီး ဆောင်ရွက်နိုင်ခြင်းထက် မူလလမ်းကြောင်းပေါ်မှ ပြဿနာများကို တစ်မျိုးပြီးတစ်မျိုး ဖြေရှင်းရသော အနေအထားရှိသည်။ အကုန်အကျများမည်။ သတ်မှတ်ရည်မှန်းထားသည်ထက် ပို၍ အကုန်အကျများခြင်းရှိမည်။ ဖြစ်ပေါ်လာသော အခက်အခဲများကို ချက်ချင်းလက်ငင်းဖြေရှင်းပါ။ မိသားစုအတွက် စိတ်ပင်ပန်းမည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁ - မေ၂၁)

အရေးပါသော ဖြစ်ရပ်များ၊ ဘဝအတွက် ထင်ရှားသော ဆုံးဖြတ်ချက်များ အပြောင်းအလဲများဖြစ်ပေါ်မည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း စိတ်ချမ်းမြေ့စရာများ ကြုံရမည်။ အခြေအနေအပေါ် သုံးသပ်မှုမှားယွင်း၍ အချိန်ကုန်၊ စိတ်ပန်းလူပန်းဖြစ်ရမည့် အခြေအနေမှ ကင်းလွတ်မည်။ လုံးဝမထင်မှတ်ထားသောဖြစ်ရပ်များ ပတ်ဝန်းကျင်တွင်ဖြစ်ပေါ်မည်။ စီးပွားသစ်များချဲ့ထွင်နိုင်မည်။ ပေးထားသောကတိစကားများ ပြောထားသည်များ အခြေအနေကြောင့် ပြောင်းလဲရမည်။

### GEMINI မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

ကံကောင်းခြင်းနှင့် တိုးတက်ခြင်းကို ကြုံမည်။ ကာလအတန်ကြာဆောင်ရွက်ထားသည်များမှ ထူးခြားသော အကျိုးသက်ရောက်မှုများကို ရရှိမည်။ တစ်ပါးသူနှင့် ပူးပေါင်းဆောင်ရွက်မှုများပေါ်ပေါက်မည်။ လွန်ခဲ့သော နှစ်လဆက်တိုက် စိတ်အနှောင့်အယှက်ဖြစ်မှု၊ ငွေအဖတ်မတင်မှုများမှလွတ်၍ ထူးခြားစွာကောင်းခြင်းများ ဖြစ်ပေါ်မည်။ဝင်ငွေကောင်းမည်။ စိတ်မာန်ကြီးခြင်းလေပါ။ အလျှုဒါနမကြာခဏပြုပါ။ မိသားစုအပေါ် စိတ်ရှည်သည်းခံပါ။ အစာအိမ်ဝမ်းဗိုက်ဂရုစိုက်ရမည်။

### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း ငွေကြေးစီးပွားရေးကိစ္စများ ဆောင်ရွက်အောင်မြင်မည်။ နာမည်ကောင်း သတင်းနှင့်ကျော်ကြားမည်။ လုပ်ငန်းခွင်အတွင်း အလုပ်နှင့်ပတ်သက်သော အောင်မြင်မှု၊ တိုးတက်မှုသတင်းများကြားသိရမည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများ မြှုပ်နှံလိုက်သော ငွေကြေးများမှ အကျိုးအမြတ်ကောင်းစွာရရှိမည်။ ပညာအတတ်ကို အသုံးပြု၍ တိုးတက်မှုများရရှိမည်။ မိသားစုတွင် လက်လွှန်ထားသည့်ငွေပစ္စည်းများ လက်ခံရရှိမည်။ အမျိုးသားအကြီးအကဲကျန်းမာရေးအတွက် စိတ်ပင်ပန်းရမည်။

### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃ - ဩဂုတ်၂၃)

ကိုယ်ကြောင့် ပြဿနာဖြစ်ခြင်းမရှိ၊ ကိုယ့်ကိစ္စမဟုတ်ဘဲ တစ်ပါးသူကိစ္စအတွက် ကြားဝင်ဆောင်ရွက်ရင်း စိတ်အနှောင့်အယှက်များမည်။ ငွေကြေးသည်လက်ဝယ်မငြိမ်၊ တစ်မျိုးပြီးတစ်မျိုး ငွေကုန်လမ်းစများပေါ်မည်။ ကိုယ့်အတွက် မကုန်သောနေ့များတွင် သူတစ်ပါးအတွက် ကုန်ရတတ်သည်။ အိမ်တွင်ရှိသော စက်ပစ္စည်းများ တစ်မျိုးပြီးတစ်မျိုးပျက်တတ်သည်။ ထွက်ပေါက်ရှာပြီး ငွေကုန်ကိန်းကြုံမည်။ ပစ္စည်းပျောက်တတ်သည်။ စွန့်စားပြီးလုပ်သောလုပ်ငန်းများမလုပ်ရ။ မိသားစုအတွင်းရေးပြဿနာအတွက် စိတ်ရှုပ်ရမည်။

### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄ - စက်တင်ဘာ၂၂)

ကိုယ့်ကြောင့် ပြဿနာဖြစ်ခြင်း မရှိ၊ ကိုယ့်ကိစ္စမဟုတ်ဘဲ တစ်ပါးသူကိစ္စအတွက် ကြားဝင်ဆောင်ရွက်ရင်း စိတ်အနှောင့်အယှက်များမည်။ ငွေကြေးသည်လည်း လက်ဝယ်မငြိမ်၊ တစ်မျိုးပြီးတစ်မျိုး ငွေကုန်လမ်းစများပေါ်တတ်သည်။ ကိုယ့်အတွက် မကုန်သောနေ့များတွင် သူတစ်ပါးအတွက် ကုန်ရတတ်သည်။ အိမ်တွင်ရှိသော စက်ပစ္စည်းများတစ်မျိုးပြီးတစ်မျိုး ပျက်တတ်သည်။ ထွက်ပေါက်ရှာပြီး ငွေကုန်မည်။ ပစ္စည်းပျောက်တတ်သည်။ စွန့်စားပြီးလုပ်သော အလုပ်များမလုပ်ရ။ တာဝန်ယူခြင်း အာမခံခြင်းရှောင်ပါ။

### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃ - အောက်တိုဘာ၂၃)

လူမှုရေး၊ အိမ်တွင်းရေးအညံ့ရှိသည်။ မိမိအပေါ် ဒုက္ခပေးသောသူများပေါ်ထွက်တတ်သည်။ စကားရှုပ်ထွေးရတတ်သည်။ မိသားစုလုပ်ငန်းစီးပွားတွင်လည်း အလုပ်သမားကိစ္စများပေါ်တတ်သည်။ အိမ်မှသူတစ်ပါးကို အလွယ်တကူကတိမပေးပါနှင့်။ တစ်ပါးသူကပြောသော အာမခံစကား၊ ကတိစကားများကိုလည်း ယုံစားရန် မသင့်။ ရောင်းမှား၊ ဝယ်မှားဖြစ်တတ်သည်။ စေတနာ၊ ဝေဒနာဖြစ်တတ်သည်။ မိသားစုနှင့်ပတ်သက်သော စိတ်ချမ်းသာစရာ သတင်းကောင်းများ ကြုံမည်။ ပညာလုပ်ငန်းတိုးတက်မည်။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ - နိုဝင်ဘာ၂၂)

စုပေါင်းလုပ်သောကိစ္စမှ အကျိုးဆက်ကောင်းရမည်။ အလှူမင်္ဂလာကိစ္စများပါဝင်ပတ်သက်ရမည်။ မိသားစု အတွင်းကောင်းသတင်း၊ တိုးတက်မှုသတင်းများ ကြုံမည်။ ငွေများများ စားစား ဝင်ကိန်းရှိသည်။ အလုပ်အကြံအစည်များအောင်မြင်မည်။ မိသားစုအတွင်း၊ ပညာရေးကိစ္စများဆောင်ရွက်သူများရှိက ၎င်းတို့နှင့် ပတ်သက်သောသတင်းစကားကောင်းများ ကြုံတွေ့ရမည်။ သွေးသားရင်းချာများ၏ အလှူမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ လူမျိုးကွဲအကျိုးပေးမည်။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃ - ဒီဇင်ဘာ၂၁)

အကြံအစည်သစ်အောင်မြင်မည်။ ငွေကြေးနှင့်ပတ်သက်သော ကံကောင်းမည်။ ရည်ရွယ်ချက်သစ်များ ဆောင်ရွက်အဆင်ပြေမည်။ စာရွက်စာတမ်း၊ ငွေကြေးကိစ္စလက်လွှဲလက်ပြောင်းများ သတိနှင့်ဆောင်ရွက်ပါ။ မူလမလုပ်တော့ဟူ၍ အပြီးသတ်ဆုံးဖြတ်ထားသော ကိစ္စများကိုပြန်၍လုပ်ကိုင်ရလိမ့်မည်။ အရပ်ဝေးမှ ရောက်ရှိလာသော သူများကိစ္စအတွက် အချိန်ပေးပြီးဆောင်ရွက်ရမည်။ ထူးခြားသော မင်္ဂလာပွဲ ဧည့်ခံပွဲများသို့ တက်ရောက်ရမည်။ မိသားစုနှင့်ပတ်သက်သောကောင်းသတင်းများ ကြုံတွေ့ရမည်။ ခရီးဝေးနိုင်ငံရပ်ခြားသွားရောက်ခြင်း အထူးပွင့်မည်။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂ - ဇန်နဝါရီ၂၀)


မိမိကိုယ်တိုင်ဆုံးဖြတ်ပြီး လုပ်သောကိစ္စမှန်သမျှ အောင်မြင်မည်။ သူတစ်ပါးနှင့် ပူးတွဲလုပ်သော ကိစ္စများ၊ သူတစ်ပါးအကြံဉာဏ်နှင့်လုပ်သောကိစ္စများတွင် အနှောင့်အယှက်များ ကြုံတတ်သည်။ အကြံအစည် တစ်စုံတစ်ရာကြုံက သူတစ်ပါးနှင့်ဖွင့်ဟတိုင်ပင်ခြင်း မရှိဘဲ ကိုယ်တိုင်ဆောင်ရွက်ပါ။ စာရွက်၊ စာတမ်း၊ ငွေကြေးကိစ္စများ တာဝန်ယူခြင်း၊ အာမခံခြင်းများ ရှောင်ပါ။ အိမ်တွင်းရေး၊ လူမှုရေး အနည်းငယ်အညံ့ရှိသည်။ ရသင့်သည့်ငွေကြေး၊ ပစ္စည်းများ လက်ဝယ်ပြန်ရမည်။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ - ဖေဖော်ဝါရီ၁၈)

ကာလအတန်ကြာ မျှော်လင့်နေသည့် အခွင့်ကောင်းများ လက်ဝယ်ပိုင်ပိုင်နိုင်နိုင်ရရှိမည်။ ယှဉ်ပြိုင်၍ အောင်မြင်ခြင်း၊ ပညာတိုးတက်ခြင်းများ အခိုင်အမာရရှိမည်။ မိသားစုတွင် လုပ်ငန်းမရှိသူ လုပ်ငန်းရရှိ၍ လုပ်ငန်းရှိသူထပ်ဆင့်တိုးတက်မည်။ ပညာရှာသူများ ထူးထူးခြားခြား အောင်မြင်မည်။ ဥစ္စာစီးပွားကံ အထူးကောင်းသည်။ ပညာအတတ်ကို အခြေတည်၍ ဆောင်ရွက်မှုများတွင် အထူးအောင်မြင်မည်။ မြေ၊ ကား၊ အခန်းနှင့် ပတ်သက်သော ကိစ္စများဆောင်ရွက်အကျိုးပေးမည်။ ခရီးကိစ္စများ ဆောင်ရွက်အောင်မြင်မည်။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ - မတ်၂၀)

ရည်ရွယ်ချက်များ အောင်မြင်မည်။ ငွေကြေးစီးပွားကံကောင်းမည်။ ထူးခြားသော အပြောင်းအလဲများ ဖြစ်ပေါ်မည်။ တစ်ချိန်တည်း တစ်ခုထက်ပိုသော လုပ်ငန်းများလုပ်ရမည်။ နေရာပြောင်းရွှေ့ခြင်းများ ဆောင်ရွက်အောင်မြင်မည်။ ပြည်ပခရီးနှင့်ပတ်သက်သည်တို့ ဆောင်ရွက်၍ အဆင်ပြေမည်။ စုပေါင်းလုပ်ငန်းမှ ထူးခြားသောအောင်မြင်မှုရမည်။ စိတ်ပင်ပန်းနေရမည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများ အပျက်အယွင်းများမည်။ အိမ်အနီးအပါးတွင် မီးလန့်တတ်သည်။ အန္တရာယ်မရှိပါ။




# Classified

အခမဲ့ ကြော်ငြာကဏ္ဍ

**ခရုအိမ်**
အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့်ကူရှင်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo,ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။ **PH: 557448 Ext (856), 09-8034582, 73037776**

---

**ကားရောင်းမည်**
Mini Buy ၁က/. . . လိုင်စင်ကားသည် မြို့တွင်းလိုင်းလက်ရှိပြေးဆွဲနေသည်။
**ဖုန်း-၇၃၀ ၃၂၀၂၅**

---

အလယ်တန်း၊အထက်တန်းကျောင်းသားများအတွက် Summer Grammer Course (Home Teaching)
**ဖုန်း-၇၃၁ ၀၉၈၂၈**

---

**ဆိုင်ခန်းငှားမည်**
အောက်မင်္ဂလာဒုံလမ်းမကြီး၊ အင်းစိန်တည်းကုန်း လမ်းမပေါ်၊ နေရာစည်ကားသည်။ (ညနေ ၆ မှ ၈ နာရီအတွင်း)။ **ဖုန်း-၆၄၁၄၀၇**

---

**ယာဉ်မောင်းအလိုရှိသည်**
ယာဉ်မောင်း(၂)ဦး၊ အသက် (၄၀ မှ ၅၀)ကြား၊ လိုင်စင်သက်တမ်း ၅နှစ်၊ ဗဟန်းနှင့်နီးစပ်သူ၊ တစ်လအတွင်း။ ဆ/၁၉(အေ)၊ စိန်ပန်းလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရန်းကုန်းမြို့နယ်။

---

**ပဥ္စမအကြိမ်မြောက် အကြောအဆစ်ပညာရှင်များ ကန်တော့ပွဲ**
နေ့ရက်-၂၆. ၂. ၂၀၁၁၊ နေရာ-မြန်မာဆရာဝန်များအသင်းတိုက်၊ အချိန်-၉ နာရီမှ ၁၂ နာရီထိ

---

မူလတန်းမှ အလယ်တန်းထိ သင်္ချာအထူးသင်ကြားပေးသည်၊ န၀မတန်းနှင့်တက္ကသိုလ်ဝင်တန်းအတွက်သင်္ချာ၊ ရူပ အထူးသင်ကြားပေးနေပါပြီ။
**ဖုန်း-၀၉ ၄၉၃၁၅၀၄၅**

---

**အမြန်အလိုရှိသည်**
ငါးကန်လုံခြုံရေး(နေ့၊ ည) ကျား-(၂၀) ဦး၊ ငါးပုစွန်ကန်လုပ်သား ကျား-၂၀ ဦး၊ ၁၀ ရက်အတွင်းလျှောက်ထားရန်။
**ဖုန်း-၅၉၂၀၈၃၊ ၂၂၃၃၄၇**

---

စတီရီယိုခေတ်ဦးမှစ၍ ၂၀၀၅ ခုနှစ်အထိ သီချင်းများ စီးရီးလိုက်စုဆောင်းထားသည်။ သီချင်းဝါသနာပါသူများဆက်သွယ်ရန်။ **ဖုန်း-၇၃၁၃၅၉၀၀**

---

နွေကျောင်းပိတ်တွင် သင်္ချာဘာသာကိုအခြေခံမှစပြီး တတ်ကျွမ်းအောင်သင်ကြားပေးမည်။ **Tr. Paing Paing**
**ဖုန်း-၇၃၁ ၄၀၉၈၇**

---

လက်ထောက်စာရင်းစစ်အလိုရှိသည် ကျား/မ (၅)ဦး၊ B.Com (သို့) B.Act ပြီးရမည်။ စာတိုက်သေတ္တာအမှတ် (၁၂၀၁)သို့ ၁၅. ၃. ၂၀၁၁ နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်။

---

**IGCSE**
Maths, Accounting, Secondary (Maths) **Ph: 09 5097680**

---

ဝတ္ထု၊ ဇာတ်ညွှန်း၊ ကဗျာ၊ ဆောင်းပါး၊ သီချင်းရေး၊ သီချင်းဆို၊ အော်ဂင် အတီးအခြေခံသင်တန်းများဖွင့်လှစ်နေပါပြီ။ စိတ်ပါဝင်စားသူများဆက်သွယ်နိုင်ပါသည်။ **ဖုန်း-၂၉၇၂၃၀**

---

**ကားရောင်းမည်**
Hilux (4) ချိတ်။ ဒ/. . .
**ဖုန်း- ၀၉ ၅၁၇၁၃၁၁**

---

**အလိုရှိသည်**
အီလက်ထရွန်နစ် အရောင်းဝန်ထမ်း ကျား(၂)ဦး၊ မ(၂)ဦး၊ ဘွဲ့ရ၊ ၂၅နှစ်အောက်၊ CHIPS-(154)၊ဗိုလ်ရွဲလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

---

**အလိုရှိသည်**
ဒီဇယ်ဖြန့်ချိရေးလုပ်ငန်းအတွက်စီမံခန့်ခွဲမှုအတွေ့အကြုံရှိပြီး ခရီးသွားနိုင်သူ ဘွဲ့ရအမျိုးသား(၁၅)ဦး အလိုရှိသည်။ **ဖုန်း-၇၀၉၂၁၉**

---

Soe Lady Fashion မှ မ,ဝတ်အင်္ကျီ သီးသန့် ၃၅၀၀၀၊ မဝတ် စကတ် ၃၅၀၀၀၊ Advance course ၅၀၀၀၀ ကျပ်၊ အမှတ်(၁၉/၄၁)၊ ၁၄၉လမ်း၊ သီတာမှတ်တိုင်။ **ဖုန်း-၂၉၈၄၄၁**

---

**English (U.M.N)**
အင်္ဂလိပ်စကားပြော သုံးလအတတ်သင်ပေးနေပါပြီ။ Home သီးသန့်လည်း သင်ကြားပေးသည်။
**ဖုန်း-၁၈၉၁၇၃၊ ၀၉ ၅၀၀၆၆၈၀**

---

New Generation တရုတ်စာသင်ကျောင်း၊ (၂)လပြတ်၊ ၅၀၀၀ ကျပ်။
**ဖုန်း-၅၀၂၃၃၂**

---

**ရောင်းမည်**
Honma Japan Iron Golf Set U.S.A Macgarica Dwnlop U.K
**Ph:216135, 09 8570600**
**(Ko Lay Naing)**

---

**ရောင်းမည်**
Laptop Toshiba 2GB, HDD 160 GB, DVDRW, VGA 358MB, All in One ၊ ဈေးနှုန်း- ၂၉၅၀၀၀ ကျပ်။
**ဖုန်း-၀၉ ၈၅၇၀၆၀၀**

---

၂၀၁၁-၁၂ ပညာသင်နှစ်အတွက် Wisdom မှ ၈၊ ၉၊ ၁၀ တန်းများ ကြိုတင်လက်ခံနေပါပြီ။ နေထိုင်၊ စားသောက်ရေးစီစဉ်ပေးပါသည်။
**ဖုန်း-၇၃၀၀၅၉၃၈၊ ၀၉ ၅၁၉၀၆၉၂**

---

အင်္ဂလိပ်စာ ရေး၊ ဖတ်ပြော(ဘွဲ့ကြို၊ ဘွဲ့လွန်) ဆရာဦးသန့်ဇင်ဦး
**ဖုန်း-၅၁၉၉၅၆**

---

**G.T.U Training**
Mechanical (1st to Me)& CNC (1st & 2nd) ဝိုင်းများ လက်ခံနေပါပြီ။ တစ်ဝိုင်းလျှင် ၅ဦးသာ လက်ခံသည်။ **ဖုန်း-၀၉ ၅၀၅၇၆၄၄**

---

ကြည့်မြင်တိုင်၊ ဈေးအနောက်၊ ပေ(၁၂ခွဲ×၅၀)၊ တိုက်သစ်၊ တစ်ထပ်၊ ထပ်ခိုးပါ။ သိန်း-၁၁၀(ညှိနှိုင်း)
**ဖုန်း-၀၉ ၇၃၀၉၈၂၈၈**

---

ရွှေပုပ္ပါး လက်တွေ့အသုံးချဆေးဝါးကျွမ်းကျင်/သူနာပြုအကူသင်တန်း ၈ နာရီမှ ညနေ ၄ နာရီ၊ ၂ လပြတ်၊ Mon to Fri-80000 ks ၊ ၁. ၄. ၂၀၁၁ ရက် စမည်။ **ဖုန်း-၅၅၆၃၀၆**

---

ADSL 128 MB လိုင်းရောင်းရန်ရှိသည်။ **ဖုန်း-၂၉၁၃၁၅**

---

စင်္ကာပူက နိုင်ငံတကာတက္ကသိုလ် မြန်မာပြည်တွင် သင်တန်းဖွင့်ရန်ခန်းမ စီစဉ်ပေးနိုင်သည့် အကျိုးတူပူးပေါင်းလိုသူများ investyangon@gmail.com ကိုဆက်သွယ်ပါရန်။

---

**အိမ်ရောင်းမည်**
သဃ်န်းကျွန်း၊ မြယမုံအိမ်ရာ၊ ပေ(၄၀×၈၀)၊ RC ၂-ထပ်၊ တိုက်သစ်၊ ရေမီး၊ ပါကေးခင်းပြီး၊ ပရိဘောဂစုံ။ ရောင်းဈေး-သိန်း(၉၅၀)
**ဖုန်း-၆၆၄၆၁၃**

---

**ရွှေပိတောက် သွားနှင့်ခံတွင်း အထူးကုဆေးခန်း**
ရွှေမာလာရိပ်မွန်၊ ရေကြောင်းသိပ္ပံရှေ့ ဘုရင့်နောင်လမ်းမကြီး၊
**ဖုန်း-၀၉ ၅၀၄၇၃၆၄၊ ၇၃၀၀၈၇၂၇**

---

**ကားရောင်းမည်**
Mitsubishi Van 94 Model, Auto Gear 4 Doors, All Power
**ဖုန်း-၀၉ ၈၇၂၇၅၆၃၊ ၅၅၉၄၃၀**

---

**ဆရာဖွဲ့ English**
၈၊ ၉၊ ၁၀ တန်းနှင့် အခြေခံခိုင်လိုသူများအတွက် အင်္ဂလိပ်စာသီးသန့် ဝိုင်းများ Grammar ပါသင်ကြားပေးနေသည်။ **ဖုန်း-၇၃၀ ၄၇၀၁၃**

---

**ရောင်းမည်**
လမိုင်ကွန်ဒို (၈-လွှာ)၊ မြေနုလမ်း၊ မြေနီကုန်း၊ အိပ်ခန်း(၃)ခန်း၊ 8Q-Ft 1500 ၊ **ဖုန်း-၅၂၃၅၈**

---

**Computer Guides**
Basic, A+, DTP, Photoshop, Internet & Email, Video Editing များကို အိမ်အရောက်သင်ကြားပေးနေပါပြီ။ **ဖုန်း-၀၉ ၅၄၁၅၇၆၁**

---

Grade(1) မှ (9) ထိ အိမ်အရောက်သင်ကြားပေးသည်။ Eng, Maths အထူးသင်ကြားပေးပါသည်။
**ဖုန်း-၀၉ ၅၄၁၅၇၆၁**

---

**တရုတ်စာ အခြေခံသင်တန်း**
တစ်ပတ်(၃)ရက်၊ တစ်ရက် (၁)နာရီ၊ သင်တန်းကြေး-၁၅၀၀၀ ကျပ်၊
**ဖုန်း-၇၃၀ ၅၇၂၀၀**

---

**ဆရာမင်းသုန္ဒြ(မန်းတက္ကသိုလ်)**
ကွန်ပျူတာဖြင့် ကလေးအမည်ပေးခြင်း၊ ဟောစာတမ်းရေးသားခြင်းများဆောင်ရွက်ပေးသည်။
**ဖုန်း-၃၇၅၈၄၅၊ ၂၉၆၁၈၄**

---

**နည်းပညာခေတ်ထဲမှာသင့်အတွက် အားထားရာ**
Myan Yu Computer Training
၈/၃ နန်းသီတာလမ်း၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့။
**ဖုန်း-၀၉-၅၁၉၂၆၀၁၀၈၁-၂၀၆၅၄၃**

---

Summer Applied English Speaking Course အား ၂၈. ၂. ၁၁ မှ ၃ လအတွင်း အခြေခံမှစပြီး ကျွမ်းကျင်ထိ သင်ကြားပေးမည်ဖြစ်ပါသည်။
**ဖုန်း-၀၉ ၅၁၅၀၂၉၁၊ ၅၄၄၅၁၂**

---

**အလိုရှိသည်**
Office Staff မ(၅)ဦး၊ Php နှင့် Photoshop Design ကျွမ်းကျင်သူ မ(၁၀)ဦး။
**ဖုန်း-၂၁၈၁၉၅**

---

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
ပေ(၂၀×၆၀)၊ မာဃလမ်း၊ တောင်ဥက္ကလာပမြို့နယ်။
**ဖုန်း-၂၁၈၁၉၅**

---

Wimax (Readlink) 512 Mb. အမြန်ရောင်းလိုသည်။
**ဖုန်း- ၇၃၀၈၂၅၅၆**

---

လူကြီးမင်းတို့၏ ကွန်ပျူတာများတွင်ဖြစ်ပေါ်တတ်သော အခက်အခဲများကို စိတ်တိုင်းကျသည်အထိ ဝန်ဆောင်မှုပေးပါသည်။ **ဖုန်း- ၇၃၁၄၃၁၇၉**

7 DAY NEWS JOURNAL
Vol.9, No.48 • FEBRUARY 24, 2011

# ပိတ်ဆို့မှုရှင်းတမ်း

ရန်ကြီးအောင်

ဖေဖော်ဝါရီလ ၈ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်သော NLD ၏ “မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ” ဟုခေါင်းစဉ်တပ်ထားသော စာတမ်းအပေါ် ကျွန်တော်၏ လေ့လာဆန်းစစ်တွေ့ရှိချက်အချို့ကို “ပိတ်ဆို့မှု၊ ဒေါ်စုကြည်နှင့် **NLD** ” ဆိုသော ဆောင်းပါးဖြင့် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ မြန်မာနိုင်ငံအပေါ် အမေရိကန်၊ ဥရောပသမဂ္ဂ၊ ဩစတြေးလျနှင့် နယူးဇီလန်စသော အနောက်နိုင်ငံများက ချမှတ်ထားသော ပိတ်ဆို့မှုများနှင့် ပတ်သက်၍ သဘောထားအမျိုးမျိုး ထွက်ပေါ်လာနေသည်ကို တွေ့ရ၏။ မြန်မာနိုင်ငံ၌ စစ်ဘက်က အုပ်ချုပ်မှု အဆုံးသတ်ခဲ့ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်သူများရွေးချယ်တင်မြှောက်သည့် ဒီမိုကရေစီ အစိုးရအဖွဲ့သစ် ပေါ်ပေါက်လာနေပြီဖြစ်ရာ ဒီမိုကရေစီ အပြောင်းအလဲအတွက် ဦးတည်ရည်ရွယ်ချက်ချမှတ်ထားပါသည်ဆိုသည့် ပိတ်ဆို့မှုများကို ဖယ်ရှားသင့်ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏အိမ်နီးချင်းများဖြစ်သည့် အာဆီယံနိုင်ငံများကလည်းကောင်း၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် တရားဝင်နိုင်ငံရေးပါတီများကလည်းကောင်း တောင်းဆိုခဲ့ကြသည်။ မှတ်သားဖွယ်ရာကောင်းသည်မှာပိတ်ဆို့မှုများကို ဖယ်ရှားပေးရန် တောင်းဆိုခဲ့သည့် နိုင်ငံရေးပါတီများမှာ လွှတ်တော်ကိုယ်စားလှယ်နေရာ အများစုရရှိထားသည့် နိုင်ငံရေးပါတီကြီးနှင့်လည်းကောင်း၊ အစိုးရအဖွဲ့နှင့်လည်းကောင်းနီးစပ်ခြင်းမရှိသည့်အပြင် အစိုးရနှင့်လည်း သဘောထားချင်းအမြဲတိုက်ဆိုင်သည်ဟု မဆိုနိုင်သော ပါတီများဖြစ်နေခြင်းပင်။ ထို့အပြင် ယင်းပါတီများတွင်တိုင်းရင်းသားလူမျိုးစုပါတီများလည်းပါဝင်နေသည်ကို တွေ့ရသည်။

ထို့ကြောင့် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှု များကို ဖယ်ရှားသင့်ကြောင့် သဘောထားအမြင်ရှိသူများမှာ မြန်မာအစိုးရအာဏာပိုင်အဖွဲ့တစ်ခုတည်းသာ မဟုတ်ဘဲ မြန်မာ့နိုင်ငံ ရေးအခြေအနေကို နီးနီးကပ်ကပ်လေ့လာသိရှိရသော ဒေသတွင်း အိမ်နီးချင်းနိုင်ငံများ၊ မြန်မာနိုင်ငံအတွင်း ဒေသအသီးသီး၊ တိုင်းရင်းသား လူမျိုးစုအသီးသီး၊လူတန်းစားအလွှာအသီးသီး၊ နိုင်ငံရေးအမြင်အသီးသီးကို ကိုယ်စားပြုသော ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်နေကြသည်ဖြစ်ရာ ကျယ်ပြန့်သော အခြေခံ **(Broad Based)** ရှိသည့်အမြင်တစ်ရပ်ဖြစ်သည်ဟုဆိုနိုင်ပေသည်။

တစ်ဖက်တွင်လည်း မြန်မာနိုင်ငံအပေါ်ပိတ်ဆို့မှုများကို ဦးဆောင်ချမှတ်သည့် နိုင်ငံဖြစ်သော အမေရိကန်က ပိတ်ဆို့မှုများကိုဆက်လက်ထားရှိဦးမည်ဟု ထုတ်ဖော်ပြောကြားခဲ့သကဲ့သို့ ယခုအခါဥပဒေအကြောင်းအရတရားဝင်ရပ်တည်ခွင့်မရှိတော့ပြီဖြစ်သည့် **NLD** ကလည်းအထက်တွင်ဖော်ပြခဲ့သည့် စာတမ်းတစ်စောင်ကိုထုတ်ပြန်ကာ ပိတ်ဆို့မှုဘက်မှ ကာကွယ်ပြောကြားခဲ့သည်ကိုတွေ့ရပြန်သည်။

ဤသို့ပိတ်ဆို့မှုနှင့် ပတ်သက်၍ ဆက်ထားသင့်သည်၊ ဖယ်ရှားသင့်သည်ဟု ငြင်းခုန်နေကြရာတွင် အများပြည်သူများအတွက် မိမိတို့ကိုယ်တိုင်ယထာဘူတကျစွာ စဉ်းစားဆင်ခြင်သုံးသပ်နိုင်ရန် သိရှိနားလည်ထားသင့်သော အချက်များကို “ဆိုရေးရှိက ဆိုအပ်လှ၏” ဆိုသကဲ့သို့ ဤဆောင်းပါးဖြင့် ဆက်လက်တင်ပြလိုက်ရခြင်းဖြစ်ပါသည်။

**ပိတ်ဆို့မှု၏ အခြေခံအတွေးအခေါ် သဘောတရား**

ဤနေရာ၌ ပိတ်ဆို့မှုသည် ကောင်းသော လုပ်ရပ်တစ်ခု ဟုတ်သည်၊ မဟုတ်သည်ကို ဝိဝါဒကွဲပြား၍ ငြင်းခုန်ကြရန် မရှိပါ။ လူတစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ လူအများကိုဖြစ်စေ၊ စားဝတ်နေရေး၊ စီးပွားရေး အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများ၌ လုပ်ကိုင်ခွင့်မရအောင်၊ အခက်အခဲ အကျပ်အတည်းဖြစ်အောင် ပိတ်ဆို့တားမြစ်တားဆီးထားခြင်းသည် မကောင်းသော အပြုအမူဖြစ်သည်ကို လူမှန်းသိတတ်စ ကလေးသူငယ်အရွယ်များပင်လျှင် နားလည်ကြပါသည်။

သို့စင်လျက် နိုင်ငံတစ်နိုင်ငံက အခြားတစ်နိုင်ငံအပေါ် Economic Sanction ဟုခေါ်သည့် စီးပွားရေးဆိုင်ရာ ပိတ်ဆို့မှုများကို ချမှတ်ကြပါသည်။ ဤနေရာ၌ စီးပွားရေးပိတ်ဆို့မှုကို စစ်ရေး၊ စီးပွားရေး၊ နိုင်ငံတကာဆက်ဆံရေးစသည့် ကဏ္ဍအသီးသီးတွင် သုံးစွဲမှုများ ရှိကြသော်လည်း နိုင်ငံတကာဆက်ဆံရေး သို့တည်းမဟုတ် နိုင်ငံခြားရေးကဏ္ဍ၌ သုံးစွဲမှုကိုသာ ရွေးထုတ်၍ လေ့လာတင်ပြပါမည်။

စီးပွားရေးပိတ်ဆို့မှုကို နိုင်ငံခြားရေးမူဝါဒ၏ လက်နက်ကိရိယာ (Instrument of Foreign Policy) တစ်ခုအဖြစ် အသုံးပြုကြလေ့ရှိကြပါသည်။ ထိုသို့အသုံးပြုခြင်းမှာလည်း ဒုတိယကမ္ဘာစစ်နောက်ပိုင်း စစ်အေးကာလမှစ၍ သိသိသာသာ ပိုမိုများပြားလာခဲ့ပြီး ယင်းတို့အနက် အများစုမှာ အမေရိကန်နိုင်ငံက ဆောင်ရွက်ခဲ့ခြင်းဖြစ်၏။

ယေဘုယျအားဖြင့် စီးပွားရေးပိတ်ဆို့မှုကို အင်အားကြီးသော နိုင်ငံက အင်အားငယ်သော နိုင်ငံအပေါ် ချမှတ်ဆောင်ရွက်ပြီး ပစ်မှတ်နိုင်ငံ၏ အပြုအမူ၊ မူဝါဒတစ်ရပ်ရပ်အား ပိတ်ဆို့သူနိုင်ငံ၏အလိုကျ ဖြစ်စေရန်အတွက်သော်လည်းကောင်း၊ အန္တိမရည်မှန်းချက်အနေဖြင့် ပိတ်ဆို့သူနိုင်ငံနှင့် အဆင်မပြေသော၊ ဆန့်ကျင် သော၊ အောက်ကျို့တပည့်ခံခြင်းမရှိသော ပစ်မှတ်နိုင်ငံ၏ အစိုးရပြုတ်ကျပြီး ၎င်းတို့အလိုကျ အစိုးရတစ်ရပ်နှင့် ပြောင်းလဲအစားထိုးရန် **(Regime Change)** အတွက်သော်လည်းကောင်း ပြုလုပ်လေ့ရှိကြသည်။

ထိုသို့လုပ်ဆောင်ရာ၌ နည်းလမ်းအဖြစ် အတင်းအကျပ်ဖိအားပေးမှု **(Coercion)** ကိုအသုံးပြုသည်။ အတင်းအကျပ် ဖိအားပေးမှုဆိုသည်ကို ပွင့်ပွင့်လင်းလင်းနှင့် ရှင်းရှင်းပြောရလျှင် ပစ်မှတ်နိုင်ငံမှ ပြည်သူများကို ငတ်ပြတ်ဆင်းရဲအောင် အတင်းအဓမ္မလုပ်ဆောင်ပြီး ယင်းပြည်သူတို့က လက်ရှိအစိုးရအပေါ် မကျေမနပ်ဖြစ်ကာ ဆူပူအုံကြွအောင် လုပ်ဆောင်မည်။ ပစ်မှတ်အစိုးရက ယင်းဆူပူမှုဒဏ်ကို မခံနိုင်၍ပြုတ်ကျလျှင်ပြုတ်ကျ၊ ပြုတ်မကျလျှင်လည်းပိတ်ဆို့သူ အလိုကျလိုက်လျောအလျှော့ပေး ဟူသော အခြေခံသဘောတရားဖြစ်သည်။ လိုရင်းဆိုရလျှင် ပြည်သူကိုအထိနာအောင်လုပ်ပြီးမှ အစိုးရကိုထိန်းချုပ်/ဖြုတ်ချမည် သဘောပင်တည်း။ တစ်နည်းဆိုသော် သားသမီး၏ လည်မျိုကိုဓားဖြင့်ထောက်၍ မိဘကို အကျပ်ကိုင်သည့် နိုင်ငံရေးပြန်ပေးဆွဲအနိုင်ကျင့်မှု **(Political Blackmail)** ပင်ဖြစ်လေသည်။ ထို့ကြောင့် ပိတ်ဆို့မှုဟူသည် ပြည်သူနာမှ ထိရောက်နိုင်သည်။

သို့သော် ဤအခြေခံ သဘောထင်ရှားလှသော်လည်း ပိတ်ဆို့သည့် နိုင်ငံများကမူ မည်သည့်အခါမျှ ထိုသဘောတရားကို လူသိရှင်ကြား ထုတ်ဖော်လေ့မရှိ။ ယင်းအစား မိမိတို့၏ ပိတ်ဆို့မှုသည် ပစ်မှတ်နိုင်ငံမှပြည်သူလူထုကို မထိခိုက်ပါ။ သို့မဟုတ် ထိခိုက်မှု အလွန်နည်းပါးသည်ဟုဆိုလေ့ရှိကြသည်။ လူသားချင်းစာနာသူတို့က ပိတ်ဆို့မှုများသည်အပြစ်မဲ့ပြည်သူများနှင့် ကလေးသူငယ်များကို ဆိုးရွားစွာထိခိုက်စေကြောင်း (အီရတ်စစ်ပွဲနောက်ပိုင်း၌) ခိုင်ခိုင်မာမာလေ့လာဖော်ထုတ်သက်သေပြကန့်ကွက်လာကြသောအခါ ပိတ်ဆို့သူများက လေသံပြောင်းသွားပြီး မိမိတို့၏ ပိတ်ဆို့မှုသည် ပစ်မှတ်ရွေးချယ် ပိတ်ဆို့မှုဖြစ်ပါသည်။ မသက်ဆိုင်သူများကို ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ကြိုးစားထားပါသည်ဟုဆိုကြပြန်သည်။ သို့ရာတွင် အထက်၌ဖော်ပြခဲ့သည့်ပိတ်ဆို့မှု၏ အခြေခံသဘောတရားအရ မည်သည့်ပိတ်ဆို့မှုမျှ ပြည်သူမနာလျှင် မထိရောက်နိုင်ပေရာ ယင်းတို့၏ ပစ်မှတ်ရွေးချယ် ပိတ်ဆို့မှုဟူသည်မှာလည်း “ကတ္တီပါအိတ်စွပ်ထားသော သံတုတ်” မျိုးသာဖြစ်လေ့ရှိပြီး တစ်နည်းနည်းဖြင့် ပြည်သူကို ထိခိုက်စေသည်သာ ဖြစ်ကြောင်းလေ့လာသူပညာရှင်များက ကောက်ချက်ချလေ့ရှိကြသည်။ ဤအချက်များကို ဆက်၍လေ့လာသွားပါသည်။

**ပိတ်ဆို့မှုက မြန်မာပြည်သူများကို မည်မျှထိခိုက်၍ ပိတ်ဆို့သူအတွက်မည်မျှထိရောက်မှုရှိသနည်း။**

NLD ၏စာတမ်းပထမအပိုဒ်၌ မေးခွန်းအချို့ပါရှိရာ ယင်းမေးခွန်းများကို အုပ်စုခွဲပါက ပိတ်ဆို့မှုကြောင့် မြန်မာပြည်သူများအပေါ် ထိခိုက်မှုရှိ၊ မရှိဟူသော အချက်နှင့် ပိတ်ဆို့မှုက ပိတ်ဆို့သူ၏ ရည်ရွယ်ချက်ကို ထိရောက်စွာ ဖြည့်စွမ်းနိုင်မှု (တစ်နည်း) ထိရောက်မှုရှိ၊ မရှိဟူသောအချက်ဟူ၍ အုပ်စုနှစ်စုခွဲနိုင်ပါသည်။

အဆိုပါ မေးခွန်းအုပ်စုနှစ်စုနှင့် ပတ်သက်၍ ယင်းစာတမ်း၌ ပိတ်ဆို့မှုကြောင့် မြန်မာလူထုအပေါ် ထိခိုက်မှုမရှိ (သို့မဟုတ်) အနည်းအကျဉ်းရှိခဲ့သည့်တိုင်အောင် မဆိုသလောက်မျှသာ ဖြစ်သည်ဟု ကာကွယ်ပြောကြားထားပြီး ပိတ်ဆို့မှုသည် မည်မျှထိရောက်အောင်မြင်သည်ဟူသောအချက်ကို “ဆင်ဝှေ့ရန်ရှောင်” ပြုကာ ဖုံးဖုံးဖိဖိလုပ်ထားသည်ကို တွေ့ရပါသည်။

**ပိတ်ဆို့မှုကြောင့် မြန်မာလူထုအပေါ် ထိခိုက်မှု**

ဤကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာ ပိတ်ဆို့မှုများ၏ ထိခိုက်သက်ရောက်မှုအပေါ် စနစ်တကျလေ့လာထားသော အနောက်နိုင်ငံမှ ပညာရှင် ကျွမ်းကျင်သူပုဂ္ဂိုလ်တစ်စု၏ အစီရင်ခံစာမှ ထုတ်နုတ်၍ တင်ပြလိုပါသည်။ NLD ၏ စာတမ်း၌ “အများ၏ လေးစားမှုကို ခံယူရရှိပြီးဖြစ်သော ပညာရှင်အဖွဲ့တစ်ခုက စီးပွားရေးပိတ်ဆို့မှုများ၏ အကျိုးအပြစ်များကို လေ့လာဆန်းစစ်နိုင်မည်ဆိုပါလျှင် အဆိုပါ ဆွေးနွေးမှုများကို များစွာအထောက်အကူပြုအကျိုးရှိစေမည်ဖြစ်ပါသည်” ဟူ၍ ပါရှိရာ ယခုတင်ပြမည့် ပညာရှင်အုပ်စု၏ သဘောထားကိုအလေးထားနိုင်လိမ့်မည်ဟု ယူဆပါသည်။

ယင်းပညာရှင်အုပ်စုမှ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများ ချမှတ်ရာတွင်ပါဝင်သည့် ဗြိတိန်နိုင်ငံမှဖြစ်ပြီး သာမန်အနုညာတ ပုဂ္ဂိုလ်များ မဟုတ်သကဲ့သို့ ယင်းတို့၏ လုပ်ငန်းတာဝန်မှာလည်း ဗြိတိသျှအစိုးရကို မူဝါဒရေးရာ အကြံပြုခြင်းဖြစ်ရာ မြန်မာအစိုးရအပေါ်၌ မျက်နှာလိုက်ခြင်း၊ ဘက်လိုက်ခြင်းမရှိနိုင်သကဲ့သို့ အစီရင်ခံစာ၏ သုံးသပ်ဖော်ထုတ်ချက်များတိကျမှန်ကန် လေးနက်မှုတန်ဖိုးအပေါ်၌လည်း အငြင်းပွားဖွယ်ရှိမည်မထင်ပါ။

ယင်းအစီရင်ခံစာ၏ခေါင်းစဉ်မှာ “**The Impact of Economic Sanctions**”(စီးပွားရေးပိတ်ဆို့ပြဋ္ဌာန်းမှုများ၏ ထိခိုက်သက်ရောက်မှု) ဖြစ်ပြီး အီရတ်၊ အီရန်၊ မြောက်ကိုရီးယား၊ မြန်မာ၊ ကျူးဘားစသော နိုင်ငံများ၌ အနောက်အုပ်စုနိုင်ငံများက ချမှတ်ထားသည့် ပိတ်ဆို့မှုများ၏ ထိခိုက်သက်ရောက်မှုများကို စနစ်တကျလေ့လာသုတေသနပြုထားသော အစီရင်ခံစာဖြစ်ပါသည်။

အစီရင်ခံစာ ပြုစုသည့်အဖွဲ့အစည်းမှာ ဗြိတိသျှလွှတ်တော် စီးပွားရေးရာအထူးကော်မတီ **(House of Lords, Slect Committee on Econimic Affairs)** ဖြစ်ပြီး ယင်းကော်မတီဥက္ကဋ္ဌမှာ **Lord Wakeham** ဖြစ်ပါသည်။ **Lord Wakeham** သည်ဗြိတိန် ဝန်ကြီးချုပ်မာဂရက်သက်ချာလက်ထက်မှစ၍ အောက်လွှတ်တော် အမတ်လူများစုခေါင်းဆောင်၊ ဘဏ္ဍာရေးဝန်ကြီးစသည့် နိုင်ငံရေး ရာထူးတာဝန်များကို နှစ်ရှည်လများစွာ ထမ်းဆောင်ခဲ့သူဖြစ်ကာ အထက်လွှတ်တော်၌လည်း အထက်လွှတ်တော်ဖွဲ့စည်းပုံ ပြုပြင်ပြောင်းလဲရေးကိစ္စ၌ ခေါင်းဆောင်အဖြစ်ယုံကြည်စွာ တာဝန်ပေးခံခဲ့ရသူဖြစ်ရာ အများလေးစားခံရမှု၌ ဆိုဖွယ်ရာမရှိသူဖြစ်ပါသည်။ ယင်းကော်မတီ၌ လူလေးစားခြင်းခံရသည့် အထက်လွှတ်တော်အမတ် (၁၆) ဦးပါဝင်ခဲ့ပြီး ကျွမ်းကျင်သူပညာရှင်ဖြစ်ပြီး ဘရစ္စတိုးလ်တက္ကသိုလ်မှ ပါမောက္ခဒေါက်တာအီရစ်ဟာရင်း **(Dr. Eric Herring)** ကလည်း အထူးအကြံပေးပညာရှင်အဖြစ် ထောက်ကူထားသည့်အတွက် ပညာရပ်ပိုင်းဆိုင်ရာ၌လည်း လစ်ဟာမှုမရှိဟု ဆိုနိုင်ပါသည်။

ယင်းကော်မတီသည် လူပုဂ္ဂိုလ်သက်သေအဖြစ် တက္ကသိုလ်ကြီးများမှ ပါမောက္ခများ၊ ထင်ရှားသော နိုင်ငံတကာ သုတေသီများ၊ အငြိမ်းစားသံတမန်များ၊ ကုလသမဂ္ဂအရာထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဘဏ်လုပ်ငန်းရှင်များ၊ လွှတ်တော်အမတ်များ၊ လူသားချင်းစာနာမှုဆိုင်ရာ ကျွမ်းကျင်သူများ၊ အစိုးရမဟုတ်သော ပရဟိတအဖွဲ့အစည်းများမှ တာဝန်ရှိသူများ စုစုပေါင်း သုံးဆယ်နီးပါးခန့်နှင့် စာရွက်စာတမ်းများ၊ အီးမေးလ်၊ တယ်လီဖုန်းစသဖြင့် မေးမြန်းမှုများ ကျယ်ပြန့်စွာ ပြုလုပ်ခဲ့ပြီးမှ ပြုစုရေးသားခြင်းဖြစ်၍ အကြောင်းအရာ ခိုင်လုံမှု၌လည်း အားကိုအားထားပြုနိုင်ပါသည်။

ယင်းကော်မတီ၏ ၂၀၀၇ ခုနှစ်မေလ ၉ ရက်နေ့တွင် ထုတ်ဝေသည့် အစီရင်ခံစာမှ အကျဉ်းချုပ်ကောက်ချက် (Abstract) ၌မြန်မာနိုင်ငံနှင့် ပတ်သက်၍ ဖော်ပြချက်အချို့ကို အောက်၌ဖော်ပြလိုက်ပါသည်။

**“In the case of Burma, Sanctions are said to be targeted but are nevertheless wide enough in their impact to hurt the general population.”**

အထက်ပါစာကြောင်းအား အလွတ်သဘော သာသာပြန်ဆိုဖော်ပြရမည်ဆိုပါက “မြန်မာနိုင်ငံကိစ္စတွင် ပိတ်ဆို့ပြဋ္ဌာန်းမှုများသည် ပစ်မှတ်ရွေးချယ်ပြီးမှ ဆောင်ရွက်ခဲ့သည်ဟု ဆိုသော်ငြားလည်း လူထုတစ်ရပ်လုံးကို ထိခိုက်ခံစားရစေနိုင်လောက်အောင် ယင်းပိတ်ဆို့မှုများက ကျယ်ကျယ်ပြန့်ပြန့် သက်ရောက်မှုရှိခဲ့သည်” ဟူ၍ဖြစ်၏။ အသေးစိတ်တွေ့ရှိဖော်ထုတ်ချက်များကို သိရှိလိုပါက အင်တာနက်ပေါ်တွင် ဤအစီရင်ခံစာကိုအလွယ်တကူ ရှာဖွေကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံကို ပိတ်ဆို့ထားမှုများသည် မြန်မာပြည်သူလူထုအပေါ် အမှန်တကယ်ထိခိုက် သက်ရောက်စေခဲ့ကြောင်း သက်သေရှာမည်ဆိုလျှင်ခပ်ဝေးဝေး၌ ထပ်မံ၍ ရှာစရာမလိုပါ။ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ထားသည့် အနောက်နိုင်ငံများမှ နိုင်ငံခြားရေးဌာနတာဝန်ရှိသူများကိုယ်တိုင်ဝန်ခံထားပြီးဖြစ်ပါ၏။

၂၀၀၃ ခုနှစ်တွင် အမေရိကန်နိုင်ငံက Burmese Fredom and Democracy Act ဖြင့်မြန်မာနိုင်ငံမှ သွင်းကုန်များကို ပိတ်ဆို့ခဲ့မှုကြောင့် မြန်မာနိုင်ငံမှ အထည်ချုပ်စက်ရုံအများအပြား ပိတ်လိုက်ရကာ အထည်ချုပ် အလုပ်သမအမျိုးသမီးငယ်များ သိန်းနှင့်ချီ၍ အလုပ်လက်မဲ့ဖြစ်ခဲ့ရသည်။ မြန်မာနိုင်ငံသို့ ငွေကြေးလွှဲပြောင်းမှု ပိတ်ပင်ခဲ့မှုကြောင့်လည်း ငွေကြေးလွှဲပြောင်းမှုများ ထိခိုက်ခဲ့ရသည်။ ယင်းထိခိုက်မှုများနှင့် ပတ်သက်၍ အမေရိကန်အောက်လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီသို့ အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနမှ အရှေ့တောင်အာရှနှင့် ပစိဖိတ်ရေးရာ ဗျူရိုအကြီးအကဲဒုလက်ထောက် နိုင်ငံခြားရေးဝန်ကြီး Matthew P.Daley က ၂၀၀၃ ခုနှစ်အောက်တိုဘာလ ၂ ရက်နေ့တွင် ကြားနာထွက်ဆိုရာ၌ “ဤပိတ်ဆို့အရေးယူမှုသည် မြန်မာနိုင်ငံ စီးပွားရေးကို ချက်ချင်းပင် ထိခိုက်ရှုပ်ထွေးသွားစေခဲ့ကြောင်း၊ အထူးသဖြင့် အမေရိကန်သို့ ပို့ကုန်များအပေါ် အမှီပြုနေရသော စက်မှုလုပ်ငန်းများကို ထိခိုက်စေခဲ့ကြောင်း၊ အထည်အလိပ်လုပ်ငန်းမှာ အဆိုးရွားဆုံး ထိခိုက်နစ်နာမှုဖြစ်စေခဲ့ကြောင်း၊ ဘဏ္ဍာရေးငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို ပိတ်ပင်ခဲ့မှုကြောင့် စီးပွားရေးလုပ်ငန်းများ၊ အစိုးရဌာနများ၊ နိုင်ငံခြားသံရုံးများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ကုန်သွယ်မှုလုပ်ရန်နှင့် ငွေပို့ငွေလွှဲလုပ်ရန်အတွက် အမေရိကန်ငွေကြေးစနစ်ကို မှီခိုနေရသည့် အခြားလုပ်ငန်းများအားလုံးမှာ ရုတ်ချည်းပင် အကျပ်အတည်းဖြစ်ခဲ့ကြောင်း၊ အကြွေးဝယ်ကတ်နှင့် အမေရိကန်ဒေါ်လာခရီးသွား ချက်လက်မှတ်များ သုံး၍မရတော့သည့်အတွက် ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းများ၌လည်း ထိခိုက်မှုရှိခဲ့ကြောင်း” ဝန်ခံပြောကြားခဲ့သည်။

Mr.Daley ကဆက်လက်၍ ပြောကြားထွက်ဆိုခဲ့ရာတွင် “ပိတ်ဆို့မှုသည်ကံဆိုးလှစွာပင် သာမန်ပြည်သူလူထုကိုလည်း ထိခိုက်စေခဲ့ကြောင်း၊ ယခုဒုက္ခရောက်နေသော ပို့ကုန်လုပ်ငန်းများအထူးသဖြင့်အထည်ချုပ်လုပ်ငန်းများ ဖျက်သိမ်းရမှုကြောင့် အလုပ်လက်မဲ့များသိသိသာသာ တိုးပွားလာစေမည်ဖြစ်ပြီး မြနမာနိုင်ငံအတွင်း၌လည်းကောင်း၊ နယ်စပ်ကိုကျော်၍ ထိုင်းနှင့်တရုတ်နိုင်ငံတို့တွင် လည်းကောင်း တရားမဝင်ဥပဒေမဲ့အလုပ်များကို ရှာဖွေရသူ အရေ အတွက် ရုတ်ချည်းတိုးမြင့်သွားနိုင်ကြောင်း နိုင်ငံတကာ အစိုးရမဟုတ်သော ပရဟိတအဖွဲ့များ၏ စိုးရိမ်စွာ ပြောကြားမှုကိုမှတ်သားမိပါကြောင်း၊ ပိတ်ဆို့မှုများစတင်သည့် ပထမလမှာပင် အထည်ချုပ်လုပ်ငန်းမှ အလုပ်အကိုင်ပေါင်းလေးသောင်းကျော် ဆုံးရှုံးသွားခဲ့ရသည်ဟု မိမိတို့ခန့်မှန်းမိပါကြောင်း၊ ရေရှည်တွင် အထည်ချုပ်လုပ်ငန်းမှ စုစုပေါင်း အလုပ်အကိုင်တစ်သိန်းခန့်ဆုံးရှုံးဖွယ်ရှိပြီး ယင်းအလုပ်တွင် လုပ်ကိုင်နေခဲ့သူအများစုမှာ အမျိုးသမီးငယ်များဖြစ်ကြောင်း၊ ဤအမျိုးသမီးငယ်များ၏ ကံကြမ္မာနှင့် ပတ်သက် ၍ အချို့သော ပရဟိတအဖွဲ့များ၏ စိုးရိမ်ပူပန်မှုများမှာ အမှန်ခိုင်မာမှုရှိကြောင်း ယုံကြည်ရသည့် အစီရင်ခံစာများကို ကျွန်ုပ်တို့ ရရှိခဲ့ပြီး ယင်းအမျိုးသမီးများအနက်မှ အချို့မှာ ငွေရလွယ်သော လိင်မှုနှင့် ဖျော်ဖြေရေးလုပ်ငန်းများသို့ ရောက်ရှိသွားခဲ့ကြောင်း” ဝန်ခံခဲ့ပါသည်။

(ဤကိစ္စနှင့် ပတ်သက်၍ NLD ၏စာတမ်း၌ မလွှဲသာ၍ ဝန်ခံခဲ့သော်လည်း ယခုအခါ ဘာမျှအရေးမကြီးတော့လေဟန်ဖြင့် ခပ်ဖော့ဖော့ရေးသားထည့်သွင်းခဲ့ကြောင်း တွေ့ရပါ၏။ ယင်းအချက်များကို နောက်ပိုင်းတွင် ထပ်မံစိစစ်လေ့လာတင်ပြသွားပါမည်။)

သို့ဖြစ်ရာ ပိတ်ဆို့မှုများသည် မြန်မာပြည်သူလူထု အခြေခံလူတန်းစားများကို မည်သို့မည်ပုံ ထိခိုက်စေခဲ့သည်ကို အနောက်နိုင်ငံမှ ပညာရှင်များ၊ လူအများလေးစားလောက်သည့် ပုဂ္ဂိုလ်များ၊ နိုင်ငံခြားရေးဌာနမှတာဝန်ရှိသူများကိုယ်တိုင် ထုတ်ဖော်ခဲ့ပြီးဖြစ်၍ အနောက်ဘက်ကပြောမှ ယုံကြည်နိုင်သောသူများ လက်မခံလိုသည့်တိုင် ငြင်းရခက်နေပေတော့မည်ဟု ထင်မိပါ၏။ ။

**(ဆက်လက်ဖော်ပြပါမည်)**

သဘာဝပတ်ဝန်းကျင်နဲ့ ပတ်သက်လို့ ပတ်ဝန်းကျင်ဆိုတဲ့စကားလုံးကို အင်္ဂလိပ်ဘာသာနဲ့ (Environment) လို့ သုံးပါတယ်။ ဒီစကားလုံးကို သုံးစွဲတိုင်း၊ သုံးစွဲတိုင်းမှာ အဲဒီ Environment ဆိုတဲ့ စကားလုံးကို စဉ်းစားတိုင်း၊ စဉ်းစားတိုင်းခေါင်းထဲမှာ ပေါ်လာနိုင်တဲ့ ပုံတွေကလည်း အမျိုးမျိုးပဲဖြစ်နေနိုင်ပါတယ်။ ဥပမာ-ရေကြီးရေလျှံ နေတဲ့ပုံတွေ၊ မိုးခေါင်နေတဲ့ ပုံတွေ၊ မျိုးတုံးပျောက်ကွယ်လုဖြစ်နေတဲ့ ကျားပုံတွေ၊ လေထုကို ညစ်ညမ်းစေတဲ့ စက်ရုံမီးခိုးခေါင်းတိုင်တွေ၊ ငှက်မုဆိုးတွေရဲ့ ပုံတွေ၊ သစ်တောတွေပြုန်းတီးခြင်းရဲ့ လက္ခဏာတွေဖြစ်ကြတဲ့ သစ်ကုမ္ပဏီတွေက စုပုံထားတဲ့ သစ်တုံးပုံတွေ၊ နေစွမ်းအင်အသုံးပြုပုံတွေက စိတ်ထဲမှာအရင်ဆုံး ပေါ်လာနိုင်ပါတယ်။



# ပတ်ဝန်းကျင်လေ့လာမှု ဘာသာရပ်

ဆလိုင်းဆွန်ဘိခ်ထန်

အဘိဓာန်တွေနဲ့ အင်ဆိုက်ကလိုပီးဒီးယားတွေမှာတော့ ဒီပတ်ဝန်းကျင်ဆိုတဲ့ စကားလုံးနဲ့ ပတ်သက်လို့ အနက်ဖွင့်ဆိုချက် အမျိုးမျိုးနဲ့ အရေးအသားအမျိုးမျိုးကို တွေ့ရမှာ ဖြစ်ပါတယ်။ အဲဒါတွေ အကုန်လုံးကို ခြုံလိုက်ရင် အဲဒီစကားလုံးရဲ့ အဓိပ္ပာယ်က မိမိပတ်ဝန်းကျင်မှာ ရှိနေတဲ့ အရာအားလုံး၊ တစ်စုံတစ်ရာအပေါ်မှာ သက်ရောက်ခြင်း စတာတွေပဲ ဖြစ်ပါတယ်။ သဘာပတ်ဝန်းကျင်ဘာသာရပ်နဲ့ပတ်သက်တဲ့ နေရာတွေမှာတော့ ဒီစကားလုံးရဲ့ အဓိပ္ပာယ်ကို လူအပါအဝင် သက်ရှိတွေရဲ့ အပေါ်မှာ သက်ရောက်ခြင်း၊ ယင်းတို့၏ ဝန်းကျင်တွင် ရှိသောအရာများဆိုတဲ့ အဓိပ္ပာယ်တွေကို ညွှန်းဆိုပါလိမ့်မယ်။ အဲဒါကြောင့် သဘာဝပတ်ဝန်းကျင်လေ့လာမှုဘာသာရပ်မှာ ဒီပတ်ဝန်းကျင်ဆိုတဲ့ အယူအဆက သက်ရှိအရာတွေနဲ့ပတ်သက်နေတဲ့ သက်ရောက်မှုအခြေအနေများနဲ့ ယင်းတို့ရဲ့ ဝန်းကျင်မှာရှိနေတဲ့ အခြေအနေတွေ အားလုံးကို ရည်ညွှန်းတာဖြစ်ပါတယ်။ ဥပမာအနေနဲ့ပြောရရင် အလင်းရောင်၊ အပူချိန်၊ ရေနဲ့ တခြားသက်ရှိအရာ စတာတွေလည်း ဒီအထဲမှာ ပါဝင်ပါတယ်။

တစ်ခါတစ်ရံမှာတော့ ဒီပတ်ဝန်းကျင်ဆိုတဲ့ စကားလုံးက သူ့သဘာဝအတိုင်း တည်ရှိနေတဲ့ လောကလို့ ဆိုလိုတတ်ပါတယ်။ ဒီအဓိပ္ပာယ်ကို စွဲကိုင်တဲ့အခိုက်မှာ အဲဒီစကားလုံးရဲ့ ဆန့်ကျင်ဘက်အနက်ကတော့ လူသားလူ့အဖွဲ့အစည်းဆိုတဲ့ လောကပဲဖြစ်ပါတယ်။ အဲဒီအဓိပ္ပာယ်အရ လူသားတွေဟာလည်း သဘာဝရဲ့ ဝန်းကျင်မှာရှိနေကြတာပဲ ဖြစ်ပါတယ်။ ဟုတ်ပါတယ်။ ဒီလူသားတွေဟာ သဘာဝရဲ့ အစိတ်အပိုင်းတစ်ခုပါပဲ။ ဆက်ပြောရရင် ဒီလူသားလူ့အဖွဲ့အစည်းတစ်ခုလုံး ဆက်လက်ရှင်သန်နေနိုင်ဖို့အတွက် ရူပဗေဒဖြစ်စဉ်နဲ့ ဇီဝဗေဒဖြစ်စဉ် နှစ်ခုစလုံးအပေါ်မှာ တည်မှီနေကြတာဖြစ်ပါတယ်။

သက်ရှိ ပုံသဏ္ဌာန်အားလုံးရဲ့ ပတ်ဝန်းကျင်ဟာ သူ့အလိုအလျောက် ဒီအတိုင်းဖြစ်နေရုံသက်သက်တော့ မကပါဘူး။ အဲဒီပတ်ဝန်းကျင်ဟာ လှုပ်ရှားမှုရှိနေတဲ့ သက်ရှိအထောက်အပံ့ပြုစနစ် (Iife-Support System)ကိုလည်း ဖြစ်ပေါ်စေတာ ဖြစ်ပါတယ်။

ပြောချင်တာက ကျွန်တော်တို့ရဲ့ ပတ်ဝန်းကျင်ဟာ ကျွန်တော်တို့ရဲ့ သက်ရှိအထောက်အပံ့ပြုစနစ်ပါပဲ။ အဲဒီသက်ရှိအထောက်အပံ့ပြုစနစ်ကနေ အစားအစာတွေကိုရတယ်။ ရေကို ရတယ်။ ကျွန်တော်တို့ ရှူနေကြတဲ့ လေတွေကိုလည်းရပါတယ်။ တစ်ချိန်တည်းမှာပဲ အဲဒီသက်ရှိ အထောက်အပံ့ပြုစနစ်ထဲကိုပဲ အမှိုက်တွေအမျိုးမျိုး စွန့်ပစ်ကြတယ်။ ပြီးတော့ တခြားထုတ်ကုန်တွေကိုလည်း အဲဒီမှာပဲ စွန့်ပစ်နေကြတယ်။ အဲဒါကြောင့်ပဲ သက်ရှိအထောက်အပံ့ပြုစနစ်ဆိုတဲ့ ဒီသဘာဝပတ်ဝန်းကျင်ကို အစိတ်အပိုင်းပေါင်းများစွာနဲ့ စုပေါင်းထားခြင်းလို့ စဉ်းစားကြည့်ဖို့ လိုအပ်နေတာဖြစ်တယ်။ အဲဒါအပြင် အဲဒီအစိတ်အပိုင်းတွေကြားထဲမှာ တစ်ခုနဲ့တစ်ခု အပြန်အလှန်ဆက်စပ်တည်ရှိနေကြတာတွေကိုလည်း စဉ်းစားဆင်ခြင်ကြည့်ဖို့ လိုအပ်နေပါသေးတယ်။ အဲဒီမှာ ဒီလိုအပြန်အလှန်ဖြစ်မှုတွေကို မောင်းနှင်နေတာကတော့ အပူနဲ့အလင်းဆိုတဲ့ စွမ်းအင်ပုံသဏ္ဌာန်ပဲ ဖြစ်ပါတယ်။ ဒါကိုလည်း စဉ်းစားဆင်ခြင်ကြည့်ဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့ရဲ့ အပြုအမူတွေက ပတ်ဝန်းကျင်အပေါ်မှာ ဘယ်လောက် အကျိုးသက်ရောက်မှုရှိနေသလဲ။ တစ်ခါအပြန်အလှန်အနေနဲ့ အဲဒီပတ်ဝန်းကျင်ကရော ကျွန်တော်တို့အပေါ်မှာ ဘယ်လိုအကျိုးသက်ရောက်မှုရှိနေဦးမှာလဲဆိုတဲ့ မေးခွန်းတွေဟာ သဘာဝပတ်ဝန်းကျင်ဘာသာရပ်မှာ မေးလေ့မေးထရှိတဲ့ မေးခွန်းတွေပဲ ဖြစ်ပါတယ်။ အဲဒီမေးခွန်းတွေကို လေ့လာကြည့်နေကြရတာတွေဟာလည်း ဒီနေ့အချိန်အခါမှာ သဘာဝပတ်ဝန်းကျင်ကို များစွာစိတ်ဝင်စားကြရတဲ့ အကြောင်းတွေပဲ ဖြစ်ပါတယ်။ ဒီနေ့အချိန်အခါမှာ ကျွန်တော်တို့ သဘာဝပတ်ဝန်းကျင်ရဲ့ အစိတ်အပိုင်းပေါင်းများစွာဟာ အလျင်အမြန်ပဲ ပြောင်းလဲနေပါပြီ။ ကျွန်တော်တို့ တစ်ခုခုကိုရွေးချယ်ကြရပါတော့မယ်။ ကျွန်တော်တို့ရဲ့ ရွေးချယ်မှုတွေက အဲဒီပြောင်းလဲမှုတွေရဲ့ အရွယ်အစားပမာဏနဲ့ သဘာဝကို အဆုံးအဖြတ်ပေးပါလိမ့်မယ်။ ပြီးတော့ ဒီအဆုံးအဖြတ်တွေဟာ အနာဂတ်မျိုးဆက်ရဲ့ ကံကြမ္မာလည်း ဖြစ်နေတယ်ဆိုတာကို သတိပြုကြဖို့ ဖြစ်ပါတယ်။

လောလောဆယ်မှာ သဘာဝပတ်ဝန်းကျင်သတင်းတွေကို ကြည့်လိုက်ရင် ပလတ်စတစ်အိတ်ကင်းစင်ရေးဆိုတာတွေ ရှိမယ်။ ပြီးတော့ ရေကြီးရေလျှံကာကွယ်ဖို့ ဥယျာဉ်စိုက်ကြပါစို့။ ရေခဲများအရည်ပျော်ကျခြင်း၊ နို့တိုက်သတ္တဝါလေးမျိုးမှာ တစ်မျိုးက အန္တရာယ်နဲ့ တွေ့ကြုံနေရခြင်း၊ ဝင်ရိုးစွန်းဒေသကပိုလာဝက်ဝံများ အန္တရာယ်နဲ့ ရင်ဆိုင်နေရခြင်း၊ ဂျယ်လီငါးများ ပလိပ်ရောဂါသစ်ကျရောက်နေခြင်းအပေါ် သိပ္ပံပညာရှင်တို့က သတိပေး၊ ကမ္ဘာကြီးအရှိန်မြန်စွာ ပူနွေးလာနေခြင်း စသည်တို့ပဲ ဖြစ်ပါတယ်။

အဲဒီလို သဘာဝပတ်ဝန်းကျင်နဲ့ စပ်ဆိုင်တဲ့ ပြဿနာရပ်တွေထဲက ကိုယ်နဲ့ အများဆုံးထိစပ်ပြီး ပူပန်နေရတဲ့ သဘာဝပတ်ဝန်းကျင်ပြဿနာလေးမျိုးကို စာရင်းချကြည့်တယ်ပဲ ဆိုကြပါစို့။ အဲဒါဆိုရင် အဲဒီသဘာဝပတ်ဝန်းကျင်ပြဿနာလေးရပ်ကို ကိုယ်က ဘာကြောင့် ပူပန်စိတ်ဖြစ်နေရတာလဲဆိုတာကို အရင်ဦးဆုံး ပြန်မေးကြည့်ရပါမယ်။ အဲဒီပြဿနာလေးရပ်က လောလောဆယ်မှာ နိုင်ငံတော်ကိစ္စအထိ ဖြစ်နေတာလား။ ဒါမှမဟုတ် အနာဂတ်မှာမှ ဖြစ်ပေါ်လာနိုင်တာမျိုးလား။ ဒီလို သဘာဝပတ်ဝန်းကျင်ပြဿနာရပ်တွေနဲ့ပတ်သက်ပြီး ကိုယ်မြင်ထားတဲ့ အမြင်အပေါ်မှာ အဓိကအားဖြင့် လွှမ်းမိုးသက်ရောက်မှုတွေ ရှိနေခဲ့တယ်ဆိုရင် အဲဒီလို လွှမ်းမိုးမှုတွေက ဘာတွေဖြစ်နေမလဲ။ ဒီနေရာမှာ သတိထားရဖို့က အဲဒီလိုမေးတဲ့ မေးခွန်းတွေနဲ့ ပတ်သက်ပြီး ဒါကတော့မှားတယ်၊ ဒါကတော့ မှန်တယ်လို့ ဆုံးဖြတ်ဖို့ ခက်နေတာပဲဖြစ်ပါတယ်။ အကြောင်းကတော့ ဒါတွေက တစ်ဦးချင်းစီရဲ့ ဦးစားပေးတွေ၊ တစ်ဦးချင်းစီရဲ့ တန်ဖိုးထားမှုတွေအပေါ်မှာ တည်မှီနေတတ်လို့ပါပဲ။ ဥပမာအားဖြင့် ပြောရရင် တစ်ဦးက တစ်ကမ္ဘာလုံးနဲ့သက်ဆိုင်တဲ့ သဘာဝပတ်ဝန်းကျင် ပြဿနာတွေကို အဓိကအားဖြင့် စိတ်ဝင်စားမယ်။ ဒါပေမဲ့ နောက်တစ်ဦးကကျတော့ အကျိုးသက်ရောက်မှုတွေ ကိုယ့်ကို ဒုတ်ဒုတ်ထိ လာထိနေတဲ့ ကိုယ့်ဒေသက သဘာဝပတ်ဝန်းကျင် ပြဿနာရပ်တွေကို အထူးအားဖြင့် စိတ်ဝင်စားမယ်စသဖြင့် ဖြစ်ပါတယ်။

အဲဒီအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတချို့ကို ဒီနေရာမှာ ပြောကြည့်ပါဦးမယ်။ ဥပမာ-ရာသီဥတုပြောင်းလဲခြင်း၊ မိုးသစ်တောများ အန္တရာယ်၊ ရေနံနဲ့ ဓာတ်ငွေ့တို့လိုအဓိကသဘာဝသယံဇာတများ ပျက်စီးပျောက်ဆုံးလာခြင်း၊ နောက်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ်နဲ့ သက်ဆိုင်တဲ့ပြဿနာများ၊ ဥပမာ-ဆင်းရဲမွဲတေမှု၊ တရားမျှတသော ကုန်သွယ်ရေး၊ တိရစ္ဆာန်များအပေါ်ပြုမှုဆက်ဆံမှုစသည်တို့ပဲ ဖြစ်ကြပါတယ်။ ဒါတွေအားလုံးမှာတော့ တစ်ကမ္ဘာလုံးနဲ့ သက်ဆိုင်တယ်ဆိုတဲ့ အမြင်တွေရှိနေတတ်ပါတယ်။

ကိုယ်က ရေလွှမ်းမိုးတတ်တဲ့ နေရာမျိုးမှာ နေထိုင်နေမယ်ဆိုရင် ကိုယ်ချပြီး ရေးမှတ်ထားတဲ့ သဘာဝပတ်ဝန်းကျင် ပြဿနာရပ်တွေထဲမှာ ရေကြီး ရေလျှံခြင်းဆိုတာက ထိပ်ဆုံးကို ရောက်နေပါလိမ့်မယ်။ အသံဆူညံခြင်း၊ လေထုညစ်ညမ်းမှု၊ အမှိုက်သရိုက်များ၊ မျိုးတုံးပျောက်ကွယ်နိုင်တဲ့ အပင်တွေနဲ့အကောင်များ၊ ပြီးတော့ ပန်းတွေရဲ့ အမည်တွေဟာလည်း ကိုယ်လုပ်ထားတဲ့ စာရင်းထဲကို ရောက်လာနိုင်ပါတယ်။ တစ်ချိန်တည်းမှာပဲ အဲဒါတွေကို ဘယ်လိုမျိုး ကာကွယ်စောင့်ရှောက်ရမလဲဆိုတဲ့ စိတ်ကူးတွေလည်း ပေါ်လာနိုင်ပါလိမ့်ဦးမယ်။

ဒီလို သဘာဝပတ်ဝန်းကျင်အကြောင်းကို စဉ်းစားလိုက်တာနဲ့ တစ်နေ့ထက် တစ်နေ့ ဘဝဟာ ပိုပြီးခက်ခဲမှုတွေ ရှိလာပါလားလို့လည်း အတွေးရောက်သွားနိုင်ပါတယ်။

စာ(၁၈) သို့










# Tourism

7 DAY NEWS JOURNAL

Vol.9, No.48 • FEBRUARY 24, 2011


## ငပလီကမ်းခြေသို့ ကမ္ဘာလှည့်ခရီးသည်လာရောက်လည်ပတ်မှု ၂၀၀၆ ခုနှစ် စံချိန်တင်ခဲ့သည်ထက်ကျော်လွန်



*ငပလီကမ်းခြေသည် ပြည်တွင်းထက် နိုင်ငံခြားဧည့်သည်များ ပိုမိုသွားရောက်လေ့ရှိသည့် နာမည်ကြီးကမ်းခြေတစ်ခုဖြစ်သည်။*

ဓာတ်ပုံ - ဇေျမောင်မောင်(အမရပူရ)

**မြတ်စုမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၇**

ယခုနှစ် ပွင့်လင်းရာသီတွင် ငပလီကမ်းခြေသို့ ကမ္ဘာလှည့်ခရီးသည် လာရောက်လည်ပတ်သော အရေအတွက်မှာ ကမ္ဘာလှည့်ခရီးသည် အများဆုံးလာရောက်သည့်နှစ်အဖြစ် စံချိန်တင်ခဲ့ဖူးသည့် ၂၀၀၆ ခုနှစ်၏ စံချိန်ထက် ပိုမိုကျော်လွန်သွားပြီဖြစ်ကြောင်း ငပလီကမ်းခြေရှိ ဟိုတယ်လုပ်ငန်းများမှ သတင်းရရှိသည်။

"၂၀၀၆ ထက် အများကြီးကျော်တယ်။ ၂၀၀၆ တုန်းကဆိုရင် နိုဝင်ဘာ၊ ဒီဇင်ဘာလောက်အထိပဲ များတာ။ အခုဆိုရင် ဆက်တိုက်ရှိနေပြီ။ နိုဝင်ဘာကနေ အခုဖေဖော်ဝါရီအထိ ဟိုတယ်တိုင်းလိုလို ဧည့်သည်အပြည့်ပဲ။ အစ်မတို့မှာဆိုရင် လာတည်းတဲ့ ဧည့်သည်နဲ့ ဟိုတယ်အခန်းအရေအတွက် မလုံလောက်လို့ အခြားဟိုတယ်မှာ ခဏပြောင်းထားပေးရတာအထိ ဖြစ်ခဲ့တယ်"ဟု ငပလီကမ်းခြေ၊ မြပြင်ကျေးရွာရှိ အမတဟိုတယ်မှ Room Divison Manager ဒေါ်လွင်လွင်ပြုံးက 7 Day News သို့ပြောသည်။

ထို့အပြင် အချို့ဟိုတယ်များတွင် မြန်မာ့နှစ်သစ်ကူးသင်္ကြန်ကာလအတွက် အခန်းကြိုတင်မှာယူမှုများနှင့်ပြည့်နေပြီဖြစ်ကြောင်း သိရပြီး အများစုမှာပြည်တွင်းဧည့်သည်များဖြစ်ကြောင်း သိရသည်။ "ခါတိုင်းဆိုရင် ဒီချိန်မှာ ဧည့်သည်ပါးသွားပြီ။ အခု ပြည်တွင်းဧည့်သည်များနေတယ်။ တရုတ်နှစ်ကူးကာလဆိုတော့ ရှမ်းတရုတ်တွေ လာတည်းတာများတယ်။ အခု ကျွန်မတို့ဆီမှာ ဧည့်သည်အပြည့်ရှိပါတယ်" ဟု ငပလီကမ်းခြေ၊ လင်းသာကျေးရွာရှိ Meman-to Resort မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ငပလီကမ်းခြေသည် မြန်မာနိုင်ငံရှိ အပန်းဖြေကမ်းခြေများအနက် သဘာဝပတ်ဝန်းကျင်ပျက်စီး ထိခိုက်မှုဒဏ်ကို များစွာမခံရသေးသည့် ကမ်းခြေတစ်ခုဖြစ်သည့်အတွက် ကမ္ဘာလှည့်ခရီးသည်များ ပိုမိုနှစ်သက်သော ခရီးသွားလုပ်ငန်းဇုန်တစ်ခု ဖြစ်သည်။

ငပလီကမ်းခြေတွင် လက်ရှိလုပ်ငန်းလည်ပတ်လျက်ရှိသော စုစုပေါင်း ဟိုတယ် ၁၂ လုံးနှင့် မိုတယ်၊ Resort များလည်းရှိသည်။

## MAI လေကြောင်းဖြင့် စီရမ်ရိ(ပ်)မြို့မှ လိုက်ပါလာမည့် ခရီးသည်များကို ဆိုက်ရောက်ဗီဇာပေးမည်

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၈**

ကမ္ဘောဒီယားနိုင်ငံ စီရမ်ရိ(ပ်)မြို့မှ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း အမ်အေအိုင်ဖြင့် လိုက်ပါလာသော ကမ္ဘာ့လှည့်ခရီးသွားများအား ဆိုက်ရောက်ပြည်ဝင်ခွင့် (Visa on Arrival) ပြုမည်ဟု သတင်းရရှိသည်။

ကမ္ဘောဒီယားနိုင်ငံ နေ့စဉ်ထုတ် တီတီဂျီသတင်းစာ၌ အမ်အေအိုင်လေကြောင်းလိုင်းမှ အမှုဆောင် အရာရှိချုပ် ဦးအောင်ကြည်နှင့်မြန်မာ မားကက်တင်းကော်မတီမှ တာဝန်ရှိသူတစ်ဦးအားကိုကား၍ ဖေဖော်ဝါရီ ၁၅ ရက်ထုတ်တွင် ဖော်ပြထားသည်။

"သက်ဆိုင်ရာက ခွင့်ပြုခဲ့တာ ၂ ရက်ရှိပါပြီ" ဟု ဦးအောင်ကြည်ကပြောကြောင်း အဆိုပါသတင်းစာတွင် ဖော်ပြထားသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ အမ်အေအိုင်လေကြောင်းလိုင်းမှ ဈေးကွက်မန်နေဂျာ ဒေါ်အေးမရသာအား မေးမြန်းရာ ဆိုက်ရောက်ပြည်ဝင်ခွင့် ရရှိရန်ကြိုးစားစီစဉ်နေကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

ထို့ကြောင့် ဂျာမနီနိုင်ငံအခြေစိုက် Dischler ခရီးသွားကုမ္ပဏီမှ ကမ္ဘောဒီးယား၊ မြန်မာ ခရီးစဉ်များ စတင်ရောင်းချနေပြီဖြစ်ကြောင်း ခရီးသွားလုပ်ငန်းလုပ်ကိုင်နေသူများက ဆိုသည်။

စီရမ်ရိ(ပ်)မြို့မှ တစ်ဆင့်လာရောက်မည့် ကမ္ဘာလှည့်ခရီးသွားများအား ဆိုက်ရောက်ပြည်ဝင်ခွင့်ပေးရေးလုပ်ထုံးလုပ်နည်းများမှာ ၂၀၁၀ ခုနှစ် မေလ ၁ ရက်မှ ဩဂုတ်လ ၃၁ ရက်ထိ ခွင့်ပြုပေးခဲ့သော ဆိုက်ရောက်ပြည်ဝင်ခွင့် လုပ်ထုံးလုပ်နည်းများအတိုင်း အတူတူဖြစ်ကြောင်း သိရှိရသည်။

(၁၅)ကြိမ်မြောက် ပြုလုပ်သော အာဆီယံခရီးသွားပြပွဲတွင် ရန်ကုန်နှင့် စီရမ်ရိ(ပ်)မြို့သို့ တိုက်ရိုက်လေကြောင်း ပျံသန်းရန်နှင့် နှစ်နိုင်ငံအား ဗီဇာတစ်ခုတည်းဖြင့်လည်ပတ်ရန် နှစ်နိုင်ငံတာဝန်ရှိသူများ သဘောတူခဲ့ကြသည်။

ထို့ကြောင့် ဖေဖော်ဝါရီ ၂၃ ရက်မှစ၍ အပတ်စဉ် စနေနှင့် ဗုဒ္ဓဟူးနေ့များတွင် ရန်ကုန်မြို့မှ စီရမ်ရိ(ပ်)မြို့သို့ အိမ်အေအိုင်လေကြောင်းလိုင်းမှ စတင်ပျံသန်းပေးမည်ဖြစ်သည်။

ယခင်က ခရီးသွားများ လာရောက်မှုနည်းလေ့ရှိသော မေလမှ စက်တင်ဘာလကုန်ထိ ဆိုက်ရောက်ပြည်ဝင်ခွင့် ခွင့်ပြုပေးခဲ့သဖြင့် စပိန်နိုင်ငံသား ဧည့်သည်များ လာရောက်မှုများပြားခဲ့ပြီး ၂၀၁၀ ခုနှစ်သည် ခရီးသည်ဝင်ရောက်မှု စံချိန်တင်ခဲ့သော နှစ်ဖြစ်ကြောင်း သိရသည်။

## ခရီးသွားလုပ်ငန်းဆိုင်ရာ ပွဲတော်များအတွက် ပါဝင်ကူညီမည့်သူများနှင့် အလှူရှင်များ ဖိတ်ခေါ်

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၆**

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်အသင်းက မတ်လနှင့် ဧပြီလများတွင်ပြုလုပ်မည့် ပွဲတော်များအတွက်ပူးပေါင်းဆောင်ရွက်မည့် စပွန်ဆာများနှင့် အလှူရှင်များအား ဖိတ်ခေါ်နေကြောင်း သတင်းရရှိသည်။

မတ်လ ၁၉ ရက်တွင် ကမ်းနားဟိုတယ်၌ ကျင်းပမည့် Miss Tourism 2011 ပြိုင်ပွဲအတွက် ပူးပေါင်းဆောင်ရွက်မည့် စပွန်ဆာများအား ဖိတ်ခေါ်နေပြီး ဧပြီလ ၂ ရက်နှင့် ၃ ရက်များတွင် အင်းလေးဒေသ၌ကျင်းပမည့် အင်းလေး မြန်မာ့သစ်ခွပန်းပြပွဲအတွက်ရန်ပုံငွေများ လှူဒါန်းနိုင်ကြောင်း သတင်းထုတ်ပြန်သည်။

ပထမအကြိမ်ပြုလုပ်သော Miss Tourism ပွဲအား အဲပုဂံလေကြောင်းလိုင်းမှ အဓိကပံ့ပိုးသူအဖြစ်ဆောင်ရွက်ခဲ့သည်။ အင်းလေးဒေသတွင်ပြုလုပ်မည်ဖြစ်သော အင်းလေးမြန်မာ့သစ်ခွပန်းပြပွဲအား တောင်ကြီးဇုန်ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ဈေးကွက်မြှင့်တင်ရေးကော်မတီတို့မှ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

ခရီးသွားလမ်းညွှန်

## မန်းရွှေစက်တော် ဘုရားပွဲကျင်းပပြီ

**နန်းနွယ်**

မင်းဘူးမြို့လေးသည် တောမကျ၊ မြို့မကျ မြို့ကလေးဖြစ်လို့ အားလုံးက တောမြို့ကလေးဟု တင်စားခေါ်ကြသည်ပင်။ မကြာမီကာလအတွင်း ဤတောမြို့ကလေး စည်ကားတော့မည်။ ထိုတောမြို့ကလေးတွင် အထင်ရှားဆုံးဘုရားပွဲတော် သုံးပွဲရှိသည်။ ထိုဘုရားပွဲသုံးပွဲအနက် မကြာမီ ကျင်းပတော့မည့် "မန်းရွှေစက်တော်" ဘုရားပွဲတော်သည် အစည်ကားဆုံးဘုရားပွဲတော်တစ်ခုဖြစ်သည်။ ထို့အပြင် ဒီနှစ် ဘုရားပွဲတော် ပိုစည်ကားမည်ဟုထင်သည်။ မန်းရွှေစက်တော်ဘုရားတွင် မနှစ်ကဘုရားပွဲတော် ပြီးချိန်တွင် တွေ့ရှိခဲ့သော ကျောက်သပိတ်တော်ကို လူတိုင်းစိတ်ဝင်စားမည်ဟု ထင်မိသည်။ မန်းရွှေစက်တော်ဘုရားပွဲတော်သို့ နှစ်စဉ် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးခရီးသွားဧည့်သည်များအပြင် ကမ္ဘာ့လှည့် ခရီးသွားဧည့်သည်များနှင့် ပြည်သူချစ် အနုပညာရှင်များပါလာကြသည်။



မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲတော်များအနက် တန်ခူးလသင်္ကြန်ပွဲတော်နှင့်အတူ ကျင်းပသည့် ဘုရားပွဲတော်ဖြစ်သည့်အတွက် အထူးစည်ကားပြီး အလွန်ပျော်စရာကောင်းသော ဘုရားပွဲတော်တစ်ခုဖြစ်သည်။ မန်းရွှေစက်တော်ဘုရားပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၁၅ ရက်မှ နှစ်ဆန်း ၁ ရက်အထိ စည်စည်ကားကား ကျင်းပလျက်ရှိသလို တောမြို့ကလေး၏ ဒုတိယအစည်ကားဆုံးဘုရားပွဲတော်မှာ "ကျောင်းတော်ရာ"ဘုရားပွဲတော်ဖြစ်သည်။ ကျောင်းတော်ရာဘုရားပွဲသည်လည်း အလွန်စည်ကားသော ဘုရားပွဲတော်ဖြစ်သည်။

ကျောင်းတော်ရာ ဘုရားပွဲ၏ ထူးခြားချက်မှာ ဘုရားဖူးများသည် ဘုရားငါးများကို ကိုယ်တိုင်အစားကျွေးနိုင်သည်။ ထိုဘုရား ငါးများသည် ဥပုသ်နေ့တိုင်း ဥပုသ်စောင့်ကြသည်မှာ အလွန်ထူးခြားသည်။ ကျောင်းတော်ရာ ဘုရားပွဲကိုလည်း နှစ်စဉ်ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ စည်စည်ကားကား ကျင်းပလျက်ရှိသည်။

တောမြို့ကလေး၏ နောက်ဆုံး ဘုရားပွဲတော်မှာ "မကွေးမြသလွန်" ဘုရားပွဲဖြစ်သည်။ မကွေးမြသလွန် ဘုရားပွဲသည်လည်း အထူးစည်ကားသည့် ဘုရားပွဲတော် တစ်ခုဖြစ်သည်။ မကွေးမြသလွန်ဘုရားပွဲတော်ကို နှစ်စဉ် သီတင်းကျွတ်လဆန်း ၅ ရက်နေ့မှ လပြည့်ကျော် ၅ ရက်နေ့အထိ ကျင်းပပေးလျက်ရှိသည်။

မကွေးမြသလွန်ဘုရားပွဲတော်ကိုနှစ်စဉ် နိုင်ငံကျော် ဇာတ်ကြီးများထည့်သွင်းကျင်းပပေးသည်။ နိုင်ငံကျော်မင်းသားများဖြစ်ကြသော တင်မောင်ဆန်းမင်းဝင်း၊ ဖိုးချစ် အစရှိသည့် ဇာတ်ကြီးများနှင့် စည်စည်ကားကားကျင်းပလျက်ရှိသည်။

ထိုသို့ ဘုရားပွဲတော်များနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသော တောမြို့ကလေးသို့ အနယ်နယ်အရပ်ရပ်မှဘုရားဖူးဧည့်သည်များနှင့် ကမ္ဘာလှည့်ခရီးသည်များလှမ်းခဲ့စေချင်သည်။ တောမြို့ကလေးဆီသို့ . . . . . ။

7 DAY NEWS JOURNAL
Vol.9, No.48 • FEBRUARY 24, 2011

The Cartoon Logo






















7 DAY NEWS JOURNAL
Vol.9, No.48 • FEBRUARY 24, 2011

# အမြဲတမ်း အပစ်အခတ်ရပ်စဲရေးအတွက် ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံအား လုံခြုံရေးကောင်စီ တိုက်တွန်း

**ကုလသမဂ္ဂ၊ ဖေဖော်ဝါရီ – ၁၅**

မကြာသေးမီက ဖြစ်ပေါ်ခဲ့သော နယ်စပ်ငြိစွန်းမှုများအပေါ် အမြင့်ဆုံးချုပ်တည်းမှုပြသပြီး အမြဲတမ်း အပစ်အခတ်ရပ်စဲမှုတစ်ရပ် ထူထောင်ရေးအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့အား တိုက်တွန်းပြောကြားခဲ့ကြောင်း လုံခြုံရေးကောင်စီ၏ ယခုလဥက္ကဋ္ဌ ဘရာဇီးသံအမတ် မာရီယာအာရ်ဗီအော့တီက သတင်းထောက်များအား ပြောကြားသည်။



နှစ်နိုင်ငံနယ်စပ်ဒေသတွင် တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့ခြင်းအတွက်အလွန်အမင်းစိုးရိမ်ပူပန်မှုဖြစ်ရကြောင်း လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ပြောကြားပြီး နှစ်ဖက်စလုံးသို့ အမြင့်ဆုံးချုပ်တည်းမှု ပြသ၍ အခြေအနေပိုဆိုးစေမည့် အရေးယူဆောင်ရွက်မှုများ မပြုလုပ်ကြရန် တိုက်တွန်းလိုက်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ဘရာဇီးသံအမတ်ကြီးက ပြောသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ အစောပိုင်းတွင် လုံခြုံရေးကောင်စီက တံခါးပိတ်အစည်းအဝေးတစ်ရပ်ပြုလုပ်ခဲ့သည်။ လုံခြုံရေးကောင်စီ၏ ထုတ်ပြန်ချက်ကို ဖတ်ကြားရင်း ဘရာဇီးသံအမတ်မစ္စ မာရီယာဗီအော့တီက ပြောကြားခြင်းဖြစ်သည်။

“အမြဲတမ်း အပစ်အခတ်ရပ်စဲမှု ထူထောင်ရေးအတွက် သက်ဆိုင်ရာနိုင်ငံတွေကို လုံခြုံရေးကောင်စီအဖွဲ့ဝင်တွေက ထပ်မံတိုက်တွန်းလိုက်ပြီး အဲဒါကိုလည်းအပြည့်အဝအကောင်အထည်ဖော်ဖို့ ထိရောက်တဲ့ဆွေးနွေးပွဲတွေပြုလုပ်ပြီး အခုအခြေအနေကို ငြိမ်းချမ်းစွာဖြေရှင်းဖို့ တိုက်တွန်းထားပါတယ်” ဟုဘရာဇီးသံအမတ်ကြီးက ပြောသည်။ ယခုကိစ္စတွင် အာဆီယံအဖွဲ့၏ တက်တက်ကြွကြွ ကြိုးပမ်းမှုများကိုလည်း လုံခြုံရေးကောင်စီက ထောက်ခံကြောင်း သက်ဆိုင်သူများ (ထိုင်း၊ ကမ္ဘောဒီးယား)တို့ကိုလည်း အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းထားကြောင်း မစ္စမာရီယာကပြောသည်။

—*Ref: Xinhua*









# ခြစားမှုများ တိုက်ဖျက်သွားမည်ဟု အိန္ဒိယဝန်ကြီးချုပ် ကြုံးဝါး

**နယူးဒေလီ၊ ဖေဖော်ဝါရီ – ၁၆**

နာမည်ပျက်စရာ ပြဿနာများနှင့် တစ်သီတစ်သန်း ကြုံတွေ့ခဲ့ရပြီး ၎င်း၏ သန့်ရှင်းသော ပုံရိပ်ပျက်စီးခဲ့ရခြင်းကို ပြန်လည်တိုက်ခိုက်ရန်ကြိုးစားနေစဉ်မှာပင် ၎င်းသည် ခြစားမှု တိုက်ဖျက်ရေးအတွက် အလွန်အလေးအနက်ထားကြောင်း အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းကပြောကြားသည်။

ရှားရှားပါးပါးပြောကြားသည့် နိုင်ငံတော်မိန့်ခွန်းတွင် မကြာမီက ဖြစ်ပေါ်ခဲ့သည့် ပြဿနာများသည် အစိုးရကို ထိခိုက်စေခဲ့ကြောင်း မစ္စတာဆင်းက လက်ခံခဲ့ပြီး ယခုအခါ အချို့လူများက ပျောညံ့သူဟုခေါ်ဝေါ်နေသည်ကိုလည်း အသိအမှတ်ပြုခဲ့သည်။

ရာထူးဌာနန္တရကို ဂရုမစိုက်ဘဲအမှားကျူးလွန်သူများကို ဥပဒေနှင့်အညီ အရေးယူသွားမည်ဟု မန်မိုဟန်ဆင်းက ကတိပြုပြောကြားသည်။ ၎င်းအနေဖြင့် ရာထူးမှဆင်းပေးရေး မည်သည့်အခါကမျှမစဉ်းစားခဲ့ကြောင်းနှင့် သက်တမ်းကုန်သည်အထိ တာဝန်ယူသွားမည်ဟု ပြောကြားပြီး ဝေဖန်သူများကိုလည်း အိန္ဒိယနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အားကောင်းလာခြင်းနှင့် နိုင်ငံတကာတွင် အိန္ဒိယနိုင်ငံ၏ သံတမန်ရေးသြဇာကြီးထွားလာသည်ကိုလည်း ထည့်သွင်းစဉ်းစားရန် အိန္ဒိယဝန်ကြီးချုပ်က တိုက်တွန်းခဲ့သည်။

ပြန်လည်ရွေးကောက်ခံရပြီး ၁၈ လအတွင်းမှာပင် မြင့်တက်လာသော လူနေမှုကုန်ကျစရိတ်များကြောင့် အစိုးရ၏ လူကြိုက်များမှုကျဆင်းလာကြောင်း ထင်ရှားလာစဉ်မှာပင် ငွေကြေးဖောင်းပွမှု ပြဿနာကို ဖြေရှင်းရမည် ဟုလည်း ဝန်ကြီးချုပ်က ပြော ကြားသည်။ ဇန်နဝါရီလက ၈ ဒသမ ၂၃ ရာခိုင်နှုန်းရှိသည့် ငွေကြေးဖောင်းပွမှုသည် မတ်လစာရင်းများ ထွက်ပေါ်လာချိန်တွင် ၇ ရာခိုင်နှုန်းသို့ ကျဆင်းသွားနိုင်ကြောင်း မစ္စတာဆင်းက ပြောကြားသည်။

၂၀၀၈ ခုနှစ်တွင် မိုဘိုင်းဖုန်းလိုင်းစင်များကို တန်ဖိုးထက်များစွာ လျှော့နည်းသော ဈေးဖြင့် ရောင်းချခဲ့ခြင်းနှင့် ပတ်သက်၍ မစ္စတာဆင်း၏ ဗဟိုနှင့် လက်ဝဲယိမ်းအစိုးရမှာ လပေါင်းများစွာ အကြီးအကျယ် ဝေဖန်ခံနေရကြောင်း သိရသည်။

—*Ref: AFP*

# ဇန်နဝါရီလအတွင်း ချယ်ရီကားကုမ္ပဏီက စံချိန်တင်စီးရေ ၇၇ ၀၀၀ ကျော် ရောင်းချခဲ့ရ

**ဟေဖိုင်၊ ဖေဖော်ဝါရီ – ၁၅**

တရုတ်မော်တော်ကား ကုမ္ပဏီ ချယ်ရီအော်တိုမိုဘိုင်းသည် ကမ္ဘာတစ်ဝန်းလစဉ် ကားရောင်းရနှုန်း တိုးတက်လာကာ ဇန်နဝါရီလတွင် စံချိန်တင်အဖြစ် စီးရေ ၈၆,၂၉၉ အထိရောင်းချလာခဲ့ရကြောင်း သိရသည်။ ချယ်ရီသည် တရုတ်နိုင်ငံ၏အကြီးမားဆုံးသော မော်တော်ကားတင်ပို့သည့် ကုမ္ပဏီဖြစ်ပြီး ယခုရောင်းချရသည့် ပမာဏမှာ ယမန်နှစ် ဇန်နဝါရီလကထက် နှစ်ဆတိုးလာခြင်းဖြစ်ကြောင်း ကုမ္ပဏီ၏ပြောခွင့်ရ ပုဂ္ဂိုလ်ကဆိုသည်။

၎င်းက ကုမ္ပဏီသည် ၂၀၁၁ တွင်လည်း ဈေးကွက်တိုးတက်မှု တည်ငြိမ်နေဦးမည်ဟု ယုံကြည်ကြောင်း ပြောသည်။ ယခုနှစ်တွင် ချယ်ရီကားများ ရောင်းအားစံချိန်တင်ရခြင်းတွင် တရုတ်နှစ်ကူးကာလကြုံကြိုက်ခြင်းနှင့် အသေးစားကားများအား အခွန်ကောက်ခံမှု မူဝါဒကို အစိုးရက ပြုပြင်ထားသောကြောင့် ဖြစ်ကြောင်းဆိုသည်။ ချယ်ရီအော်တိုမိုဘိုင်း ကုမ္ပဏီသည် ၁၉၉၇ တွင် အန်ဟွေ့ပြည်နယ် တူဟူမြို့တော်၌ စတင်တည်ထောင်ခဲ့သော ကုမ္ပဏီ ဖြစ်သည်။

—*Ref: Xinhua*

7DAY NEWS JOURNAL
Vol.9, No.48 • FEBRUARY 24, 2011



နောက်ကျောပုံ - ဓာတ်ဆီနှင့်ဒီဇယ်ဈေးနှုန်းများ တရုတ်နိုင်ငံတွင် တိုးမြင့် မှ

ထိန်းချုပ်ကန့်သတ်ဈေးနှုန်း မြှင့်တင်မှုသည် ဓာတ်ဆီအခြေခံ လက်လီဈေးနှုန်းကို တစ်လီတာလျှင် ၀ ဒသမ ၂၆ ယွမ် များသွားနိုင်ပြီး ဒီဇယ်ဆီအခြေခံဈေးနှုန်းတွင် ၀ ဒသမ ၃ ယွမ် တိုးသွားမည်ဖြစ်ကြောင်း အမျိုးသားဖွံ့ဖြိုးတိုးတက်မှုပြုပြင်ပြောင်းလဲရေးကော်မရှင်က ၎င်း၏ဝက်ဘ်ဆိုက်တွင် ရေးသားထားသည်။

တရုတ်နိုင်ငံသည် ဓာတ်ဆီဈေးနှုန်းများကို ဒီဇင်ဘာလ ၂၂ ရက်က နောက်ဆုံးတိုးမြှင့်ခဲ့သည်။ စားနပ်ရိက္ခာနှင့် အခြားအရေးပါသော ကုန်ပစ္စည်းများ၏ဈေးနှုန်းများ မြင့်တက်လာခြင်းကို ထိန်းချုပ်ရန် ကြိုးစားနေစဉ်မှာပင် ငွေကြေးဖောင်းပွမှုသည် ဘေဂျင်း၏ ထိပ်တန်းစီးပွားရေးရာ စိုးရိမ်မကင်းမှုဖြစ်လာကြောင်း သတင်းတွင် ဖော်ပြသည်။

ဇန်နဝါရီလအထိ ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးနှုန်းညွှန်းကိန်းသည် ၄ ဒသမ ၉ ရာခိုင်နှုန်း မြင့်မားနေဆဲဖြစ်ကြောင်း တရုတ်နိုင်ငံက ယခင်ရက်သတ္တပတ် အတွင်းက ကြေညာခဲ့သည်။

—*Ref: AFP*

## စာ(၄၇)-ပရီးမီးယားလိဂ် ပွဲစဉ် ၂၈ ပွဲကြိုခန့်မှန်းချက် မှ

**၂၇ ဖေဖော်ဝါရီ၊ တနင်္ဂနွေ**

**လီဗာပူး - ဝက်စ်ဟန်း**

**ည ၈း၀၀ နာရီ**

**ပကျော့ရလဒ် ၀ - ၃**

လီဗာပူးဟာ ဝက်စ်ဟမ်းနဲ့ နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ တစ်ကြိမ်သာ သရေကျပြီး လေးကြိမ်စလုံး နိုင်ထားပါတယ်။ လီဗာပူးဟာ ပြီးခဲ့တဲ့ အဝေးကွင်းသုံးပွဲမှာလည်း ချယ်လ်ဆီး၊ ဝုလ်တို့ကို အနိုင်၊ ဘလက်ဘန်းကိုတော့ရှုံးထားပါတယ်။ သမိုင်းအရရော၊ လက်ရှိခြေစွမ်းပိုင်းအရကိုပါ ဧည့်သည်လီဗာပူးကိုပဲ ရွေးရမှာပါ။ ဂိုးနည်းမယ် ထင်ပါတယ်။

**မန်စီးတီး - ဖူလ်ဟမ်**

**ည ၉း၃၀ နာရီ**

**ပကျော့ရလဒ် ၄ - ၁**

မန်စီးတီးဟာ ပြီးခဲ့တဲ့နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ ဖူလ်ဟမ်ကို တစ်ကြိမ်သာ သရေကျခဲ့ပြီးနှစ်ကြိမ်နိုင်ထားခဲ့ပါတယ်။ မန်စီးတီးရဲ့ ဒီဇီကို၊ တီဗက်ဇ်၊ ရိုက်ဖီးလစ်တို့ရဲ့ တိုက်စစ်အတွဲက ဖူလ်ဟမ်နောက်တန်းကို အလုပ်ရှုပ်စေမှာပါ။ မြန်ဆန်တဲ့ မန်စီးတီးတိုက်စစ်ကို ယုံကြည်သင့်ပြီး မန်စီးတီးနှစ်ဂိုးအသာလောက်ရသွားမယ်ပွဲပါပဲ။

**စတုတ်စီးတီး - ဝက်စ်ဘရွန်း**

**ည ၉း၃၀ နာရီ**

**ပကျော့ရလဒ် ၃ - ၀**

ဒီနှစ်သင်းနောက်ဆုံး တွေ့ဆုံမှုသုံးကြိမ်စလုံး စတုတ်ကချည်း ပေးဂိုးမရှိ အနိုင်ရခဲ့ပါတယ်။ စတုတ်တို့ ပြီးခဲ့တဲ့ အိမ်ကွင်းသုံးပွဲမှာလည်း နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ် ရထားတယ်။ ဝက်စ်ဘရွန်းတို့ အဝေးကွင်းမှာ ဂိုးမပေးရရေး အဓိကထားကစားရဖွယ်ရှိပြီး စတုတ်တို့နှစ်ဂိုး အသာလောက်ရသွားနိုင်ခြေရှိပါတယ်။

Leader's Profile

# အယ်လ်ဂျီးရီးယားနိုင်ငံသမ္မတ အဗ္ဗဒီအဇစ်ဘိုတီဖလီကာ

ရဲမင်း



အဗ္ဗဒီအဇစ် ဘိုတီဖလီကာသည် အယ်လ်ဂျီးရီးယားနိုင်ငံ၏ ဒသမမြောက် သမ္မတဖြစ်သည်။ ၁၉၉၉ ခုနှစ်ကပင် နိုင်ငံတော်အာဏာကို ရယူထားခဲ့ပြီး ၂၀၀၂ ခုနှစ် အယ်လ်ဂျီးရီးယား ပြည်တွင်းစစ်ပြီးဆုံးချိန်တွင် နိုင်ငံအကြီးအကဲအဖြစ် ဆက်လက်ရပ်တည်ခဲ့ပြီး အရေးပေါ်အုပ်ချုပ်ရေးဖြင့် ဆက်လက်အုပ်ချုပ်နေသူ ဖြစ်သည်။

အဗ္ဗဒီအဇစ်ကို ၁၉၃၇ ခုနှစ် မတ်လ ၂၇ ရက်တွင် မော်ရိုကိုနိုင်ငံ၌ မွေးဖွားခဲ့သည်။ ငယ်စဉ်ကပင် အယ်လ်ဂျီးရီးယားနိုင်ငံတွင် နေထိုင် ပညာသင်ယူခဲ့ပြီး အသက် ၁၉ နှစ်တွင် အမျိုးသားလွတ်မြောက်ရေးတပ်ဦး (FLN) သို့ ဝင်ရောက်ခဲ့သည်။ မော်ရိုကိုနယ်စပ်နှင့် အနောက်အယ်လ်ဂျီးရီးယား အခြေအနေများကို အစီရင်ခံစာများ ရေးသားတင်ပြသူအဖြစ်လုပ်ကိုင်ခဲ့ရာမှ ဩဇာကြီးမားသူခေါင်းဆောင် ဘိုမီးဒီးယန်းနှင့် အရင်းနှီးဆုံးလူတစ်ဦး ဖြစ်လာခဲ့သည်။

၁၉၆၂ ခုနှစ်တွင် နိုင်ငံလွတ်လပ်ရေးရပြီး အာမက်ဘင်ဘဲလားဦးဆောင်သော အစိုးရအဖွဲ့တွင် လူငယ်နှင့် အားကစားဝန်ကြီး ဖြစ်လာသည်။ နောက်တစ်နှစ်တွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ပြောင်းလဲ တာဝန်ထမ်းဆောင်ခဲ့ရာ သမ္မတ ဘိုမီးဒီးယန်း သေဆုံးသည့် ၁၉၇၈ ခုနှစ်အထိ ၎င်းနေရာတွင် တာဝန်ဆက်လက်ထမ်းဆောင်ခဲ့သည်။ သမ္မတဘိုမီးဒီးယန်းသေဆုံး၍ အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့ရာ အဗ္ဗဒီအဇစ်မှာ ပြည်ထဲရေးဝန်ကြီးနေရာသာ ရရှိခဲ့ရာမှ နောက် ပိုင်းတွင် အစိုးရအဖွဲ့မှ ထုတ်ပယ်ခံခဲ့ရသည်။

ထိုအတောအတွင်း နိုင်ငံရပ်ခြား၌ ခြောက်နှစ်ကြာ နေထိုင်ခဲ့သည်။ ၁၉၈၉ ခုနှစ်တိုင်းပြည် မငြိမ်မသက်ဖြစ်မှု ကြုံတွေ့လာချိန်တွင် အယ်လ်ဂျီရီးယားစစ်ဘက်က အဗ္ဗဒီအဇစ်အား အမျိုးသားလွတ်မြောက်ရေး တပ်ဦး၏ ဗဟိုကော်မတီတွင် ပြန်လည်ပါဝင်စေခဲ့သည်။ အစိုးရအတွင်း အာဏာလုပွဲများ ဖြစ်ပေါ်ခဲ့ရာ ၁၉၉၂ ခုနှစ်တွင် စစ်ဘက်ကနိုင်ငံတော်အာဏာကို သိမ်းယူခဲ့သည်။

၁၉၉၄ ခုနှစ်တွင် သမ္မတမိုဟာမက်ဘိုဒီယက် လုပ်ကြံခံရ၍ စစ်ဘက်က အဗ္ဗဒီအဇစ်အား အာဏာလွှဲပြောင်းရယူရန် ပြောကြားခဲ့သော်လည်း ၎င်းက ငြင်းဆန်ခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် ဗိုလ်ချုပ်ကြီး ဇီရိုဇယ်လ်သည် မမျှော်လင့်ဘဲ နုတ်ထွက်၍ ရွေးကောက်ပွဲများကျင်းပချိန်တွင် အဗ္ဗဒီအဇစ်က တစ်သီးပုဂ္ဂလအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ထောက်ခံမဲ ၇၄ ရာခိုင်နှုန်း ရရှိ၍ အယ်လ်ဂျီးရီးယားနိုင်ငံ၏ သမ္မတဖြစ်လာခဲ့သည်။ ၎င်းနောက် နိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် လုံခြုံမှုရှိရေး ၎င်း၏ ပေါ်လစီများအပေါ် သဘောထားခံယူချက်တစ်ရပ် ကျင်းပခဲ့ရာ ကျယ်ကျယ်ပြန့်ပြန့် (၈၁ ရာခိုင်နှုန်း) ထောက်ခံမှု ရရှိခဲ့သည်။

အဗ္ဗဒီအဇစ် ဘိုတီဖလီကာသည် ၎င်း၏ ပထမ သမ္မတသက်တမ်းမှာပင် စီးပွားရေးပြုပြင်ပြောင်းလဲမှု ငါးနှစ်စီမံကိန်းကိုစတင်အကောင်အထည်ဖော်ခဲ့ရာ နှစ်စဉ်စီးပွားရေးတိုးတက်မှု ပျမ်းမျှ ငါးရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ၆ ဒသမ ၃ ရာခိုင်နှုန်း စီးပွားရေးတိုးတက်ခဲ့သည်။ ဘိုတီဖလီကာသည် နိုင်ငံတကာရေးရာများတွင်လည်း တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ပြီး အာဖရိကသမဂ္ဂ၏ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ စပိန်နိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် ငြိမ်းချမ်းရေး သဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့သည်။

၂၀၀၄ ခုနှစ်သမ္မတ ရွေးကောက်ပွဲတွင်လည်း ဘိုတီဖလီကာက အပြတ်အသတ်အောင်ပွဲခံခဲ့ပြီး ထောက်ခံမဲ ၈၅ ရာခိုင်နှုန်းဖြင့် ၎င်း၏ ဒုတိယသမ္မတသက်တမ်းကို စတင်တာဝန်ထမ်းဆောင်သည်။ မှုမမှန်မှု အချို့ရှိသော်လည်း ရွေးကောက်ပွဲမှာ လွတ်လပ်၍ တရားမျှတသည်ဟု အာဖရိက လေ့လာသူများက လက်ခံခဲ့သည်။ ဒုတိယ သမ္မတသက်တမ်း ပထမနှစ်တွင် ဘိုတီဖလီကာက "ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေး ကြေညာစာတမ်း" ကို ထုတ်ပြန်၍ ယင်းအစီအစဉ်အပေါ် သဘောထားခံယူပွဲတစ်ရပ်ကျင်းပခဲ့ရာ အစ္စလာမ်မစ်များ၊ အမျိုးသားရေးဝါဒီများနှင့် အတိုက်အခံ ဒီမိုကရက်တစ်အချို့၏ ထောက်ခံမှုများပါ ရရှိခဲ့သည်။

သို့သော် ၎င်းလွတ်ငြိမ်းချမ်းသာခွင့်အစီအစဉ်ကို GSPC ဟု အတိုကောက်ခေါ်ဆိုသည့် သူပုန်အုပ်စုက ပယ်ချခဲ့ပြီး အစိုးရအား ဆက်လက်ဆန့်ကျင် တိုက်ပွဲဝင်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် GSPC သည် အယ်လ်ကိုင်ဒါအဖွဲ့၏ အဖွဲ့ခွဲဖြစ်လာခဲ့ကာ အဖွဲ့နာမည်ကို AQIM ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ပြီး ၂၀၀၇-၂၀၀၈ နှစ်များတွင် အသေခံဗုံးခွဲတိုက်ခိုက်မှု အပါအဝင် အကြီးစားတိုက်ခိုက်မှုများ ပြုလုပ်လာခဲ့သည်။ အယ်လ်ဂျီးရီးယားစစ်ဘက်က အရေးပါသော AQIM တပ်မှူးအချို့ကို ဖမ်းဆီးနိုင်ခဲ့သော်လည်း ထိပ်တန်းခေါင်းဆောင်များမှာ လွတ်မြောက်နေဆဲဖြစ်သည်။

တတိယသမ္မတသက်တမ်းအတွက်မူ ဘိုတီဖလီကာက အယ်လ်ဂျီးရီးယားနိုင်ငံ၏ အခြေခံဥပဒေကို ပြောင်းလဲခဲ့ရာ အတိုက်အခံအုပ်စုများက အကြီးအကျယ်ဝေဖန်ခဲ့ပြီး ယင်းမှာ ၎င်း၏ကိုယ်ပိုင်အုပ်ချုပ်ရေးကို ချဲ့ထွင်ခြင်းဖြစ်၍ ဒီမိုကရက်တစ်နည်းလမ်းမကျဟု ထောက်ပြကြသည်။ ယခုအခါတွင် နိုင်ငံ၌ လူထုအုံကြွမှုများနှင့် ကြုံတွေ့ရင်ဆိုင်နေရသည့် အဗ္ဗဒီအဇစ်ဘိုတီဖလီကာသည် အိမ်ထောင်သည်တစ်ဦးဖြစ်ကာ အစ္စလာမ်ဘာသာဝင်တစ်ဦးဖြစ်သည်။

—*Ref: Wikipedia*

နောက်ကျောပုံ - ဖိလစ်ပိုင်နိုင်ငံတွင် မီးတောင်ပေါက်ကွဲ မြို့တစ်မြို့လုံးအား ပြာမှုန်အတိဖုံးလွှမ်းသွား မှ

မီးတောင်တုန်ခါသံများနှင့်အတူ လေထဲကို ပြာထုကြီးလွင့်တက်လာသည်မှာ နှစ်မီတာမှ နှစ်မီတာခွဲအထိ မြင့်တက်ခဲ့ကြောင်း အစိုးရမီးတောင်ပညာရှင် ရာမီးလ်ဗာကီလာက အေအက်ဖ်ပီအား ပြောကြားသည်။

ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၂ မိနစ်တွင် မီးတောင်ပေါက်ကွဲပြီးနောက်ပိုင်း မီးတောင်အတွင်း ကြီးကြီးမားမား လှုပ်ရှားမှုထပ်မံဖြစ်ပေါ်မှုရှိသည်ကိုမတွေ့ရှိရကြောင်း မီးတောင် ပညာရှင်က ဆက်လက်ပြောကြားသည်။

—*Ref: AFP*



မြန်မာထမင်း နှင့် ပတ်သက်၍မျက်နှာမပျက်စေချင်လျှင် ခိုင်ခိုင်ကျော် သို့ညွှန်လိုက်ပါ

7 DAY NEWS JOURNAL
Vol.9, No.48 • FEBRUARY 24, 2011




# မက္ကဆီကို နိုင်ငံခြားရေးဝန်ကြီး ပက်ထရစ်ရှာအက်စ်ပီနိုဆာနှင့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံအကြောင်း မေးမြန်းခြင်း

ကျော်မျိုး

ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံကို ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလကပဲ မက္ကဆီကိုနိုင်ငံ ကန်ကွန်မြို့မှာ ပြုလုပ်ခဲ့ပါတယ်။ အဲဒီညီလာခံမှာ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သူကတော့ မက္ကဆီကိုနိုင်ငံခြားရေးဝန်ကြီး မစ္စပက်ထရစ်ရှာအက်စ်ပီနိုဆာပဲ ဖြစ်ပါတယ်။ မစ္စပက်ထရစ်ရှာက ယင်းညီလာခံနဲ့ပတ်သက်လို့ ဂျာမန်စပိုင်းဂဲလ် မီဒီယာရဲ့ တွေ့ဆုံမေးမြန်းမှုတွေကိုဖြေကြားရာမှာ အကောင်းမြင်တဲ့ဘက်က ရှိနေပုံပေါ်ပါတယ်။ ဒါ့ကြောင့် သူမဟာ ကန်ကွန်ညီလာခံက ပြီးခဲ့တဲ့ ကိုပင်ဟေဂင် ရာသီဥတုဆွေးနွေးပွဲထက် ပိုကောင်းတယ်လို့ ယုံကြည်ကြောင်းနဲ့ရာသီဥတုပြောင်းလဲ ထိန်းချုပ်ရေးမှာ စက်မှုနိုင်ငံကြီးတွေက ဦးဆောင်မှုပိုယူဖို့ လိုအပ်ကြောင်းတွေကို တွေ့ဆုံခန်းမှာ ပြောကြားခဲ့တာ တွေ့ရပါတယ်။

**ပြီးခဲ့တဲ့ ၂၀၀၉ ကိုပင်ဟေဂင် ရာသီဥတု ထိပ်သီးဆွေးနွေးပွဲမှာ ဖြစ်ခဲ့တဲ့ နိုင်ငံရေးအရမအောင်မြင်၊ ရှုံးနိမ့်မှုကနေ ဘယ်လိုသင်ခန်းစာတွေရထားပြီးကြပါပြီလဲ။**

နောက်ဆုံးကျင်းပခဲ့တဲ့ ရာသီဥတု ညီလာခံကတော့ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ မျှော်လင့်ချက်တွေကို ဖြည့်စွမ်းမပေးနိုင်ခဲ့ပါဘူး။ $CO_2$ ကာဗွန်ဓာတ်ငွေ့ လျှော့ချရေးအတွက် အဓိကုန်ကျစရိတ်ကို ဘယ်သူက တာဝန်ယူသင့်တယ်ဆိုတဲ့ ကိစ္စနဲ့ပတ်သက်လို့စက်မှုနိုင်ငံကြီးတွေနဲ့ ဆင်းရဲတဲ့နိုင်ငံတွေအကြား မယုံကြည်မှုတွေအများကြီး ရှိခဲ့ပါတယ်။ အဲဒီအတွက် ကျွန်မတို့အဖြေကတော့ ခိုင်မာတဲ့ သိသာထင်ရှားတဲ့တိုးတက်မှုကို ရအောင်လုပ်ဖို့ပဲဖြစ်တယ်။ ကန်ကွန်ဆွေးနွေးပွဲမှာတော့ ကျွန်မတို့ဟာ ရည်မှန်းချက်ရှိရှိလုပ်တဲ့ ရလဒ်ပိုင်းအပေါ် အာရုံစိုက်ရုံသာမက လက်တွေ့ဘဏ္ဍာရေးဖြည့်ဆည်းထားမှုနဲ့ အတူ ရာသီဥတုကာကွယ်ရေး စီမံကိန်းတွေကို ရှင်းရှင်းလင်းလင်း သတ်မှတ်သဘောတူထားချင်ပါတယ်။

**ဒီဆွေးနွေးမှုတွေက ဘယ်လိုနည်းနဲ့ ကွာခြားခဲ့ကြတာပါလဲ။**

ကိုပင်ဟေဂင်မှာတုန်းကတော့ အရေးကြီးဆုံး ဆုံးဖြတ်ချက်တွေကို ကမ္ဘာ့ခေါင်းဆောင်တွေက သူတို့ရဲ့ ညှိနှိုင်းရေးမှူးတွေနဲ့အတူ ပုံမှန်မဟုတ်တဲ့ အလွတ်သဘော တွေ့ဆုံမှုတွေမှာ ဆုံးဖြတ်ခဲ့ကြတယ်။ အခြား တိုင်းပြည်တော်တော်များများလည်း အဲဒီမှာပါဝင်ခွင့်မရတာ၊ မသိကျိုးကျွံပြုခံခဲ့ရတာတွေ ရှိတယ်။ ကန်ကွန်မှာတော့ ကျွန်မတို့ဟာ ကမ္ဘာ့ဒေသတွေအားလုံးကို အလွတ်သဘောတွေ့ဆုံမှုတွေလုပ်ချိန်မှာလည်း ဒေသအလိုက် သင့်လျော်တဲ့ ကိုယ်စားပြုပါဝင်မှုတွေ ရှိနေဖို့ အသေအချာလုပ်ထားခဲ့ပါတယ်။

**ကန်ကွန်ဆွေးနွေးပွဲတွေကနေ ထူးခြားမှုတစ်ခုတော့ ထွက်လာမှာပဲလို့ မျှော်လင့်ကြတာတွေလည်း နည်းနေပါတယ်။ ဝန်ကြီးမှာရော ဒီလိုအမြင်မျိုး ရှိနေခဲ့ပါသလား။**

မရှိပါဘူး။ ကန်ကွန်မှာ ကျွန်မတို့ဟာ လာမယ့်ရှေ့နှစ်အနည်းငယ်အတွက် နိုင်ငံတကာ ရာသီဥတုကာကွယ်ရေး မူဘောင်တစ်ရပ်ကို ဖွံ့ဖြိုးအောင် လုပ်နိုင်ခဲ့တယ်လို့ ယုံကြည်ပါတယ်။

**ဆင်းရဲတဲ့ နိုင်ငံတွေအနေနဲ့ ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ဖို့ ဒေါ်လာဘီလီယံ ၃၀ ထောက်ပံ့ရေးနဲ့ ပတ်သက်လို့ရော ဘာအရိပ်အယောင်များ မြင်ရပါသလဲ။ အဲဒါကို ၂၀၁၀ နဲ့ ၂၀၁၁ အကြားမှာ အဆင်သင့်ပေးနိုင်အောင် လုပ်ထားရမယ်မဟုတ်လား။**

ဒီငွေကတော့ အသင့်ဖြစ်



မှာ ကျွန်မသေချာသိပါတယ်။ အကြောင်းကတော့ အဲဒီထောက်ပံ့ရေးကတိဟာလည်း ကိုပင်ဟေဂင်က ထွက်လာခဲ့တဲ့ အခိုင်အမာရလဒ်တွေထဲက တစ်ခုမို့လို့ပါ။ ဒီရန်ပုံငွေတွေ ပေးအပ်ခြင်းဟာ နိုင်ငံစုံပူးပေါင်းပါဝင်နေတဲ့ စနစ်မှာ ယုံကြည်မှုတွေ တိုးပွားစေပါလိမ့်မယ်။ ဒီလိုမှ မဟုတ်ရင်တော့ ရာသီဥတုကာကွယ်ရေး ဖြစ်စဉ်တစ်ရပ်လုံးဟာလည်း အန္တရာယ်ရှိသွားပါလိမ့်မယ်။

**စက်မှုဖွံ့ဖြိုးပြီး နိုင်ငံတွေမှာလည်း သဘောထားပြောင်းလဲလာနေပါတယ်။ ရာသီဥတုပြောင်းလဲမှုနဲ့ပတ်သက်လို့ စိုးရိမ်ကြတာတွေဟာ အခုဆိုရင် စီးပွားရေးအကျပ်အတည်းပြီးရင် ဒုတိယနေရာ လိုက်နေပါပြီ။**

စက်မှုနိုင်ငံတွေဟာ ရာသီဥတုကာကွယ်ရေးအတွက် ရန်ပုံငွေထည့်ဝင်နေရတာကို တာဝန်အပိုသက်သက်တစ်ခုပဲလို့ မြင်နေတာကို ရပ်တန့်ပစ်ရပါမယ်။ အဲဒီထောက်ပံ့မှုတွေကနေသာ သူတို့ဟာ ၂၁ ရာစုရဲ့ အရေးပါဆုံး စီးပွားရေးကဏ္ဍတွေကို ဖွင့်လှစ်နေတာပါ။ နာမည်တပ်ပြောရရင် ပတ်ဝန်းကျင်ကာကွယ်ရေးနဲ့ ရင်းမြစ်တွေ ထိရောက်စွာ အသုံးချနိုင်ရေးပေါ့။ ဒါတွေအပြင် ထပ်ဖြည့်ပြောရရင် ဆင်းရဲတဲ့ နိုင်ငံတွေဟာ ရာသီဥတုပြောင်းလဲခြင်း အကျိုးဆက်ကို အများဆုံးခံစားကြရမှာပါ။

**ကန်ကွန်ညီလာခံဟာ အစကတည်းက ကံဆိုးခဲ့တာပဲ မဟုတ်လား။ အမေရိကန်သမ္မတ အိုဘားမားကလည်း ရာသီဥတုကာကွယ်ရေး အပိုင်းကိုရောက်လာတော့ လက်ရုတ်သွားခဲ့တယ်မဟုတ်လား။**

ကွန်ဂရက်ရဲ့ ထောက်ခံမှုကို ရအောင် မလုပ်နိုင်ခဲ့တဲ့ အတွက် အမေရိကန်အစိုးရဟာ တကယ် သနားစရာပါ။ ရိုးရိုးရှင်းရှင်း ပြောရရင်တော့ အမေရိကန်ဟာ ရာသီဥတုကာကွယ်ရေးနယ်ပယ်မှာ ခေါင်းဆောင်မှု အခန်းကဏ္ဍကို ယူနေတယ်လို့ ကျွန်မမျှော်လင့်ပါတယ်။ ဥရောပသမဂ္ဂဘက်ကလည်းဒီလိုမျိုးတာဝန်ယူမယ်လို့ ကျွန်မယုံကြည်မိပါတယ်။

**လောလောဆယ်မှာတော့ အမေရိကန်မှာ ရာသီဥတုပြောင်းလဲမှုဟာ တကယ်ပဲ လူသားထုကလုပ်နေတာနဲ့ ဆိုင်၊ မဆိုင် ဆိုပြီး သံသယတွေ လွှမ်းမိုးနေပါတယ်။ ဒီကိစ္စအပေါ် ဝန်ကြီးရဲ့ အမြင်ဘယ်လိုရှိပါသလဲခင်ဗျာ။**

စီးပွားရေး အကျိုးစီးပွားအရ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိုးရချင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (IPCC) ရဲ့ပုံရိပ်ကို ကြီးပွားရေးအကျိုးစီးပွားအရ ထိခိုက်အောင် လုပ်နေတာတွေရှိပါတယ်။ IPCC မှာအမှားတချို့ရှိခဲ့တာလည်း မှန်တာပဲပေါ့။ ဒါပေမဲ့ ဒီအဖွဲ့ဟာ အရေးကြီးဆုံးအသင့်တော်ဆုံး အကြံတွေကို မူဝါဒရေးဆွဲသူတွေဆီပေးစွမ်းနိုင်တဲ့ အကြံပေးပညာရှင်တွေ ပါနေတာပါ။ IPCC ဟာအမှားတွေကနေ သင်ခန်းစာရယူပြီး သူ့လုပ်ငန်းစဉ်တွေကိုပြောင်းလဲခဲ့ပါပြီ။ ကံမကောင်းစွာဘဲ ကျွန်မတို့ကလည်း အစွန်းရောက်ရာသီဥတုဖြစ်စဉ်တော်တော်များများကို ရင်ဆိုင်နေကြရပြီ။ ဒီဖြစ်စဉ်တွေက အနာဂတ်မှာဘာဖြစ်လာမလဲဆိုတဲ့ အရသာကိုကျွန်မတို့ကို ကြိုပေးနေတယ်လေ။

*—Ref: Interview with Mexican Foreign Minister. Spiegel*

7DAY NEWS JOURNAL

# Entertainment

Vol.9, No.48 • FEBRUARY 24, 2011



## လေဒီဂါဂါ ပွဲတက်ပုံကို အံ့သြခဲ့သည့် ဂျပ်စတင်ဘီဘာ

**လော့စ်အိန်ဂျလိစ်၊ ဖေဖော်ဝါရီ – ၁၅**

ကနေဒါနိုင်ငံမှ ပေါ့ပ်အဆိုတော် ဂျပ်စတင်ဘီဘာသည် နာမည်ကျော် ပေါ့ပ်အဆိုတော် လေဒီဂါဂါ၏ ဂ ရမ်မီဆုပေးပွဲတက်ဝတ်စုံကို ထူးဆန်းအံ့သြဖွယ်ရာ ဖြစ်ကြောင်း မှတ်ချက်ပေး ပြောကြားလိုက်သည်။ ထိုပွဲသို့ ကြက်ဥပုံသဏ္ဌာန်ယာဉ်ဖြင့် လေဒီဂါဂါ ပွဲအတွင်းသို့ ဝင်ရောက်လာပုံကိုလည်း အံ့သြမိကြောင်း ဘီဘာက E!Online ဝက်ဘ်ဆိုက်သို့ ပြောခဲ့သည်ဟု သိရသည်။

လေဒီဂါဂါသည် ကြက်ဥပုံသဏ္ဌာန် ယာဉ်ထဲတွင် လိုက်ပါလာကာ ထိုယာဉ်သေတ္တာကို ခန္ဓာကိုယ်တစ်ဝက်ခန့် ဝတ်လစ်စားလစ်ဖြစ်နေသော မော်ဒယ်လေးဦးက သယ်ဆောင်လာခဲ့သည်ကို ပရိသတ်များတွေ့ခဲ့ရသည်။ ထို့အတွက် ဂျပ်စတင်ဘီဘာက "လူတွေကတော့ ဒါဟာ အနုပညာဆန်အောင် လုပ်ထားတဲ့ ပစ္စည်းပါလို့ ပြောမှာပါ။ ကျွန်တော်ကလည်း ခင်ဗျားဟာ ကြက်ဥတစ်လုံးပဲလို့ သူ့ကို ပြောချင်ခဲ့ပါတယ်" ဟု E!Online မှချယ်ဆီးဟန်ဒလာကို ပြောခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ဘီဘာက ၎င်းသည်လေဒီဂါဂါ၏ ကြက်ဥပုံစံ အဝတ်အစား အပြင်အဆင်နှင့် အမ်တီဗီဆုပေးပွဲတွင် ဝတ်ဆင်ခဲ့သော အသားစိမ်းဝတ်စုံကိုလည်း နှစ်သက်မိကြောင်း ဆိုသည်။ —Ref: AFP

## ဖက်ရှင်ဆိုင်ဖွင့်လိုက်သည့် ရုပ်ရှင်သရုပ်ဆောင် ဂန္ဓဝင်

**အေးသူစံ**

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၉**

ရုပ်ရှင်သရုပ်ဆောင်ဂန္ဓဝင်သည် အနုပညာလုပ်ငန်းများကို အဆက်မပြတ်ပြန်လည်လှုပ်ရှားလာပြီး များမကြာမီတွင် သူမ၏ နာမည်ရင်းဖြစ်သော အိခိုင်ဇင်၏ အတိုကောက် EKZ Fashion အမည်ဖြင့်ဖက်ရှင်ဆိုင်ကို ယုဇနပလာဇာဒုတိယထပ်၊ (ဒီ)၂၅နှင့် ၂၆ တို့တွင် ဖွင့်လှစ်လိုက်သည်။

"နဂိုတည်းက ဈေးဝယ်ရတာ အရမ်းဝါသနာပါတယ်။ ဖက်ရှင်တွေကိုထွင်ဝတ်ရတာလည်းကြိုက်တယ်။ ဘယ်အကျီနဲ့ စကတ်ဆိုရင် ဖန်စီက ဘာဝတ်မလဲဆိုပြီး တွဲဖက်ပြီး လုပ်တတ်တော့ နဂိုကတည်းက ဆိုင်ဖွင့်မယ့်စိတ်ကူးရှိတယ်။ အခု အနုပညာလုပ်ငန်းဘက်မှာလည်း နေရာတစ်ခုရနေပြီဆိုတော့ ရေရှည်အတွက် စီးပွားရေးလုပ်ငန်းတစ်ခုကို ထူထောင်လိုက်တာပါ"ဟု ဂန္ဓဝင်က ဆိုင်ဖွင့်ရသည့်အကြောင်းကိုပြောပြသည်။

သူမ၏ ဖက်ရှင်ဆိုင်တွင် ထိုင်းနိုင်ငံထုတ် ဖက်ရှင်ဒီဇိုင်းများနှင့် ဖန်စီပစ္စည်းများရရှိနိုင်ပြီးဆိုင်အတွက်ကုန်ပစ္စည်းများကို ဘန်ကောက်သို့ သူမကိုယ်တိုင်ဈေးဝယ်ထွက်ကြောင်း ပြောပြသည်။

"ယိုးဒယားက ကိုယ့်နိုင်ငံနဲ့လည်း အနီးစပ်ဆုံးလည်းဖြစ်တယ်။ ကိုယ်တိုင်လည်း အဲဒီမှာပဲ အဝယ်များတော့ အရည်အသွေးကိုသိနေတယ်။ ယိုးဒယားပစ္စည်းက ချုပ်ရိုးချုပ်သားအရမ်းကောင်းတယ်။ အဓိကက လူငယ်တွေအတွက် ဖက်ရှင်အလန်းစားတွေ ရရှိနိုင်တာမို့လို့ ထိုင်းပစ္စည်းတွေကိုတင်တာပါ" ဟု ထိုင်းနိုင်ငံထုတ် ပစ္စည်းများကိုရောင်းချရသည့်အကြောင်းကို ဂန္ဓဝင်ကပြောသည်။

ရုပ်ရှင်သရုပ်ဆောင်များထဲမှ ယခုနောက်ပိုင်းတွင် ဖက်ရှင်ဆိုင်ဖွင့်လှစ်လာသူများရှိလာပြီးဖြစ်ပြီး သရုပ်ဆောင် မင်းရာဇာက Miss Lavendar ဖက်ရှင်ဆိုင်၊ သရုပ်ဆောင်လူမင်းကNYC ဖက်ရှင်ဆိုင်တို့ကို မကြာသေးမီကဖွင့်လှစ်ထားသည်။



ဓာတ်ပုံ – ဂျေမောင်မောင် (အမရပူရ)



## ခင်ပွန်းသည်နှင့် အပြီးသတ်လမ်းခွဲလိုက်သည့် ခရစ်တီးနားအဂီလာရာ

**နယူးယောက်၊ ဖေဖော်ဝါရီ – ၁၅**

အမေရိကန်အဆိုတော် ခရစ်တီးနားအဂီလာရာသည် သူမ၏ ခင်ပွန်းသည် ဂျော်ဒန်ဘရတ်မင်းနှင့် ကွာရှင်းမှုကို အပြီးသတ်နိုင်ခဲ့ပြီဖြစ်ကြောင်း အေပီသတင်းက ဖော်ပြလိုက်သည်။ သို့သော် တရားရုံး၏ တရားဝင်အတည်ပြုချက်ကိုမူလာမည့် ဧပြီ ၁၅ ရက်မှ ရရှိမည်ဟု ဆိုသည်။ အဂီလာရာသည်ဘရတ်မင်းနှင့် သုံးနှစ်ကြာလက်တွဲခဲ့ပြီးနောက် ၂၀၀၅ ခုနှစ်တွင်လက်ထပ်ခဲ့သည်။

ထို့နောက် သူမသည် ဘရတ်မင်းနှင့် ကွာရှင်းရန် ယမန်နှစ်အောက်တိုဘာလတွင် တရားရုံးသို့ဦးတိုက်လျှောက်ထားခဲ့သည်။ ၎င်းတို့တွင် သုံးနှစ်အရွယ် သားတစ်ဦးမွေးဖွားထားပြီး ကလေးမှာ ၎င်းတို့၏ ဦးစားပေးအရာပင်ဖြစ်ကြောင်းဆိုထားသည်။ ခရစ်တီးနားအဂီလာရာသည် ယခုနှစ်ဂရမ်မီဆုပေးပွဲတွင် ဖျော်ဖြေခဲ့ပြီး ယခင် ၁၉၉၉၊ ၂၀၀၁၊ ၂၀၀၃ နှင့် ၂၀၀၆ ခုနှစ်တို့တွင် ဂရမ်မီဆု စုစုပေါင်းလေးခုတိတိ ရရှိထားသူဖြစ်သည်။ —Ref: AP

## ခုနစ်နှစ်ကြာမှ တစ်ကိုယ်တော်စီးရီး ပြန်ထွက်လာသည့် စည်သူလွင်

**အေးသူစံ**

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၅**

တစ်ကိုယ်တော်ခွေမထွက်သည်မှာ ခုနစ်နှစ်နီးပါးကြာမြင့်နေပြီဖြစ်သည့်နာမည်ကျော် ရော့ခ်အဆိုတော်စည်သူလွင်၏ 'အလင်းရောင်အောက်ကနေ့စွဲများ' တစ်ကိုယ်တော်စီးရီးထွက်ရှိလာပြီဖြစ်သည်။

"ကျွန်တော်တစ်ကိုယ်တော်ခွေမထွက်တာ ခုနစ်နှစ်ရှိပါပြီ။ ၁၀ နှစ်ပြည့်လိုက်ဖ်ရှိုးခွေထွက်ပြီးကတည်းက ဒီစီးရီးကို စလုပ်နေခဲ့တာ။ ဒါပေမဲ့ လုပ်နေရင်းနဲ့မှနှစ်နှစ်လောက်ကြာတော့ ဂီတလောကမှာ ခိုးကူးတွေကြောင့်စိတ်ပျက်ပြီး သီချင်းဆိုတာကိုတောင်ဆက်မလုပ်ချင်လောက်အောင်ဖြစ်လာလို့ ကြားထဲမှာ သုံး၊ လေးနှစ်လောက် မလုပ်ဖြစ်တော့ဘူး။ ဒါပေမဲ့ ပရိသတ်နဲ့ အဆက်အသွယ်ပြတ်လာတယ်ထင်လို့လွန်ခဲ့တဲ့ တစ်နှစ်လောက်ကစပြီး ဒီခွေပြန်လုပ်ဖြစ်ပါတယ်။ ကော်ပီသီချင်းတွေမို့လို့ ခေတ်နောက်ကျတာ၊ သူများနဲ့တူသွားတာတွေ ပြန်ဖြုတ်ပြီး ပြန်ရေးပြန်တီးပါတယ်"ဟု စည်သူလွင်က၎င်း၏ တစ်ကိုယ်တော်ခွေအကြောင်းကို ပြည့်ပြည့်စုံစုံပြောကြားသည်။

'အလင်းရောင်အောက်မှ နေ့စွဲများ' စီးရီးတွင် စောခူဆဲ၊ ရွှေဂျော်ဂျော်၊ လင်းလင်း၊ စည်သူလွင်နှင့် အဲဒိုတို့ရေးသားထားပြီး အင်ပါယာတီးဝိုင်းနှင့် တီးခတ်ကာ နဝရတ်စတူဒီယိုတွင် အသံသွင်းထားသည်။ ကော်ပီသီချင်းများဖြစ်ပြီး ခွေကို စည်သူလွင် ကိုယ်တိုင်နှင့် သူငယ်ချင်းများဖြစ်ကြသော အဲဒိုနှင့် ကိုအောင်တို့နှစ်ဦးတို့ဖြင့် ပူးပေါင်းထုတ်လုပ်ထားခြင်းဖြစ်သည်။ ဖေဖော်ဝါရီလ ၁၆ ရက်တွင် ဖြန့်ချိမည်ဖြစ်ပြီး ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဟက်ပီးဝေါနှင့် ဗစ်တိုးရီးယားကုန်တိုက်၊ ယူနိုက်တက်လစ်ဗင်းမောလ်နှင့် ၂၇ရက်တွင် မန္တလေးရှိ 78 ShoppingMallတို့တွင် စည်သူလွင်က လက်မှတ်ရေးထိုးမည်ဖြစ်သည်။



ဓာတ်ပုံ – အေးသူစံ

7 DAY NEWS JOURNAL
Vol.9, No.48 • FEBRUARY 24, 2011

# ရော့ခ်သံစဉ်တွေကိုအရုပ်နှင့်တွဲဖက်ထားသည့် Reviver အဖွဲ့ဒီဗီဒီထွက်မည်

အေးသူစံ

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၈



မိန်းကလေးအဆိုတော်အများစု ရွေးချယ်သီဆိုခြင်းနည်းပါးသည့် ရော့ခ်ဂီတအမျိုးအစားကို တစ်စိုက်မတ်မတ် ဖန်တီးရေးသားသီဆိုခဲ့သော Reviver အဖွဲ့၏ 'ငါ့ကိုယ်စောင့်နတ်'စီးရီး၏ ဗီစီဒီကာရာအိုကေအခွေသည် မတ်လ ၃ရက်နေ့တွင် ထွက်ရှိမည်ဖြစ်သည်။

"ဒီစီးရီးက ကိုယ်ပိုင်သံစဉ် တွေ၊ ကိုယ်တိုင်ရေးတဲ့သီချင်းတွေလည်းပါတော့ ခွေကြမ်းကိုပဲ ငါးနှစ်လောက်လုပ်ခဲ့ရတယ်။ ဒီဗီဒီရိုက်မယ်ဆိုတော့လည်း ကျွန်မတို့သီဆိုထားတဲ့ဂီတအမျိုးအစားတွေနဲ့ လိုက်ဖက်တဲ့ပုံစံရိုက်ဖို့ အခက်အခဲတွေကြုံရတယ်။ တချို့သီချင်းတွေဆိုရင် နှစ်ခါလောက်ရိုက်ရတယ်။ ဒီခွေထဲမှာပါတဲ့ 'ပြန်လည်ရှင်သန်ခြင်း' သီချင်းက ကျွန်မတို့Bandကို ကိုယ်စားပြုထားတဲ့သီချင်းပါ။ စီးရီးခေါင်းစဉ် 'ငါ့ကိုယ်စောင့်နတ်' ကို ဘာလုပ်လုပ် ဘယ်သူမှမသိရင်တောင် ကိုယ့်ကိုယ်စောင့်နတ်က သိတယ်ဆိုတဲ့အဓိပ္ပာယ်နဲ့ပေးထားတာပါ။ ဒီနှစ်တွေအတွင်း ဒီလိုပုံစံသီချင်းတွေကို ဆက်မလုပ်ဖို့ အခက်အခဲတွေ၊ အဖျက်အဆီးတွေ အများကြီးကြုံခဲ့ရတယ်။ ဒါပေမဲ့ ကိုယ်ယုံကြည်ရာကို ဘယ်သူမှ အားမပေးတဲ့ကြားကလုပ်ခဲ့တာပါ" ဟု အဖွဲ့မှ တေးရေးတေးဆိုတစ်ဦးဖြစ်သူ စောသဥ္စာထိုက်က ပြောသည်။

'ငါ့ကိုယ်စောင့်နတ်' ဒီဗီဒီကို ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)၊ ဇော်ကိုကို၊ ရဲမင်းထိုက်၊ အောင်လင်းနိုင်နှင့်ပြည့်ဖြိုးဟန် (Forever Blossom) တို့ ရိုက်ကူးပြီး Reviver၊ ရဲသီဟကို၊ အောန်ဆိုင်း၊ ယွန်းယွန်း၊ စွမ်းရည်လင်း၊ ကောင်းဇင်သူနှင့် ကလေးသရုပ်ဆောင်များသရုပ်ဆောင်ထားသည်။ မော်ဒန်ရော့ခ်၊ အော်တာနေးတစ်ရော့ခ်နှင့် ဂေါ့သစ်ရော့ခ် အမျိုးအစားသီချင်းများဖြစ်ပြီး မန္တလေး 78 Shopping Mall ၌ မတ်လ ၁၃ရက်နေ့၊ ရန်ကုန်မြို့ Happy World ၌ မတ်လ ၆ရက်တွင် စောသဥ္စာထိုက်နှင့် နန္ဒာတို့ Reviver အဖွဲ့က ပရိုမိုးရှင်းဖျော်ဖြေပွဲ ပြုလုပ်မည်ဟု သိရသည်။

# မြန်မာ-ကမောဒီးယားလေကြောင်းလိုင်းဖွင့်ပွဲ ယဉ်ကျေးမှုပွဲတော်သို့ မြန်မာအနုပညာရှင်ငါးဦး သွားရောက်ဖျော်ဖြေမည်

အေးသူစံ

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံသို့ တိုက်ရိုက်ပျံသန်းသည့် လေကြောင်းလိုင်းဖွင့်ပွဲအတွက် မြန်မာ့လေကြောင်း(MAI) မှ နှစ်နိုင်ငံယဉ်ကျေးမှုပွဲတော်ကို ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယင်ကျန်းမြို့တွင် ကျင်းပမည်ဖြစ်ကြောင်း ယင်းပွဲသို့ သွားရောက်ဖျော်ဖြေရမည့်အနုပညာရှင်အချို့ကပြောသည်။

"ကမ္ဘောဒီယားနိုင်ငံကို ဖေဖော်ဝါရီလ ၂၃ရက်သွားရမှာပါ။ MAI လေကြောင်းလိုင်းဖွင့်ပွဲအတွက် ကမ္ဘောဒီယားနိုင်ငံက အန်ကောဝပ်ဘုရားကျောင်းရှိတဲ့ မြို့မှာ နှစ်နိုင်ငံယဉ်ကျေးမှုရိုးရာပွဲကို သွားရောက်ဖျော်ဖြေရမှာပါ။ မြန်မာအကနဲ့ ကမ္ဘောဒီးယားအက တို့ပါမယ်။ အိုတို့ကတော့ 'မြနန္ဒာ' နဲ့ 'လတ်တီး' သီချင်းနှစ်ပုဒ်နဲ့ကရမယ်။ အိနဲ့အတူ ဂျူးဂျူးကေ၊ ယုသန္တာတင်၊ မိုးမြင့်သဇင်နဲ့ ခြူးသက်နွယ်တို့ပါပါမယ်။ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှာပြန်ရောက်မှာပါ။ အန်ကောဝပ်ဘုရားကျောင်းကိုတော့ ရောက်အောင်သွားပါမယ်"ဟု သရုပ်ဆောင်ဂန္ထဝင်က ခရီးစဉ်အကြောင်းကို ပြောပြသည်။

ယုသန္တာတင်က လည်း "MAI ရဲ့ လေကြောင်း လိုင်းဖွင့်ပွဲနဲ့အတူ နှစ်နိုင်ငံအနုပညာဖလှယ်တဲ့ပွဲလေးပါ။ ယုက သီချင်းလေးငါးပုဒ်လောက်ဆိုဖြစ်ပါမယ်။ စိုင်းထီးဆိုင်သီချင်းတွေကို ဆိုမယ်လို့စီစဉ်ထားပါတယ်။ သူ့သီချင်းတွေက ဒီခေတ်အထိ ရိုးလည်းမသွားဘူး။ အဓိပ္ပာယ်လည်းရှိလို့ပါ" ဟုပြောပြသည်။








7 DAY NEWS JOURNAL
Vol.9, No.48 • FEBRUARY 24, 2011



# မင်းသားဝီလျံကို ဆွဲဆောင်နိုင်ခဲ့သော ကိတ်မစ်ဒယ်တန်၏ ဖက်ရှင်ဝတ်စုံကို လေလံတင်မည်

**လန်ဒန်၊ ဖေဖော်ဝါရီ – ၁၄**

ဗြိတိန်တော်ဝင်မင်းသား ဝီလျံ၏ ကြင်ယာတော်လောင်း ကိတ်မစ်ဒယ်လ်တန်ဝတ်ဆင်ခဲ့သော ဖက်ရှင်ဝတ်စုံတစ်စုံကို မတ်လအတွင်း၌ လေလံတင်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။ ထိုဝတ်စုံသည်ပါးလွှာပြီး တိုးလျှိုပေါက်မြင်ရသည့် ပုံစံဝတ်စုံဖြစ်ကာ မစ္စကိတ်တက္ကသိုလ်ကျောင်းသူ ဘဝကကျောင်းတွင်းဖက်ရှင်ပြပွဲတွင် ဝတ်ဆင်ခဲ့ခြင်း ဖြစ်ပြီး ထိုဝတ်စုံဖြင့် မင်းသားဝီလျံ၏ အသည်းနှလုံးကို ဆွဲဆောင်နိုင်ခဲ့သည်ဟု ဆိုသည်။



ဗြိတိသျှသတင်းစာများသည်လည်းမင်းသား ဝီလျံက ထိုဝတ်စုံကြောင့် ကိတ်ကို စိတ်ဝင်စားသွားကာ နောက်ပိုင်းတွင် ချစ်သူဘဝရောက် သွားရခြင်းဖြစ်ကြောင်း ယခင်က ဖော်ပြခဲ့သည်။ ကိတ်မစ်ဒယ်လ်တန်၏ ယင်းဝတ်စုံကို ဒီဇိုင်းထုတ်ခဲ့သူ ဒီဇိုင်နာချားလော့တော့ဒ်ကလည်း "အဲဒီသတင်းတွေ မှန်ခဲ့လို့ရှိရင် ကျွန်မရဲ့ဒီဇိုင်းဝတ်စုံက မင်းသားရဲ့စိတ်ဝင်စားမှုကို ရိုမန့်တစ်ဆန်အောင် လုပ်ပေးလိုက်ရာမှာ အထောက်အပံ့ဖြစ်ခဲ့တာပဲပေါ့။ ဒါဆိုကျွန်မ ကျေနပ်မိပါတယ်" ဟုဆိုသည်။

လေလံပွဲတွင် ယင်းဝတ်စုံကို ပေါင် ၁၀,၀၀၀ ကျော် (ကန်ဒေါ်လာ ၁၆,၀၀၀) ခန့်ရရှိရန်မျှော်မှန်းထားသည်။ လာမည့် မတ်လ ၁၇ ရက်တွင် ပြုလုပ်မည့် ယင်းလန်ဒန်မှ ကယ်ရီတေလာလေလံပွဲ၌ ၁၉၈၀ ခုနှစ်များက မင်းသမီးဒိုင်ယာနာသည် ဂျပန်နှင့် ပြင်သစ်သို့နိုင်ငံတော် အလည်အပတ်ခရီးအဖြစ်သွားရောက်ခဲ့စဉ်က ဝတ်ခဲ့သောဂါဝန်နှစ်ထည်ကိုလည်း ရောင်းချသွားမည်ဟု သိရသည်။

—Ref: AFP

# အင်္ဂလိပ်ဘာသာဖြင့် သီဆိုထားသော သက္ကရာဇ်၏ တစ်ကိုယ်တော်အခွေထွက်မည်

**ဒဲနစ်**

**ရန်ကုန်၊ ဖေဖော်ဝါရီ – ၁၈**

တေးစီးရီးလောကတွင် မကြာသေးမီက သုံးယောက်အတွဲခွေ ထွက်ရှိထားသော အဆိုတော်သက္ကရာဇ်က ယင်း၏ အင်္ဂလိပ်ဘာသာဖြင့် သီဆိုထားသော တစ်ကိုယ်တော်အခွေအား ယခုနှစ်အတွင်း နိုင်ငံတကာသို့ EPစနစ်ဖြင့် ဖြန့်ချိသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သက္ကရာဇ်၏ တစ်ကိုယ်တော်အခွေအား လောလောဆယ်တွင် စီးရီးခေါင်းစဉ် မပေးရသေးသော်လည်း Sony Entertainment နှင့်ချိတ်ဆက်၍ နိုင်ငံတကာဈေးကွက်သို့ ဖြန့်ချိသွားမည်ဟု သိရသည်။

အဆိုပါအခွေတွင် သက္ကရာဇ်ကိုယ်တိုင်ရေးစပ်ထားသော သီချင်းရှစ်ပုဒ်ပါဝင်မည်ဖြစ်ပြီး Post-ground အမျိုးအစားသီချင်းများဖြစ်ကြောင်း သိရသည်။ အခွေ၏ အတီးပိုင်းအားလုံးအား မြန်မာနိုင်ငံမှ ဆရာညီညီထွေး (Metal Guitarist)မှ စင်ကာပူနိုင်ငံတွင် တစ်လအကြာ သွားရောက်တီးခတ်ပေးခဲ့ကြောင်း သိရသည်။ "အတီး၊ အဆို၊ အားလုံး စင်ကာပူမှာပဲ အသံသွင်းထားတာ။ အားလုံးအပုဒ် ၂၀လောက်ရှိမယ်။ အဲဒီထဲကမှ အကြိုက်ဆုံးရှစ်ပုဒ်ကို ရွေးချယ်မှာပါ။ တချို့နေရာလေးတွေမှာတော့ အဆိုတော်နဲ့ နည်းနည်းညှိရတာလေးရှိတယ်။ သီချင်းရဲ့ မြူးဇစ်ပိုင်းတွေဆိုလိုအပိုင်းတွေမှာတော့ အရမ်းတီးထားတယ်။ သူ့အဆိုဝင်လာတဲ့နေရာကျတော့ မြူးဇစ်ကို နည်းနည်းပျော့ပေးထားတယ်။ အနီးစပ်ဆုံးပြောရရင် ယိုးဒယားကထွက်တဲ့အခွေတွေနဲ့ နည်းနည်းဆင်ပါတယ်။ ဒါပေမဲ့ ဒီအခွေမှာ သက္ကရာဇ်ရဲ့အသံကလည်း အနောက်တိုင်းခပ်ဆန်ဆန်ဆိုတော့တစ်မျိုးပဲ။ တခြားအခွေတွေနဲ့တော့ မတူဘူး။ နည်းနည်းကွဲထွက်နေလိမ့်မယ်"ဟု အဆိုပါအခွေ၏ မြူးဇစ်ပိုင်းအားလုံးအား တာဝန်ယူထားသော ဆရာညီညီထွေးက 7Day News သို့ပြောသည်။

ယခုကဲ့သို့ မြန်မာဂီတလောကမှ နိုင်ငံတကာဂီတနယ်ပယ်သို့ ထိုးဖောက်လာနိုင်ရန် ကြိုးပမ်းမှုမျိုး ယခင်ကတည်း အချို့အနုပညာရှင်များ ကြိုးစားခဲ့ကြသော်လည်း အဆင်မပြေမှုများကြောင့် ရပ်တန့်ခဲ့ရကြောင်းလည်းသိရသည်။

# ကိုယ်ပိုင်သံစဉ်သီချင်းများသာပါဝင်သည့် ပြည့်စုံ၏ မိနစ် ၃၀ စီးရီးထွက်မည်

**အေးသူစံ**

**ရန်ကုန်၊ ဖေဖော်ဝါရီ – ၁၆**


ဂီတလောကအတွင်း မြစ်ကြီးနားမြို့မှ အဆိုရှင်များ တစ်စထက်တစ်စအခြေချအောင်မြင်မှုများ ရရှိလာသည့်ယခုအချိန်တွင် မြစ်ကြီးနားသားအများစုဖြင့် ဖွဲ့စည်းထားသော Zinc တီးဝိုင်းမှ ပြည့်စုံ၏ 'မိနစ်သုံးဆယ်' တစ်ကိုယ်တော်စီးရီးကို ဖေဖော်ဝါရီလ ၁၈ ရက်တွင်ဖြန့်ချိတော့မည်ဟုသိရ၏သည်။

"ကျွန်တော်တို့ Zinc တီးဝိုင်းအနေနဲ့ Zinc one Hour ဆိုတဲ့ ပထမဆုံးစီးရီးကို ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်က ထွက်ရှိခဲ့ပါတယ်။ ဒီစီးရီးက ကျွန်တော့်နာမည်တပ်ထားပေမယ့် Zinc အဖွဲ့ရဲ့ဒုတိယမြောက်စီးရီးပဲဖြစ်ပါတယ်။ Mixing ကြန့်ကြာမှုကြောင့်ခွေက ခုနစ်လလောက်နောက်ကျပြီးမှထွက်လာနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ဂီတအမျိုးအစားကတော့ မော်ဒန်ရော့ခ်၊ အော်တာနေးတစ်ရော့ခ်နဲ့ စလိုးရော့ခ်တွေဖြစ်ပါတယ်" ဟု Zinc တီးဝိုင်းမှ ပြည့်စုံကပြောသည်။



'မိနစ်သုံးဆယ်' စီးရီးတွင် ဝနနှင့် စိုးမိုးတို့ရေးသားထားသော သီချင်း ၁၂ ပုဒ်ပါဝင်ပြီး တေးအယ်လ်ဘမ်ထွက်ရှိပြီးမကြာမီ ဗီစီဒီကိုလည်း ရိုက်ကူးသွားရန်ရှိသည်ဟုဆိုသည်။

ဂီတလောကအတွင်းတွင် မြစ်ကြီးနားသားများဖြစ်ကြသည့် နေနော်၊ နော်ဒင်၊ အားဆမ်နှင့် အဒွပ်၊ ဂျက်ဆမ်ထွန်း စသည့် အဆိုတော်များ ရှိနေပြီဖြစ်ပြီး ကိုယ်ပိုင်သံစဉ်သီချင်းအများစုကိုသာ တစ်စိုက်မတ်မတ် သီဆိုဖန်တီးထားကြသည်။




# TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Just Go With It | Columbia Tristar | ၃၀,၅၁၄,၇၃၂ | ၁ |
| ၂။ | Justin Bieber: Never Say Never | Paramount Pic: | ၃၀,၂၅၆,၆၀၁ | |
| ၃။ | Gnomeo & Juliet | Touchstone Pic: | ၂၅,၃၅၆,၉၀၉ | ၁ |
| ၄။ | The Eagle | Focus Features | ၈,၆၈၄,၄၆၄ | ၁ |
| ၅။ | The Roommate | N/A | ၂၅,၇၇၈,၉၂၆ | ၂ |
| ၆။ | The King's Speech | The Weinstein | ၉၃,၉၇၅,၇၆၁ | ၁၂ |
| ၇။ | No Strings Attached | Paramount Pic: | ၆၀,၀၃၁,၀၇၈ | ၄ |
| ၈။ | Sanctum | N/A | ၁၈,၀၃၅,၀၇၅ | ၂ |
| ၉။ | Ture Grit | Paramount Pic: | ၁၆၀,၃၅၅,၀၂၉ | ၈ |
| ၁၀။ | The Green Hornet | Sony Pic: | ၉၂,၄၀၅,၉၆၁ | ၅ |

# Movie Review

## Drive Angry 3D

မီလ်တန်သည် ငရဲမှ ရုန်းထွက်လာပြီး မိမိကိုယ်ကိုယ် အဖတ်ဆယ်ရန် ကြိုးစားနေသည့် ဝါရင့်ရာဇဝတ်သားဟောင်းတစ်ဦးဖြစ်ပြီး သူ၏ သမီးအားလပြည့်ညတွင် စတေးမည့် ရက်စက်သောဂိုဏ်းတစ်ခုကို သုံးရက်အတွင်း တားဆီးရမည်ဖြစ်သည်။ သူ့အား အကူအညီပေးမည့်သူမှာ Diper ဟုခေါ်သည့် ငယ်ရွယ်၍ ညို့အားပြင်းသည့် မိန်းကလေးတစ်ဦးဖြစ်ပြီးသူတို့နှစ်ဦးက ကားတစ်စီးဖြင့် ဂိုဏ်းခေါင်းဆောင်နောက်ကို လိုက်ရန်ပြင်သည်။ သို့သော် မီလ်တန်တို့ နောက်ကို ရဲတပ်ဖွဲ့ကလည်းလိုက်နေသလို ငရဲမှစေလွှတ်လိုက်သည့် "စာရင်းစစ်" ကလည်းသူ့ကို ငရဲသို့ပြန်ပို့ရန်ကြိုးစားနေသည်။



ခက်ခဲကြမ်းတမ်းမှုပေါင်းစုံကိုကျော်လွှား၍ မီလ်တန်နှင့် သူ၏အဖော်မိန်းကလေးတို့ နိုင်ငံအဝန်းကားဖြင့် ခရီးပြင်းနှင်ကာ သူတို့၏ အထူးတာဝန်ကို အချိန်မီပြီးစီးအောင် ကိုင်တွယ်နိုင်မည်လားဆိုတာ . . ။

Nicolas Cage, Amber Heard, William Flichtner တို့ ဦးဆောင်ပါဝင်ထားသော အက်ရှင်စွန့်စားခန်း၊ ဒရာမာဇာတ်ကားအားဒါရိုက်တာ Patrick Lussier ကရိုက်ကူးထားပြီး ဖေဖော်ဝါရီ ၂၅ ရက်တွင် Summit Enterain-ment ကဖြန့်ချိမည်ဖြစ်သည်။

# Sports

7DAY NEWS JOURNAL

Vol.9, No.48 • FEBRUARY 24, 2011


## နိုင်ငံ့လက်ရွေးစင်အသင်းကို ကိုယ်စားမပြုလိုသောကစားသမားများအား ပြင်းထန်စွာအရေးယူမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၇

နိုင်ငံ့လက်ရွေးစင်အသင်းကို ကိုယ်စားမပြုလိုသည့် ကစားသမားများအား ကလပ်အသင်းပွဲစဉ်များတွင် ရာသီတစ်လျှောက်လုံး ကစားခွင့်ပိတ်ပင်မည့်အပြင် ဒဏ်ငွေနှင့် ပြင်းထန်သောအရေးယူမှုမျိုး ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၁၃ ရက်က ယှဉ်ပြိုင်ကစားခဲ့သော ပဏာမမြန်မာ့လက်ရွေးစင် ယူ-၂၃ အသင်းနှင့် ပဏာမမြန်မာ့လက်ရွေးစင်အသင်းတို့၏ ခြေစမ်းပွဲတွင် ပဏာမလက်ရွေးစင်အသင်းအဖြစ် ရွေးချယ်ခံထားရသော်လည်း လာရောက်ခြင်းမရှိဘဲ ပျက်ကွက်ခဲ့သည့် ရန်ပိုင်၊ ဧရာဝတီ ယူနိုက်တက်မှ အောင်ကျော်မျိုးနှင့် မနောမြေအသင်းမှ အေးမင်းဝင်းတို့အား MFF က ထုချေလွှာတောင်းခံထားကြောင်းသိရသည်။

“လက်ရွေးစင်အသင်းမှာ ရွေးချယ်ခံထားရပေမယ့် အကြောင်းအမျိုးမျိုးပြပြီး၊ လာရောက်ကစားဖို့ ပျက်ကွက်သူတွေကို ကလပ်အသင်းပွဲစဉ်တွေမှာလည်း ကစားဖို့ပိတ်ပင်မှာဖြစ်ပြီး အရေးယူမှုတွေလည်း ပြုလုပ်သွားဖို့စီစဉ်သွားမှာပါ။ ကလပ်အသင်းတွေကိုလည်း ညွှန်ကြားချက်တွေ ထုတ်ပြန်သွားဖို့ရှိပါတယ်”ဟု MFF မှ တာဝန်ရှိသူကပြောသည်။



AFC President's Cup 2010 ဗိုလ်လုပွဲတွင်တွေ့ရသော ရတနာပုံတိုက်စစ်မှူး ရန်ပိုင် ဓာတ်ပုံ- အောင်အောင်

မြန်မာနေရှင်နယ်လိဂ်စည်းမျဉ်းတစ်ရပ်တွင် ‘ကစားသမားတစ်ဦးသည် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ လက်ရွေးစင်အသင်းအတွက် ကစားရန် ခေါ်ယူပါက အကြောင်းပြချက်မရှိဘဲ လာရောက်ကစားရန် ပျက်ကွက်ခြင်း(သို့မဟုတ်) မျိုးချစ်စိတ်မရှိစွာကစားပါက ထိုကစားသမားသည် မြန်မာနေရှင်နယ်လိဂ်အပါအဝင် ပြည်တွင်းပြည်ပ ဘောလုံးပွဲအားလုံးတွင် ပါဝင်ကစားခွင့်ပိတ်ပင်မည်’ ဟု ဖော်ပြပါရှိကြောင်း အဆိုပါတာဝန်ရှိသူကပြောသည်။

## လန်ဒန်အိုလံပစ် ပထမအဆင့်ခြေစစ်ပွဲ ဒုတိယအကျော့ဘောလုံးပွဲစဉ်ကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်လွှင့်မည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၆

၂၀၁၂ လန်ဒန်အိုလံပစ် ပထမအဆင့် ခြေစစ်ပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် မြန်မာနှင့် အိန္ဒိယဘောလုံးအသင်းတို့ ကစားမည့်ပွဲစဉ်အား မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာအိုလံပစ်ဘောလုံးအသင်းသည် အဆိုပါပွဲစဉ်အား လာမည့် မတ်လ ၉ ရက်တွင် ရန်ကုန်မြို့၊ သုဝဏ္ဏဘောလုံးကွင်း၌ အိမ်ကွင်းအဖြစ် အိန္ဒိယအိုလံပစ်ဘောလုံးအသင်းအား လက်ခံကစားရမည်ဖြစ်သည်။ ညနေ ၄ နာရီအချိန်တွင် စတင်ယှဉ်ပြိုင်ကစားမည့် ယင်းပွဲစဉ်၏ ကွင်းဝင်ကြေးအား တစ်ဦးလျှင် အထူးတန်း ကျပ်တစ်ထောင်နှင့် ရိုးရိုးတန်း ကျပ်ငါးရာ သတ်မှတ်ထားကြောင်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်(MFF)မှသတင်းရရှိသည်။




အဆိုပါခြေစစ်ပွဲ၏ ပထမအကျော့ပွဲစဉ်အဖြစ် မြန်မာအသင်းသည် အိန္ဒိယအသင်းနှင့် ဖေဖော်ဝါရီလ ၂၃ ရက်တွင် အိန္ဒိယနိုင်ငံ၊ မွမ်ဘိုင်းမြို့တွင်(အဝေးကွင်း) သွားရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

လန်ဒန်အိုလံပစ်ပြိုင်ပွဲ၊ အာရှဇုန်ခြေစစ်ပွဲတွင် စုစုပေါင်း ၃၅ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး၊ အဆင့်သတ်မှတ်မှုအရ အနိမ့်ဆုံး ၂၂ သင်းသည် ဦးစွာ ရှုံးထွက်အဆင့် အိမ်ကွင်း၊ အဝေးကွင်း ကစားရမည်ဖြစ်သည်။

ပထမအဆင့် ရှုံးထွက်ပြိုင်ပွဲတွင် အနိုင်ရရှိသည့် ၁၁ သင်းသည် အဆင့်မြင့်အသင်းများအဖြစ် သတ်မှတ်ခြင်းခံရသည့် ၁၃ သင်းနှင့် ဒုတိယအဆင့် ခြေစစ်ပွဲများကို ရှုံးထွက်အဆင့် ဆက်လက်ကစားရမည်ဖြစ်သည်။

## နွေရာသီအခြေခံအားကစားသင်တန်းများဖွင့်မည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၆

၂၀၁၁ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းများကို လာမည့် မတ်လ ၇ ရက်မှ ဧပြီလ ၈ ရက်အထိ ရန်ကုန်မြို့ရှိ သက်ဆိုင်ရာအားကစားလေ့ကျင့်ရေးကွင်းများနှင့် အားကစားရုံများတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

ယင်းသင်တန်းများမှာ အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်သည်။

ဖွင့်လှစ်သင်ကြားပေးမည့်သင်တန်းများမှာ ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ အလေးမ၊ လက်ဝှေ့၊ ဂျူဒို၊ စားပွဲတင်တင်းနစ်၊ ဘတ်စကက်ဘော၊ သိုင်း၊ ခြင်းလုံး၊ အေရိုးဗစ်၊ တိုက်ကွမ်ဒို၊ ကျွမ်းဘား၊ ဝူရှူး၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ စက်ဘီး၊ တင်းနစ်၊ စစ်တုရင်၊ လှေလှော်၊ ကရာတေးဒို၊ ကာယဗလ/အလှ၊ ရွက်လှေ၊ ဟော်ကီ၊ မြားပစ်၊ ရေကူး၊ ဘော့စ်ဘော၊ ခရစ်ကတ်၊ သေနတ်ပစ်၊ ဂေါက်သီး၊ ဘီလီယက်၊ ဘိုးလင်းအားကစားနည်းများဖြစ်ကြောင်းသိရသည်။

အဆိုပါသင်တန်းများကို တက်ရောက်သင်ကြားလိုပါက သင်တန်းဝင်ခွင့်ပုံစံများကို သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များနှင့် လူထုအားကစားနှင့် ပညာပေးဌာနခွဲ(ရန်ကုန်) ကျိုက္ကဆံကွင်းတွင် ဆက်သွယ်ရယူနိုင်ပြီး အသေးစိတ်စုံစမ်းသိရှိလိုပါက ဖုန်း-၄၀၀၄၃၁ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။




7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.9, No.48 • FEBRUARY 24, 2011


# မသန်စွမ်းရန်ပုံငွေပွဲအဖြစ် Actor Star နှင့် ရတနာပုံဘောလုံးအသင်းတို့ ကစားမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၆**

မသန်စွမ်းသူများအတွက် ရန်ပုံငွေဘောလုံးပွဲအဖြစ် Actor Star ဘောလုံးအသင်းနှင့် MNL လက်ရှိ ချန်ပီယံရတနာပုံဘောလုံးအသင်းတို့ မန္တလေးမြို့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်းသတင်း ရရှိသည်။

အဆိုပါ ရန်ပုံငွေဘောလုံးပွဲအား လာမည့်မတ်လ ၂၀ ရက်တွင် မန္တလေးမြို့၊ ဗထူးအားကစားကွင်းတွင် ပြုလုပ်သွားမည်ဖြစ်သည်။ Actor Star ဘောလုံးအသင်းတွင် လူမင်း၊ နေတိုး၊ ဇာနည်၊ သူထူးစံ၊ ကျော်ကျော်ဗို၊ ထွန်းထွန်း အစရှိသည့် အနုပညာရှင်များပါဝင်ပြီး ရတနာပုံဘောလုံးအသင်းတွင်လည်း ပြည်တွင်းကစားသမားသာမက ပြည်ပကစားသမားများပါ ဝင်ရောက်ကစားမည်ဖြစ်



ကြောင်း သိရသည်။

"ဘောလုံးပွဲမစခင် နေ့လယ်ပိုင်းလောက်ကတည်းက နာမည်ကြီး သရုပ်ဆောင်၊ အဆိုတော်တွေရဲ့ သီဆိုဖျော်ဖြေမှု အစီအစဉ်တွေပါပါမယ်။ ဘောလုံးပွဲကတော့ ညနေ ၄ နာရီမှာစမှာပါ"ဟု အဆိုပါပွဲအား ပူးပေါင်းစီစဉ်သည့် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယင်း ဘောလုံးပွဲကွင်းဝင်ကြေးမှာ လက်မှတ်တစ်စောင်လျှင် အထူးတန်း ကျပ်သုံးထောင်နှင့် ရိုးရိုးတန်း ကျပ်တစ်ထောင်သတ်မှတ်ထားပြီး ၎င်းရန်ပုံငွေဘောလုံးပွဲဖြစ်ပေါ်လာရေးအတွက် ရတနာပုံဘောလုံးအသင်း၊ Actor Star ဘောလုံးအသင်းနှင့် သီဆိုဖျော်ဖြေကြသူ အနုပညာရှင်များအားလုံး မေတ္တာဖြင့် (အခမဲ့) ကူညီကြခြင်းဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူကပြောသည်။

အဆိုပါ ဘောလုံးပွဲမှ ရရှိသော ကွင်းဝင်ကြေးရန်ပုံငွေအားလုံးကို မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် လိုအပ်ချက်များတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

# ဆီးဂိမ်းဝင်ပြိုင်မည့် လက်ဝှေ့ကစားသမားများအတွက် ကျူးဘားလူမျိုးနည်းပြကို ငှားရမ်း

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၉**

လာမည့် ဆီးဂိမ်းပြိုင်ပွဲများတွင် မြန်မာ့လက်ဝှေ့ကစားသမားများ အောင်မြင်မှုရရှိစေရန် ရည်ရွယ်၍ ကျူးဘားလူမျိုးနည်းပြဆရာတစ်ဦးကို ငှားရမ်းခေါ်ယူလိုက်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ သတင်းရရှိသည်။

"ကျူးဘားလူမျိုးနည်းပြဆရာ အိုစမာမာရီနိုကို ဖေဖော်ဝါရီကစပြီး လစာယူရိုငွေ ၁၅၀၀ နဲ့ တစ်နှစ်စာချုပ် ခေါ်ယူလိုက်တာပါ။ လက်ရှိပဏာမ မြန်မာ့လက်ရွေးစင်လက်ဝှေ့အဖွဲ့နဲ့ လာမယ့်ဆီးဂိမ်းပြိုင်ပွဲတွေအတွက် ပြည်တွင်းပြိုင်ပွဲတွေကနေ လူငယ်ကစားသမားတွေ ရွေးချယ်ပြီး နိုင်ငံခြားနည်းပြဆရာနဲ့ မြန်မာနည်းပြဆရာတွေ ပူးပေါင်းလေ့ကျင့်ပေးသွားမှာပါ"ဟု မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့ပြင် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်သည် လာမည့်အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲမတိုင်မီပြည်ပဖိတ်ခေါ်ပြိုင်ပွဲများကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ထားရန် စီစဉ်ထားကြောင်း သိရသည်။

"အာဖရိက ချန်ပီယံရှစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ရှိတဲ့နိုင်ဂျီးရီးယား လက်ဝှေ့လက်ရွေးစင်အသင်းအနေနဲ့ ရန်ကုန်မြို့ကို လာရောက်ပြီး မြန်မာလက်ရွေးစင်လက်ဝှေ့ကစားသမားများနဲ့ တစ်လကြာ ပူးတွဲလေ့ကျင့်မှုတွေ ပြုလုပ်ဖို့လည်း ရှိပါတယ်" ဟုအဆိုပါတာဝန်ရှိသူက ပြောသည်။

ယခုလက်ရှိ တစ်နှစ်စာချုပ်ဖြင့်ခေါ်ယူထားသော ကျူးဘားနည်းပြဆရာ၏ စွမ်းဆောင်ရည်ကိုကြည့်ရှု၍ ၎င်းအား ဆက်လက်ငှားရမ်းရန် စီစဉ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူက ပြောသည်။

# အဝေးကွင်းမှာ နိုင်ပွဲရှာရမယ့် မန်ယူ၊ လီဗာပူး အပါအဝင် ပရီးမီးယားလိဂ် ပွဲစဉ် ၂၈ ပွဲကြိုခန့်မှန်းချက်



**ကိုထိုက်**

ဒီတစ်ပတ် စနေ၊ တနင်္ဂနွေနေ့တွေမှာ ပြန်ကစားမယ့် ပရီးမီးယားလိဂ်ပွဲစဉ် (၂၈) မှာတော့ ပြီးခဲ့တဲ့ပွဲစဉ် ၂၆ နဲ့ ၂၇ နှစ်ပွဲစလုံးမှာ အနိုင်မရခဲ့တဲ့ ထိပ်သီးချယ်လ်ဆီးရဲ့ ဘာမင်ဂမ်ကို အိမ်ကွင်းမှာ ဧည့်ခံမယ့်ပွဲပါဝင်မှာဖြစ်ပြီး အိမ်ကွင်းမှာပဲ ဖူလ်ဟမ်ကို နိုင်ပွဲရှာရမယ့် မန်စီးတီး၊ အဝေးကွင်းပွဲတွေ ကစားရမယ့် မန်ယူ၊ လီဗာပူးတို့ရဲ့ ပွဲစဉ်တွေ ပါဝင်နေတာ တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီစနေ၊ တနင်္ဂနွေမှာတော့ ကစားမယ့် ပရီးမီးယားလိဂ်ရှစ်ပွဲစလုံးရဲ့ ရလဒ်တွေဟာ မထင်မှတ်တဲ့ အပြောင်းအလဲတွေ ဖြစ်ပေါ်လာနိုင်ခြေရှိနေပါတယ်။

**၂၆ ဖေဖော်ဝါရီ၊ စနေ**

**အက်စတန်ဗီလာ-ဘလက်ဘန်း**
**ည ၉း၃၀ နာရီ**
**ပကျော့ရလဒ် ၀-၂**

ပထမအကျော့တုန်းက ဗီလာတို့ ဘလက်ဘန်းတို့ အဝေးကွင်းမှာ ရှုံးနိမ့်ခဲ့ရပေမယ့် ဇန်နဝါရီအက်ဖ်အေဖလားပွဲမှာ ၃-၁ ဂိုးနဲ့ နိုင်ထားတာရှိနေပါတယ်။ ဒါ့ကြောင့် တစ်လအကြာမှာ ပြန်တွေ့ရတဲ့ ဒီထိပ်တိုက်တွေ့ဆုံမှုမှာ ပရီးမီးယားလိဂ် ဝါရင့်ဗီလာကပဲ အိမ်ကွင်းမှာပဲ ဦးဆောင်နိုင်ပါတယ်။ ဗီလာတို့ အိမ်ကွင်းမှာ နှစ်ဂိုးလောက် ရသွားမှာပါ။

**အဲဗာတန် - ဆန်းဒါးလန်း**
**ည ၉း၃၀ နာရီ**
**ပကျော့ရလဒ် ၂-၂**

အိမ်ရှင်အဲဗာတန်တို့ အိမ်ကွင်းရော၊ အဝေးကွင်းရလဒ်ပါ ဒီနောက်ပိုင်းညံ့ဖျင်းနေပါတယ်။ ဒီနှစ်သင်းနောက်ဆုံး တွေ့ဆုံမှု ငါးကြိမ်မှာ အဲဗာတန်က သုံးကြိမ်နိုင်ထားပြီး နှစ်ကြိမ်သရေကျထားတယ်။ ဒါပေမဲ့ လက်ရှိခြေစွမ်းအရ အဝေးကွင်းခြေစွမ်းအသင့်အတင့်ရှိတဲ့ ဆန်းဒါးလန်းကိုရွေးသင့်ပြီး ဂိုးအနည်းနဲ့ ကပ်နိုင်သွားခြေရှိပါတယ်။

**နယူးကာဆယ် - ဘောလ်တန်**
**ည ၉း၃၀ နာရီ**
**ပကျော့ရလဒ် ၁-၅**

ပထမအကျော့တုန်းက ဂိုးပြတ်ရှုံးထားခဲ့ရတာကို နယူးကာဆယ်တို့ ချေဖျက်နိုင်ဖို့ အခွင့်အရေးပါပဲ။ နယူးကာဆယ်မှာ ကာရိုးမရှိလို့ ရှေ့တန်းအားနည်းသွားပြီး ပြီးခဲ့တဲ့အိမ်ကွင်း သုံးပွဲမှာ နှစ်ပွဲသရေ၊ တစ်ပွဲနိုင် ရလဒ်ရထားတာမို့ နယူးကာဆယ်တို့ အနည်းငယ်အခြေအနေကောင်းနိုင်ပါတယ်။ သရေပွဲဖြစ်နိုင်ပြီး နယူးကာဆယ်နိုင်ရင်လည်း ကပ်နိုင်မှာပါ။

**ဝီဂန် - မန်ယူ**
**ည ၉း၃၀ နာရီ**
**ပကျော့ရလဒ် ၀-၂**

ဒီနှစ်သင်းနောက်ဆုံး တွေ့ဆုံထားမှု ငါးကြိမ်မှာ မန်ယူက ချည်းငါးကြိမ်စလုံး နိုင်ထားပါတယ်။ မန်ယူဟာ အဝေးကွင်းမှာ ဝုလ်ကို ရှုံးခဲ့ပေမယ့် အိမ်ကွင်းမှာ ဒါဘီပြိုင်ဘက် မန်စီးတီးကို ပြန်နိုင်ခဲ့တယ်။ ဧည့်သည်မန်ယူတို့ နှစ်ဂိုးလောက်ရနိုင်တဲ့ပွဲပါ။ ဝီဂန်တို့အလွန်ဆုံး ပြန်သွင်းနိုင်ရင် တစ်ဂိုးလောက်ပဲ ဖြစ်မှာပါ။

**ဝုလ် - ဘလက်ပူး**
**ည ၉း၃၀ နာရီ**
**ပကျော့ရလဒ် ၁-၂**

အိမ်ရှင်ဝုလ်တို့ နောက်ဆုံးအိမ်ကွင်းသုံးပွဲမှာ မန်ယူနဲ့ချယ်လ်ဆီးကိုအနိုင်ကန်ပြီး လီဗာပူးကိုတော့ ဂိုးပြတ်ရှုံးထားတာတွေ့ရတယ်။ အသင်းကြီးတွေနဲ့ တွေ့တိုင်း ခံကစားတတ်တဲ့ ဝုလ်ရဲ့ခံစစ်ပိုင်းကို လျှော့မတွက်သင့်ပါဘူး။ ဧည့်သည် ဘလက်ပူးတို့ အများဆုံးရရင် သရေသာဖြစ်ပြီး ဒီဒုတိယအကျော့မှာတော့ ဝုလ်တို့ နိုင်ခြေပိုများနေပါတယ်။


စာ(၄၁)သို့



**TRADEMARK CAUTION**

ROXCEL HANDELSGESELLSCHAFT M.B. H a Company incorporated in AUSTRIA at A- 1090 VIENNA, THURNGASSE 10, AUSTRIA is the Owner and Sole Proprietor of the following Trademarks:-

**ROXCEL**
Reg:No.4/10282/2010

**ECOROX**
Reg:No.4/10283/2010

**ECOCOAT**
Reg:No.4/10279/2010

**RMG**
Reg:No.4/10280/2010

**ROXCYCLE**
Reg:No.4/10278/2010

**RACCOLTA, MOLNAR & GREINER**
Reg:No.4/10281/2010

In respectof: Int'l Class 16: "Paper, cardboard and goods consisting ofsuch materials, insofar as they are not covered by other classes; greeting cards; wood pulp paper; wood pulp board (stationery); cards, cardboard; cardboard articles, cardboard tubes; paper (wax ed); luminous paper; blotters; parchment paper; paper for radiograms; silver paper; stationery; paper ribbons; paper sheets (stationary); filtering materials [paper]; paper face towels; paper towels; printed matter; book binding materials; photographs; writing materials; adhesives (glues) for stationery or household purposes; moulds for modeling clays (artist's materials); paint brushes; type writers and office requisites (except furniture); bags ofpaper or plastics for packaging, insofar as they are not covered by other classes; printers' type; printing blocks, apparatuses for laminating of documents (office requisites); inking ribbons; inking ribbons for computer printers; type writer ribbons; spools for inking ribbons; filter paper."


In respect of : Int'l Class 35: "Advertising; business management; business administrati on, office functions,publication of publicity texts; evaluation of standing timber; document reproduction; photocopying; dissemination of advertising matter."

In respect of: Int'l Class 39: "Transport; packaging and storage ofgoods, in particular services in connection with packaging and packet assembling prior to transportation (delivery of goods by mail order); parcel delivery and delivery ofgoods; delivery of goods by mail order."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine
Affairs(Cardiff)
myint.advocate@mptmail. net.mm
www.mipadvocate.com
Ph:371990

24 Feb 2011



Unilever
ခံတွင်းသန့်စင်ဆေးရည်
Closeup
ပိုနီးလေ ပိုကောင်းလေ
Crystal Frost အစေ့လေးများ
Active Gel
Closeup
ခံတွင်းသန့်စင်ဆေးရည်နှင့် Crystal Frost အစေ့လေးတွေပါဝင်သည့်
Closeup အသစ်ရဲ့စွမ်းအားကို ခံစားကြည့်လိုက်ပါ
ခံတွင်းရနံ့သင်းသင်းလေးနဲ့ သွားဖြူဖြူလေးတွေ ဖြစ်သွားပြီ

7 DAY NEWS JOURNAL
Vol.9, No.48 • FEBRUARY 24, 2011

# စင်ကာပူသည် တတိယမြောက် အာရှနေထိုင်မှုစရိတ်အမြင့်ဆုံး တိုင်းပြည်ဖြစ်လာ



**စင်ကာပူ၊ ဖေဖော်ဝါရီ – ၁၅**
စင်ကာပူနိုင်ငံသည် အာရှတိုက်တွင်နေထိုင်ရေးအတွက် တတိယဈေးအကြီးဆုံး မြို့တော်ပင်ဖြစ်ကြောင်း စင်ကာပူမှ ဥပဒေရေးရာအတိုင်ပင်ခံ ကုမ္ပဏီ ECA အင်တာနေရှင်နယ်က ဖော်ပြလိုက်သည်။ ECA ၏စာရင်းတွင် ထိပ်ဆုံး၌ ဂျပန်နိုင်ငံမြို့တော် တိုကျို၊ ဟောင်ကောင်တို့ရှိပြီး ယင်းနောက်တွင်စင်ကာပူက တတိယနေရာနှင့်တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်က စတုတ္ထနေရာတွင်ရှိသည်။ အာရှတွင် စီးပွားရေးတိုးတက်မှုနှင့် ငွေကြေးများ ခိုင်မာလာမှုတို့ကြောင့် ယခုအခါ အိမ်ခန်းငှားရမ်းခများလည်း မြင့်တက်လာလျက်ရှိသည်။

ECA ၏အဆိုအရ စင်ကာပူတွင် ယမန်နှစ်က အိပ်ခန်းနှစ်ခန်းပါ အခန်းတစ်ခန်း ငှားရမ်းခမှာ ၂၀၀၉ ကထက် ၁၅ ရာခိုင်နှုန်းတိုးကာ တစ်လ အမေရိကန်ဒေါ်လာ ၂,၈၁၀ အထိရှိလာကြောင်း သိရသည်။

၎င်းအတွင်း ဟောင်ကောင်တွင်လည်း အိမ်ခြံမြေ ဈေးနှုန်းများစံချိန်တင်မြင့်တက်ခဲ့ပြီး ယမန်နှစ်က တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အဆင့်ကိုးမှ အဆင့်သုံးနေရာသို့ တိုးတက်လာခဲ့သည်။ ဟောင်ကောင်တွင် ၂၀၀၉ နှင့် ၂၀၁၀ အတွင်း အိပ်ခန်းနှစ်ခန်းပါတိုက်ခန်း တစ်ခန်း၏ တစ်လငှားရမ်းခမှာ ကန်ဒေါ်လာ ၂,၈၃၀ အထိရှိခဲ့သည်။ တရုတ်ပြည်မှ လူဦးရေထူထပ်သော မြို့တော်ဘေဂျင်းနှင့်ရှန်ဟိုင်းတို့တွင်လည်း ၂၀၀၉ ကအိမ်ခြံမြေ ငှားရမ်းခများ ဈေးကျခဲ့ပြီးနောက် ၂၀၁၀ တွင်ပြန်တက်လာခဲ့ရာ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် နေထိုင်မှုစရိတ်ဈေးအကြီးဆုံး မြို့တော်များစာရင်းတွင် အဆင့် ၄၅ နှင့် ၂၄ နေရာအထိ အသီးသီးရောက်ရှိလာခဲ့သည်။

—*Ref: CNA*

## အားဖြည့်အချိုရည်များ သောက်သုံးခြင်းသည် လူငယ်များအတွက် အန္တရာယ်များ




**မီယာမီ၊ ဖေဖော်ဝါရီ – ၁၅**
ကဖိန်းဓာတ်နှင့် သကြားများပါဝင်သော အားဖြည့်အချိုရည်များသည် လူငယ်များအတွက် အန္တရာယ်များကြောင်း ကလေးအထူးကုဆရာဝန်များက ပြောကြားသည်။

အားဖြည့်အချိုရည်များသည်ရောဂါများ သက်သာပျောက်ကင်းစေနိုင်သည့် အာနိသင်မရှိကြောင်း၊ ပါဝင်သောပစ္စည်းများကိုလည်း လေ့လာမှုနည်းပါးကြောင်းနှင့် စည်းမျဉ်းဖြင့် ထိန်းချုပ်ထားသည့် ပစ္စည်းများလည်း မဟုတ်ကြောင်း မီယာမီဆေးပညာကျောင်းမှ လေ့လာချက်က ဖော်ပြသည်။

၎င်းအားဖြည့်အချိုရည်များသည်ဆီးချိုရောဂါ ရှိသောကလေးများ၊ အာရုံစူးစိုက်မှုလျော့ပါးခြင်းပြဿနာရှိသော ကလေးများနှင့် နှလုံးပြဿနာရှိသည့် ကလေးများအတွက် အထူးသဖြင့် အန္တရာယ်ရှိကြောင်း ယခုစာတမ်းကို ဦးဆောင်ရေးသားသူ ဒေါက်တာ စတီဗင်လစ်ရှုဇ်က ပြောကြားသည်။

"ဆီးချိုရှိတဲ့ ကလေးတွေကို ဒီအချိုရည်တွေအကြောင်း ပညာပေးမထားရင် ဒီအချိုရည်တွေမှာပါတဲ့ ကဖိန်းဓာတ်နဲ့ သကြားတွေကြောင့် အကြီးအကျယ် ဒုက္ခရောက်နိုင်ပါတယ်" ဟုဒေါက်တာ စတီဗင်က ဆက်လက်ပြောကြားသည်။

Gatorade ကဲ့သို့အချိုရည်များမှာ သောက်သုံးရန် သင့်တော်သော်လည်း Red Bull ကဲ့သို့ အားဖြည့်အချိုရည်များအတွက် မသေချာကြောင်း၊ ၈ အောင်စ Rockstar အားဖြည့်အချိုရည်တွင် ၁၄ အောင်စ ကိုကာကိုလာအချိုရည်ဘူးတွင်ပါဝင်သည့် ကဖိန်းဓာတ်ပမာဏ နှစ်ဆပါဝင်ကြောင်း ဒေါက်တာစတီဗင်က ဆက်လက်ပြောကြားသည်။

—*Ref: UPI*

## HTC က ဖေ့စ်ဘွတ်ဖုန်းများ စတင်ပြသ



**ဘာစီလိုနာ၊ ဖေဖော်ဝါရီ – ၁၅**
တရုတ်တိုင်ပေမှ ဟန်းဆက်ထုတ်လုပ်ရေးကုမ္ပဏီ HTC သည် ဖေ့စ်ဘွတ်ခ်အသုံးပြုသူများအတွက် ရည်ရွယ်ထုတ်လုပ်သည့် စမတ်ဖုန်းများကို စပိန်နိုင်ငံ ဘာစီလိုနာမြို့တွင်ပြုလုပ်သည့် ကမ္ဘာ့မိုဘိုင်းကွန်ရက်ပြပွဲ၌ ပြသခဲ့ကြောင်း သိရသည်။ HTC ၏အဆိုပါဖုန်းများသည် အသုံးပြုသူများအတွက် ၎င်းတို့၏ တည်နေရာအတိအကျကိုဂျီပီအက်စ်စနစ်ဖြင့် သူငယ်ချင်းများထံ ဖေ့စ်ဘွတ်ခ်ဆိုက်ထဲတွင် ဖော်ပြနိုင်သည်။ ထို့ပြင် စာသားများနှင့် ဓာတ်ပုံများကိုလည်း ဖေ့စ်ဘွတ်ခ်မှ ဝေမျှနိုင်မည်ဖြစ်သည်။ ကုမ္ပဏီ၏ ယင်းစမတ်ဖုန်းမော်ဒယ်သစ်နှစ်မျိုးမှာ HTC Salsa နှင့် HTC Chacha တို့ဖြစ်သည်။

အသုံးပြုသူများသည် ယင်းဖုန်းတွင် ပါဝင်သော ခလုတ်တစ်ချက်နှိပ်ရုံဖြင့် ဖေ့စ်ဘွတ်ခ်တွင် ၎င်းတို့၏ စာသို့မဟုတ် ဓာတ်ပုံတို့ကို တင်နိုင်မည်ဖြစ်သည်။ HTC သည်၎င်း၏ စမတ်ဖုန်းများတွင် ဖေ့စ်ဘွတ်ခ်၏ ပွဲများ၊ အမှတ်တရများကို ဖော်ပြနိုင်သည့် ပြက္ခဒိန်ကဲ့သို့သော အခြားဆော့ဖ်ဝဲများကိုလည်း ထည့်သွင်းထားသည်။ ကုမ္ပဏီသည် ပြပွဲတွင် ၇ လက်မအရွယ် HTC Flyer tablet ကွန်ပျူတာကိုလည်း ပြသခဲ့သည်။ ယင်းကွန်ပျူတာသည် ဂူးဂဲလ်၏ Android Os ကိုအသုံးပြုထားပြီး စက်၏ လုပ်ဆောင်ချက်ပိုင်း ပိုမိုကောင်းမွန်ရန် စွမ်းရည်တိုးမြှင့်ထားသည်။ ကုမ္ပဏီသည် ပြပွဲတွင် ၎င်း၏ ယခင်စမတ်ဖုန်းအဟောင်းများကို အဆင့်မြှင့်တင်ထုတ်လုပ်ကာ HTC Desire S၊ HTC Wildfire နှင့် HTC Incredible တို့ကိုလည်းပြသခဲ့သည်။

—*Ref: AFP*



7 DAY NEWS JOURNAL
Vol.9, No.48 • FEBRUARY 24, 2011

# ကန့်ကွက်သူများကြောင့် ဝေလငါးဖမ်းခြင်းကို ဂျပန်ရပ်တန့်



**တိုကျို၊ ဖေဖော်ဝါရီ - ၁၇**

အမေရိကန်အခြေစိုက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ တစ်ဖွဲ့က ၎င်းတို့၏ သင်္ဘောအုပ်စု၏ မိခင်သင်္ဘောကို လိုက်လံပိတ်ဆို့မှုများ ရှိခဲ့ပြီးနောက် အန္တာတိကနှစ်စဉ် ဝေလငါးဖမ်းခြင်းကို ဂျပန်နိုင်ငံက ဆိုင်းငံ့ထားလိုက်ကြောင်း သိရသည်။

လုံခြုံရေး စိုးရိမ်မှုများကြောင့် လောလောဆယ်တွင် ဝေလငါးဖမ်းခြင်းကို ရပ်တန့်ထားကြောင်း ဂျပန်ငါးလုပ်ငန်း အေဂျင်စီမှ အရာရှိတစ်ဦးက ပြောကြားသည်။

စီးပွားဖြစ် ဝေလငါးဖမ်းခြင်းအား ၁၉၈၆ ခုနှစ်ကတည်းက ပိတ်ပင်ထားခဲ့သည်။ သို့သော် သုတေသနလုပ်ငန်းများအတွက် ဖမ်းဆီးနိုင်ကြောင်း စည်းမျဉ်းကို အသုံးချ၍ ဂျပန်က ဝေလငါးများ နှစ်စဉ်ဖမ်းဆီးနေခြင်းဖြစ်သည်။

ယင်းသို့ ဝေလငါးဖမ်းဆီးမှု ပိတ်ပင်ထားခြင်းကို နော်ဝေးနှင့် အိုက်စလန်နိုင်ငံတို့က တရားဝင်ကန့်ကွက်ထားပြီး စီးပွားဖြစ် ဖမ်းခြင်းကို ဆက်လက်လုပ်ကိုင်နေကြောင်းသိရသည်။

ဝေလငါးဖမ်းခြင်းကို ဖေဖော်ဝါရီလ ၁၀ ရက်မှစ၍ ရပ်တန့်ထားကြောင်း ဂျပန်နိုင်ငံကပြောကြားသည်။ ဝေလငါးဖမ်းခြင်းကို မတ်လကုန်အထိ ပြုလုပ်နိုင်ရာ တစ်နှစ်ပတ်လုံး ဖမ်းဆီးမှုရပ်တန့်ခြင်းလားဆိုသည်မှာ ရှင်းရှင်းလင်းလင်းမသိရပေ။

အမေရိကန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ SSCS ၏သင်္ဘောများသည် ဂျပန်သင်္ဘောအုပ်စုအား ရက်သတ္တပတ်ပေါင်းများစွာကပင် အန္တာတိကရေပြင်တွင် အနှောင့်အယှက်ပေးနေခဲ့သည်။ —*Ref: BBC*

# မီရှယ်အိုဘားမား၏ အဝလွန်မှု တိုက်ဖျက်ရေးလှုပ်ရှားမှုကို ကာတွန်းဖြင့် လှောင်ပြောင်

**လန်ဒန်၊ ဖေဖော်ဝါရီ - ၁၅**

အမေရိကန်သမ္မတကတော် မီရှယ်အိုဘားမားသည် အမေရိကန်ကလေးငယ်များအကြား အဝလွန်မှုတိုက်ဖျက်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများ စားသုံးရေးကို လှုံ့ဆော်နေသော်လည်း သူမကို အကြွားသန်သူ၊ အဝလွန်နေသူ၊ ဟမ်ဘာဂါ ကြိုက်သူတစ်ဦးအဖြစ် တိုက်ခိုက်လှောင်ပြောင်ထားသော ကာတွန်းတစ်ခုသည် Biggovernment.com တွင် ပေါ်ထွက်လာခဲ့ကြောင်း သိရသည်။

အဆိုပါကာတွန်းတွင် မစ္စအိုဘားမားက သူမ၏ ခင်ပွန်းသည်အိုဘားမားအား အမေရိကန်ပြည်သူများ၏ စားသောက်မှုအလေ့အထကို ပြောင်းလဲပြီးဖြစ်ကြောင်း ပြောကြားနေပုံကိုဖော်ပြထားသည်။ ထို့နောက် မစ္စတာအိုဘားမားကလည်း သူမအား “မီရှယ် ငါနောက်တစ်ကြိမ်ပြန်အရွေးခံချင်သေးတယ်။ မင်းလုပ်နေတာက ပြည်သူတွေအများကြီးကို အနှောင့်အယှက်ပေးနေတာသက်သက် ဖြစ်တော့မယ်” ဟုပြန်ပြောပုံကို သရုပ်ဖော်ထားသည်။ မီရှယ်အိုဘားမားသည် ယမန်နှစ်မှစ၍ Let's Move! လှုပ်ရှားမှုကို စတင်ကာ ကန်ကလေးငယ်များအကြား အဝလွန်မှုတိုက်ဖျက်ရေးအတွက် လှုံ့ဆော်ခြင်း၊ ကျောင်းများသို့ သွားရောက်ကာ ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအသောက် ပုံစံများဖြစ်ထွန်းရန်မြှင့်တင်ခြင်းများ ဆောင်ရွက်ခဲ့သည်။



သို့သော်သူမသည် မီဒီယာများတွင် ပါဝင်သည့် အချို့သောဓာတ်ပုံများတွင် ဘာဂါများစားသောက်နေသည်ကို တွေ့ရှိခဲ့ရပြီး နောက်ဝေဖန်သူများက အပြောနှင့်မညီသည့် အကြွားသန်သူတစ်ဦးအဖြစ် ဝေဖန်ခြင်းခံခဲ့ရသည်။ မစ္စအိုဘားမားသည် မကြာမီကလည်း အိမ်ဖြူတော်ပွဲတစ်ခု၌ အစားအစာ စာရင်းတွင် အဆီပါဝင်မှုများသော အစာများဖြစ်သည့် ပီဇာမုန့်နှင့် အာလူးကြော်များ ထည့်သွင်းခဲ့မှုကြောင့် တိုက်ခိုက်ခံခဲ့ရသည်။ —*Ref: Dailymail*



# ချက်ဗရွန်ကုမ္ပဏီအား အီကွေဒေါတရားရုံးက ဒေါ်လာဘီလီယံနှင့်ချီ၍ ဒဏ်ငွေချမှတ်

**အီကွေဒေါ၊ ဖေဖော်ဝါရီ - ၁၆**

အမေဇုန်ဒေသ၏ ကြီးမားသောအစိတ်အပိုင်းတွင် ညစ်ညမ်းမှုများ ဖြစ်ပေါ်စေခဲ့ခြင်းအတွက် အမေရိကန်ရေနံကုမ္ပဏီကြီး ချက်ဗရွန်အားအီကွေဒေါတရားရုံးတစ်ရုံးက ဒဏ်ငွေကန်ဒေါ်လာ ၈ ဒသမ ၆ ဘီလီယံချမှတ်လိုက်ကြောင်း သိရသည်။



၂၀၀၁ ခုနှစ်တွင် ချက်ဗရွန်နှင့် ပေါင်းစည်းခဲ့သော Taxeco ရေနံကုမ္ပဏီသည် အမေဇုန်ဒေသမြစ်များ၊ ချောင်းများနှင့် ရေကန်များအတွင်းသို့ ရေဒီယိုသတ္တုကြွပစ္စည်း ဂါလန်ဘီလီယံနှင့်ချီ၍ စွန့်ပစ်ခဲ့သည်ဟု စွပ်စွဲခံရသည်။ ယင်းလုပ်ရပ်၏ အကျိုးဆက်ကြောင့် ကောက်ပဲသီးနှံစိုက်ပျိုးသည့်မြေယာများပျက်စီးခြင်း၊ လယ်ယာလုပ်ငန်းသုံး တိရစ္ဆာန်များ သေကျေပျက်စီးခြင်းတို့ဖြစ်ပေါ်ခဲ့ပြီး ဒေသခံများတွင် ကင်ဆာရောဂါဖြစ်ပွားမှုနှုန်းလည်း တိုးပွားလာကြောင်း သိရသည်။

တရားရုံးဆုံးဖြတ်ချက်တွင် မသမာမှုများရှိသည်ဟု ချက်ဗရွန်ကရှုတ်ချလိုက်ပြီး ဆက်လက်အယူခံဝင်မည်ဟု ပြောကြားခဲ့ရာ တရားရုံးတိုက်ပွဲအဖြစ် နှစ်ပေါင်းများစွာ ဆက်လက်ကြာမြင့်မည့် လက္ခဏာဖြစ်သည်။ တရားလိုများ၏ ရှေ့နေပေါက်ဘလိုဖာဂျာဒိုကမူ ယခုဆုံးဖြတ်ချက်မှာ ချက်ဗရွန်၏ ပြစ်မှုကျူးလွန်မှုနှင့် စီးပွားရေးအင်အားအပေါ် တရားဥပဒေ၏အောင်ပွဲဟု ပြောကြားသည်။ သို့သော် အီကွေဒေါသဘာဝပတ်ဝန်းကျင်ပျက်စီးမှုများအတွက် တရားရုံးကချမှတ်သည့်နစ်နာကြေးမှာ မလုံလောက်သေးဘဲ ဆက်လက်အယူခံဝင်ဦးမည်ဟု ရှေ့နေကပြောသည်။

အီကွေဒေါနိုင်ငံသား ၃၀,၀၀၀ အားကိုယ်စားပြု၍ ပြုလုပ်ခဲ့သော တရားစွဲဆိုမှုမှာ နှစ်ပေါင်း ၂၀ ခန့်ကြာမြင့်လာခဲ့ပြီဖြစ်သည်။ အမေရိကန်တရားရုံးများတွင် ဆယ်နှစ်ခန့်ကြာမြင့်ခဲ့ပြီးနောက် ယခုအမှုအား အီကွေဒေါနိုင်ငံ တရားရုံးများတွင် ကြားနာစစ်ဆေးရန် အမေရိကန်အယူခံတရားရုံးတစ်ရုံးက ၂၀၀၃ ခုနှစ်တွင် ဆုံးဖြတ်ခဲ့သည်။ —*Ref: NY Times*



# ဆန္ဒပြမှုကို လူစုခွဲရန် ဘာရိန်းရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများ အသုံးပြု

**မာနာမာ၊ ဖေဖော်ဝါရီ – ၁၇**

ဘာရိန်းနိုင်ငံတွင် သုံးရက်ဆက်တိုက် ဆန္ဒပြကန့်ကွက်မှုများဆက်လက် ဖြစ်ပေါ်ခဲ့ရာ ဘာရိန်းမြို့တော် မာနာမာရင်ပြင်၌ နေထိုင်ဆန္ဒပြသူများကို လူစုခွဲရန် ဘာရိန်းရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများ အသုံးပြုခဲ့ကြောင်းသိရသည်။

ရှီးယိုက်အနွယ်ဝင် အများစုနေထိုင်သော နိုင်ငံတွင် ဆွန်နီမွတ်ဆလင် မိသားစုများက အုပ်ချုပ်သူများ အဖြစ်ရှိနေရာတွင် ၎င်းတို့၏ အရေးကိစ္စကို ပိုမို၍ ပြောရေးဆိုခွင့်ရရှိရေး ရှီးယိုက်အများစု ပါဝင်သည့် ကန့်ကွက်ဆန္ဒပြသူများက တောင်းဆိုကြသည်။

ဖေဖော်ဝါရီလ ၁၇ ရက် နံနက်တွင် မာနာမာရင်ပြင်၌ ဆန္ဒပြသူများ ရှင်းလင်းနေပုံရပြီး ယာယီတဲများ၊ စောင်များ၊ အမှိုက်များပြန့်ကျဲနေကြောင်း ရိုက်တာသတင်းက မျက်မြင်သက်သေများကို ကိုးကား၍ ဖော်ပြသည်။

မာနာမာရင်ပြင်တွင် မျက်ရည်ယိုဗုံး အနံ့အသက်များ ပျံ့နှံ့နေပြီး အရေးပေါ်လူနာတင်ယာဉ်နှစ်စီး အားချင်းထွက်ခွာသွားသည်ကို တွေ့မြင်ရသည်။ လတ်တလောတွင် ထိခိုက်ဒဏ်ရာ ရရှိသူစာရင်းကို မသိရှိရသေးပေ။

*—Ref: Reuters*





# ယီမင်နိုင်ငံတွင် ဆန္ဒပြကန့်ကွက်မှုများ ဆက်လက်ဖြစ်ပေါ်

**ဆာနား၊ ဖေဖော်ဝါရီ – ၁၅**

ယီမင်နိုင်ငံမြို့တော် ဆာနားတွင် ကန့်ကွက်ဆန္ဒပြမှုများ ငါးရက်ဆက်တိုက် ဆက်လက်ဖြစ်ပေါ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့များက မျက်ရည်ယိုဗုံးများနှင့် နံပါတ်တုတ်များအသုံးပြု၍ ဆန္ဒပြသူများကို လူစုခွဲခဲ့ကြောင်း သိရသည်။ ဆန္ဒပြသူများက သမ္မတအလီအဗ္ဗဒူလာဆာလေး ရာထူးမှ ဆင်းရန် တောင်းဆိုခဲ့ကြသည်။

အစိုးရထောက်ခံသူများနှင့် ဆန္ဒပြသူများအကြား တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့များ၏ဝင်ရောက် ကိုင်တွယ်မှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ယီမင်သမ္မတ ဆာလေးက ၂၀၁၃ နှစ်ထက်ကျော်၍ သမ္မတအဖြစ် ဆက်လက်ရပ်တည်မည် မဟုတ်ဟု ပြောကြားထားသော်လည်း ၎င်းအားဝေဖန်သူများက နိုင်ငံရေးအပြောင်းအလဲများ ချက်ချင်းပြုလုပ်ရန် တောင်းဆိုကြသည်။

ဖေဖော်ဝါရီ ၁၅ ရက်က ဖြစ်ပေါ်ခဲ့သည့် ပြိုင်ပွဲ ဖြစ်ပေါ်ခဲ့သည့် ငြိစွန်းမှုများတွင် အတိုက်အခံ ပါလီမန်အမတ် အာမက်ဟာရှစ်အပါအဝင် လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

*—Ref: BBC*



7DAY NEWS JOURNAL

# International

Vol.9, No.48 • FEBRUARY 24, 2011

## ဖိလစ်ပိုင်နိုင်ငံတွင် မီးတောင်ပေါက်ကွဲ မြို့တစ်မြို့လုံးအား ပြာမှုန်အတိဖုံးလွှမ်းသွား

**မနီလာ၊ ဖေဖော်ဝါရီ – ၂၁**

ဖိလစ်ပိုင်နိုင်ငံတွင် ဖေဖော်ဝါရီ ၂၁ ရက်က မီးတောင်တစ်လုံးပေါက်ကွဲခဲ့ပြီး မြို့တစ်မြို့လုံးအား ပြာမှုန်အတိဖုံးလွှမ်းသွားခဲ့ကြောင်း သိရသည်။ လောလောဆယ်တွင် အပျက်အစီးနှင့် ထိခိုက်ဒဏ်ရာရရှိသူစာရင်းကို မသိရှိရသေးကြောင်း အရာရှိများက ပြောကြားသည်။

၁,၅၅၉ မီတာမြင့်သည့် ဘူလူဆန်မီးတောင် ပေါက်ကွဲမှုကြောင့် ပြာမှုန်အမြောက်အမြားလွင့်တက်၍ လူပေါင်း ၄၆,၀၀၀ နေထိုင်ရာ အီရိုစင်မြို့ကို ပြာမှုန်များဖြင့် ဖုံးလွှမ်းသွားခဲ့ကြောင်း ယင်းမြို့အနီး လီဂက်စ်ပီမြို့မှ အရပ်ဘက်ကာကွယ်ရေးစင်တာ အရာရှိ ဟာရီးယက်ဆေဆွန်က ပြောကြားသည်။

"လောလောဆယ် အီရိုစင်မှာ မျက်စိနဲ့မြင်နိုင်ခြေ လုံးလုံးကိုမရှိဘူး။ အဲဒီမြို့က အရာရှိတွေနဲ့လည်း ဆက်သွယ်လို့မရဘူးဖြစ်နေတယ်"ဟု မစ္စဆေဆွန်က အေအက်ဖ်ပီသတင်းဌာနသို့ တယ်လီဖုန်းဖြင့်ပြောကြားသည်။

အရပ်ဘက်ကာကွယ်ရေးဌာနဝန်ထမ်းများသည် အပျက်အစီးများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများကိုစစ်ဆေးရန်အတွက် ယင်းမြို့သို့ သွားရောက်နေကြောင်း၊ သို့သော် ယခုအချိန်ထိ သတင်းပေးပို့မှုလုံးဝမရှိသေးကြောင်း မစ္စဆေဆွန်က ပြောကြားသည်။ ၎င်းမြို့မှ နေထိုင်သူများကို ရွှေ့ပြောင်းနေရန် သတိပေးမှုလည်းမရှိခဲ့ကြောင်း အဆိုပါအရာရှိက ဆက်လက်ပြောကြားသည်။ စာမျက်နှာ(၄၁)သို့▶▶▶



**မြို့တော်မနီလာတောင်ဘက် ဆော်ဆိုဂွန်ခရိုင်မှ ဒေသခံများ ဘူလူဆန်မီးတောင်မှ ပြာမှုန်များမှုတ်ထုတ်နေခြင်းကို လှမ်းကြည့်နေကြသည်ကို ဖေဖော်ဝါရီလ ၂၁ ရက်က တွေ့ရစဉ်။ မီးတောင်မှ ပြာမှုန်များကို မှုတ်ထုတ်ခဲ့ပြီး မြို့ငယ်တစ်မြို့လုံး ဖုံးလွှမ်းသွားခဲ့သည်။ မီးတောင်ထိပ်ပိုင်းတွင်သာ လှုပ်ရှားနေသေး၍ အသိပေးမှုအဆင့်တစ်သာ သတ်မှတ်ထားသည်။**

## မူဘာရက်ပိုင်သော ဥစာဓနသတင်းများကို ရှေ့နေငြင်းဆို

**ကိုင်ရို၊ ဖေဖော်ဝါရီ – ၂၀**

အီဂျစ်သမ္မတဟောင်း ဟို့စနီမူဘာရက် အာဏာရရှိစဉ်က ဓနဥစ္စာအမြောက်အမြားစုဆောင်းခဲ့သည်ဆိုသော မီဒီယာသတင်းများကို ၎င်း၏ရှေ့နေက ငြင်းဆိုလိုက်ကြောင်း အရှေ့အလယ်ပိုင်းသတင်းအေဂျင်စီ(MENA)က ပြောကြားသည်။



ဖေဖော်ဝါရီ ၁၁ ရက်တွင် သမ္မတရာထူးမှဆင်းပေးပြီးနောက်ပိုင်း မူဘာရက်သည် ဒေါ်လာဘီလီယံပေါင်းများစွာရှိသည့် ဓနဥစ္စာများကို စုဆောင်းခဲ့ကြောင်း အချို့သော မီဒီယာသတင်းများကဖော်ပြခဲ့သည်။ ဆန္ဒပြသူအချို့ကလည်း နိုင်ငံ၏ဓနဥစ္စာများကို အလဟဿဖြုန်းတီးခဲ့ခြင်းအတွက် မူဘာရက်အား တာဝန်ရှိစေရမည်ဟု တောင်းဆိုခဲ့ကြသည်။

"သမ္မတဟောင်းမူဘာရက်သည် ၎င်း၏ ဘဏ္ဍာရေးကြေညာချက်ကို ဥပဒေနှင့်အညီ သက်ဆိုင်ရာအဖွဲ့အစည်းများသို့တင်ပြခဲ့သည်"ဟူ၍ မူဘာရက်၏ ဥပဒေဆိုင်ရာကိုယ်စားလှယ်အား ကိုးကား၍ မီနာသတင်းဌာနက ဖော်ပြသည်။

မူဘာရက်သည် ယခင်ယခင်ကလည်း ဘဏ္ဍာရေးကြေညာချက်များကို သတ်မှတ်ချိန်အတွင်း တင်ပြခဲ့ကြောင်း မူဘာရက်၏ ကိုယ်စားလှယ်က ဆက်လက်ပြောကြားသည်။ မူဘာရက်၏ရှေ့နေအမည်ကိုမူ သတင်းဌာနက ဖော်ပြမထားပေ။

ပုံမှန်အားဖြင့် အီဂျစ်အရာရှိများသည် ဘဏ္ဍာရေးကြေညာချက်များကို သက်ဆိုင်ရာအာဏာပိုင်များထံသို့ ပုံမှန်တင်သွင်းရကြောင်းသိရသည်။ ယင်းကောလာဟလသတင်းများမှာ မူဘာရက်၏ နာမည်ကောင်းနှင့် ဘဏ္ဍာရေးစည်းကမ်းလိုက်နာမှုကို ပျက်စီးစေရန်ရည်ရွယ်ခြင်းဖြစ်ကြောင်း မူဘာရက်၏ ဥပဒေရေးရာကိုယ်စားလှယ်က ဆက်လက်ပြောကြားသည်။ *—Ref: Reuters*

## ဓာတ်ဆီနှင့်ဒီဇယ်ဈေးနှုန်းများ တရုတ်နိုင်ငံတွင် တိုးမြှင့်

**ဘေဂျင်း၊ ဖေဖော်ဝါရီ – ၂၁**

ကမ္ဘာပေါ်တွင် စွမ်းအင်ဒုတိယအများဆုံး သုံးစွဲနေသော တရုတ်နိုင်ငံ၌ ဓာတ်ဆီနှင့်ဒီဇယ် လက်ကားဈေးနှုန်းများကို တစ်တန်လျှင် ၃၅၀ ယွမ်(ကန်ဒေါ်လာ ၅၃ဒေါ်လာ)တိုးမြှင့်လိုက်ကြောင်း အစိုးရက ကြေညာခဲ့သည်။ ယင်းမှာ နှစ်လအတွင်း ဒုတိယအကြိမ် ဈေးနှုန်းတိုးမြှင့်ခြင်းဖြစ်သည်။

ယခင်ရက်သတ္တပတ်အတွင်း လန်ဒန်မြို့ ရေနံစိမ်းဈေးနှုန်းတစ်စည်လျှင် ကန်ဒေါ်လာ ၁၀၀ ကျော်သွားခဲ့၍ ဈေးနှုန်းတိုးမြှင့်ရခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံ စီးပွားရေးအစီအစဉ်ချမှတ်ရေးအေဂျင်စီကပြောကြားသည်။ ယခင်ကထက် ၄ ဒသမ ၆ ရာခိုင်နှုန်း ဈေးတက်လာခြင်းဖြစ်သည်။

စာမျက်နှာ(၄၁)သို့▶▶▶



